

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၅၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် ၊ ဗုဒ္ဓဟူး ၊ (ဖေဖော်ဝါရီ ၁၉ ၊ ၂၀၁၄)



TRI LIVES BRILLIANTLY


# လွှတ်တော်အမတ်ဖြစ်မှ အစိုးရအဖွဲ့ထဲ နေရာပေးမှာလား

**အောင်သူရ**

စစ်ဗိုလ်ချုပ်ဟောင်းများဖြင့် အဓိကဖွဲ့စည်းထားသော ပြည်ခိုင်ဖြိုးပါတီက အခြေခံဥပဒေ ပြင်ဆင်မည့်အချက်များထဲတွင် ဒုသမ္မတနှင့် ဝန်ကြီးအားလုံးလွှတ်တော်အမတ်ဖြစ်ရမည်ဆိုသည့် အချက်ပါဝင်သည်။

ထိုအချက်က အစိုးရအဖွဲ့တွင်းသို့ဝင်ရောက်လာမည့်ပြင်ပမှပညာရှင်များကို ကန့်သတ်လိုက်ခြင်းဖြစ်စေသလို အငြိမ်းစားယူတော့မည့် တပ်မတော်အရာရှိများကိုကန့်သတ်လိုက်ခြင်းမျိုးလည်းယူဆနိုင်သည်ဟု နိုင်ငံရေးသုံးသပ်သူတို့ကဆိုသည်။


စာမျက်နှာ A4 ››




*လမ်းတကာလျှောက်နေသည့် စိတ်ဝေဒနာရှင်များထက် ရုတ်တရက်စိတ်ဖောက်ပြန်သူများ ကျူးလွန်သည့်မှုခင်းများကိုသာ တွေ့ရသည်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# စိတ်မနှံ့သူများနှင့် ဝန်းကျင်ဂယက်

**အောင်သစ်လွင်**

ရုတ်တရက်စိတ်ဖောက်ပြန်ကာ ပတ်ဝန်းကျင်ကို ရန်ပြုတိုက်ခိုက်ခြင်းကြောင့် လူသေဆုံးမှုများအထိဖြစ်ပေါ်ပြီး အရေးယူခဲ့ရသည့်အမှုများမှာ ၂၀၁၄ ဇန်နဝါရီမှ ဖေဖော်ဝါရီတတိယပတ်အတွင်း ၂၀မှုအထက်သို့ကျော်သွားပြီဖြစ်သည်။ လူမှုစီးပွားပြဿနာမျိုးစုံကြုံတွေ့နေရသော မြန်မာနိုင်ငံ၌ စိတ်ဝေဒနာရှင်များ စောင့်ရှောက်မှုတွင် လိုအပ်ချက်ကြီးမားနေဆဲဖြစ်သည်။


စာမျက်နှာ A5 ››


# ဆန္ဒပြရန် အသင့်


စာမျက်နှာ ၃ ››


# ထန်းတောထဲမှ ထန်းခြောက်သံ

**ညီညီဇော်**

စာဖတ်သူထံတွင်အညာသူအညာသား မိတ်ဆွေတစ်ဦးရှိသည်ဆိုပါစို့။ သင့်ထံအလည်လာသည့်အခါ ဒေသလက်ဆောင်များယူလာခဲ့မည်ဆိုပါလျှင် သေချာပေါက်ပါလာနိုင်သည့်ဒေသထွက်အစားအစာလေးတစ်ခုရှိပါသည်။ ညိုညစ်ညစ်ရောင် ထန်းလျက်ခဲလေးများပင်ဖြစ်ပါလိမ့်မည်။


စာမျက်နှာ ၅ ››


# ကူသူ ကယ်သူနည်းပါးဆဲ

## အသေးစား၊ အလတ်စားလုပ်ငန်းများ


**နိုင်လင်းအောင်၊ ယမင်း၊ အိဇင်မေ**

လုပ်ငန်းများ အရောင်းအဝယ်အဆင်ပြေသော်လည်း မြေနေရာ၊ အဆောက်အအုံငှားရမ်းခကြီးမြင့်ခြင်းနှင့် ငွေကြေးအရင်းအနှီးလုံလောက်စွာမရှိခြင်းတို့ကြောင့် အသေးစား၊ အလတ်စားလုပ်ငန်းများရှင်သန်ရပ်တည်နိုင်ရန်မှာ ခက်ခဲလျက်ရှိသည်။


စာမျက်နှာ ၁၃ ››








**Huawei Service Center:**
အမှတ်(၅၁/၅၅)၊ ၄၆ လမ်း(အောက်)၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။ *လမ်းညွှန်။ ၃၄၊ ၁၂၄၊ ၄၈ ကားများစီးပြီး လမ်း ၅၀ မှတ်တိုင်တွင် ဆင်းပါ၊
"Service Center ဖွင့်သည့် အထိမ်းအမှတ်အနေဖြင့် Warranty ကဒ် ပါရှိသည့် Customer များအတွက် ပစ္စည်းလက်ခ၊ ပြင်ဆင်ခ အခမဲ့ အဖြစ် တစ်နှစ် ဝန်ဆောင်မှု ပေးမည်ဖြစ်ပါသည်။"

HUAWEI




ကျွန်းငယ်လေးတစ်ခုပေါ်မှာ လုပ်စရာများပြားလှပါတယ်။ marina bay sands တွင် ပြဇာတ်တစ်ခုကြည့်မလား၊ ဈေးဝယ်ထွက်မလား။ gardens by the bay မှာ နေဝင်တာကို စောင့်ကြိုပြီး နိုးကြွနေတဲ့ ညပျော်စရာထဲ ဝင်ပါမလား။ စင်္ကာပူရဲ့ ခမ်းနားဖွယ်တွေကို Tigerair နှင့် ရှာဖွေလိုက်ပါ။

၂၈ ဖေဖော်ဝါရီ ၂၀၁၄ နောက်ဆုံးထားပြီး booking တင်လိုက်ပါ

tigerair.com

singapore's largest no-frills airline tigerair acknowledged by capa-centre for aviation

ဘွတ်ကင်တင်မည်၊ ပိုက်ဆံပေးမည်။

| | | |
| --- | --- | --- |
| www.tigerair.com<br>credit နှင့် debit card ဖြင့် ပေးချေမှု | hotline +၉၅-၉-၄၅၀ ၀၅၀ ၈၉၈^<br>credit card ဖြင့်ပေးချေမှု | ခင်အသုံးပြုလိုသည့် ခရီးသွားလုပ်ငန်း<br>credit card (သို့) ငွေသားဖြင့် ပေးချေမှု |

* ဖော်ပြပါ ပရိုမိုးရှင်းအထူးဈေးနှုန်းသည် ခရီးစဉ်တစ်ကြောင်းစာသာ ဖြစ်ပြီး အခွန်များအားလုံးပါဝင်သော်လည်း ခရီးသည်တစ်ဦးချင်းအတွက် ဘွတ်ကင်တင်ခ $9 မပါဝင်သေးပါ။ အဆိုပါအထူးဈေးနှုန်းသည် သတ်မှတ်ထားသည့် တိုက်ရိုက်လေကြောင်းလိုင်း လေယာဉ်များတွင် ၂၈ ဖေဖော်ဝါရီ ၂၀၁၄ (11.59pm gmt+8) မတိုင်မီ အွန်လိုင်းမှတိုက်ရိုက်ဘွတ်ကင်တင်သည့် လေယာဉ်များအတွက်သာဖြစ်ပြီး ထိုင်ခုံအရေအတွက် ကန့်သတ်ထားသဖြင့် ခရီးသွားများသည့် ရက်များအတွက် ၎င်းအစီအစဉ်ရှိချင်မှရှိပါလိမ့်မည်။ အခြေအနေပေါ်တွင်သာ မူတည်ပါသည်။ အသေးစိတ်အချက်အလက်များအတွက် www.tigerair.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

^ ကျွန်ုပ်တို့၏ အရေးပေါ်ဖုန်းလိုင်းမှတဆင့် တိုက်ရိုက်ဘွတ်ကင်ပြုလုပ်လျှင် အခကြေးငွေ ထပ်ဆောင်းပေးရမည်ဖြစ်ပါသည်။

# ဆန္ဒပြရန်...အသင့်

ငြိမ်းချမ်း

အစိုးရအဖွဲ့၏ မူဝါဒအပြောင်းအလဲ ဆောင်ရွက်ချက်များ၊ အစိုးရအဖွဲ့ဝင် လူကြီးများ၏ လှုပ်ရှား၊ ပြောဆိုဆောင်ရွက်မှုများကို ရန်ကုန်မြို့ ဆူးလေစေတီအနီးမှ လူတစ်စုက အမြဲမပြတ်စောင့်ကြည့်နေပါသည်။

ဝန်ကြီးဦးအုန်းမြင့်၏ နယ်လှည့်ပါးရိုက်မည်ဟု ပြောခဲ့သောစကားများ၊ အာဇာနည်ဗိမာန်ကုန်းမြေတွင် ကိုရီးယားနိုင်ငံမှ အုတ်ဂူဆောက်မည့်ကိစ္စ၊ လျှပ်စစ်မီတာခများတိုးမြှင့်ကောက်သည့်ကိစ္စစသည့်အကြောင်းအရာများ အပါအဝင် ပြည်သူများအကြား လှုပ်လှုပ်ခတ်ခတ်ဖြစ်စေခဲ့သည့် အကြောင်းအရာများကို ငါးရက်မကျော်စေဘဲ ဆန္ဒပြကန့်ကွက်ရန် အသင့်ရှိနေသူများရှိသည်။

အကြောင်းအရာသာပြောင်းပြီး လူမပြောင်းသည့်အသက်(၆၀) ကျော်ရှိပြီဖြစ်သော ဦးဘမြင့်၊ ဦးသန်းဆွေနှင့် ဦးဇော်ဝင်းဆိုသူတို့ဖြစ်သည်။

လက်ပံတောင်းတောင်သပိတ်အကြမ်းဖက် ဖြိုခွင်းခံရမှု၊ လယ်တီသိမ်တော် မရွှေ့ပြောင်းရေး၊ ပုဒ်မ ၁၈ပယ်ဖျက်ရေး၊ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး၊ အားကစားကွင်းများပြန်ပေးရေး၊ လျှပ်စစ်မီတာခများတိုးမြှင့်ကောက်ခံခြင်းကြောင့် ဖယောင်းတိုင်ထွန်းခြင်း၊ ပုဒ်မ(၅၉) ပယ်ဖျက်ရေး၊ ဦးအုန်းမြင့်၏ပြောစကား၊ အာဇာနည်ဗိမာန်ကုန်းမြေတွင် ကိုရီးယားနိုင်ငံက အုတ်ဂူဆောက်ခြင်းစသည့်အကြောင်းအရာများအပါအဝင် ဆန္ဒပြပွဲပေါင်း၁၀ကျော်ကို အကြောင်းအရာသာပြောင်းပြီး လူမပြောင်းဘဲ ဦးဆောင် ပါဝင်ခဲ့သူများဖြစ်သည်။

ဒီမိုကရေစီအင်အားစုအဖွဲ့ဟုဆိုကာ ဖွဲ့စည်းပြီး ဆန္ဒပြသည့် အလုပ်တစ်ခုသာလုပ်သည့် ၎င်းတို့က မည်သို့ရပ်တည်နေသည်မှာလည်း မေးခွန်းထုတ်စရာဖြစ်သည်။ အရပ်သား အစိုးရလက်ထက်ဆန္ဒပြပွဲများက ဟိုမှာ၊ သည်မှာနိုင်ငံအနှံ့မှာဖြစ်သည်။ အဆိုပါ




*လော်စပီကာကိုင်၍ဟောပြောနေသည့် ဦးဇော်ဝင်းနှင့် ဆန္ဒပြမှုတွင် ဦးဆောင်ပါဝင်သူတစ်ဦးဖြစ်သည့် ဦးသန်းဆွေ(နေကာမျက်မှန်တပ်ထားသူ)တို့အား ဆူးလေစေတီရှေ့ ဆန္ဒပြပွဲတစ်ခုတွင်တွေ့ရစဉ်* ဓာတ်ပုံ-ကျော်ဇင်သန်း

ပုဂ္ဂိုလ်သုံးဦးနှင့်အဖွဲ့ကမူ ပြည်သူများအကြား ရိုက်ခတ်မှုရှိသည့် လတ်တလောအကြောင်းအရာများအပေါ်တွင်သာ ဆန္ဒထုတ်ဖော်ပွဲများ ပြုလုပ်လေ့ရှိကြသည်။

၎င်းတို့ ဆန္ဒပြလျှင် သက်ဆိုင်ရာအာဏာပိုင်များထံ ခွင့်ပြုချက်မတောင်းခံဘဲ ခွင့်ပြုမဲ့ဆန္ဒပြမှုကို ပိုမိုနှစ်သက်သည်ဆိုသည်။

"သူတို့ဆီခွင့်တောင်းရင် ငါးရက်စောင့်ရတယ်။ တကယ်လို့မပေးရင် အချိန်မရတော့ဘူး။ ဥပဒေကို မလေးစားလို့မဟုတ်ပါဘူး" ဟုဦးသန်းဆွေကစိတ်မရှည်သည့်လေသံဖြင့်ပြောသည်။

သူတို့သည် ခွင့်ပြုချက်မဲ့ဖြင့် ဆန္ဒပြပွဲများ ပြုလုပ်ခဲ့သော်လည်း ပြီးမြောက်ပါက သက်ဆိုင်ရာရဲစခန်းများသို့ ၎င်းတို့ကိုယ်တိုင်သွားရောက်အဖမ်းခံလေ့ရှိသည်။

"ဒီလူတွေက စိတ်ချရတယ်။ ပွဲပြီးရင် ဗိုနိုင်းလေးကိုင်ပြီး လာတာပဲ။ အမြဲတွေ့နေတဲ့သူတွေဖြစ်နေပြီ" ဟု ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ထွန်းနိုင်ဇော်က ပြုံး၍ပြောသည်။

အုပ်စုဖွဲ့ဆန္ဒပြမှုများသည် ဗိုနိုင်းကြေး၊ စာရွက်စာတမ်းကြေးများပိုမိုကုန်ကျသောကြောင့် တစ်ကိုယ်တော်ဆန္ဒပြမှုကို ပိုမိုနှစ်သက်ကြသည်ဟု ၎င်းတို့က ဆိုပြန်သည်။ စာမျက်နှာ ၄ ››




i-MAX လူကြီးဝတ်၊ ကလေးဝတ် အင်္ကျီ၊ ဘောင်းဘီမျိုးစုံ၊ အနွေးထည်၊ မိုးကာ၊ ဦးထုပ်နှင့် ကျောပိုးအိတ်၊ ဘေးလွယ်အိတ်များကို အမြို့မြို့အနယ်နယ်ရှိ Super Market နှင့် စေဦး ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

စာ(၃)မှ

# ဆန္ဒပြရန်. . . အသင့်

တစ်ကိုယ်တော်ဆန္ဒပြမှုသည် ကတ်ထူစက္ကူပေါ်တွင် ပြမည့်အကြောင်းအရာကို ဆော့ပင်ဖြင့်စာရေးပြီးကြိုးဖြင့် လည်ပင်းတွင် ချိတ်၍ဆန္ဒပြခြင်းဖြစ်သည်။

"အဲလိုလေးလုပ်လိုက်တော့ တစ်ကျပ်မှမကုန်ဘူး"ဟု ဖေဖော်ဝါရီ ၂ရက်က အာဇာနည်ဗိမာန်ကုန်းမြေတွင် ကိုရီးယားနိုင်ငံမှ အထိမ်းအမှတ်အုတ်ဂူဆောက်မည့် အကြောင်းအရာကိုလက်မခံရန် အတွက် တစ်ကိုယ်တော်ဆန္ဒပြခဲ့သူဦးဇော်ဝင်းကပြောသည်။

လတ်တလောဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကိုဆန္ဒပြလျှင် ကတ်ထူစက္ကူများကိုသာ အသုံးပြုလေ့ရှိပြီး ပုဒ်မ ၁၈နှင့် ၅၉(စ)၊(ဃ)စသည့်အကြောင်းအရာဆိုင်းဘုတ်များသည်ကြာရှည်ပြရမည်ဖြစ်သောကြောင့် ဗီနိုင်းများ အသုံးပြုပြီးတစ်ပွဲပြီးလျှင် ရိုသေစွာထိန်းသိမ်းထားကြောင်း ပြောဆိုသည်။ အဆိုပါဗီနိုင်းဖိုးများကိုလည်း အဖွဲ့ဝင်များထဲမှ အချိုးကျကျခံကာ ပြုလုပ်ကြကြောင်း ပြောသည်။

၎င်းတို့သည် ရန်ကုန်မြို့နေရာအနှံ့အပြားတွင် ဆန္ဒပြမှုများ လုပ်ခဲ့ကြသော်လည်း ဆူးလေစေတီအနီးတွင် ဆန္ဒပြရခြင်းကို ပိုမိုနှစ်သက်သည်ဟုဆိုသည်။ ဆူးလေအနီးတွင် သံတမန်များရှိခြင်း၊ အစိုးရဝန်ထမ်းများပြားခြင်း၊ ပြည်သူအများအပြားလာရောက်ခြင်းတို့ကြောင့် သတင်းပျံ့နှံ့ရာတွင် ပိုမိုလွယ်ကူသောကြောင့်ဖြစ်ကြောင်း ဆူးလေအနီးတွင် ဆန္ဒပြပွဲပေါင်းသုံးဆယ်ကျော်ပြုလုပ်ခဲ့သူဦးသန်းဆွေကပြောသည်။

သို့သော် ဆန္ဒပြသူများက အရပ်သားအစိုးရလက်ထက်တွင် ဟိုးယခင်ကလို ပြည်သူ့ထောက်ခံမှု၊ အားပေးမှုမကောင်းတော့ လုပ်စားကြသူများဟုပင် နှာခေါင်းရှုံ့ကြသူများရှိလာသည်။ သို့သော်လည်း၎င်းတို့လူတစ်စုကတော့ဆူးလေစေတီရှေ့မြေကွက်လပ်ကြီးကို ကိုယ့်အိမ်ကိုယ့်ရာလိုပင် သဘောထားသည်။

ဆန္ဒပြပွဲတစ်ခုပြုလုပ်လျှင် ၎င်းတို့အလေးထားပြုလုပ်သည်မှာ မီဒီယာများဖြစ်သောကြောင့် အချိန်ကိုတိကျစွာလုပ်ကိုင်လေ့ရှိသည်ဟု ဆိုသည်။ ထိုသူတို့သည် လက်ပံတောင်းတောင် သပိတ်စခန်းအကြမ်းဖက်ဖြိုခွင်းမှုနှင့်ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိသူများအတွက် ၁၄လတိတိ ဝတ်ပြုဆုတောင်းပွဲများပြုလုပ်ခဲ့သည်။

"တစ်ခါတလေ ဆူးလေတို့ ရွှေတိဂုံစေတီတွေပေါ်မှာ ဆုတောင်းပွဲဆိုပြီး လုပ်တယ်။ ဆုတောင်းပွဲလို့ခေါင်းစဉ်တပ်တာဟာ ရဲတွေအရေးယူလို့မရအောင် လုပ်တာ။တကယ်တော့ ဆန္ဒပြတာပဲ"ဟု ဦးသန်းဆွေကပြောသည်။ ဦးသန်းဆွေသည် ယခင်က အင်န်အယ်လ်ဒီပါတီဝင်ဖြစ်ပြီး ယခုတွင် ထိုပါတီနှင့် ကင်းကွာနေသည်မှာ ကြာမြင့်နေပြီဖြစ်သည်။ ၎င်းတွင် သားသမီးလေးဦးရှိပြီး ယခင်က ကားအရောင်းအဝယ် လုပ်ခဲ့သော်လည်း လက်ရှိတွင် စီးပွားရေး မလုပ်ကိုင်တော့ဟုဆိုသည်။ ၈၈အရေးတော်ပုံကာလအတွင်းဖမ်းဆီးခံရပြီး ထိုနောက်ပိုင်းနှစ်များတွင် ခဏခဏခေါ်ယူထိန်းသိမ်းခံရသည်ဟုဆိုသည်။ ၂၀၁၃ခုနှစ်အတွင်းဆန္ဒပြပွဲပေါင်း ၃၀ကျော်ပြခဲ့ပြီး ပုဒ်မ ၁၈ဖြင့်အရေးယူခံရမှုခြောက်မှုရှိခဲ့သည်။ ထိုခြောက်မှုကို ၂၀၁၃နှစ်ကုန်တွင် နိုင်ငံတော်သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပယ်ဖျက်ခြင်းခံရသည်။ ၂၀၁၄တွင် ဝန်ကြီးဦးအုန်းမြင့်အား ဆန္ဒပြမှုကြောင့် ကျောက်တံတားရဲစခန်းတွင် ပုဒ်မ ၁၈ဖြင့် တစ်မှုအရေးယူခံထားရပြန်သည်။

ဦးဘမြင့်၏ တိုက်ခန်းထဲတွင် ပုဒ်မ ၁၈နှင့် ပုဒ်မ ၅၉(စ)(ဃ)ဆန္ဒပြမည့်ဆိုင်းဘုတ်များကနေရာယူထားသည်။ ၎င်းတွင်လည်း သားသမီးလေးဦးရှိကာ ယခင်က အလုံမြို့နယ်အင်န်အယ်လ်ဒီပါတီဥက္ကဋ္ဌဖြစ်ပြီး ယခုထိုပါတီနှင့် ကင်းကွာနေသည်ဟုဆိုသည်။ သူသည် နိုင်ငံရေးလုပ်မှုကြောင့် ထောင်လေးကြိမ်ကျခဲ့ပြီး ၈၈အရေးတော်ပုံကာလနှင့် ၂၀၀၇ရွှေဝါရောင်တော်လှန်ရေးကာလများတွင် အင်းစိန်ထောင်ထဲ၌ရောက်ရှိနေသည်။ ဦးဘမြင့်ပထမဆုံးအကြိမ်ထောင်ကျသည့်ဖြစ်စဉ်မှာ ၁၉၉၁အောက်တိုဘာလ ညနေ ၆နာရီတွင် ဗီအိုအေ ရေဒီယိုမှ ဒေါ်အောင်ဆန်းစုကြည် နိုဗယ်ဆုရပြီဟု ကြေညာသည်ကိုကြားသိပြီး ထိုည ၈နာရီတွင် လက်ဖက်ရည်ဆိုင်၌ ပြောကြားရာမှ ထောင်လေးနှစ်ကျခြင်းဖြစ်သည်။ ၂၀၁၃တွင်ပုဒ်မ ၁၈ဖြင့် ခြောက်မှုအရေးယူခံထားပြီးပယ်ဖျက်ရာတွင် ပါဝင်ခဲ့သည်။ ယခုလက်ရှိတွင် ဝန်ကြီးဦးအုန်းမြင့်ကို ဆန္ဒပြမှုကြောင့်ကျောက်တံတားရဲစခန်းတွင်ပုဒ်မ ၁၈ဖြင့် တစ်မှုအရေးယူခံထားရသည်။

၎င်းတို့က ပုဒ်မ ၅၉(စ)နှင့် (ဃ)တို့ ပယ်ဖျက်ရန်အကြိမ်ကြိမ်ဆန္ဒပြရာတွင် ဒေါ်အောင်ဆန်းစုကြည်သမ္မတဖြစ်ရန်အတွက်ပြသခြင်းမဟုတ်ဘဲ နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦး ပေါ်ထွက်လာရန်သာပြခြင်းဖြစ်ပြီး ထိုမှသာ နိုင်ငံစီးပွားရေးတိုးတက်မည်ဟုဆိုသည်။

နိုင်ငံတော်လူကြီးများကို ဆန္ဒပြမှုအကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း တိုင်းမ်မဂ္ဂဇင်းအား နိုင်ငံတော်သမ္မတကြီးကန့်ကွက်မှုကို ထောက်ခံဆန္ဒပြပွဲနှင့် မြစ်ဆုံစီမံကိန်းရပ်ဆိုင်းထားမှုကို ထောက်ခံဆန္ဒပြပွဲစသည်တို့လည်း ပြုလုပ်ခဲ့ပြန်သည်။

"လူကြီးတွေရဲ့အပြစ်တွေကို လိုက်ပြနေတာချည်းမဟုတ်ဘူး။ လူကြီးတွေ ကောင်းရင်လည်း ထောက်ခံတဲ့ ဆန္ဒပြပွဲလုပ်မှာပဲ" ဟု၎င်းတို့ကပြောသည်။

၎င်းတို့ဆန္ဒပြမှုကြောင့် နိုင်ငံတော်မှ လိုက်လျောပေးသည့် အောင်မြင်မှုများလည်းရှိနေပါသည်။ လျှပ်စစ်မီတာခများတိုးမြှင့်မှုကြောင့် သုံးရက်ဖယောင်းတိုင်ထွန်းဆန္ဒပြခြင်း၊ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန်အတွက်ဆန္ဒပြခြင်း၊ လယ်တီသိမ်တော်အားရွှေ့ပြောင်းမပေးရန်အတွက် ဆန္ဒပြခြင်း စသည့်ဆန္ဒပြမှုများမှာ အောင်မြင်မှုရရှိခဲ့သည်။

မြန်မာနိုင်ငံတွင်ဆန္ဒပြမှုများများပြားလာသောကြောင့် ဆန္ဒပြသူများအပေါ် ဝေဖန်မှုများလည်း ရှိနေသည်။ ဆန္ဒပြသူများသည် တစ်နှစ်ပတ်လုံးလိုက်လံဆန္ဒပြနေသောကြောင့် ၎င်းတို့အပေါ် ပြင်ပအဖွဲ့အစည်းများက ငွေကြေးထောက်ပံ့ပေးမှုများရှိနေသည်ဟု ယူဆနေကြသည်။

"ငွေကြေးနဲ့ပြတဲ့ ဆန္ဒပြသူတွေရှိပါတယ်။ ဒါပေမဲ့ ဦးတို့က သူတို့နဲ့ ဝေးဝေးရှောင်တယ်" ဟု ခေါင်းဆောင်သုံးဦးကပြောသည်။

မြစ်ဆုံစီမံကိန်းဆက်လက်ဆောက်လုပ်ရန်အတွက် ဆောက်လုပ်မည့်ဘက်မှစတင်ကမ်းလှမ်းနေသည်ဟူသည့်သတင်းကိုထိုအဖွဲ့က သိရှိထားပြီးဖြစ်သည်။ ထိုသတင်းမှန်ကန်လျှင် ဦးဘမြင့်တို့သုံးဦးသည် ဆူးလေစေတီအနီးသို့လာရောက်ဦးမည်ဖြစ်သည်။

"ခေါင်းစဉ်သာပြောင်းသွားတယ်။ လူတွေကမပြောင်းဘူး။ သူတို့ခဏခဏလုပ်တော့ဈေးရောင်းကောင်းတယ်"ဟုမဟာဗန္ဓုလပန်းခြံအရှေ့ဘက်တွင် ကြံရည်ရောင်းသူတစ်ဦးကပြောသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# ထန်းတောထဲမှ ထန်းချောက်သံ

ညီညီဇော်

စာဖတ်သူထံတွင်အညာသူအညာသား မိတ်ဆွေတစ်ဦးရှိသည်ဆိုပါစို့။ သင့်ထံအလည်လာသည့်အခါ ဒေသလက်ဆောင်များယူလာခဲ့မည်ဆိုပါလျှင် သေချာပေါက်ပါလာနိုင်သည့်ဒေသထွက်အစားအစာလေးတစ်ခုရှိပါသည်။ ညိုညစ်ညစ်ရောင် ထန်းလျက်ခဲလေးများပင်ဖြစ်ပါလိမ့်မည်။

ထိုထန်းလျက်တစ်ခဲက စားလျှင်သာ နှစ်ကိုက်လောက်ဝါးစားလိုက်လျှင် ကုန်သွားနိုင်ပေသိ ထန်းလျက်တစ်ခဲဖြစ်ဖို့ကတော့ အဲသလောက်မလွယ်။ ထန်းလျက်ခဲလေးများဖြစ်ဖို့ဖြတ်ကျော်ရသည့် လုပ်ငန်းတွေက များမှများဟု ထန်းတက်လုပ်ငန်းလုပ်ကိုင်သူများသည့် နွားထိုးကြီးမြို့နယ် လက်ပံရွာမှထန်းတောင်သူများက ဆိုသည်။

နံနက်လေးနာရီလောက်မို့ အိပ်ကောင်းချိန်ဆိုပြီး ထန်းသမားမယားများ အိပ်ရာထဲဇိမ်ယူကွေးနေလို့မရပါ။ မလင်းမီ လုပ်ငန်းခွင်ဝင်တော့မည့် ထန်းသမားလင်သားအတွက် ထမင်းချက်ပြုတ်ရပါ၏။ ထမင်းဟင်းကျက်ပြီဆိုလျှင် လင်တော်မောင်ထန်းသမားကိုနှိုးကာ ထမင်းကျွေးရသည်။တောသူတောင်သားမို့ ထမင်းအစားကြမ်းသော်လည်း ထန်းသမားများ အဖို့ဝအောင်စား၍ မရပေ။

“တအားဝအောင် စားလို့မရဘူး။ ဗိုက်ကားအောင်စားထားရင် ထန်းမတက်နိုင်တော့ဘူး”ဟု ဝါရင့်ထန်းသမား ဦးစန်းမြင့်က ဆိုပါသည်။

လင်တော်မောင် ထမင်းစားနေချိန် နှစ်ခြိုက်စွာအိပ်မောကျနေသည့် သားသမီးများကို နှိုးရပါသည်။ ထန်းရည်မြူအိုးများ ထန်းပင်အောက်များသို့ သွားချပေးရန်ဖြစ်သည်။ ထိုကဲ့သို့ သွားချပေးမှသာ ထန်းသမားအဖို့ ထန်းရည်ချသည့်ကိစ္စ အဆင်ပြေနိုင်မည်ဖြစ်သည်။ကလေးများက တအည်းအဲအဲဖြင့် အိပ်ရာကထရ၏။ ပြီးနောက်မြူအိုးလေးများကိုကြိုးထိုး၊ ထန်းရည်မချဉ်စေရန် ထုံးပက်ကာ လက်နှိပ်ဓာတ်မီးလေးများဖြင့် ထန်းပင်ခြေရင်းများသို့ လိုက်ချပေးရ၏။

“ပုခက်ထဲက ကလေးပဲမခိုင်းတာပဲ။ သုံးလေးနှစ်ကလေးဆိုရင်တော့ နိုင်သလောက်မြူအိုးသွားချခိုင်းရတာပဲ”ဟု ထန်းသမား ဦးဘိုစောကရယ်မောရင်းပြောပြသည်။ ထန်းသမားတွေက ထန်းပင်တွေကို နာမည်ပေးထားတတ်သည်မို့ ကလေးတွေက ဖခင်ဖြစ်သူ ထန်းသမားချခိုင်းသည့်အပင်အောက် သွားချရသည်။ မိတုတ်ကြီးကို ဘယ်နှလုံးချ၊ မိတုတ်လေးကို ဘယ်နှလုံးပဲချစသဖြင့်။

စားသောက်ပြီးပြီဆို ထန်းတက်ကိရိယာအစုံယူကာ ထန်းပင်အောက်သွား၊ ပထမဆုံးတက်မည့်ထန်းပင်ရှေ့ ဖိနပ်ချွတ်ကာ လက်အုပ်ချီ ထန်းတက်လှေကားရင်းထောင်နှင့် နဖူးထိကာ နှုတ်မှ “လက်ကလွတ် ခြေကမြဲပါစေ၊ ခြေကလွတ် လက်ကမြဲပါစေ”ဟု ရွတ်ဆိုဆုတောင်းရသည်။

စာမျက်နှာ (A2) သို့



*ထန်းလျက်လုံးနေသည့် ထန်းတောင်သူ သားအမိနှစ်ဦး*

ဓာတ်ပုံ - ညီညီဇော်

ကူဘိုတာ စွဲမက်စရာနံ့ပါတ်တစ်

တန်ဖိုးကြီး ဆုမဲများ

"ကူဘိုတာ စွဲမက်စရာနံ့ပါတ်တစ် တန်ဖိုးကြီး ဆုမဲများ" မှ ဒုတိယအသုတ် ကံထူးသူများစာရင်း ကြေငြာခြင်း

Kubota TRA CHANG



L47ထွန်စက် ကံထူးရှင်

| အမည် | ပြည်နယ်/တိုင်း |
|---|---|
| ဦးကျော်ဇလို | ကရင်ပြည်နယ် |

ရွှေဆွဲကြိုး ကံထူးရှင်များ

| အမည် | ပြည်နယ်/တိုင်း |
|---|---|
| ဦးလုံးဆိုက်ရှင်း | ရှမ်းပြည်နယ်(မြောက်) |
| ဦးစိုင်းဆိုက်မောင်း | ရှမ်းပြည်နယ်(မြောက်) |
| ဦးစောတင်လှမိုး | ရှမ်းပြည်နယ်(မြောက်) |
| ဒေါ်ဝေလဒါ | ရှမ်းပြည်နယ်(မြောက်) |
| ဦးဝင်းမြင့် | ရန်ကုန်တိုင်း |
| ဦးကြည်ခိုင် | ရန်ကုန်တိုင်း |
| ဦးစိုင်းညွန့် | ရှမ်းပြည်နယ်(မြောက်) |
| ဦးပုတင် | ကရင်ပြည်နယ် |
| ဦးမြင့်စိုး | မွန်ပြည်နယ် |
| ဒေါ်အေးရှိ | မွန်ပြည်နယ် |
| ဦးကြင်သိမ်း | မွန်ပြည်နယ် |
| ဦးမင်းအောင် | မွန်ပြည်နယ် |
| ဦးသန်းမြင့် | မွန်ပြည်နယ် |
| ဦးတာ | မွန်ပြည်နယ် |
| ဦးမောင်ဝင်း | ကရင်ပြည်နယ် |
| ဦးတဝါး | ကရင်ပြည်နယ် |
| ဦးနော်ဒီ | ကရင်ပြည်နယ် |
| ဦးပန်းကျင် | ကရင်ပြည်နယ် |
| ဦးလှခင် | ကရင်ပြည်နယ် |
| ဦးမြင့်အောင် | မန္တလေးတိုင်း |

LCD TV ကံထူးရှင်များ

| အမည် | ပြည်နယ်/တိုင်း |
|---|---|
| ဦးစိုင်းမြသိန်း | ရှမ်းပြည်နယ်(မြောက်) |
| ဦးမိုင်းလား | ရှမ်းပြည်နယ်(မြောက်) |
| ဦးမြတ်ထွန်း | ရှမ်းပြည်နယ်(မြောက်) |
| ဦးပါမှန် | ရှမ်းပြည်နယ်(မြောက်) |
| ဦးထန်းအောင် | ရှမ်းပြည်နယ်(မြောက်) |
| ဦးဝင်းဦး | ရှမ်းပြည်နယ်(တောင်) |
| ဦးမောင် | ရှမ်းပြည်နယ်(တောင်) |
| ဦးကျော်ဌေး | ရှမ်းပြည်နယ်(တောင်) |
| ဦးချစ်ဝင်း | ကရင်ပြည်နယ် |
| ဦးရိုးမြင့် | မွန်ပြည်နယ် |
| ဦးလင်းမင်းထွန်း | မွန်ပြည်နယ် |
| ဦးဝင်းကို | မွန်ပြည်နယ် |
| ဦးသစ်လွင် | မွန်ပြည်နယ် |
| ဒေါ်အေးမြတ်ထွေး | မွန်ပြည်နယ် |
| ဦးတာဆင် | ကရင်ပြည်နယ် |
| ဒေါ်မိအော်အော် | ကရင်ပြည်နယ် |
| ဦးအောင်ဝင်း | ကရင်ပြည်နယ် |
| ဦးဝင်းဘို | မန္တလေးတိုင်း |
| ဦးမိုးမြင့်အောင် | မန္တလေးတိုင်း |
| ဦးတင်ထွန်း | မန္တလေးတိုင်း |

LCD TV ကံထူးရှင်များ

| အမည် | ပြည်နယ်/တိုင်း |
|---|---|
| ဦးမင်းမင်း | မန္တလေးတိုင်း |
| ဦးထေရတ် | ဧရာဝတီတိုင်း |
| ဦးညွန့်ဝေ | ရန်ကုန်တိုင်း |
| စက်မှုလယ်ယာ(နေပြည်တော်) | ရန်ကုန်တိုင်း |
| ဦးဇော်ဝင်းသန်း | ရန်ကုန်တိုင်း |
| ဦးငြိမ်းမောင် | ရန်ကုန်တိုင်း |
| ဦးရွှေမြင့် | ရန်ကုန်တိုင်း |
| ဦးစောကျော်ပွဲ | ကရင်ပြည်နယ် |
| ဒေါ်ကလဝါး | ကရင်ပြည်နယ် |
| ဦးစောထူးဆေး | ကရင်ပြည်နယ် |
| နော်ဝါး | ကရင်ပြည်နယ် |
| ဦးထွန်းထွန်း | ကရင်ပြည်နယ် |
| ဒေါ်ဓါဓါ | ကရင်ပြည်နယ် |
| ဦးနောကို | ကရင်ပြည်နယ် |
| ဒေါ်ရှောစုဝင်း | ကရင်ပြည်နယ် |
| ဦးဇကို | ကရင်ပြည်နယ် |
| ဦးစောကျော်သိုက် | ကရင်ပြည်နယ် |
| ဦးစောအကျော် | ကရင်ပြည်နယ် |
| ဦးတင်ရွှေ | ကရင်ပြည်နယ် |
| ဦးစံလင်း | ကရင်ပြည်နယ် |

ကံထူးရှင်များ အားလုံးအတွက် Siam Kubota မှ ဂုဏ်ယူပါသည်။ ဆုမဲများ လက်ခံရရှိမည့် နေ့ရက်ကို အသိပေးရန်အတွက် လူကြီးမင်းတို့၏ မိုဘိုင်းဖုန်းများသို့ ဆက်သွယ်ပါမည်။ သို့မဟုတ် လူကြီးမင်းတို့ ဝယ်ယူထားသည့် ဆိုင်များသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

7Day News Journal
Vol.12, No.50 • FEBRUARY 19 , 2014

# မြစ်တွင်းအပျော်စီးသင်္ဘောများ ကမ္ဘာလှည့်ခရီးသွား အစီးများ

**ဇေဇေနွေထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

ညနေခင်းဆည်းဆာ ကြည့်ရှုရန် ရန်ကုန်မြစ်အတွင်း အချိန်ပိုင်းပြေးဆွဲသည့် အပျော်စီး သင်္ဘောများကို ယခုနှစ်တွင် ဥရောပမှ လာရောက်ကြသော နိုင်ငံခြားသားများ အစီးများလာကြောင်း ဝန်ဆောင်မှုပေးသော ကုမ္ပဏီများမှ သတင်းရရှိသည်။

အပျော်စီးသင်္ဘောကို ဥရောပ၊ ဂျာမနီ၊ ပြင်သစ်လူမျိုးများ အစီးများကာ ယမန်နှစ်ကထက်ပို၍ အစီးများလာသည်။ ဧည့်သည်အသစ်အနေဖြင့် ဩစတြေးလျ၊ အမေရိကန်လူမျိုးများ အစီးများလာပြီး ပြည်တွင်းဧည့်သည် အစီးနည်းသည်ဟု Royal Marine Engineering မှ ဒါရိုက်တာ ဒေါ်စည်စည်ထွေးက ပြောသည်။

"နိုင်ငံခြားဧည့်သည်တွေက တစ်နာရီခွဲကြာတဲ့ ခရီးစဉ်ကို ညနေဆည်းဆာ စောင့်ကြည့်ဖို့ စီးကြတယ်" ဟု အပျော်စီးသင်္ဘောလုပ်ငန်း အတွေ့အကြုံ သုံးနှစ်ရှိပြီဖြစ်သည့် ၎င်းက ရှင်းပြသည်။

လူစီးများလာသဖြင့် သင်္ဘောသစ်နှစ်စီးထပ်မံဆောက်လုပ်နေပြီး ယခုလအတွင်း၌ အပျော်စီး သင်္ဘောအသေးစားတစ်စီး ပြေးဆွဲရန် စီစဉ်နေကာ လူ ၂၀၀ ကျော်ဆံ့သည့် သင်္ဘောကို မေလတွင် ပြေးဆွဲရန် စီစဉ်ထားကြောင်း အခြားသင်္ဘောအပျော်စီး ကုမ္ပဏီတစ်ခုဖြစ်သည့် Royal Green River ကုမ္ပဏီ၏ လက်မှတ်အရောင်း မဂျူးဂျူးက ပြောသည်။

အပျော်စီးသင်္ဘောလုပ်ငန်း၏ အဓိကဖောက်သည်မှာ ခရီးသွားကုမ္ပဏီများဖြစ်ပြီး လက်မှတ်ကို ကြိုတင်စနစ်ဖြင့် ရောင်းချ၍ ကုမ္ပဏီအချို့က သင်္ဘောဆိပ်များတွင် နိုင်ငံခြားသားများနှင့် ပြည်တွင်းအတွက် တိုက်ရိုက်လက်မှတ်ရောင်းချ၍ ဝန်ဆောင်မှုပေးခြင်းများလည်းရှိသည်။

သောကြာ၊ စနေ၊ တနင်္ဂနွေနေ့ ခရီးစဉ်များအတွက် နိုင်ငံခြားသားတစ်ဦးလျှင် ၂၅ ဒေါ်လာနှင့် နိုင်ငံသား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းခွဲဝန်းကျင် ကုန်ကျမည်ဖြစ်ကြောင်း Royal Green River ကုမ္ပဏီ၏ အရောင်းမန်နေဂျာ ဒေါ်ရီဝါက ဆက်ပြောသည်။

နိုင်ငံခြားသားများအတွက် တစ်ဦးချင်းလက်မှတ် ရောင်းချသကဲ့သို့ သင်္ဘောစင်းလုံးငှားခြင်းများရှိပြီး ပြည်တွင်းစီးသူများတွင်လည်း မွေးနေ့၊ စေ့စပ်ပွဲ၊ ရုံးပိုင်းကျင်းပသည့်ပါတီများအတွက်ငှားရမ်းလာကြကြောင်း ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီများမှ သတင်းရရှိသည်။

စင်းလုံးငှားမည် ဆိုပါက ဒေါ်လာ ၆၆၀ (မြန်မာငွေ ခြောက်သိန်းခြောက်သောင်းကျပ်ခန့်) ကုန်ကျမည်ဖြစ်ပြီး ဘူဖေးအစီအစဉ်ပါလျှင် လူတစ်ဦး ကျပ် ၉၅၀၀ နှုန်း ထပ်မံကျသင့်မည်ဖြစ်ကြောင်း Royal Green River ကုမ္ပဏီမှ သတင်းရရှိသည်။

ရန်ကုန်မြစ်အတွင်း လူ ၅၀ မှ လူ ၁၀၀ ကျော်ခန့်ဆံ့သည့် အပျော်စီးသင်္ဘော လေးစီးခန့်ရှိပြီး ထပ်မံပြေးဆွဲရန် ဆောက်လုပ်နေသည့် သင်္ဘောနှစ်စီးရှိကြောင်း သတင်းရရှိသည်။




## ရွှေငါးရေချို

ရွှေငါးကို အနံ့ပျောက်အောင် ရေကျန်ဆီကျန်ကလေးချက်ထားတာပါ။ အဓိက ကတော့ အဲဒီဟင်းမှာသုံးတဲ့အရွက်ပါပဲ။ အရွက်က ငါးကင်တဲ့အခါ ဗိုက်ထဲထည့်ပြီးကင်တဲ့ အရွက်တစ်မျိုးပါ။ ဖက်ဖယ်ရွက်လို့ခေါ်ပါတယ်။ အရွက်ချွန်ချွန် ခပ်သေးသေးအရွက်ကလေးတွေပါ။

လိုအပ်တာတွေကတော့ ဖက်ဖယ်ရွက်၊ ပင်စိမ်း၊ ရွှေငါးနှစ်ကောင်၊ ငရုတ်သီးစိမ်း၊ သံပရာသီးတို့ပဲ လိုပါတယ်။ ပထမဆုံးတော့ ရွှေငါးတွေကို မွှန်းပြီး သံပရာရည်၊ ဟင်းခတ်မှုန့်နဲ့ နယ်နှပ်ထားပြီး ဖက်ဖယ်ရွက်၊ ပင်စိမ်း၊ ချင်း၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်းတွေ ရောထောင်းပါမယ်။ ငါးကအနံ့ရှိတာကြောင့် ပင်စိမ်းနဲ့ ဖက်ဖယ်ရွက်ကို လက်တစ်ဆုပ်စာလောက်ရောထည့်ထောင်းပါ။ ပထမဆုံးတော့ ထောင်းပြီးသားတွေကို ဆီသတ်ပါမယ်။ ဆီသတ်လို့ မွှေးလာတဲ့အခါ မှာ ခဏနှပ်ထားတဲ့ငါးတွေထည့်ပါ။ အနံ့ပျောက်သွားအောင် နှစ်မိနစ်လောက်အပေါ် အောက်လှန်ပြီး အိုးကို လှုပ်ပေးပါ။ နောက်ဆုံးမှာတော့ ငါးမြုပ်ရုံရေထည့်ပြီး ချလို့ရပါပြီ။









# ရွှေနေကုတ်အစား ဂျိုကာကုတ် ရွေးခဲ့သူ

**အေးသူစံ**

နိုင်ငံခြားရုပ်ရှင်များထဲတွင်သာ တွေ့ရလေ့ရှိသည့် ဒီဇိုင်းဆန်းဆန်းပူဖောင်းရုပ်များကို ပြည်သူ့ရင်ပြင်ထဲမှ ကလေးများလက်ထဲတွင် တွေ့ရသည်မှာ အမြင်ဆန်းနေ၏။ ချစ်စရာကောင်းပြီး အလွန်လက်ရာမြောက်လှသော Pooh ဝက်ဝံ၊ Angry Bird ၊ လေယာဉ်ပျံ၊ မစ်ကီမောက်စ်စသည့် ကလေးတို့အကြိုက် ဇာတ်ကောင်များကို ရောင်စုံပူဖောင်းများဖြင့် လိမ်ယှက်ပုံဖော်ထားသည်မှာ မြင်နေကျ ပူဖောင်းအရုပ်ကလေးများနှင့် မတူကွဲပြားခြားနားသော အနုစိတ်လက်ရာများဖြစ်သည်။

"မေမေဟိုမှာဟိုမှာ" ဟုပျော်ရွှင်စွာအော်ဟစ်လိုက်သော ကလေးငယ် ညွှန်ပြရာ လူအုပ်အလယ်တွင် တစ်စွန်းတစမြင်တွေ့လိုက်ရသည်က အစိမ်းအနီ အပြာအဝါ တောက်ပသော အရောင်များ ရောယှက်နေသော ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာတွင် ဆေးရောင်စုံခြယ်သထားသည့် ကလေးတို့အချစ်တော် ဂျိုကာတစ်ဦး။ ထူးခြားလှသည့် ပူဖောင်းရုပ်လေးများ၏ လက်ရာရှင်ပင်ဖြစ်သည်။



*ကလေးငယ်များကို ပူဖောင်းရုပ်ရောင်းရင်း အမူအရာစုံလုပ်ပြနေသော ဂျိုကာ*

ဓာတ်ပုံ - နစ်ကီ

ကိုဂျိုကာ၏ လက်များက ပူဖောင်းရုပ်များကို သွက်လက်စွာ ဖန်တီးရင်း ပါးစပ်ကလည်း ကလေးငယ်တို့၏ မေးခွန်းတွေကို မျက်နှာအမူအရာမျိုးစုံ လုပ်ပြလျက်စိတ်ရှည်လက်ရှည်ဖြေကြားပေးနေပုံက အနီးရှိ လူကြီးများကိုပင် အပျော်များကူးစက်စေသည်။

ရောင်စုံယိုးဒယား ပူဖောင်းစ Snake မျိုးစုံနှင့် အရောင်ခြယ်ဆော့ပင်များ၊ ကတ်ကြေးတစ်လက်နှင့် လေထိုးတံတို့ကို ခါးပတ်ပတ်လည်အိတ်ထဲတွင် စီစဉ်ထည့်ထားပြီး ပခုံးထိလုနီးပါး ဆံပင်တုရောင်စုံ လိမ်ကောက်ကောက်၊ ကော်နှာခေါင်းနီပွပွ၊ မှန်မပါသည့် မျက်မှန်နီနီဖြင့် သူ့ကို ဖြတ်သွားဖြတ်လာသူတိုင်း အနည်းဆုံးတော့ လည်ပြန်ကြည့်ကာ ပြုံးပြကြမြဲဖြစ်သည်။

တချို့ဆို ဓာတ်ပုံပင် အမှတ်တရတွဲရိုက်သွားသေးကြောင်း သူကဂုဏ်ယူဟန်ဖြင့် ရောင်စုံမျက်ခုံးများကိုပင့်လျက် ပြောသည်။

"ဖြစ်ချင်တာက ရွှေနေ၊ ဖြစ်လာတာက ဂျိုကာရုပ်နဲ့ ပူဖောင်းသည်။ ဒါပေမဲ့ ဘဝမှာ အပျော်ဆုံးအချိန်က ပူဖောင်းရုပ်တွေလုပ်ပြီး ကလေးတွေပျော်အောင် စနောက်ပြီးနေရတာကိုပါ" ဟု အဖြူအပြာပန်းရောင်သုံးမျိုးစပ် လေယာဉ်ပျံရုပ်အတွက် အပြီးသတ်ပူပေါင်းအစကို ကတ်ကြေးဖြင့် ကိုက်ဖြတ် ထုံးချည်လိုက်သည့် ဂျိုကာတစ်ဖြစ်လဲ ကိုကျော်ဇေယျက ပြောသည်။

မော်လမြိုင်သား အဖေနှင့် ပဲခူးသူအမေတို့ အိမ်ထောင်ကျခါစက ပဲခူးမြို့ ခရွဲတန်းကျေးရွာတွင် ဓာတ်ပုံဆိုင်လေးတစ်ဆိုင် ဖွင့်ဖြစ်ခဲ့သည်။ စီးပွားရေးကျပ်တည်းလာသဖြင့် ရန်ကုန်မြို့သို့ ၁၉၉၆ ခုနှစ်တွင် မိသားစုရွှေ့ပြောင်းလာခဲ့ပြီးနောက် အဖေက သင်္ဘောကျင်းတစ်ခုတွင် ဆောက်လုပ်ရေးအလုပ်ရသည်။ အမေကတော့ စက်ချုပ်ဆိုင်ဖွင့်ရင်းမှ ကိုကျော်ဇေယျတို့ မောင်နှမ လူလားမြောက်ခဲ့သည်။ ညီမငယ်ရွှေ့ရေးနှင့် အိမ်တာဝန်အတွက် ဥပဒေဘာသာဖြင့် အဝေးသင်တက်ရောက်ရင်း အဖေ့သင်္ဘောကျင်းတွင် လက်သမားပညာဖြင့် နေ့စားအလုပ်လုပ်ခဲ့သည်။

အဖေ့နောက်လိုက်ရင်းက မျက်လှည့်ပညာရှင် မစ္စတာတော့ပ်အိမ်ကို လက်ခစားဖြင့် ဆောက်လုပ်ရချိန်တွင် မစ္စတာတော့ပ်နှင့် ခင်မင် ရင်းနှီးခဲ့သည်။ မစ္စတာတော့ပ်အတွက် မျက်လှည့်ပစ္စည်းများ ပြုလုပ်ပေးရင်းက မစ္စတာတော့ပ်၏ တပည့်ထံမှလေ့လာဆည်းပူးခဲ့သော ကော်ကပ်စရာမလိုဘဲ ပူဖောင်းချည်းသက်သက်ဖြင့် အရုပ်များချိုးကာ ဆေးရောင်ခြယ်သည့် အတတ်ကို ကျွမ်းကျင်တတ်မြောက်ခဲ့သည်။

ဤသို့နှင့် ကိုကျော်ဇေယျတစ်ယောက် ၂၀၀၉ ခုနှစ်တွင် ဂျိုကာဖြစ်လာခဲ့သည်။ စလုပ်လုပ်ချင်း ဆေးရောင်စုံခြယ်ထားသည့် မျက်နှာနှင့် ဂျိုကာဝတ်စုံအတွက် ရှက်မိပြီး လူအချို့၏ လှောင်ပြောင်ကဲ့ရဲ့မှုများ ခံခဲ့ရသည်များလည်းရှိသည်။

စာမျက်နှာ (၁၉)သို့



# အမတ်များ ပြည်သူ့ဆန္ဒကျော်ခိုင်းသောအခါ

▪ ရန်မျိုးနိုင်

ဆယ်စုနှစ်များစွာ စစ်တပ်၏ အုပ်ချုပ်မှုအောက်မှ ဒီမိုကရေစီအသွင်ကူးပြောင်းရန်အတွက် ၂၀၁၀ အထွေထွေရွေးကောက်ပွဲကို အုပ်ချုပ်သူ တပ်မတော်အစိုးရကပင် ဦးစီးကျင်းပပေးခဲ့သည်။

ထိုရွေးကောက်ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ဒီမိုကရေစီအင်အားစုများက သပိတ်မှောက်ခဲ့ကြသော်လည်း ၂၀၁၀ ရွေးကောက်ပွဲသည် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရေးအတွက် အခွင့်အရေးဖြစ်နေသောကြောင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တပ်မတော်မှ ဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဆောင်ရွက်မည်ဟု ကြွေးကြော်မဲဆွယ်ကာ ဒီမိုကရေစီအင်အားစု ပါတီအချို့ လွှတ်တော်ထဲရောက်ရှိလာကြသည်။

ရွေးကောက်ပွဲအပြီး သုံးနှစ်ကျော်လာသည့်အချိန်တွင် အခြေခံဥပဒေကိုပြင်ဆင်မည်ဟုမဲဆွယ်ခဲ့သော ပါတီအချို့မှ လွှတ်တော်ကိုယ်စားလှယ်အချို့သည် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကို ကျော်ခိုင်းလာသည်ကို တွေ့ရှိလာရသည်ဟု မဲဆန္ဒရှင်ပြည်သူများက ဝေဖန်မှုများ ထွက်ပေါ်လာသည်။

"ကျွန်တော် ၂၀၁၀ တုန်းက အဲဒီပါတီကိုပဲ မဲပေးခဲ့တာ။ သူတို့ကို အားကိုးလို့ပေါ့။ ဒါပေမဲ့ အခုတော့ ပါတီက လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တွေပြင်ချင်တဲ့ အချက်ကို မပြင်သင့်ဘူးလို့ ပြောလာတယ်ဗျ။ မဲဆန္ဒရှင်တွေဆန္ဒကို လျစ်လျူရှုတာလား မေးစရာရှိလာတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် နေထိုင်သော အသက် (၂၇)နှစ်အရွယ် ကိုမင်းသူရိန်က ပြောသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါဝင်သည့် နိုင်ငံတော်သမ္မတ အရည်အချင်းသတ်မှတ်ချက်ကိုပြင်ဆင်ပါက အမျိုးဘာသာ၊ သာသနာအတွက် စိုးရိမ်စရာ ရှိလာသည့်အတွက် ပြင်ဆင်ခြင်းမပြုရန် ထောက်ခံသည့် ဟောပြောပွဲများကို ပြုလုပ်ခဲ့ကြသည်။

"ရွေးကောက်ပွဲအကြိုကာလက သူတို့ရဲ့ ဆောင်ရွက်ပေးမယ်ဆိုတဲ့ ပြောကြားချက်တွေနဲ့ အခုနောက်ပိုင်း လုပ်ဆောင်ချက်တွေမှာ အယူအဆလွဲတာလေးတွေ တွေ့လာရတယ်။ အဓိကက ပြည်သူတွေ လိုလားတဲ့ ဒီမိုကရေစီအတွက် ဆောင်ရွက်ပေးမယ်ပြောခဲ့ပေမယ့် အခုနောက်ပိုင်း သူတို့ရဲ့ လုပ်ဆောင်ချက်အချို့က အာဏာရှင်စနစ်က လာတဲ့သူတွေကို အထောက်အကူပေးနေသလိုဖြစ်နေတယ်။ သူတို့ပေးထားတဲ့ ကတိတွေအတိုင်း မလုပ်ဘဲ သွေဖယ်သွားမယ်ဆိုရင် နောက်ရွေးကောက်ပွဲမှာ အရင်တုန်းကလို ပြည်သူလူထုရဲ့ ထောက်ခံမှုရလဒ်ကို မျှော်လင့်လို့ မရတော့ဘူး" ဟု ရန်နံ့သစ်မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ ကိုပြည်သွေးနိုင်က သုံးသပ်ပြောကြားသည်။

ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတအရည်အချင်း သတ်မှတ်ချက်တစ်ခုဖြစ်နေသည့် ပုဒ်မ ၅၉ (စ)ကို ပြင်ဆင်ခြင်းမပြုရန် ထောက်ခံဟောပြောပွဲကို အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဒေါ်ခင်ဝိုင်းကြည်နှင့် မတူကွဲပြားနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးနေမျိုးဝေတို့ကလည်း တက်ရောက်ဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းဟောပြောပွဲတွင် သမ္မတနေရာအတွက်ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်းတို့ကို ယှဉ်ပြိုင်ရွေးချယ်ရပါက သူရဦးရွှေမန်းကို ရွေးချယ်မည်ဖြစ်ကြောင်း၊ တပ်မတော်သည် အစကတည်းကပင် တိုင်းပြည်အတွက် အသက်စွန့်ထားပြီးဖြစ်သည်ဟု ဒေါ်ခင်ဝိုင်းကြည်က ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အပြတ်အသတ်အနိုင်ရရှိခဲ့သော ၁၉၉၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများ၏ ရလဒ်များကို ကြည့်ရှုလေ့လာပါက ပြည်သူလူထုအနေဖြင့် တိုင်းပြည်၏ ခေါင်းဆောင်နေရာအတွက် မည်သူ့ကို အလိုရှိနေကြောင်း သိရှိနိုင်သည့်အတွက် ပြည်သူတို့၏ ဆန္ဒသဘောထားများကို မပစ်ပယ်ထားသင့်ဟု နိုင်ငံရေးလေ့လာသူများက ဆိုသည်။

လက်ရှိအချိန်တွင် အမျိုးဘာသာ သာသနာအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သည့် အချက်အချို့ကိုမပြင်သင့်ကြောင်း ပြောကြားနေမှုသည် ပါတီ၏ရပ်တည်ချက်နှင့် မသက်ဆိုင်ဘဲ ၎င်းလွှတ်တော်ကိုယ်စားလှယ်၏ တစ်သီးပုဂ္ဂလအမြင်သာဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအင်အားစု ပါတီမှ အတွင်းရေးမှူး(၁)ဦးကြည်သန်းက ဆိုသည်။

"၂၀၁၀ တုန်းကပြည်ထောင်စုကြံ့ခိုင်ရေးပါတီကို မဲမပေးချင်တော့ ကျန်တဲ့အတိုက်အခံပါတီ တစ်ခုကို ပေးလိုက်တယ်။ ဒါပေမဲ့ ထင်သလိုမဖြစ်လာဘူး။ အဲဒီအချိန်တုန်းက မဲသာပေးရတယ် လန့်ရတဲ့အနေအထားရှိတယ်။ ရွေးကောက်ပွဲမှာ ပြောသမျှကတော့ နိုင်ငံတကာမှာလည်း ရာနှုန်းပြည့် မလုပ်ပေးနိုင်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ဒီမှာက ရာခိုင်နှုန်း အနည်းငယ်တောင် မလုပ်ပေးနိုင် ဘူး" ဟု မြောက်ဥက္ကလာပမြို့နယ် မှ မဲဆန္ဒရှင် ပြည်သူတစ်ဦးကပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

နိုင်ငံတော်သမ္မအရည်အချင်းကဲ့သို့ ဒီမိုကရေစီမကျသည့် အချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြင်ဆင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ အမျိုးသားရေးကို အခြေခံကာ မပြင်ဆင်သင့်ကြောင်း ဟောပြောနေမှုများသည် နိုင်ငံရေးပဋိပက္ခများကို ဖြစ်ပေါ်စေနိုင်သည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူ တစ်ဦးဖြစ်သူ ဒေါက်တာရန်မျိုးသိမ်းက သုံးသပ်သည်။

ရွေးကောက်ပွဲ တဖြည်းဖြည်းနီးကပ်လာသည့်အတွက် နိုင်ငံရေးသမားများသည် ရွေးကောက်ပွဲမတိုင်မီကာလက ပြည်သူတို့ကို ကတိခံထားသည့် အချက်များအား အကောင်အထည်ဖော်ရေးထက် ရွေးကောက်ပွဲတွင် ထပ်မံရွေးချယ်ခံရရေးကိုသာ ဦးစားပေးလုပ်ဆောင်မည့် အခြေအနေများကို ဆက်တိုက်မြင်တွေ့လာရသည်ဟု နိုင်ငံရေးလေ့လာသူများက ဆိုသည်။

"ပြီးခဲ့တဲ့တစ်ခေါက်က အတွေ့အကြုံရပြီးပြီလေ။ ဒီတစ်ခေါက်တော့ အပြောသမားတွေ၊ ကိုယ်ကျိုးကြည့်မယ့်သူနဲ့ ကျွန်တော်တို့ကို ပြောတော့တစ်မျိုး လုပ်တော့တစ်မျိုး သူတွေကိုတော့ မဲမပေးတော့ဘူး" ဟု ၂၀၁၅ ရွေးကောက်ပွဲတွင် ၎င်းတို့၏ လိုလားချက်များကိုတကယ်အမှန်တကယ် အကောင်အထည်ဖော်ပေးမည့် ကိုယ်စားလှယ်အား ထပ်မံရွေးချယ်ရတော့မည့် ကိုမင်းသူရိန်က ပြောသည်။

## -ပြင်ဆင်ဖတ်ရှုပါရန်

7Day News ဂျာနယ် အတွဲ(၁၂)၊ အမှတ်(၄၉) စာ-၄ "ကုသိုလ်တော်ဘုရားဝင်းတွင်ပြုလုပ်မည့် ဧရာဝတီစာပေပွဲတော် နိုင်ငံတကာစာရေးဆရာ ၄၀ဦးတက်မည်"သတင်းတွင် စာပေပွဲသို့ တက်ရောက်ဆွေးနွေးမည့်သူစာရင်းတွင် ဆရာနေဝင်းမြင့်နှင့် ဆရာမခင်ခင်ထူးတို့ပါဝင်သည်ဟု မှားယွင်းဖော်ပြခဲ့ပါသည်။ အမှန်တွင် ဆရာနေဝင်းမြင့်နှင့်ဆရာမခင်ခင်ထူးတို့မှာပါဝင်ခြင်းမရှိပါကြောင်းပြင်ဆင်ဖတ်ရှုပေးပါရန်။

**အယ်ဒီတာ**

**Jupiter MLC Logistic (Myanmar) Limited.**

Jupiter MLC Myanmar

Room (8-D), Pent House Floor, No (24-26),
South Race Course Condominium,
South Race Course Road, Tamwe Township, Yangon.
Tel : 95-1-542725, 401388, 95-9-73079406
Fax : 95-1-542725
E-mail : info@aquamarineshipping.mm

**Vacancy Announcement**

We are a multinational logistics organization and a hundred percent foreign investment company in Myanmar and we are urgently looking for a suitable candidate to fill in below vacancy.

Position : **TECHNICAL CO-ORDINATOR** **(Male – 1 Post)**

Responsibility : Taking care of **Plant Installation, Project Co-ordination and Lolgistics Operations**

Qualification, Experience & Skills :
- University graduate (engineering degree holder will be an advantage).
- Age between 30 to 45
- At least 3 years experience in plant installation, project co-ordination and logistics operations
- Fluent in English.
- Good interpersonal skills, able to work in and lead a team, good communication and leadership skills with pleasant personality.

Interested candidates are to submit a CV, Recent photo, Copy of NRC and other related documents not later than (28/02/2014) to above address.

## ၂၀၁၄ ဖေဖော်ဝါရီ ၁၉မှ ၂၅ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေထုမငြိမ်မသက်ဖြစ်နိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ် ပင်လယ်ပြင်တို့မှာမုန်တိုင်းဖြစ်နိုင်ခြေမရှိပါ။ ဘင်္ဂလားပင်လယ်အော်အတွင်းမှ ရေငွေ့ပါဝင်သောလေများ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ တိုးဝင်လျက်ရှိနေပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်ရှိနိုင်ပြီး ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၂ပေခန့်နဲ့ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၁ ပေခန့်ရှိနိုင်ပါတယ်။

### ညအပူချိန်များအခြေအနေ

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနဲ့ မြောက် ပိုင်း၊ ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များဟာ 9°C-12°C ခန့်၊ ချင်းပြည်နယ်နဲ့ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ည အပူချိန်များဟာ 13°C-15°C ခန့်၊ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ညအပူချိန်များဟာ 16°C-20°C ခန့်ရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ကချင်ပြည်နယ်တို့တွင် ၃ ရက်မှ ၄ ရက်ခန့် မိုး အနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ရွာရန်သေချာမှု ၆၀ ရာခိုင်နှုန်းရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့မှာ တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကျန်တစ်ပြည်လုံးတွင် အများအားဖြင့် သာယာနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်** (MCCW)

Vol.12, No.50 ▪ FEBRUARY 19 , 2014

# လိုအပ်သည့် အာဟာရဓာတ်များ ဆန်တွင် ထည့်သွင်းရန်စီစဉ်




*လက်ရှိ ဈေးကွက်အတွင်း၌ ရောင်းချလျက်ရှိသော ဆန်များ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ဗီတာမင်အေနှင့် သံဓာတ်ကဲ့သို့သော လူအများတွင် လိုအပ်နေသည့် အာဟာရဓာတ်များကို စားသုံးသည့် ဆန်တွင် ဖြည့်စွက်ထည့်သွင်းရန် စီစဉ်နေကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) ၏ အာဟာရပညာရှင်က ပြောကြားသည်။

ခန္ဓာကိုယ်အတွက် မဖြစ်မနေလိုအပ်သည့် အာဟာရဓာတ်များကို ဆေးဝါးအဖြစ် တိုက်ကျွေးခဲ့ရာမှ ယခုကဲ့သို့ ပြောင်းလဲဆောင်ရွက်ရန် အာဟာရပညာရှင်များ၊ သုတေသနပညာရှင်များနှင့် စတင်တိုင်ပင်ဆွေးနွေးနေပြီဖြစ်ကြောင်း ယူနီဆက်မှ အာဟာပညာရှင် ဒေါက်တာကျော်ဝင်းစိန်က ပြောသည်။

"လူတွေအတွက်လည်း အကျိုးရှိမယ်။ အန္တရာယ်လည်းမဖြစ်ဘူး။ လက်လှမ်းမီနိုင်မယ့် ဘယ်လိုနည်းစနစ်နဲ့ လုပ်မလဲဆိုတာကို ဆွေးနွေးနေတယ်" ဟု ဒေါက်တာကျော်ဝင်းစိန်က ပြောသည်။

ထိုလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ အာဟာရမြှင့်တင်ရေးလုပ်ငန်းများ၏ ရေရှည်စီမံကိန်းများထဲမှ လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ယခုလအတွင်း ကျင်းပခဲ့သည့် အာဟာရမြှင့်တင်ရေးလှုပ်ရှားမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် ပြည်တွင်းရှိကလေးများ၏ အရပ်ပုနှုန်း၊ သွေးအားနည်းရောဂါ ဖြစ်ပွားမှုနှုန်းစသည့် အာဟာရဆိုင်ရာ ပြဿနာများအား ရေတိုရေရှည်စီမံကိန်းများဖြင့် တိုးမြှင့်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဗီတာမင်အေ ချို့တဲ့ပါက ကြက်မျက်သင့်ခြင်း၊ မျက်ဖြူသားနှင့် မျက်ကြည်လွှာ ခြောက်သွေ့အနာဖြစ်ခြင်းတို့အပြင် အပြင်တိမ်စွဲ၍ မျက်စိကွယ်နိုင်သည်။ ထို့အတူ သံဓာတ်ချို့တဲ့ပါကလည်း သွေးအားနည်းပြီး အားအင်ကုန်ခန်းချည့်နဲ့ခြင်း၊ မျက်ခမ်း၊ လျှာစသည့် အသားအရေများ ဖြူဖပ်ဖြူရော်ဖြစ်ခြင်း၊ နှလုံးထိခိုက်၍ အသက်အန္တရာယ်ဖြစ်ပွားစေခြင်းအပြင် ကိုယ်ဝန်ဆောင်စဉ် သွေးအားနည်းလျှင် ပေါင်မပြည့်ကလေးမွေးနိုင်ကာ မိခင်မှာလည်း မွေးဖွားပြီး သွေးထွက်လွန်ကာ အသက်ဆုံးနိုင်ကြောင်း တွေ့ရသည်။

ဂျုံစားသုံးသည့် အချို့သောနိုင်ငံများတွင်လည်း ခန္ဓာကိုယ်အတွက် လိုအပ်သည့် အာဟာရဓာတ်များကို ဂျုံများအတွင်း ဖြည့်စွက်ထည့်သွင်းခြင်း နည်းလမ်းကို အသုံးပြုလေ့ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင်လိုအပ်သည့် အိုင်အိုဒင်းဓာတ်ကို ဆားများအတွင်း ထည့်သွင်းစားသုံးခြင်းနည်းလမ်းဖြင့် အိုင်အိုဒင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများကို ကာကွယ်ထားသည်။

## ကင်ဆာရောဂါဖြစ်ပွားနေသည့် ကလေးငယ်အားလုံး၏ ၈၀ ရာခိုင်နှုန်း ဆေးကုသခွင့်မရသေးဟုဆို

**ရဲနောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

မြန်မာနိုင်ငံတွင် ကင်ဆာရောဂါခံစားနေရသော ကလေးငယ်အားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်သည် ဆေးကုသခွင့်မရရှိသေးကြောင်း အာရှကင်ဆာရောဂါဆိုင်ရာ အဖွဲ့အစည်းက ၂၀၁၄ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သော စာစောင်တွင် ဖော်ပြထားသည်။

ကလေးများတွင် ဖြစ်ပွားသော ကင်ဆာရောဂါနှင့်စပ်လျဉ်း၍ မိဘများ ဆောလျင်စွာသိရှိမှု၊ ကျန်းမာရေးအသိပညာ နည်းပါးလျက်ရှိသည့်အပြင် ဆေးကုသမှုပေးနိုင်သည့် ဌာနမှာ ရန်ကုန်နှင့် မန္တလေး နှစ်နေရာတည်းသာ ရှိနေခြင်းက ရောဂါအမည်မတပ်နိုင်ခြင်းနှင့် ဆေးကုသခွင့် မရခြင်းတို့ကိုဖြစ်ပေါ်စေသည်ဟု အဆိုပါဆေးပညာစာစောင်တွင် ရေးသားထားသည်။

ဆေးကုသမှုကုန်ကျစရိတ်မြင့်မားနေခြင်း၊ စောင့်ရှောက်ကုသမှုပေးနိုင်သော ကျွမ်းကျင်ဆရာဝန်နှင့် သူနာပြုအရေအတွက်နည်းပါးနေခြင်းတို့လည်း ရှိနေပြီး ကင်ဆာကလေးငယ်အားလုံး၏ ၄၀ ရာခိုင်နှုန်းကျော်မှာ ရောဂါဖြစ်ပွားနေသည်ကို သိရှိသော်လည်း မကုသဘဲ လျစ်လျူရှုခံထားရသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် အသက် (၁၅) နှစ်အောက် ကလေးငယ် ၁၉ သန်းခန့်ရှိပြီး တစ်နှစ်လျှင် ကလေးငယ်များတွင်ကင်ဆာရောဂါဖြစ်ပွားမှုမှာ ၁၂၀၀ မှ ၂၃၀၀ အထိ ရှိနေသည်ဟု အဆိုပါအဖွဲ့အစည်းက စာရင်းထုတ်ပြန်ထားသည်။



7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# အိန္ဒိယတွင် ပိုလီယိုကင်းစင်သွားပြီဖြစ်၍ အရှေ့တောင်အာရှကို ပိုလီယိုကင်းစင်ဒေသအဖြစ် ကြေညာနိုင်ရန်နီးစပ်လာ



**ဝတ်ရည်အောင်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၅**

အိန္ဒိယနိုင်ငံတွင် ပိုလီယိုကင်းစင်သွားပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသအား ပိုလီယိုကင်းစင်ဒေသအဖြစ်ကြေညာရန် နီးစပ်သွားပြီဖြစ်ကြောင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့ကြေညာနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အရှေ့တောင်အာရှဒေသဆိုင်ရာ ရုံးချုပ်တွင် မတ်လအတွင်းပိုလီယိုရောဂါဆိုင်ရာပညာရှင်များက အရှေ့တောင်အာရှနိုင်ငံအသီးသီး၏ ပိုလီယိုတွေ့ရှိ၊ ကုသမှုဆိုင်ရာအချက်အလက်များကိုစစ်ဆေးပြီးထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ဒေါက်တာကျော်ကံကောင်းကပြောသည်။

"အိန္ဒိယ မကင်းစင်သေးတဲ့အတွက် ဒေသတစ်ခုလုံးကို ကြေညာဖို့စောင့်ဆိုင်းနေရတာပါ။ အခုကတော့ အသိအမှတ်ပြုဖို့နီးစပ်သွားပါပြီ"ဟု ဒေါက်တာကျော်ကံကောင်းကပြောသည်။

အိန္ဒိယနိုင်ငံတွင် သုံးနှစ်အတွင်း ပိုလီယိုအရိုင်းပိုးတွေ့ရှိမှုမရှိတော့ခြင်းကြောင့် ပိုလီယိုကင်းစင်နိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုလအတွင်းထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပိုလီယိုအရိုင်းပိုး ၂၀၀၇ ခုနှစ်မှ စတင်၍ ကင်းစင်ခဲ့ပြီးဖြစ်ကာ အိမ်နီးချင်းထိုင်းနိုင်ငံတွင်လည်း လွန်ခဲ့သည့်ဆယ်နှစ်ခန့်ကတည်းက ပိုလီယိုကင်းစင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပိုလီယိုကင်းစင်ဒေသအဖြစ်ကြေညာနိုင်ရန် နိုင်ငံအသီးသီးမှ နှစ်စဉ်ပိုလီယိုရောဂါဟု သံသယဖြစ်ဖွယ်လူနာရှာဖွေနိုင်သည့် အခြေအနေ၊ ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် အခြေခံအဆောက်အအုံ၊ ကာကွယ်ဆေးလှောင်ခြုံနိုင်မှု အပါအဝင်ကာကွယ်ဆေးဖြင့်ကာကွယ်နိုင်သည့် အခြားသောကူးစက်ရောဂါများဖြစ်ပွားမှုအခြေအနေများစစ်ဆေးပြီးပညာရှင်များက အတည်ပြု ကြေညာမည်ဖြစ်သည်။

ထိုသို့ပိုလီယိုကင်းစင်ဒေသအဖြစ် ကြေညာပြီးပါကလည်း ဒေသတွင်းနိုင်ငံများတွင် ပိုလီယိုရောဂါပိုး ထပ်မံတွေ့ရှိမှုမရှိစေရန် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။




# ဆေးလိပ်ဖြတ်ခြင်းသည် လူကိုပိုမိုပျော်စေ ဗြိတိန်ပညာရှင်များပြောကြား




**ပါရီ၊ ဖေဖော်ဝါရီ-၁၄**

ဆေးလိပ်ဖြတ်သူများသည် စိတ်ဓာတ်ကျနေသူများ၊ စိတ်ကျဝေဒနာကု ဆေးဝါးများသောက်ခြင်းနှင့်တူညီသော သုခမျိုးကိုခံစားရရှိနိုင်ပြီး ဆေးလိပ်ဖြတ်ခြင်းသည် လူကိုပိုမိုပျော်ရွှင်စေသည်ဟု ဗြိတိန် သုတေသနပညာရှင်များကပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ဆေးလိပ်သောက်သူများ၏စိတ်ကျန်းမာရေးအပေါ် လေ့လာထားသော သုတေသန ၂၆ ခုကို စူးစမ်းခဲ့သည်။ အဆိုပါသုတေသန ၂၆ ခုသည် တစ်နေ့လျှင်စီးကရက် ၁၀ လိပ်နှင့်အလိပ် ၄၀ ကြားသောက်သော အသက် (၄၄) နှစ်အရွယ်လူများ၏ဆေးလိပ်မဖြတ်မီစိတ်အခြေအနေနှင့် ဆေးလိပ်ဖြတ်ပြီးနောက် စိတ်အခြေအနေများကို လေ့လာခဲ့ကြသည်။ အောင်မြင်စွာဆေးလိပ်ဖြတ်နိုင်သူများသည်စိတ်ဓာတ်ကျမှု၊ စိုးရိမ်ပူပန်မှုနှင့် စိတ်ဖိစီးမှုများလျော့ကျသွားကြောင်းနှင့် ၎င်းတို့သည်ဆေးလိပ်သောက်နေသူများထက် လောကကြီးအပေါ် အကောင်းမြင်စိတ် ပိုများကြောင်း အဆိုပါ သုတေသနများက လေ့လာတွေ့ရှိခဲ့သည်။

အဆိုပါလေ့လာတွေ့ရှိမှုများသည် ဆေးလိပ်သောက်ခြင်းနှင့်ပတ်သက်သည့် လွဲမှားသောအယူအဆများကိုပပျောက်စေလိမ့်မည်ဟုစူးစမ်းလေ့လာရေးအဖွဲ့ခေါင်းဆောင် မစ္စစ်ဂျမ်မာတေလာက ပြောကြားသည်။ "ဆေးလိပ်သောက်ရင် စိတ်ဖိစီးမှု သက်သာစေတယ်။ လူကိုအပန်းပြေစေတယ်။ သာယာကြည်နူးဖို့ကောင်းစေတယ်ဆိုပြီး ဆေးလိပ်ဟာစိတ်ကျန်းမာရေးအတွက် ကောင်းသလိုလိုဘာလိုလိုပြောကြတဲ့ယုံတမ်းစကားရှိပါတယ်။ ကြားနေကျ အဲဒီယုံတမ်းစကားကို ကျော်လွှားနိုင်ဖို့တကယ်ပဲခက်ပါတယ်"ဟု မစ္စစ်တေလာကပြောကြားသည်။ သို့ရာတွင် သုတေသနပြချက်များစွာ အရ လူတို့သည် နီကိုတင်းဓာတ်ပါသော ဆေးလိပ်ကိုစွန့်လွှတ်လိုက်လျှင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေမှာ တိုးတက်လာမည်ဟု မစ္စစ်တေလာက အကြံပြုပြောကြားသည်။ —*Ref: AFP*

# Regional

7DAY NEWS JOURNAL

Vol.12, No.50 • FEBRUARY 19 , 2014




အိန္ဒိယကုမ္ပဏီတစ်ခုဖွင့်လှစ်ထားသည့် ဆိုင်ကယ်အရောင်းပြခန်း

ဓာတ်ပုံ - မျိုးမင်းဦး

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု နေးကွေးနေဆဲဖြစ်ဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ-၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန် အိန္ဒိယနိုင်ငံမှ လေ့လာစုံစမ်းဆဲအဆင့်သာရှိပြီး ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် နှေးကွေးနေဆဲဖြစ်သည်ဟု စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးစိန်မောင်းက ပြောသည်။

"ပြည်ပနိုင်ငံတွေက မေးမြန်းစုံစမ်းဆဲဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှုနှေးကွေးနေတယ်။ စုံစမ်းနေဆဲ ကာလပဲရှိတယ်။ တ ရုတ်ကတော့ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာ မြန်တယ်" ဟု ဦးစိန်မောင်းက ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အိန္ဒိယနိုင်ငံမှ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် လာရောက်လေ့လာလျက်ရှိပြီး စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ဘာသာရေးဆိုင်ရာ ပဋိပက္ခများ မဖြစ်ပွားစေရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဖေဖော်ဝါရီ ၁၃ ရက်နံနက်က မုံရွာမြို့ ဘုရားကြီးရပ်ကွက် မြို့မဇလီတွင် ကျင်းပသော ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း တွေ့ဆုံဆွေးနွေးပွဲ၌ ထည့်သွင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ရန် နှစ်နိုင်ငံ အစိုးရအဖွဲ့များ ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရန် အဆင်သင့်ပြင်ဆင်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သတင်းရရှိသည်။

ယခင်နှစ်များက မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးတွင် ကုန်ပစ္စည်း ၆၁ မျိုးသာ ခွင့်ပြုခဲ့ရာမှ ယခုနှစ်တွင်ကုန်ပစ္စည်းအမျိုးအစားပေါင်း ၃၀၀ ကျော်အား ကုန်သွယ်ခွင့်ပြုလိုက်ကြောင်း တမူးနယ်စပ်ကုန်သွယ်ရေးမှ သတင်းရရှိသည်။

တစ်ဦးချင်းကုန်သွယ်မှုအနေဖြင့် ၂ နှစ်တာကာလအတွင်း တိုးတက်လာသည်။ ပြီးခဲ့သည့်နှစ်အတွင်း ကုန်သည် ၆၀ ဝန်းကျင်ရှိခဲ့ရာမှ ယခုနှစ်တွင် ၁၀၂ ဦးအထိ တိုးတက်လာသည်။ ကုန်သွယ်မှုပမာဏအနေဖြင့် ယခင်နှစ်အတွင်း ကုန်သည်တစ်ဦးချင်းအလိုက် ကျပ်သိန်း ၅၀ သာရှိကာ ယခုနှစ်ဆန်းတွင် ကျပ်သိန်း ၁၀၀ အထိ ကုန်သွယ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

# ချင်းပြည်နယ်တွင် ဟိုတယ်လုပ်ငန်း လုပ်ကိုင်ရန် ပြည်တွင်းကုမ္ပဏီများသာ လျှောက်ထား

**ကိုစိုင်း**

**ကလေး၊ ဖေဖော်ဝါရီ-၁၅**

ချင်းပြည်နယ်အစိုးရက ဟိုတယ်ဇုန်တည်ဆောက်ရေးလုပ်ငန်းများတွင်တင်ဒါစနစ်ဖြင့်ခေါ်ယူရာလာမည့် ဘဏ္ဍာရေးနှစ်အထိ ဟိုတယ်ဇုန်တည်ဆောက်ရန် လာရောက်လျှောက်ထားသူများသည် ပြည်တွင်းကုမ္ပဏီများသာ ဖြစ်ကြောင်း ပြည်နယ် အစိုးရရုံးမှ သတင်းရရှိသည်။

ချင်းပြည်နယ်တွင် အမြင့်ပေ တစ်သောင်းကျော်ရှိ ဝိတိုရိယတောင်၊ ဘုံတလာ ရေတံခွန်နှင့် ကမ္ဘာကျော်အသည်းနှလုံးပုံ ရိဒ်ရေအိုင်တို့သည် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်ကြသော နေရာများဖြစ်သည်။

အဆိုပါ နေရာများတွင် ၂၀၁၂ ခုနှစ်မှ စတင်၍ ဟိုတယ်ဇုန်များတည်ဆောက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအနေဖြင့် တင်ဒါခေါ်ယူလျက်ရှိသည်။ ထိုကဲ့သို့ တင်ဒါခေါ်ယူဟိုတယ်ဇုန်များတည်ဆောက်လျက်ရှိသော်လည်း ပြည်တွင်းပြည်ပမှ အများဆုံးလာရောက်လည်ပတ်တတ်သည့် ဝိတိုရိယတောင်ရှိရာ ကန်ပက်လက်မြို့နယ်အတွင်းသာ ဟိုတယ်ဇုန်တည်ဆောက်ရန်စိတ်ဝင်စားမှုများသည်။

ရိဒ်ရေကန်နှင့် ဘုံတလာရေတံခွန်အနီးတွင် ပြည်နယ်အစိုးရအနေဖြင့် တင်ဒါခေါ်ယူတည်ဆောက်လိုသော်လည်း ယင်းနေရာများတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် လာရောက်ရင်းနှီးမြှုပ်နှံလိုသူ နည်းပါးလျက်ရှိသည်။

ထို့နည်းတူ ချင်းပြည်နယ်အတွင်းရှိ ဟိုတယ်ဇုန်တည်ဆောက်ရေးလုပ်ငန်းများတွင်ပြည်ပမှစိတ်ဝင်တစား လာရောက်ရင်းနှီးမြှုပ်နှံလိုသူ ယခုချိန်ထိ မရှိသေးကြောင်း ချင်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးနန်ဇမုန်ကပြောသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မလာဘူး။ ဟိုတယ်ဇုန်တည်ဆောက်မှုအပိုင်းမှာ လုပ်ငန်းရှင်တွေအများဆုံး စိတ်ဝင်စားတာကတော့ ကန်ပက်လက်မှာပါ။ အဲဒီဘက်မှာကတော့ ဟိုတယ်ဇုန် တည်ဆောက်ဖို့ လာရောက်လျှောက်ထားတဲ့သူများများရှိတယ် ကျန်တဲ့မြို့တွေမှာတော့ ဟိုတယ်ဇုန်မြို့ပြစီမံကိန်းမှာ လျာထားတာလောက်ပဲရှိတယ်" ဟုဦးနန်ဇမုန်က ပြောသည်။

ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်မှုနှုန်း များပြားလာပြီး ချင်းပြည်နယ်တောင်ပိုင်း ဝိတိုရိယတောင်၊ ဘုံတလာရေတံခွန်နှင့် ရိဒ်ရေကန်သို့ ပွင့်လင်းရာသီကာလများတွင် အများဆုံး လာရောက်လည်ပတ်ကြပြီး အမေရိကန်၊ နော်ဝေး၊ ဂျာမနီ၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံ မိဇိုရမ်းပြည်နယ်ဘက်မှ အများဆုံးလာရောက်လည်ပတ်တတ်ကြသည်။




7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# ပြည်မြို့ ရတနာမဥ္ဇူရီ ပရဟိတပညာရေးကျောင်းရန်ပုံငွေပွဲ ကျင်းပ

**ဇော်မင်းထိုက်**

**ပြည်၊ ဖေဖော်ဝါရီ-၁၆**

ပြည်မြို့၊ အောင်ဆန်းပြည်သာယာရပ်ကွက်ရှိ မိဘမဲ့ ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတို့ကို တာဝန်ယူဆောင်ရွက်ပေးနေသော ရတနာမဥ္ဇူရီပရဟိတပညာရေးကျောင်းနှင့် မေတ္တာမွန်ဆေးပေးခန်း ရန်ပုံငွေ ရရှိရေးအတွက် ဖျော်ဖြေပွဲကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ရန်ပုံငွေဖျော်ဖြေပွဲကို ပြည်မြို့ အထက(၁)အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၅ ရက် ညတွင် 5Star လူရွှင်တော်အငြိမ့် ဖျော်ဖြေခဲ့ပြီး လာရောက်ကြည့်ရှုသူများကို အခမဲ့ ဖျော်ဖြေခဲ့ခြင်းဖြစ်သည်။ လာရောက်ကြည့်ရှုသူ စေတနာရှင် ပြည်သူများ၊ မြို့မိမြို့ဖများထံမှ အလှူငွေကျပ်နှစ်ဆယ့်ငါးသိန်းရရှိခဲ့သည်။


*ပရဟိတပညာရေးကျောင်းရန်ပုံငွေပွဲကျင်းပစဉ်* ဓာတ်ပုံ - ဇော်မင်းထိုက်

"ကျွန်တော်တို့ နိုင်ကျဉ်းအဖွဲ့အနေနဲ့ပြည်ကိုရောက်တဲ့အခါ ဆရာလေးကျောင်းကိုရောက်ပြီး ဒီပွဲမျိုးလုပ်ပေးချင်တဲ့စိတ်ပေါ်လာလို့ လုပ်ဖြစ်တယ်။ အနုပညာရှင်တွေရဲ့ အနုပညာကြေးကိုကျွန်တော်တို့က တာဝန်ယူပေးထားတယ်။ ဒီပွဲက အနုပညာကြေးအဖြစ် ရရှိလာတဲ့ အမြတ်တွေ အားလုံးဆရာလေးကျောင်းကိုလှူလိုက်မယ်။ ကျွန်တော်တို့ ဘာအကျိုးခံစားခွင့်မှ ယူမထားဘူး"ဟု ရန်ပုံငွေ ဖျော်ဖြေပွဲစီစဉ်သူ ကိုဒွဲ့ဒီက ပြောကြားသည်။

ပြည်မြို့ ရတနာမဥ္ဇူရီ ပရဟိတပညာရေးကျောင်းရှိ သီလရှင်ဆရာလေး ဒေါ်ဝဏ္ဏသီရိ၏ ဦးဆောင်မှုဖြင့် မိဘမဲ့ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတို့ကို စောင့်ရှောက်ပေးလာသည်မှာ ခြောက်နှစ်တာကာလပင်ရှိပြီဖြစ်သည်။ကျောင်းတွင် မေတ္တာမွန် အခမဲ့ကျန်းမာရေး ဆေးပေးခန်းပါ ထားရှိပြီး ရင်ခွင်ပိုက် ကလေးမှစ၍ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၇၆ ဦးကို စောင့်ရှောက်ပေးထားသည်။ ယင်းကျောင်းမှ ဘွဲ့ရသူငါးဦးနှင့် စစ်တက္ကသိုလ်တွင် တက်ရောက်နေသူတစ်ဦးရှိသည်။

ရတနာမဥ္ဇူရီ ပရဟိတကျောင်းရှိကျောင်းသား၊ ကျောင်းသူလေးများ၏ တစ်နပ်စာ စားစရိတ် ကျပ်တစ်သိန်းခန့်ကုန်ကျနိုင်ပြီး လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

အလှူရှင်များ လှူဒါန်းသည့် ငွေကြေးကျပ် ၆၀,၀၀၀၊ ကျပ် ၇၀,၀၀၀ ဖြင့်လည်း ကလေးငယ်များ၏ တစ်နပ်စာ ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနေပြီး အလှူရှင်များ အနေဖြင့် ကလေးများအား ကိုယ်တိုင်ကိုယ်ကျ ကျွေးမွေးနိုင်သည်။

# နိုင်ငံရေးအကျဉ်းသားတစ်ထောင်၏ လက်ပုံစံနမူနာများ စုစည်းရန် ပန်းချီဆရာတစ်ဦး စီစဉ်

**ဇော်မင်းထိုက်**

**ပြည်၊ ဖေဖော်ဝါရီ-၁၆**

ဖေဖော်ဝါရီ ၁၅ ရက်တွင်ပန်းချီထိန်လင်းက ပြည်မြို့ရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ယာဘက်လက်ကို ကျောက်ပတ်တီးပတ်၍ ပုံတူ မိုပုံစံပြုလုပ်ရယူနေပြီး စုစုပေါင်း အကျဉ်းသားတစ်ထောင်ခန့်အထိ ရယူရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

ပြည်မြို့ရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ယာဘက်လက်ပုံတူ ပြုလုပ်ယူခြင်းကို ဗိုလ်ချုပ်လမ်းရှိ တင်မြင့်အပ်ချုပ်ဆိုင်ရှေ့ ပလက်ဖောင်းပေါ်၌ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေး အကျဉ်းသားဟောင်း ဆယ်ဦး၏ လက်ပုံတူများအား ပြုလုပ်ကာ ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံရေးအကျဉ်းသားတွေရဲ့ လက်အရေအတွက် တစ်ထောင်ပြည့်ရင် ပြပွဲတစ်ခုပြုလုပ်သွားမယ်။ သူတို့ရဲ့ အမည်၊ ထောင်ကျသက်တမ်းတွေကို ဓာတ်ပုံ၊ ဗီဒီယိုတွေနဲ့ ဖော်ပြမယ်။ နှစ်ပေါင်းသုံးဆယ်အတွင်းမှာ နိုင်ငံရေးအကျဉ်းသားတွေဟာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်တယ်လို့ ထင်တယ်။ မြန်မာ့နိုင်ငံရေးသမိုင်းနဲ့ ဆက်စပ်နေတဲ့ အနုပညာတစ်ရပ်လုပ်ချင်တာကြောင့်ဖြစ်တယ်" ဟုပန်းချီထိန်လင်းက ပြောသည်။

၎င်းသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ လက်ပုံတူများကို ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ သာယာဝတီမြို့များတွင် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊လက်ရှိတွင်လက်အရေအတွက် ၂၅၀ ကျော်ရှိနေပြီး လက်တစ်ခု လုပ်ခကုန်ကျငွေမှာ ၂,၀၀၀ ကျပ်ခန့်ရှိကြောင်း၊ ပြည်မြို့တွင် ပြစ်ဒဏ် ကျခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသား ၄၀ ခန့်ရှိသော်လည်း ဆယ်ဦးသာလုပ်နိုင်ခြင်းမှာ ပါလာသည့် ပစ္စည်းအရေအတွက်နှင့် အချိန်မရ၍ဖြစ်ကြောင်း၊ နိုင်ငံရေး အကျဉ်းသားများ ရှိနေသည့် မြို့များတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

# မုံရွာမြို့တွင် ပထမဆုံးအကြိမ် အဘိဓမ္မာသင်တန်း ဖွင့်လှစ်သင်ကြားမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ-၁၆**

မုံရွာမြို့တွင်ပထမဆုံးအကြိမ်အဘိဓမ္မာသင်တန်းကို မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ရွှေစည်းခုံစေတီတော်မြတ်ကြီးမဟာသမယဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၁၇ မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အဘိဓမ္မာသင်တန်းပထမအကြိမ်ကို မန္တလေးမြို့က လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မဒီပ ဗုဒ္ဓစာပေ သင်တန်းကျောင်းက ဒေါက်တာ ဦးခင်မောင်ကြည်နဲ့ ဒေါက်တာဒေါ်ချိုချိုမာတို့က လာရောက်သင်ကြားပေးမှာဖြစ်ပါတယ်။ ဒီသင်တန်းကိုတက်ရောက်ပြီးသူများအနေနဲ့ သာသနာရေးဝန်ကြီးဌာနက ကျင်းပတဲ့ အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်မှာဖြစ်ပါတယ်" ဟု အဘိဓမ္မာ သင်တန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဆရာချိုက ပြောကြားခဲ့သည်။

မုံရွာမြို့ ဩဝါဒစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ သာသနာရေးဝန်ကြီးဌာန အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ ဖြေဆိုရန်၊ ဝိပဿနာလုပ်ငန်းများ၊ အထောက်အကူပြုစေနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဘိဓမ္မာသင်တန်း တက်ရောက်လိုသူများအနေဖြင့် ရွှေဒေါင်းယဉ် သက်နေးတိုက်၊ မုံရွာမြို့၊ဖုန်း-၀၇၁ ၂၁၂၉၇၊၀၉-၂၁၃၀၇၈၃၊ ဒေါက်တာဝင်းမြင့်၊ ဒေါ်ခင်မေဝင်း နေလဆေးဆိုင်၊ ဗိုလ်ချုပ်လမ်း မုံရွာမြို့၊ ဖုန်း - ၀၇၁ ၂၂၈၅၅၊ ၀၉-၄၇၀၈၄၁၃၊ ဒေါက်တာ ထွန်းထွန်း၊ ဒေါက်တာ သစ်သစ်ရွှေ ကိန္နရီစတိုး ကျောက္ကာလမ်း၊မုံရွာမြို့ ဖုန်း-၀၇၁ ၂၄၅၄၈ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။




**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာချက်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆ လမ်း၊ အမှတ်(၆၉)၊ မြေညီထပ်တွင် ရုံးခန်းဖွင့်လှစ်ထားသော **AZTAM Myanmar LTD.** (အေဇက်တီအေအမ်မြန်မာလီမိတက်) ကုမ္ပဏီမှတ်ပုံတင်အမှတ် ၂၂၀၉/၂၀၁၃-၂၀၁၄ (၇-၈-၂၀၁၃) ဒါရိုက်တာအဖွဲ့သည် **RCH, RAL** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ကုမ္ပဏီ၏မူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်အမှတ် - **IV** - ၁၃၀၄၁/၂၀၁၃ နှင့် **IV** - ၁၃၀၄၀/၂၀၁၃ တို့ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

RCH

RAL
point of sale creativity

အထက်ဖော်ပြပါ **"RCH", "RAL"** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် **POS System (Point of Sale)**၊ **Electronic Cash Register Systems** (ကွန်ပျူတာစနစ်သုံး ငွေပေးချေစက်နှင့် ငွေစာရင်းသွင်းစက်များ) ကွန်ပျူတာနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ နိုင်ငံတကာ ကုန်အမှတ်တံဆိပ်အသိအမှတ်ပြု စံနှုန်းအမှတ် (၉) (၄၂) တွင် အကျုံးဝင်သောပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းများနှင့် လျှပ်စစ်နှင့် အီလက်ထရောနစ်ကုန်ပစ္စည်းများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများတွင် (Trade Mark, Trade Name)အဖြစ် သုံးစွဲသွားမည်ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ မှီငြမ်းတုပ၍ ပြုလုပ်သုံးစွဲခြင်း၊ ဝန်ဆောင်မှုပေးခြင်း မပြုလုပ်ပါရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါက်တာမြမာလာအေး** (တရားလွှတ်တော်ရှေ့နေ)
၁၉၅၊ မြသီတာလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၀၉-၅၀၁၄၈၇၄**

# ကူသူ ကယ်သူ နည်းပါးဆဲ အသေးစား၊ အလတ်စား လုပ်ငန်းများ

**နိုင်လင်းအောင်၊ ယမင်း၊ အိဇင်မေ**

ပေ ၂၀ ပတ်လည်ခန့်ရှိသော စားသောက်ဆိုင်ခန်းလေးထဲရှိ စားပွဲဝိုင်း ခြောက်ခုတွင် လာရောက်စားသောက်သူတစ်ယောက်မှ ရှိမနေ။ အဆိုပါဆိုင်လေးမှာ ယခုနေရာသို့ မပြောင်းရွှေ့ခင်က အရောင်းအဝယ် အလွန်ကောင်းခဲ့ပြီး စည်ကားခဲ့ဖူးသည်။ သို့သော် ဆိုင်ပြောင်းရွှေ့ပြီးနောက် နေရာသစ်၌ အရောင်းအဝယ် မဖြစ်တော့ဟု စားပွဲဝိုင်းတစ်ခုတွင် စိတ်ပျက်လက်ပျက် အမူအရာဖြင့် ထိုင်နေသည့် အရောင်းတာဝန်ခံက ပြောသည်။

ယခင်ရန်ကုန်မြို့လယ်ရှိကွန်ဒိုတစ်ခုတွင် ဖွင့်လှစ်စဉ်က စားသုံးသူ အမြဲစည်ကားနေခဲ့သော်လည်း ဆိုင်ခန်းငှားခကို နှစ်ဆကျော်တိုးမြှင့်လိုက်သောကြောင့် ဆိုင် ငှားခမတတ်နိုင်၍ လှိုင်မြို့နယ် သံလမ်းမှတ်တိုင်အနီးရှိယခုဆိုင်ခန်းသို့ လွန်ခဲ့သော ငါးလခန့်က ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြခြင်းဖြစ်သည်။

"လုပ်ငန်းက အဆင်ပြေပေမယ့်ဆိုင်ခန်းခ မတတ်နိုင်တော့တဲ့အတွက် တခြားနေရာတစ်ခုကို ပြောင်းပြီးတော့ဖွင့်နေရတယ်။ နေရာအသစ်ဆိုတော့ ဖောက်သည်ရအောင် လုပ်ငန်းတွေကိုလည်း အသစ်က ပြန်စနေရတာကြောင့် သိပ်အဆင်မပြေဘူး"ဟုအရောင်းတာဝန်ခံ ကိုမျိုး(အမည်လွှဲ)က သူ၏ အခက်အခဲကို ရင်ဖွင့်သည်။

ဆိုင်ခန်း၊ ရုံးခန်း ငှားရမ်းခ တစ်ဟုန်ထိုး ဈေးတက်သွား၍ ယခုလိုဖြစ်ရပ်မျိုးမှာမြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား (SME) လုပ်ငန်းများ အဓိကကြုံတွေ့နေရသည့် ပြဿနာများထဲတွင် တစ်ခု ဖြစ်သည်။ လုပ်ငန်းများ အရောင်းအဝယ် အဆင်ပြေသော်လည်း မြေနှင့် ဆိုင်ခန်းငှားရမ်းခကြီးလွန်းခြင်းနှင့် ငွေကြေးအရင်းအနှီး လုံလောက်စွာ မရှိခြင်းတို့ကြောင့် အသေးစား၊ အလတ်စား လုပ်ငန်းများရှင်သန်ရပ်တည်ရန်မှာ ခက်ခဲနေသည်။

"အရင်ကတော့ စားသောက်ဆိုင်လေးဖွင့်ထားတာ တော်တော်လေးအဆင်ပြေတယ်။ နောက်တော့ အဲဒီနေရာက လူစည်လာပြီး မြေငှားခတွေတက်လာတာကြောင့် ဆိုင်ခန်းခမတတ်နိုင်တာနဲ့ နေရာပြောင်းပြီး ထမင်းဆိုင်လေးဖွင့်နေရတယ်။ အခုဆိုရင် လုပ်ငန်းအဆင်မပြေတာကြောင့် အလုပ်သမားတွေတောင် လျှော့ချလိုက်ရတယ်" ဟု ရွှေပေါက်ကံမြို့နယ်အတွင်းသို့ ရွှေ့ပြောင်း၍ ထမင်းဆိုင်ဖွင့်ထားသူ ဦးမောင်ကြီးကလည်း သူ၏အတွေ့အကြုံကို ပြောသည်။



*ပံ့ပိုးမှုအားနည်း၍ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ရပ်တည်ရန် ပိုခက်ခဲလာသည်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နိုင်ငံတော် အစိုးရမှ အသေးစား၊ အလတ်စား (SME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးနေသည်ဆိုသော်လည်း လက်တွေ့တွင် လုပ်ငန်းမှတ်ပုံတင်ပြုလုပ်ရာမှာပင်ဌာနဆိုင်ရာများတွင် အဆင့်ဆင့် တင်ပြရပြီး သာမန်ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးကြီးနေသည်။ ထို့အပြင်ချေးငွေရရှိရန် တင်ပြပါကလည်း အပေါင်ပစ္စည်းရှိမှသာ ထုတ်ပေးသည့်အတွက် အဆိုသတ်မှတ်ချက်များ ဖြေလျှော့ပေးရန် လိုအပ်နေကြောင်း SME လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသူအချို့က သုံးသပ်ပြောကြားသည်။

"ဈေးဆိုင်လေးတစ်ခုဖွင့်တာကို စီးပွားရေး လုပ်ငန်းကြီးတစ်ခုလိုမျိုး ဝန်ကြီးဆီ အဆင့်ဆင့်တင်ပြနေမယ်ဆိုရင် သူကလည်း စိတ်ဝင်စားမှာမဟုတ်ဘူး။ အဆင့်ဆင့်တင်ပြနေစရာမလိုဘဲ တစ်ခါတည်း ခွင့်ပြုပေးနိုင်ဖို့ လိုအပ်နေတယ်။ ဗဟိုထိန်းချုပ်မှုတွေရှိနေရင်တော့ SME လုပ်ငန်းတွေက သေနေမှာပဲ"ဟု အသေးစား၊ အလတ်စားများအား ချေးငွေထုတ်ပေးနေသည့် မင်္ဂလာမြန်မာ အသေးစားချေးငွေ လုပ်ငန်းမှ အမှုဆောင်အရာရှိချုပ်ဒေါက်တာဘုန်းဝင်းကပြောသည်။

SME ဥပဒေထဲ၌ အသေးစားလုပ်ငန်းများ ဆိုသည်မှာ တစ်နှစ်ဝင်ငွေကျပ်သန်း၅၀ အထိရှိသော လုပ်ငန်းများမှ ကျပ်သန်း ၁၀၀ အထိရှိသော လုပ်ငန်းများဟူ၍ လည်းကောင်း၊ အလတ်စား လုပ်ငန်းများအနေဖြင့် တစ်နှစ်ဝင်ငွေကျပ်သန်း ၅၀ အထက်မှ ကျပ်သန်း၁၀၀၀အထိရှိသောလုပ်ငန်းများဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်သည့် တရားဝင် စာရင်းအရ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် SME လုပ်ငန်းပေါင်း ၁၂၀,၀၀၀ ကျော်ရှိပြီး မြန်မာ့စီးပွားရေး လုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းကျော်ရှိသည်။

သို့သော် အဆိုပါ ၉၉ ရာခိုင်နှုန်းကျော်၏ လည်ပတ်နေသောငွေကြေးပမာဏမှာ အကြီးစားလုပ်ငန်းရှင်ကြီးများ၏ လည်ပတ်နေသော ငွေကြေးပမာဏနှင့် နှိုင်းယှဉ်လျှင် ၁၀ ရာခိုင်နှုန်းခန့်သာရှိသည်။

အဆိုပါ အရေအတွက်မှာ မှတ်ပုံတင်ထားသည့်လုပ်ငန်းများ၏ ၈၅ ရာခိုင်နှုန်းအထိရှိသောကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် SME လုပ်ငန်းများမှာ အရေးကြီးလှသည်။

အသေးစား၊ အလတ်စား လုပ်ငန်းများကို ကူညီရန် ဖွဲ့စည်းထားသော အစိုးရအဖွဲ့အစည်းများမှာ အသေးစား၊ အလတ်စား ဗဟိုကော်မတီ၊ အသေးစား၊ အလတ်စားလုပ်ငန်းကော်မတီ၊ အသေးစား၊ အလတ်စားဗဟိုဌာန၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB) အသေးစား၊ အလတ်စားလုပ်ငန်းစတင်ထူထောင်နိုင်ရေးအဖွဲ့နှင့် အဆိုပါအဖွဲ့၏ အောက်တွင် တိုင်းဒေသကြီး အသီးသီး၌ အသေးစား၊အလတ်စားလုပ်ငန်းအေဂျင်စီများရှိသည်။ သို့သော်လုပ်ငန်းရှင်အများစုမှာ အဆိုပါအဖွဲ့အစည်းများကို မည်သို့ဆက်သွယ်အကူအညီတောင်းခံနိုင်သည်ကို သိရှိသူ နည်းသည်။ ထို့အပြင် SME လုပ်ငန်းများကို အကူအညီပေးနေသော ပုဂ္ဂလိက အဖွဲ့အစည်းများမှာ UMFCCI ၏ လက်အောက်တွင် ဖွဲ့စည်းထားသည့် အသေးစား၊ အလတ်စားဖွံ့ဖြိုးရေးကော်မတီနှင့် မင်္ဂလာမြန်မာအသေးစားချေးငွေလုပ်ငန်းစသည့် အဖွဲ့အစည်းနှစ်ခုနှင့် ကမ္ဘောဇဘဏ်နှင့် ရိုးမဘဏ်ကလည်း အဆိုပါလုပ်ငန်းများကို ချေးငွေထုတ်ပေးနေသည်။

အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်အနေဖြင့် ချေးငွေထုတ်ပေးခြင်းကို ၂၀၁၂ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ လုပ်ငန်းရှင် ၆၂ ဦးကို အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ကျပ် ၁၀ ဘီလီယံထုတ်ချေးထားသည်ဟု ဆိုပါသည်။ ချေးငွေထုတ်ပေးရာတွင် အပေါင်ပစ္စည်းအပေါ်တွင် မူတည်၍ အနည်းဆုံးကျပ်သိန်း ၂၀၀ မှ သိန်း ၅၀၀၀ ထိထုတ်ချေးပေးခဲ့ပြီးလက်ရှိအချိန်တွင် ဘတ်ဂျက်ကုန်နေသောကြောင့် ချေးငွေထုတ်ပေးခြင်းကို ရပ်ထားရကြောင်း ၎င်းဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဌေးကပြောသည်။

ချေးငွေ ထုတ်ပေးခဲ့သည့် လုပ်ငန်းအများစုမှာ ကုန်ထုတ်လုပ်ငန်းများသာဖြစ်ပြီး စားသောက်ဆိုင်နှင့် ဈေးဆိုင်ငယ်များကဲ့သို့အသေးစားလုပ်ငန်းများ ပါဝင်ခြင်းမရှိသည့်အတွက် အဆိုပါ လုပ်ငန်းလေးများအတွက် အရင်းအနှီးနှင့် နည်းပညာ ကူညီပံ့ပိုးမှုမှာ အားနည်းလွန်းလှသည်။

"လုပ်ငန်းတိုးချဲ့ဖို့အတွက်ဘဏ်မှာ ချေးတာ။ လုပ်ငန်းရှိတယ်၊ အောင်မြင်တယ်၊ မရဘူး။ မြေပြနိုင်မှတဲ့။ ရှစ်လွှာရှိတဲ့ အထဲက တိုက်ခန်း သုံးခန်းပိုင်တာတောင် ကန်ထရိုက်တိုက်မို့လို့ မရဘူးတဲ့။ ချေးတာကလည်းသိန်း ၄၀၀၊ ၅၀၀ လောက်ချေးတာ။ ဒါကြောင့် အခုဆိုရင် လုပ်ငန်းတွေ ထပ်တိုးချဲ့လို့မရဘူး" ဟု ပြည်တွင်းဂျာနယ်တိုက်တစ်ခု၏ ပိုင်ရှင်တစ်ဦးက ပြောသည်။

"SME လုပ်ငန်းတွေအတွက် ကြီးမားတဲ့လိုအပ်ချက်ဟာ နိုင်ငံတော်အစိုးရက အသိအမှတ်ပြုပြီး လုပ်ပေးဖို့ပဲ။ အခုအချိန်ထိ လုပ်ငန်းငယ်လေးတွေဟာ ဘယ်သူနဲ့ဆက်သွယ်ရမှန်း မသိဘူးဖြစ်နေတယ်။ လုပ်ငန်းတူတာလေးတွေ စုပြီး တင်ပြလာရင် အစိုးရက နားထောင်ပြီး သူတို့လုပ်ကိုင်နိုင်ဖို့ အတွက် စီစဉ်ပေးရမယ်"ဟု ဒေါက်တာဘုန်းဝင်းကပြောသည်။

"အသေးစား၊ အလတ်စား ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်နည်းပညာ၊ ငွေရေးကြေးရေးတွေ ထောက်ပံ့ပေးဖို့လိုပါတယ်။ လုပ်တော့လုပ်ချင်တယ်။ နည်းပညာမရှိရင် ဘယ်လိုလုပ်မလဲ။ ပံ့ပိုးပေးရမယ့် လမ်းညွှန်ပေးရမယ့် အဖွဲ့လိုတယ်။ လုပ်ငန်းအသေးလေးတွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ဆိုရင် နည်းပညာတွေလည်းပေးရမယ်။ ငွေရေးကြေးရေးတွေလည်း ပေးရမယ်" ဟု စွန့်ဦးတီထွင်သူများအသင်းမှ ဗဟိုကော်မတီဝင် ဦးသန်းစိုးက ထောက်ပြသည်။

အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်ရှိပြဋ္ဌာန်းထားသည့် အသေးစား၊ အလတ်စားလုပ်ငန်းဥပဒေထဲတွင် အသေးစား၊ အလတ်စားလုပ်ငန်းများအား အထောက်အကူပြုစေမည့်အချက်များကို ဖော်ပြထားသော်လည်း ဝန်ကြီးဌာနမှ ညွှန်ကြားချက်များထုတ်၍ ပိတ်ပင်ထားသောကြောင့် လုပ်ငန်းများ လုပ်ကိုင်ရာတွင် အခက်အခဲရှိနေကြောင်း အသေးစား၊ အလတ်စားလုပ်ငန်းရှင် အချို့က ပြောကြားသည်။

"ဥပဒေထဲမှာ SME လုပ်ငန်းတွေအတွက် လုပ်ပိုင်ခွင့်ကို ခြောက်ခုခွင့်ပြုထားပေမယ့် ညွှန်ကြားချက်နဲ့ ပြန်ပိတ်ထားတဲ့အတွက် လေးခုကိုလုပ်ခွင့်မရဘူးဖြစ်နေတယ်။ ဥပဒေထဲမှာမပါတာတွေကို လိုက်နာနေရတယ်။ အဲဒါလေးတွေကို လွှတ်ပေးဖို့ကောင်းတယ်" ဟု ပြည်တွင်း SME လုပ်ငန်းရှင်တစ်ဦးကပြောသည်။

**စာမျက်နှာ(A7) သို့**

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.50 ▪ FEBRUARY 19 , 2014



ထွန်စက်ဖြင့် လယ်ထွန်နေသည့် တောင်သူတစ်ဦးအားတွေ့ရစဉ်

ဓာတ်ပုံ - အောင်သူရ

# စက်မှုလယ်ယာအိပ်မက် ကယောက်ကယက်

**ပြည့်သိမ်း**

ဘောလုံးကွင်းကြီး တစ်ခုအတွင်း ဝါးတိုင်စိုက် အခန်းငယ်လေးများဆီမှ လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ၏ အင်ဂျင်သံဆူညံစွာ ထွက်ပေါ်နေသည်။

ကြော်ငြာစာရွက်ရောင်စုံကို လက်ထဲတွင် ဆုပ်ကိုင်ထားရင်း နေပူပူ၊ ဖုန်ထူထူတွင် ဆိုင်ခန်းငယ်များအတွင်း တစ်ခန်းဝင်တစ်ခန်း ထွက်စူးစမ်းနေသူများမှာ ဖြူးမြို့နယ်တစ်ဝိုက်က တောင်သူဦးကြီးများပင်ဖြစ်သည်။

"အလုပ်သမားက တစ်နှစ်ထက်တစ်နှစ် ရှားလာတော့ အဆင်မပြေတော့ဘူး။ စက်ကူမှကို ရမှာပါ" ဟု ဖြူးမြို့နယ် ရွာတန်းရှည်ကျေးရွာအုပ်စုမှ လယ်ဧက ၃၀ ကျော် ပိုင်ဆိုင်သော ဦးစိုးလှိုင်က သူ၏ လိုအပ်ချက်ကို ပြောပြလာသည်။

လယ်ယာကဏ္ဍတွင်စိန်ခေါ်မှုများစွာထဲမှ လုပ်သားအင်အားရှားပါးမှုပြဿနာသည် အရေးကြီးသည့် အခြေအနေသို့ ရောက်လာသည်။

ထိုအချက်ကပင် တောင်သူဦးကြီးများ စက်မှုလယ်ယာကို ပိုမိုစိတ်ဝင်စားလာစေခဲ့ခြင်း ဖြစ်သည်။ သို့သော် စက်မှုလယ်ယာစနစ်ကကြွေးနွံနစ်နေသောမြန်မာလယ်သမားများအတွက် အလုပ်ဖြစ်၊ မဖြစ်မှာ အစိုးရ၏ ကောင်းမွန်သော စီမံခန့်ခွဲမှုက အရေးကြီးနေသည်။

"အားလုံးက ပျက်စီးနေပြီပဲ။ စစ်ဖြစ်မှ တိုင်းပြည်ပျက်တာမှ မဟုတ်တာ။ အခုက လယ်ယာကဏ္ဍမှာ အဘက်ဘက်က ချွတ်ယွင်းနေတာကို မပြင်ဘဲနဲ့ စက်မှုလယ်ယာဘယ်လိုသွားမလဲ" ဟု ပဲခူးတိုင်းမှ တောင်သူတစ်ဦးက ပြောကြားသည်။

နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများသည် အကြွေး ပတ်လည်ဝိုင်းလျက် ရှိနေသည်။ အခြေအနေအရ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရန် လိုအပ်လာချိန်တွင် အကြွေးများဝိုင်းနေသည့် တောင်သူဦးကြီးများမှာ လက်မှိုင်ချနေရသည်။

"စက်တစ်လုံးပိုင်ဖို့က လယ်သမားတွေအတွက်ကတော့ အိပ်မက်ပါပဲ" ဟု ကျုံပျော်မြို့နယ်မှ လယ်သမား ဦးသက်ခိုင်က ဆိုသည်။

မြန်မာနိုင်ငံတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းခဲ့သည့်ကာလမှာ ဆယ်စုနှစ်နှင့်ပင် ချီ၍ ကြာခဲ့သည်။ အတိတ်ကာလ လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားအင်အားပေါများခြင်း၊ စက်ပစ္စည်းများ အလွယ်တကူမရခဲ့ခြင်းတို့ကြောင့် စက်မှုလယ်ယာသို့ အပြောင်းအလဲမှာ ရေတွင် အရုပ်ရေးသကဲ့သို့ သိသာထင်ရှားမှု မရှိခဲ့ပေ။

ယနေ့ ကျေးလက်ဒေသရှိ လယ်ယာလုပ်ငန်းခွင်များမှာ ရာသီဥတုထိုးနှက်မှု၊ ဈေးကွက်၏ မျက်နှာသာ မပေးမှုတို့ကြောင့် လွန်ခဲ့သည့် ၂ နှစ်၊ သုံးနှစ်တွင် နာလန် မထူနိုင်အောင် ဖြစ်ခဲ့ရသည်။ လယ်ရှင်၊ ယာရှင်များကို မှီခိုလုပ်ကိုင်စားသောက်နေရသော လယ်ယာလုပ်ငန်းတောင်သူများမှာလည်း စားဝတ်နေရေးအခက်အခဲများစွာ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့လုပ်ကိုင်ကြရင်း လယ်ယာစိုက်ပျိုးရေးမှာ ဘူးလေးရာ ဖရုံဆင့်ဖြစ်ရပြန်သည်။

"စက်မှုလယ်ယာကို ကူးပြောင်းဖို့က အစိုးရရဲ့ အကူအညီအများကြီး လိုအပ်တယ်" ဟု မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောသည်။

အရှေ့တောင်အာရှတွင်မြန်မာနိုင်ငံကဲ့သို့ ဆန်စပါး စိုက်ပျိုးထုတ်လုပ်နေသော ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့၌ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းချိန်တွင် အစိုးရကများစွာ ပါဝင်ကူညီခဲ့သည့် သာဓကများစွာ ရှိသည်။

"စက်မှုလယ်ယာကို ကူးပြောင်းတဲ့အခါ အစိုးရက စီမံခန့်ခွဲမှုနဲ့ နည်းပညာဝင်ကူပေးဖို့လိုကိုလိုအပ်တယ်" ဟု စိုက်ပျိုးရေး ပညာရှင် ဦးဗဟိန်းက ပြောကြားသည်။

အရှေ့တောင်အာရှတွင် ဆန်ကို ဒုတိယအများဆုံး ပြည်ပတင်ပို့နေသည့် ဗီယက်နမ်နိုင်ငံသည် စက်မှုလယ်ယာသို့ ကူးပြောင်းချိန်တွင် မူလပထမ၌ လယ်သမားများက တစ်နိုင်တစ်ပိုင်ဖြင့်သာ စတင်ခဲ့သည်။ မြစ်ချောင်းများပေါများသည့် ဒေသတွင် တစ်နိုင်တစ်ပိုင် ပြောင်းလဲမှုမှာ များစွာထိရောက်ခဲ့ကြောင်း ပိုင်အိုးနီးယား ရိတ်သိမ်းချိန်လွန် နည်းပညာပေးရေးကုမ္ပဏီမှဒေါက်တာ မျိုးအောင်ကျော်က ပြောကြားသည်။

မြန်မာနိုင်ငံတွင်စက်မှုလယ်ယာသို့ ကူးပြောင်းရန် အစီအစဉ်အတားအဆီးကြီးမှာ မြေယာပြုပြင်မှုပင်ဖြစ်သည်။ ပိုင်ဆိုင်သည့် လယ်ယာမြေများမှာ တစ်ဆက်တည်းမရှိဘဲ ကွဲပြားခြားနားနေခြင်းကလည်း မြေယာပြုပြင်မှုများ ပြုလုပ်ရန် အခက်အခဲ ရှိနေသည်။ ထို့အပြင် မြေယာပြုပြင်ရာတွင် ကုန်ကျစရိတ်ကြီးမြင့်မှုမှာ လယ်သမားများကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။

"လုပ်စရာတွေ အများကြီး ရှိသေးတယ်။ စက်မှုလယ်ယာ သွားဖို့ဆို ရေစီးရေလာကောင်းအောင် လုပ်ပေးရမယ်။ မြေယာတွေကိုပြုပြင်ပေးရမယ်။ ပြီးတော့ အခုသုံးနေတဲ့ တရုတ်စက်တွေ၊ ပြည်တွင်းဖြစ်စက်တွေနဲ့ သွားလို့တော့ မရဘူး။ တရုတ်စက်က တစ်ရက်စုတ်ပဲ။ အနည်းဆုံးတော့ ထိုင်းတို့၊ ဂျပန်တို့က စက်တွေနဲ့လုပ်မှရမှာ" ဟု NLD ပါတီမှ သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးမြင့်ဦးက ဆိုသည်။

လယ်ယာကဏ္ဍတွင် အသုံးပြုမည့် လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ၏ တန်ဖိုးကလည်း များစွာမြင့်မားနေသည်။ လယ်ထွန်စက်တစ်စီး၏ တန်ဖိုးမှာ အနည်းဆုံးသိန်းခြောက်ဆယ်ရှိနေသည်။ ရိတ်သိမ်းခြွေလှေ့စက်တစ်လုံး၏ တန်ဖိုးမှာကျပ်သိန်း ၄၀ဝ ဝန်းကျင်ရှိနေသည်။

ထို့အပြင် လယ်သမားများသည် စက်ပစ္စည်းများနှင့် အလှမ်းဝေးသဖြင့် စက်ပစ္စည်းများကိုင်တွယ် ထိန်းသိမ်းမှုမှာလည်း အခက်အခဲများစွာ ရှိသည်။

"လယ်သမားက စက်နဲ့ယဉ်ပါးမှုနည်းတယ်။ ငွေကလည်း အရမ်းများတော့ဝယ်ဖို့မလွယ်ပါဘူး" ဟု ရန်ကုန်တိုင်းတွံတေးမြို့နယ်မှ လယ်သမားတစ်ဦးက ဆိုသည်။

လယ်သမားများမှာ စက်များကို ဝယ်ယူသုံးစွဲခြင်းထက် အငှားစနစ်ဖြင့်သာ လုပ်ကိုင်လိုကြသည်။ အချို့သော လယ်သမားများကလည်း အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသည်။ စက်ပစ္စည်းများ ဝယ်ယူရန် နိုင်ငံတော်အစိုးရထံမှ နှစ်ရှည် ချေးငွေများ ရယူလိုကြသည်။

"ကျွဲ၊ နွားနဲ့ လုပ်နေတာကို စက်မှုပြောင်းဖို့ဆိုတာ နှစ်ရှည်ချေးငွေရဖို့ လိုတယ်" ဟု အင်ပူမြို့နယ်မှ လယ်သမား တစ်ဦးက ပြောသည်။

လယ်သမားနှင့် အကြွေးနေလာခဲ့ရသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ တစ်ချိန်က မိမိစိုက်ပျိုးသည့် ဆန်စပါးကို မိမိကိုယ်တိုင် ရောင်းချချင်သည့်တိုင် အခွင့်အရေး မရခဲ့။ ယနေ့ စိတ်တိုင်းကျ ရောင်းချခွင့် ရလာသော်လည်း အကြွေးသံသရာကမထွက်နိုင်သေးသည့် အခြေအနေတွင် ရှိနေသည်။

မိမိတို့နိုင်ငံသည် လယ်ယာကဏ္ဍကို အဓိကအခြေခံ အားထားနေရသည့် နိုင်ငံဖြစ်သည်နှင့် အညီ နိုင်ငံတော်၏ အမျိုးသားကိုယ်ခံအား ရေရှည်တောင့်တင်းခိုင်မာရေးအတွက် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဗဟိုပြု၍ နိုင်ငံတစ်ဝန်း ပျံ့နှံ့အကောင်အထည်ဖော်ရေးကို ကြိုးပမ်းဆောင်ရွက်နေသည်ဟု ၂၀၁၃ ခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ပေးပို့သောသဝဏ်လွှာတွင်ပါဝင်သည်။

မိရိုးဖလာလက်မှုလယ်ယာစနစ် လုပ်ကွက်ငယ်များမှ ခေတ်မီအဆင့်မြင့်စက်မှုလယ်ယာ စနစ်ကွက်ကြီး၊ ဟက်တာကွက်များအဖြစ်သို့ ကူးပြောင်းပေးနိုင်ရေး အတွက် ရေတိုရေရှည်စီမံကိန်း ရေးဆွဲပြီး နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ နိုင်ငံနှင့်အဝန်း အကောင်အထည်ဖော်ရေး ကြိုးပမ်းဆောင်ရွက်နေသည်ဟုသဝဏ်လွှာတွင် ပါရှိသည်။

ယခုအချိန်တွင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဆည်ရေသောက်စနစ်စက်မှုလယ်ယာဖွံ့ဖြိုးတိုး တက်ရေးအတွက် အာရှပစိဖိတ်ဒေသ စီမံကိန်းကို (IFAD) အဖွဲ့ချေးငွေဖြင့်လုပ်ဆောင်သွားမည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောကြားသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ စက်မှုလယ်ယာ ကူးပြောင်းရေး စနစ်တို့ကို စီမံကိန်း စနစ်တကျရေးဆွဲပြီး တစ်နိုင်ငံလုံး ပမာဏဖြင့် အကောင်အထည်မဖော်ဘဲ ဟိုတစ်စု၊ သည်တစ်စု ဟန်ပြလုပ်ကိုင်နေပါက အောင်မြင်မှုရရန် ခက်ခဲမည်ဟု စိုက်ပျိုးရေးပညာရှင်များ သုံးသပ်ကြသည်။

လယ်ယာကဏ္ဍသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နေသော်လည်း ရာသီဥတုနှင့် စွန့်စားမှုကြီးမားသည့်အတွက် ဝင်ရောက်လာမှုလွန်စွာနည်းပါးသည်။ ၂၀၁၃ ခုနှစ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စာရင်းများအရ အမေရိကန်ဒေါ်လာ လေးသိန်းဝန်းကျင်သာ ရှိသည်။

လယ်သမားများထံမှ အကြွေးပြန်မရခြင်းနှင့် ကန်ထရိုက်လယ်ယာစနစ်များ အကောင်အထည်ဖော်ရာတွင်လည်း ကုမ္ပဏီအချို့သာ အောင်မြင်မှုရခဲ့သည်။ စက်မှုလယ်ယာသို့ ကူးပြောင်းရန် ကန်ထရိုက်လယ်ယာကိုအကောင်အထည်ဖော်နိုင်လျှင်လည်း လျင်မြန်စွာကူးပြောင်းနိုင်ခြေရှိကြောင်း ပညာရှင်များက ဆိုသည်။

မြန်မာနိုင်ငံတွင် လူတစ်ဦး လယ်တစ်ဧက ပိုင်ဆိုင်ပြီး ကိုယ်တိုင်လုပ်ကိုင်သူများ ရှိသကဲ့သို့ လယ်ဧကရာချီ ပိုင်ဆိုင်ပြီး လုပ်သားများ ငှားရမ်းလုပ်ကိုင်သူများလည်း ရှိသည်။ အလုပ်သမားများ လယ်ယာမြေကို ကျောခိုင်းလာသဖြင့် လယ်ဧကများစွာပိုင်ဆိုင်သူတို့မှာ မြေကြီးမှ ရွှေသီးရန်၊ မြေကွက်လပ်မရှိ ရွှေရောင်စပါးခင်းများ ဖုံးလွှမ်းနိုင်ရန် သက်မဲ့ပစ္စည်း စက်ကိရိယာများကိုသာ အစားထိုးရတော့မှာဖြစ်သည်။

အမိန့်၊ အာဏာ မပါဘဲ ပြောင်းလဲရန်အခြေအနေဖန်တီးလာသော်လည်း "စက်ကူပေမယ့် ကြွေးပူမှာတော့ကြောက်တယ်" ဆိုသလိုဖြစ်လာနိုင်ကြောင်း ဦးစိုးလှိုင်က ပြောသည်။ ။

# Education

7 DAY NEWS JOURNAL

Vol.12, No.50 • FEBRUARY 19 , 2014


## မြန်မာလူငယ်များအတွက် ကမ္ဘာကြီးနှင့် ပြန်လည်ချိတ်ဆက်ပေးမည့် တက္ကသိုလ်များလိုဟု ဂျာမနီသမ္မတဆို

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၃**

အထင်ကြီးလေးစားဖွယ် သမိုင်းတွင်ခဲ့သော ရန်ကုန်တက္ကသိုလ်ကဲ့သို့ မြန်မာလူငယ်များအတွက် ကမ္ဘာကြီးနှင့် ပြန်လည်ချိတ်ဆက်ပေးမည့် တက္ကသိုလ်များလိုအပ်နေကြောင်း ဂျာမနီနိုင်ငံသမ္မတဂျိုအာချင်ဂေါက်ခ်က ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ဂျာမနီသမ္မတ မိန့်ခွန်းပြောကြားရာ မြန်မာတက္ကသိုလ်ကျောင်းသားများ တက်ရောက်ခဲ့ကြပြီး ဂျာမနီသမ္မတက ပညာရေးကဏ္ဍအရေးကြီးမှုကို ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"ကမ္ဘာကြီးနဲ့ ခင်ဗျားတို့ကို ပြန်လည်ချိတ်ဆက်ဖို့ တက္ကသိုလ်တွေ လိုအပ်နေပါတယ်။ အထင်ကြီးလေးစားဖွယ်သမိုင်းတွင်ခဲ့တဲ့ ဒီလိုတက္ကသိုလ်မျိုး ဖြစ်ပါတယ်။ အတိတ်ရော၊ ပစ္စုပ္ပန်မှာပါ လေ့လာသင်ယူနေတဲ့ လူ့အဖွဲ့အစည်းဖြစ်လာဖို့ ပညာရေးစနစ်တစ်ခု ဖန်တီးရေးဆိုတဲ့ ရည်မှန်းချက်က အရေးကြီးဆုံးကိစ္စဖြစ်ပါတယ်" ဟု ဂျာမနီနိုင်ငံ သမ္မတက မြန်မာကျောင်းသားများအား ပြောသည်။

ကလေးငယ်အားလုံး၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အမှီအခိုကင်းစွာ ရှင်သန်ရပ်တည်နိုင်မည့် လေ့လာသင်ယူမှုများ ရရှိနိုင်သော စာသင်ကျောင်းများလည်း လိုအပ်နေကြောင်း သမ္မတက ဆိုသည်။

ဂျာမနီနိုင်ငံသည် မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ပံ့ပိုးကူညီနေပြီး ဂျာမနီတက္ကသိုလ်အချို့သည် မြန်မာတက္ကသိုလ်အချို့နှင့်ပညာရေးဆိုင်ရာ ပူးပေါင်းမှုအစီအစဉ်များ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ယခုအခါ ဂျာမန်ဘာသာစကားနှင့် ယဉ်ကျေးမှု အစီအစဉ်များ ဆောင်ရွက်မည့် ဂိုသဲအင်စတီကျုဒ်ကို ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းရုံးထိုင်ခဲ့ဖူးသော အဆောက်အအုံကို အသုံးပြုခွင့်ရရှိထားပြီဖြစ်သည်။



*အင်တာနေရှင်နယ်ကျောင်းတစ်ခုမှ စာသင်ခန်းမြင်ကွင်း*

## ပညာရေးဝန်ကြီးဌာန ဥပဒေများသည် အင်တာနေရှင်နယ်ကျောင်းများအပေါ် သက်ရောက်မှုမရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ပညာရေးဝန်ကြီးဌာန၏ ဥပဒေများသည် နိုင်ငံတကာသင်ရိုးညွှန်းတမ်းအသုံးပြုသင်ကြားသော အင်တာနေရှင်နယ်ကျောင်းများအပေါ် သက်ရောက်မှုမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာသန်းအောင်က ပြောသည်။

ဆေးဝါးကျွမ်းကျင်သင်တန်းများ၊ သူနာပြုသင်တန်းများနှင့် အင်တာနေရှင်နယ်ကျောင်းများကို ပညာရေးဝန်ကြီးဌာနမှ စံနှုန်းများသတ်မှတ်စိစစ်၍ တိကျစွာ အရေးယူဆောင်ရွက်ခြင်း၊ ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်ခြင်းတို့ဆောင်ရွက်ရန် ရှိ၊ မရှိကို အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက မေးမြန်းခဲ့မှုကို ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာနက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း နိုင်ငံတကာသင်ရိုးအသုံးပြုသည့်ကျောင်းများအပေါ် သက်ရောက်မှုမရှိသည်ကို တွေ့ရှိရကြောင်း ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားသည်။

စံနှုန်းဖြင့် အရည်အသွေး ထိန်းချုပ်ရန်နှင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကျောင်းများ၊ ကောလိပ်များ၊ သက်မွေးပညာသင်ကျောင်းများနှင့် ပညာရေးဝန်ဆောင်မှုများဖြစ်စေရန် သက်ဆိုင်ရာ နယ်ပယ်အလိုက် ဥပဒေများရေးဆွဲပြဋ္ဌာန်းရန်လိုအပ်နေကြောင်း ဒုတိယဝန်ကြီးကဆိုသည်။

ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် စံနှုန်းများ သတ်မှတ်စိစစ်ပြီး တိကျစွာ အရေးယူဆောင်ရွက်ခြင်း၊ ထိရောက်သော ပြစ်ဒဏ်များချမှတ်ခြင်းတို့ဆောင်ရွက်ရန် အမျိုးသားပညာရေးဥပဒေအသစ် ရေးဆွဲနေကြောင်း ဒေါက်တာသန်းအောင်က ဖြေကြားသည်။

"နိုင်ငံခြားသင်ရိုးနဲ့ သင်တဲ့ ကောလိပ်တွေရော၊ ကျောင်းတွေရော အများကြီးဖြစ်လာနေပြီ။ နိုင်ငံခြားသားတွေ ဖွင့်ထားတဲ့ ကျောင်းတွေလည်း အများကြီးပဲ။ အဲဒီကျောင်းတွေမှာ တက်နေတဲ့ ကျောင်းသားတွေအတွက် တာဝန်ယူမယ့်သူမရှိပါဘူး။ ပြဿနာတစ်ခုခုဖြစ်ရင်တောင် ကိုယ့်ထိုက်နဲ့ကိုယ်ကံပါပဲ"ဟု ပညာရေးဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိတစ်ဦးကပြောသည်။

ငွေကြေးတတ်နိုင်သူများ၏ သားသမီးများသည် နိုင်ငံတကာအသိအမှတ်ပြုဆိုသော သင်တန်းကျောင်းများတွင် တက်ရောက်သင်ယူမှုမြင့်တက်လာလျက်ရှိသော်လည်း ၎င်းသင်တန်းကျောင်းများ၏ ပညာရေးနှင့်ငွေကြေးဆိုင်ရာ အာမခံမှုတို့အတွက် စွန့်စားရမှုများရှိနေခြင်းဖြစ်သည်။

## KAAD-AIT ပညာသင်ဆု မဟာဘွဲ့နှင့် ပါရဂူဘွဲ့ လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၄**

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ အာရှပစိဖိတ်အင်စတီကျုဒ်(AIT) တွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ပညာသင်ယူနိုင်ရန် KAAD- AITပညာသင်ဆုအစီအစဉ်ကိုမြန်မာနိုင်ငံမှ ကျောင်းသားများလျှောက်ထားနိုင်ကြောင်း သိရသည်။

ဂျာမနီအဖွဲ့အစည်းဖြစ်သော KAAD သည် လူငယ်ကျွမ်းကျင်ပညာရှင်များအတွက် ပညာသင်ဆုအစီအစဉ်များထောက်ပံ့နေခြင်းဖြစ်ပြီး AITတွင် သင်ကြားပို့ချနေသော ဘာသာရပ်များကို လျှောက်ထားနိုင်မည်ဖြစ်သည်။

ပညာသင်ဆုအစီအစဉ်ရွေးချယ်ခံရပါက ကျောင်းလခ၊ လစဉ်အသုံးစရိတ်တို့အတွက် ထောက်ပံ့မှုရရှိမည်ဖြစ်ပြီး ကျောင်းဝင်ခွင့်အတွက် AITက သတ်မှတ်ထားသောအရည်အချင်းများ ပြည့်မီရမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားသူများအနေဖြင့် ဩဂုတ်လကျောင်းဝင်ခွင့်အတွက် ဒီဇင်ဘာ ၁၅ရက်နှင့် ဇန်နဝါရီလကျောင်းဝင်ခွင့်အတွက် ဇွန်လ ၁၅ရက်နောက်ဆုံးလျှောက်လွှာပေးပို့လျှောက်ထားရမည်ဖြစ်သည်။

မြန်မာကျောင်းသားများအတွက် နော်ဝေးအစိုးရက ထောက်ပံ့မှုဖြင့် AITတွင် မဟာဘွဲ့သင်တန်းတက်ရောက်ရန် လျှောက်လွှာခေါ်ယူထားပြီး ယခုဂျာမန်အဖွဲ့အစည်းက ထောက်ပံ့သော ပညာသင်ဆုအစီအစဉ်အတွက် အသေးစိတ်အစီအစဉ်များကို www.ait.ac.th တွင်ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။




7DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# အမေရိကန်သံအမတ် မန္တလေးတက္ကသိုလ်တွင် ဟောပြော

**နေလင်းထွန်း**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

အမေရိကန်သံအမတ်ဒဲရစ်မစ်ချယ်သည် မန္တလေးတက္ကသိုလ်ရှိ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာနမှ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားများကို ဒီမိုကရေစီနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် အမေရိကန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်များကို ဟောပြောခဲ့သည်။



မန္တလေးတက္ကသိုလ်တွင် ပြုလုပ်သောဟောပြောပွဲသို့ကျောင်းသားပရိသတ် ၁၇၀ နှင့် တက္ကသိုလ်ဆရာ၊ ဆရာမများတက်ရောက်ခဲ့ကြပြီး အမေရိကန်သံအမတ်က ပြည်သူအချင်းချင်း ရင်းနှီးမှုမြှင့်တင်ရန် ပညာရေးဖလှယ်မှုအစီအစဉ်များ၏ အရေးပါမှုကို ပြောဆိုခဲ့သည်။

"၂၁ ရာစုရဲ့ သမိုင်းကို အာရှက ရေးဆွဲမှာပါ။ ဒီဒေသက မမျှော်မှန်းနိုင်လောက်အောင် ပွင့်ထွက်နေပါတယ်။ အမေရိကန်အနေနဲ့ ပညာရေး၊ ပြည်သူအချင်းချင်းဖလှယ်မှု၊ စွမ်းအင်လုပ်ငန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်တွေ ပံ့ပိုးဖို့နဲ့ပြည်သူ့ရေးရာသံတမန်ဆက်ဆံမှုတွေ ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်" ဟု အမေရိကန်သံအမတ်ဒဲရစ်မစ်ချယ်ကပြောသည်။

မြန်မာနိုင်ငံရှိ လူငယ်များအတွက် ပညာရေးအခွင့်အလမ်းများမြှင့်တင်ပေးရန် အမေရိကန်သံရုံးက လှုပ်ရှားမှုအမျိုးမျိုးဆောင်ရွက်လျက်ရှိပြီး အမေရိကန်အစိုးရအနေဖြင့် လာမည့်နှစ်များတွင် ယင်းကဲ့သို့ အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သွားရန် မျှော်မှန်းထားကြောင်း သိရသည်။

အစိုးရသစ်လက်ထက်တွင် အမေရိကန်သံအမတ်သည် ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနနှင့် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး (TTC) (ကမာရွတ်)တို့တွင် ဟောပြောပို့ချမှုများပြုလုပ်ခဲ့ပြီး ယခုအခါ မန္တလေးတက္ကသိုလ်တွင် သွားရောက်ဟောပြောပို့ချခြင်းဖြစ်သည်။

## စာသင်ကျောင်းဆောက်လုပ်ရန် ဂျပန်က ကန်ဒေါ်လာ ကိုးသိန်းခန့် ထပ်မံလှူဒါန်း

**နေလင်းထွန်း**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၃**

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် စာသင်ကျောင်းများဆောက်လုပ်မည့် စီမံချက်လေးခုအတွက် အမေရိကန်ဒေါ်လာ ကိုးသိန်းခန့်လှူဒါန်းမည့် သဘောတူညီမှုကိုဂျပန်သံအမတ်က ဖေဖော်ဝါရီ ၁၁ ရက်တွင် လက်မှတ်ရေးထိုးလိုက်သည်။

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ မဒေါက်အခြေခံ ပညာမူလတန်းကျောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်နှင့် ရေဖြူမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှစ်ကျောင်းနှင့် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်ရှိ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် စာသင်ကျောင်းဆောင်များ ဆောက်လုပ်မည်ဖြစ်သည်။

၎င်းစီမံချက်အရ ကျောင်းပရိဘောဂ၊ သန့်စင်ခန်းတို့ပါဝင်သော စာသင်ကျောင်းဆောင်သစ်များဆောက်လုပ်မည် ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူလေးထောင်ကျော်မှ ကောင်းမွန်သော ပတ်ဝန်းကျင်နှင့် အဆောက်အအုံသစ်တွင် ပညာသင်ယူခွင့်ရရှိမည်ဖြစ်ကြောင်း ဂျပန်သံရုံးက သတင်းထုတ်ပြန်သည်။

ဂျပန်-မြန်မာချစ်ကြည်ရေး ပိုမိုခိုင်မာလာစေရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသော အစီအစဉ်၌ ပညာရေးဆိုင်ရာစီမံချက် ၂၉၅ ခု ဆောင်ရွက်ထားပြီးဖြစ်ကြောင်း အထက်ပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## အမေရိကန်ပညာသင်ဆု အခွင့်အလမ်းများ နှစ်စဉ်တိုးမြှင့်ပေးအပ်နေ

**နေလင်းထွန်း**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၃**

မြန်မာနိုင်ငံအတွက် အမေရိကန်အစိုးရ၏ ပညာသင်ဆုအခွင့်အလမ်းများ နှစ်စဉ်တိုးမြှင့်ပေးအပ်နေပြီးမြန်မာကျောင်းသားနှင့်သင်တန်းသားများ၏ စိတ်ဝင်စားမှုလည်း မြင့်တက်လျက်ရှိကြောင်း အမေရိကန်သံရုံး၏ ယဉ်ကျေးမှုဆိုင်ရာ အရာရှိ မစ္စတာအီရစ်ခ်ဗီအီဆယ်က ပြောသည်။

ဦးသိန်းစိန်အစိုးရတက်လာပြီးနောက် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးအသက်ဝင်လာခဲ့ပြီး မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်အစိုးရ၏ ပံ့ပိုးကူညီမှုများ တိုးမြှင့်ရရှိနေသည်။

"ပညာသင်ဆုအခွင့်အလမ်းတွေက နှစ်စဉ်တိုးမြှင့်တက်လာနေပါတယ်။အစီအစဉ်သစ်တွေလည်း တိုးချဲ့ပေးနေပါတယ်။ ကြီးမားတဲ့ပြောင်းလဲမှုက အဲဒီအခွင့်အလမ်းတွေကို အစိုးရတက္ကသိုလ်က ဆရာ၊ ဆရာမတွေလည်း လွတ်လွတ်လပ်လပ် လျှောက်ထားနိုင်တာဖြစ်ပါတယ်" ဟု အမေရိကန်ပညာရေးပြပွဲတွင် အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံသားများအတွက် သုံးပတ်မှ ခြောက်ပတ်ကြာ သင်တန်းများ၊ တစ်နှစ်မှ ၂ နှစ်ကြာ အကယ်ဒမစ်သင်တန်းများကို ပညာသင်ဆုအခွင့်အလမ်း ပေးလျက်ရှိပြီး တစ်နှစ်လျှင် တစ်ရာဦးခန့်ပညာသင်စေလွှတ်နေကြောင်း ၎င်းက ဆိုသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသားများအတွက် အမေရိကန်အစိုးရက ပညာသင်ဆုအစီအစဉ် ၁၁ ခု ပေးအပ်လျက်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားလူမျိုးများလည်းစိတ်ဝင်တစားလျှောက်ထားမှုရှိလာကြောင်း သိရသည်။




7DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014


# အလုပ်ရုံအက်ဥပဒေသစ်ပြင်ဆင်ရေးဆွဲရာတွင် ကလေးလုပ်သားများ၏ အသက်အရွယ်နှင့် ပြစ်ဒဏ်များကို ပြင်ဆင်ရေးဆွဲလျက်ရှိဟုဆို

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**



*လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်နေသည့် ကလေးငယ်တစ်ဦး* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

၁၉၅၁ ခုနှစ်အလုပ်ရုံအက်ဥပဒေသစ်ပြင်ဆင်ရေးဆွဲရာတွင်ကလေးလုပ်သားများ၏ အသက်အရွယ်နှင့် ပြစ်ဒဏ်တို့ကိုပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သတင်းရရှိသည်။

ယခင် ၁၉၅၁ ခုနှစ်အလုပ်ရုံအက်ဥပဒေသည်ယခုအခါခေတ်ကာလနှင့် လျော်ညီမှုမရှိတော့၍ ဥပဒေပါအကြောင်းအရာအများစုကို အစားထိုးခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ပြုလုပ်ကာ အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ ထိုသို့ ပြင်ဆင်ရေးဆွဲရာတွင် ဥပဒေမူကြမ်းအားအစိုးရက ကျွမ်းကျင်ပညာရှင်များနှင့်အတူ အလုပ်ရှင်အလုပ်သမားကိုယ်စားလှယ်များ ပူးပေါင်း၍ ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

ဥပဒေမူကြမ်းရေးဆွဲပြင်ဆင်ရာတွင် စကားရပ်အခေါ်အဝေါ်၊စကားလုံးများနှင့် ပြစ်မှု၊ ပြစ်ဒဏ်ပိုင်းတို့ကို အများစုပြင်ဆင်ရေးဆွဲလျက်ရှိသည်။ ယခင်ဥပဒေအရ ငွေဒဏ်တွင် အနိမ့်ဆုံးငွေကျပ် ၂၀ မှ ၁၀၀၀ ထိ သတ်မှတ်ထားခဲ့သော်လည်း ယခုပြင်ဆင်လျက်ရှိသည့် ဥပဒေသစ်တွင် ပြစ်ဒဏ်အပေါ် မူတည်၍ အနိမ့်ဆုံးငွေကျပ် သုံးသောင်းမှဆယ်သိန်းထိ သတ်မှတ်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

"အရင် ၁၉၅၁ ခုနှစ်အက်ဥပဒေကဒီခေတ်နဲ့ ပြန်ကြည့်ရင် မလျော်ညီတော့ဘူး။ ဒါကြောင့် ဒီဥပဒေကိုပြင်ဆင်ရေးဆွဲနေတာ" ဟု အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်ကပြောသည်။

ထို့အပြင် ယခင်ထောင်ဒဏ်သတ်မှတ်ရာတွင်အနိမ့်ဆုံးထောင်ဒဏ်သုံးလအဖြစ် သတ်မှတ်ခဲ့ရာမှ ယခုအခါ ထောင်ဒဏ်ခြောက်လအဖြစ် သတ်မှတ်ရန် ဥပဒေမူကြမ်းတွင် ဆွေးနွေးလျက် ရှိသည်။ ထို့အပြင် ယခင် ဥပဒေတွင် ကလေးနှင့် လူရွယ်ဟု ပြဋ္ဌာန်းထားသည့် အသက်အရွယ်ကိုလည်း ယခုဥပဒေသစ်တွင်ပြင်ဆင်လျက်ရှိသည်။

ယခင်ဥပဒေဟောင်းတွင် ကလေးကို အသက်(၁၅)နှစ်မပြည့်သူအဖြစ် ပြဋ္ဌာန်းခဲ့သော်လည်း ယခုဥပဒေသစ်တွင် ကလေးလုပ်သားအဖြစ် အလုပ်လုပ်ကိုင်ရန် ခွင့်ပြုသည့် အရွယ်မှာ အသက်(၁၃)နှစ်ပြည့်ပြီး (၁၆)နှစ်မပြည့်သေးသူဟု ပြင်ဆင်ရန်ဆွေးနွေးလျက်ရှိသည်။ အသက်(၁၅)နှစ် မှ (၁၈)နှစ်အရွယ်ကို ယခင်ဥပဒေတွင် လူရွယ်ဟု ပြဋ္ဌာန်းခဲ့ပြီး ယခုအသစ်တွင် အသက်(၁၆)နှစ်မှ(၁၈)နှစ်ဟု ပြန်လည်ပြင်ဆင်လျက်ရှိသည်။

ထို့အပြင် ယခုဥပဒေသစ်တွင် ယခင်ဥပဒေ၌ ပါဝင်ခဲ့ခြင်းမရှိသော မည်သည့်လူငယ်ကိုမျှ ညနေ ၆ နာရီမှ နံနက် ၆နာရီအချိန်အတွင်း ခိုင်းစေခြင်း၊ အလုပ်လုပ်ကိုင်စေခြင်းမပြုရဟု ဖြည့်စွက်ထားသည်။ ထို့အပြင် အမျိုးသမီးများ ဓမ္မတာလာချိန်တွင်အလွန်အေးသော၊ပူသောအလုပ်များအပါအဝင် အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် အလုပ်မျိုးမခိုင်းစေရန်နှင့်ခုနစ်လထက်ပိုသော ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ညအချိန်နှင့် အချိန်ပိုတို့ မခိုင်းစေသည့်အပြင် ကိုယ်ဝန်ဆောင်ထားသည့် အမျိုးသမီးများအား ကိုယ်ဝန်ထိခိုက်စေမည့် တာဝန်များစေခိုင်းခြင်းမပြုကြောင်း ဖြည့်စွက်ဖော်ပြထားသည်။

ယခင် ၁၉၅၁ ခုနှစ်အလုပ်ရုံအက်ဥပဒေတွင် ဖော်ပြခဲ့သည့် အကြောင်းအရာများအနက်အချို့အကြောင်းအရာ ကိုးခုခန့်ကို ပယ်ဖျက်ခဲ့သည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

Waiter & Waitress (6) Posts
(English Language Skills)
Cashier F (1) Post
Accountant (1) Post
Driver (1) Post
Cafe' & Restaurant
PH: 09 8305036

---

**ဝန်ထမ်းအလိုရှိသည်**

Structural Engineer M/F (2) Posts
Site Engineer (SAE) M/F (3) Posts
Design Engineer M/F (3) Posts
QS/Estimate M/F (2) Posts
အခန်းအမှတ် (၃၀၂)၊ ၃ လွှာ၊ တိုက်ဘီ၊ ပညာဝတီရိပ်သာ၊ ရန်ကင်းမြို့နယ်။
ဖုန်း-၀၁ ၅၄၆၃၀၆

---

**ဝန်ထမ်းအလိုရှိသည်**

QS F (3) Posts
Auto-CAD M/F (2) Posts
Site Engineer M (10) Posts
Store Assistant M (5) Posts
Data Entry F (3) Posts
**SMT Co.,Ltd**
PH:01 215243

---

**ဝန်ထမ်းအလိုရှိသည်**

Export & Import ကျွမ်းကျင်သော Trading Co.,Ltd လုပ်ကိုင်ဖူးသော အတွေ့အကြုံရှိ ကွန်ပျူတာ စာစီစာရိုက်နှင့် Accounting အနည်းငယ်ရသော ဝန်ထမ်းအလိုရှိသည်။
ဖုန်း-၀၉ ၃၁၀ ၂၅၄၀၅

---

**ဝန်ထမ်းအလိုရှိသည်**

စီးကွင့်(စ်)ထိုးကျွမ်းကျင် မ (၁) ဦး
ဖုန်း-၀၉ ၃၂၂၅၁၃၄

---

**အလိုရှိသည်**

တက္ကစီနေ့မောင်းအလိုရှိသည်။
BB ဖင်ကောက်/ဒီဇယ်/ တစ်သောင်းကျပ်။
ဖုန်း-၀၉ ၇၃၀ ၂၃၈၆၉

---

**အလိုရှိသည်**

အချိန်ပိုင်းကျူရှင်သင်နိုင်သော ဆရာ၊ ဆရာမအလိုရှိသည်။
ပညာရေးနယ်ပယ်မှ လူဦးစားပေးမည်။
ဖုန်း- ၀၉ ၄၂၀၀၃၀၈၇၈

---

**ဝန်ထမ်းအလိုရှိသည်**

ဟန်းဆက်အရောင်းဆိုင်တွင် တာဝန်ထမ်းဆောင်ရန် ရုပ်ရည်ပြေပြစ်၍ သွက်လက်သော အရောင်းဝန်ထမ်း မ (၁၀) ဦး
အတွေ့အကြုံရှိသူ ဦးစားပေးမည်။
ဖုန်း-၀၉ ၇၃၁၈၄၂၀၈

---

**ဝန်ထမ်းအလိုရှိသည်**

HR/Admin Manager M/F (2) Posts
Factory Manager M (2) Posts
Chief Accountant F (1) Post
Senior Accountant F (2) Posts
Secretary F (2) Posts
PH:09 5037625

---

**ဝန်ထမ်းအလိုရှိသည်**

သန့်ရှင်းရေးဝန်ထမ်းအလိုရှိသည်
အမှတ်(၅)၊ အခန်း (၂၀၁)၊ ပထမထပ်၊ နဝဒေးလမ်း၊ ငပလီကွန်ဒို၊ (အထက ၁ ဒဂုံကျောင်းရှေ့)၊ ဒဂုံမြို့နယ်။
ဖုန်း-၀၉ ၄၂၀၀၁၆၆၁၅

---

**ဝန်ထမ်းအလိုရှိသည်**

Hair Stylist ကျား/မ (၁) ဦး
ခြေသည်း၊ လက်သည်းပုံဖော် မ (၂) ဦး
Body Spa ကျွမ်းကျင် မ (၂) ဦး
ဖုန်း-၀၉ ၅၀၄၉၇၀၈

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်ထမ်း ကျား (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ။
ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်သင့် နားလည်သူ ကျား/မ အမြန်အလိုရှိသည်။
Speedy Internet Centre, Big 3, Room 4, Myo Pya Eain Yar (North Side), 8Mile, Mayangone. ဖုန်း-၀၁ ၆၆၀၁၆၃

---

**ဝန်ထမ်းအလိုရှိသည်**

စာရင်းစစ်ချုပ် ကျား (၁) ဦး
လုပ်ငန်းအတွေ့အကြုံ ၈ နှစ်ရှိ၊ B.Com, CPA အောင်မြင်ပြီးသူ။
စာရင်းစစ် ကျား (၁) ဦး
လုပ်ငန်းအတွေ့အကြုံ ၂ နှစ်အထက်၊ B.Com(or) B.Act အောင်မြင်ပြီးသူ။
ဖုန်း-၉၅၁-၆၈၄၁၈၁

---

**ဝန်ထမ်းအလိုရှိသည်**

Programme Officer (M&E) No-A Yangon
Partnerships Officer No-A Yangon
Please send the applications with UN P-11 to WFP HR Unit.
No.5 Kanbawza Street,Shwe Taung Kyar (2) Ward,Bahan Township, Yangon.
Email:wfpmyanmar.vacancy@wfp.org

---

**ဝန်ထမ်းအလိုရှိသည်**

ဆံပင်ညှပ်ကျွမ်းကျင် ကျား (၂) ဦး
ဆံပင်ညှပ်အလုပ်သင် ကျား (၂) ဦး
အမှတ် ၈၂၊ မြေညီထပ်၊ ငုဝါလမ်းနှင့် နှင်းဆီလမ်းဆုံရာအနီး၊ အလုံမြို့နယ်။
ဖုန်း-၀၉ ၅၁၁၃၈၂၅

---

**ဝန်ထမ်းအလိုရှိသည်**

Electrical Engineer M (1) Post
BE(E.P)/B.Tech (E.P)
Auto CAD & MS Office must be.
PH:09 73064980

---

**ဝန်ထမ်းအလိုရှိသည်**

Computer Photoshop ကျွမ်းကျင် ဝန်ထမ်း မ (၁) ဦး
နယ်မှ လုပ်ကိုင်လိုသူဦးစားပေးမည်။
ဗိုလ်မင်းရောင်လမ်း (၁၀၉) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၀၉ ၇၃၀၁၁၁၉၂

---

**ဝန်ထမ်းအလိုရှိသည်**

(၁) မန်နေဂျာ (၁) ဦး
(၂) ကွန်ပျူတာကျွမ်းကျင် (၂) ဦး
(၃) ရုံးဝန်ထမ်း (၂) ဦး
(၄) ရုံးအကူသန့်ရှင်းရေး (၁) ဦး
မဟာရဲတံခွန်ဟိုးဒင်းကုမ္ပဏီလီမိတက်
ဖုန်း-၀၉-၂၀၀၅၄၅၄

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းကြီးကြပ်ရေးမှူး
ကျား (၁) ဦး မ (၂) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း
မ (၇) ဦး
အရောင်းဝန်ထမ်း
ကျား (၁) ဦး မ(၅) ဦး
အရောင်းအကူဝန်ထမ်း
ကျား (၂) ဦး ဖုန်း-၀၉ ၅၀၄၆၂၀၇

---

**ဝန်ထမ်းအလိုရှိသည်**

သန့်ရှင်းရေးလုပ်ရန် ကျား (၂) ဦး
အသက် ၂၀ ဝန်းကျင်၊ အခြေခံပညာ ၈ တန်း(သို့)၉ တန်းအောင်။
အခြေခံလစာ - ခုနစ်သောင်း။
ဖုန်း-၀၉ ၂၅၄၀၄၉၁၃၇

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Air Con ကျွမ်းကျင် (၅) ဦး
သင်တန်းသား(အလုပ်သမား) (၅) ဦး
**Naing Linn Air Con**
ဖုန်း-၀၉ ၅၀၉၅၉၁၆

---

**ဝန်ထမ်းအလိုရှိသည်**

စကားပြောချိုသာသော အရောင်းဝန်ထမ်း မ (၁) ဦး
အခြေခံလစာ ငါးသောင်းကျပ်မှစမည်။
အလုပ်ချိန် နံနက် ၁၀ နာရီမှ ၅နာရီထိ။
ဖုန်း-၀၉ ၇၃၀၁၀၁၄၄

---

**ဝန်ထမ်းအလိုရှိသည်**

Office Staff F (3) Posts
PH:01 532212

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# ပထမဆုံး မဲပေးမည့်သူများ၏ ၂၀၁၅ ရင်ခုန်သံ

အိမ့်ဖြူလွင်

ခေတ်အလိုက် ဆံပင်ကို ထောင်ထားကာ တီရှပ်အကျႌ ဂျင်းပင်န်ဝတ်ထားသည့် ဗညားသည် လက်ဖက်ရည်ဆိုင်များတွင် အပေါင်းအသင်းများနှင့် ပျော်လေ့ရှိသည်။ ရော့ခ်ဂီတကို စွဲစွဲလမ်းလမ်း နှစ်သက်သည့် ဗညားက သီချင်းတွေကိုလည်း ကိုယ်တိုင်ရေးစပ်ခဲ့ဖူးသည်။

ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲတွင် အသက် (၁၆) နှစ်ကျော်ကျော်သာ ရှိခဲ့ပြီး မဲမပေးလိုက်ရသည့် ဗညားက လာမည့် ရွေးကောက်ပွဲတွင်မူ ဆုံးဖြတ်ပိုင်ခွင့်ရှိသူ၊ အရွယ်ရောက်ပြီးသူတစ်ဦးအဖြစ် နိုင်ငံရေးသမားတစ်ဦးဦးကို မဲပေးနိုင်တော့မည်ဖြစ်သည်။

"ဒေါ်အောင်ဆန်းစုကြည်ကိုတော့ နိုင်ငံရေးသမားလို့ ခေါ်လို့ရမယ်ထင်တယ်။ တခြား ဘယ်လိုလူတွေကို နိုင်ငံရေးသမားလို့ ခေါ်လဲ၊ ကျွန်တော်သေချာမသိဘူး" ဟု အသက် (၂၀) ပြည့်ပြီဖြစ်သည့် ဗညားက သူသိသော နိုင်ငံရေးသမားပုံစံကို ခဏမျှအချိန်ယူတွေးလိုက်ရင်းပြောသည်။

ဗညားလိုပင်နိုင်ငံရေးသမားဆိုသည်မှာ မည်သို့လူမျိုးကို ခေါ်သလဲဆိုခြင်းကိုသေချာမသိသော်လည်း နိုင်ငံရေးသမားများသည် အများပြည်သူကောင်းကျိုးကို လုပ်ရမည့်သူများဖြစ်သည်ဟု ထူးချွန်ကျောင်းသားများသာ တက်ရသည့် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်နေသည့်အသက်(၁၉) နှစ်အရွယ် တက္ကသိုလ်ကျောင်းသူ မမွန်မွန်က ယူဆသည်။

ဒီမိုကရေစီအစိုးရအတွက် ဒုတိယအကြိမ်မြောက်ရွေးကောက်ပွဲတွင် ပထမဆုံးမဲပေးခွင့်ရသည့် လူငယ်များသည် နိုင်ငံရေး သမားဆိုသည့်ပုံရိပ်ကို ရှင်းလင်းစွာ မသိသေးပါ။

"ကျွန်တော်တို့မှ နိုင်ငံရေးသမားကို မမြင်ဖူးတာ။ နိုင်ငံရေးသမားဆိုတာ ဆန္ဒပြသူများကိုပါခေါ်လား၊ လွှတ်တော်ကိုယ်စားလှယ်တွေကိုပါခေါ်လား၊ ဘယ်လိုလူတွေကိုခေါ်လဲသေချာမသိဘူး" ဟု အသက် (၂၁) နှစ်ရှိနေပြီး ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေပြီဖြစ်သည့် မောင်မျိုးက နိုင်ငံရေးသမားပုံရိပ်သည် ဝေဝါးနေပုံကို ပြောပြခဲ့သည်။

မကြာမီ လာတော့မည့် ၂၀၁၅ ရွေးကောက်ပွဲသည် သူတို့ဘဝတွင် ပထမဆုံးမဲပေးခွင့် ရသည့် အချိန်အဖြစ် ဖြတ်သန်းရမည့် လူငယ်များသည် မဲရလဒ်ကို အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်စေနိုင်သောကြောင့် သူတို့၏ ဆုံးဖြတ်နိုင်စွမ်းသည်လည်း အရေးပါလာမည်ဖြစ်သည်။

"မဲရုံထဲကို မရောက်ဖူးလို့ သွားကြည့်ချင်တယ်" ဟု ဒုတိယနှစ် မြန်မာစာကျောင်းသား အေးမင်းထက်က ပြောသည်။ "အဲဒီထဲမှာ ဘယ်လိုပုံစံမျိုးရှိနေလဲဆိုတာ စိတ်ဝင်စားတယ်"

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသက် (၁၈) နှစ်ပြည့်ပြီးသူတိုင်းသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရရှိမည်ဖြစ်သော်လည်း အဆိုပါကိစ္စအပေါ် မည်သို့မျှ စိတ်မဝင်စားသူလူငယ်အများအပြားလည်း ရှိနေပေသည်။ အင်အားအကောင်းဆုံး၊ လူထုထောက်ခံမှုအများဆုံး အတိုက်အခံပါတီဟုဆိုသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၌ပင် ပထမဆုံး မဲပေးသူများ (First Voters) ဖြစ်မည့် ပါတီဝင်အရေအတွက်သည် တစ်နိုင်ငံလုံးတွင် နှစ်သောင်းကျော်ခန့်သာ ရှိနေသည်။

ဒီမိုကရေစီနိုင်ငံများနှင့် စီးပွားရေး၊ နိုင်ငံရေးအေးချမ်းသော နိုင်ငံတိုင်းတွင် အဆိုပါအပိုင်းအခြား လူငယ်များ၏ မဲပေးမှု အရေအတွက်သည် နည်းပါးသည်ဟု ကျွမ်းကျင်သူများက ဆိုကြသည်။

"နိုင်ငံမှာ ပဋိပက္ခတွေ၊ စစ်ဘေး၊ စီးပွားရေး၊ လူမှုရေး ဒီလိုပြဿနာကြီးတွေရှိနေရင်တော့ လူငယ်တွေ နိုင်ငံရေးမှာ ပါဝင်လိမ့်မယ်" ဟု အာဖဂန်နစ္စတန်နိုင်ငံတွင် ရွေးကောက်ပွဲဆိုင်ရာ သုတေသနများ ပြုလုပ်ခဲ့သူ ဒေါက်တာမင်းဇော်ဦးက သာမန်အခြေအနေသာဖြစ်ကြောင်းပြောသည်။

"ဥပမာ ဂဂ အရေးအခင်းပေါ့။ အဲဒီမှာ လူငယ်တွေ အများကြီးပါခဲ့တယ်"

ကမ္ဘာတွင် လူငယ်အတောင့်တင်းဆုံး နိုင်ငံများစာရင်း၌ ပါဝင်နေသည့် မြန်မာနိုင်ငံတွင် (၁၈) နှစ်အောက်လူငယ်နှင့် ကလေးသူငယ်အရေအတွက်သည် သန်း ၃၀ ခန့်ရှိနေသည်။

၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်ထားသည့် အစိုးရ၏ စာရင်းအရ မြန်မာနိုင်ငံတွင် အသက်(၁၅) နှစ်မှ(၁၉) နှစ်အထိ ဆယ်ကျော်သက်လူငယ်ဦးရေသည် ငါးသန်းခုနစ်သိန်းကျော်ရှိနေပြီး နိုင်ငံ၏ လူဦးရေအများဆုံး အသက်အုပ်စုတွင် တတိယအများဆုံး အရေအတွက်ဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၁၀ ပုံ၊ တစ်ပုံနီးပါးဟု ပြောနိုင်သည့် အရေအတွက်ဖြစ်သည်။

ထိုမနည်းလှသော အရေအတွက်က သူတို့၏အစိုးရဖြစ်လာမည့် နိုင်ငံရေးသမားများထံမှ များများစားစားလည်း မျှော်လင့်မထားကြပါ။ သူတို့၏ မျှော်လင့်ချက်နှင့် တောင်းဆိုမှုများကလည်း အများစု တူညီကြပါသည်။

သူတို့က ပညာရေးစနစ်ကို ဒီထက်ပို၍ ကောင်းစေချင်သည်။ သင်ရိုးညွှန်းတမ်းတွေကို ပြောင်းစေချင်သည်။ ဆရာ၊ ဆရာမများ၏ သင်ကြားမှုပုံစံကို ပြောင်းစေချင်သည်။ အများစုကတော့ ကျောင်းပြီးပါက သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း သေချာစေချင်သည်။

"သူများနိုင်ငံတွေလို အရမ်းကြီးတိုးတက်ချင်တယ်လို့ မဖြစ်ချင်ပါဘူး။ ဒါတဖြည်းဖြည်းဖြစ်လာမှာလေ။ ချက်ချင်းတော့ ဘယ်ဖြစ်မလဲ" ဟု လည်း ပထမနှစ် တက္ကသိုလ်ကျောင်းသား ဝေယံက သူ့နိုင်ငံတိုးတက်မှုကို အားမလျှော့ဘဲ မျှော်လင့်ချက်ရှိနေသည့် မျက်နှာဖြင့် ပြောသည်။

ထို့ပြင် မြို့ပြတွင်နေသည့် လူငယ်များသာဖြစ်သောကြောင့် သူတို့အတွက် ဈေးနှုန်းသက်သာသည့် အပန်းဖြေရန်နှင့် ကစားရန်နေရာတွေလည်း များများစားစား လိုနေသည်ဟု ပြောကြသည်။

ဆယ်စုနှစ်နှစ်ခုကျော်ကြာ စစ်အုပ်ချုပ်မှုအောက်မှ အရပ်သား အစိုးရသို့ ပြောင်းလဲပြီးချိန် သုံးနှစ်ကျော်ရှိပြီဖြစ်သည့်ယနေ့ထိလူငယ်များ၏ ခေတ်အဆက်ဆက် တောင်းဆိုမှုကို အစိုးရနှင့် နိုင်ငံရေးသမားများက ဖြည့်ဆည်းပေးနိုင်မှုက မနီးစပ်သေးပါ။

ယင်းသို့လူငယ်များ၏ မဲကိုရရန်အတွက် ရည်ရွယ်စည်းရုံးသည့် အစီအစဉ်မျိုး သီးခြားမရှိသေးသော်လည်း "သူတို့တွေက ပညာရေးကောင်းကောင်းလိုအပ်တယ်။ အလုပ်အကိုင်လိုအပ်တယ်" ဟု လူငယ်များလိုအပ်နေသည့်ဆန္ဒများကိုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်ညီလာခံကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက မှတ်ချက်ချသည်။

"အဖွဲ့ချုပ်ရဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေက သူတို့လိုအပ်တာနဲ့ ကိုက်ညီမယ်လို့ သူတို့က ယူဆရင်တော့ မဲထည့်မှာပဲ"

ဖဆပလ ခေတ်ကပင် ပါလီမန်အမတ်ဖြစ်ခဲ့သည့် သခင်ချန်ထွန်းက "လူငယ်တွေ နိုင်ငံရေးစိတ်ဝင်စားဖို့ဆိုရင် ပြင်ပက သတင်းစာ၊ ဂျာနယ်တွေကနေ တခြားစာပေတွေအားလုံးကို ဖတ်ဖို့လိုတယ်" ဟု အကြံပြုပြောသည်။

ကမ္ဘာ့နိုင်ငံတိုင်းတွင် ပထမဆုံးမဲပေးသူလူငယ်များ မဲပေးမှုအရေအတွက်သည် နည်းပါးလေ့ရှိပြီး မဲပေးခြင်းနှင့် နိုင်ငံရေးအပေါ် စိတ်ဝင်စားမှုသည် ပြင်ပဗဟုသုတစာပေများ ဖတ်ရှုခြင်းနှင့် တိုက်ရိုက် သက်ဆိုင်သည်ဟုလည်း နိုင်ငံရေးသမားများက ယူဆကြသည်။ ဒီမိုကရေစီဖွံ့ဖြိုးပြီးဆိုသည့် အမေရိကန်ပြည်ထောင်စုတွင်ပင် လူငယ်များ၏ မဲထည့်မှုနှုန်းသည် နည်းပါးနေသည်။

အမေရိကန်ပြည်ထောင်စု၏ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် အသက်(၁၈) မှ(၂၄) နှစ်ကြား လူငယ်စုစုပေါင်း အနက် ၄၁ ဒသမ ၂ ရာခိုင်နှုန်းသာ မဲပေးခဲ့ကြသည်။ လူငယ်နှစ်ဦးလျှင် တစ်ဦးသာ မဲပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ပထမဆုံးဖြစ်သည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲထည့်သူ အရေအတွက်သည် မဲပေးပိုင်ခွင့် ရှိသူများ၏ ၇၇ ရာခိုင်နှုန်းကျော်ဖြစ်သည်။ သို့ရာတွင် တစ်နိုင်ငံလုံးလူဦးရေ၏ ထက်ဝက်အောက် ၂၉ သန်းကျော်သာ မဲပေးခွင့် ရှိခဲ့ကြသည့်အတွက် ယခုပထမဆုံး မဲပေးခွင့်ရှိသူ အရေအတွက် ငါးသန်းကျော်သည် စုစုပေါင်းမဲပေးပိုင်ခွင့်ရှိသူ၏ ခြောက်ပုံတစ်ပုံဖြစ်သည်။ လူငယ်များအတွက် ရည်ရွယ်သည့် မဲဆွယ်စည်းရုံးမှုများသည် မြန်မာနိုင်ငံရှိနိုင်ငံရေးပါတီများတွင် မရှိကြသည့်အတွက်လည်း အဆိုပါလူငယ်များမဲထည့်ရန်နှင့် ရွေးချယ်ရန် မည်မျှစိတ်ဝင်စားသည်ဆိုသည်မှာတော့ မေးခွန်းထုတ်စရာဖြစ်နေပေမည်။

"မဲထည့်တဲ့အခါမှာ ဘယ်လိုဆုံးဖြတ်မလဲဆိုရင် မီဒီယာတွေကိုပဲ အားကိုးရမယ်ထင်တယ်။ သူတို့ရေးပြတာကလွဲရင် ကျွန်တော်တို့အပြင်မှာ မသိနိုင်ဘူးလေ" ဟု မဲထည့်ရန်ရွေးချယ်ရာတွင် မည်သို့ဆုံးဖြတ်မည်လဲဆိုသည်ကို နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ဂျပန်ဘာသာ ဒုတိယနှစ်ကျောင်းသား အေးချမ်းက ပြောသည်။

မြို့ပြနေ လူလတ်တန်းစား လူငယ်များကတော့ မဲထည့်မှုကို အနည်းနှင့်အများ စိတ်ဝင်စားနေသည်ဟု ပြောနိုင်သော်လည်း မည်သို့ရွေးချယ်မည်ဆိုသည်ကိုတော့ မပြောနိုင်သေးပေ။ သူ့ဘဝတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိကြောင်း သက်သေပြသည့် ပထမဆုံးအခွင့်အရေးတစ်ခုကို လက်လွှတ်မခံနိုင်ကြောင်း ရူပဗေဒပထမနှစ်ကျောင်းသူမွန်မွန်က သူ့အတွေးကို ပြောသည်။

"ဒီအခွင့်အရေးက လက်လွှတ်ဆုံးရှုံးမခံသင့်တဲ့အတွက် မဲပေးသွားမယ်လို့တော့ စဉ်းစားထားတယ်"



*Myanmar Youth In Action မှ လူငယ်များအား တစ်နိုင်ငံလုံးအပစ်ရပ်အတွက် လှုပ်ရှားမှုပြုလုပ်စဉ်* ဓာတ်ပုံ - Myanmar Youth In Action's Facebook

7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

စာမျက်နှာ (၇)မှ

## ရှေ့နေကုတ်အစား ဂျိုကာကုတ် ရွေးခဲ့သူ

ရှေ့နေဖြစ်ဖို့ ကျောင်းဆက်တက်မည်ဟု ဆုံးဖြတ်၍ မစ္စတာတော့ပ်နှင့် ခေတ္တလမ်းခွဲခဲ့စဉ် ကန်တော်ကြီးဥယျာဉ်က တစ်လသုံးသိန်းဖြင့် ပူဖောင်းလုပ်ဖို့ လာငှားသည်။ ဝင်ငွေနောက်လိုက်ရင်း အဲဒီတည်းက ကျောင်းလည်းဆက်မတက်ဖြစ်တော့။ ကန်တော်ကြီးတွင် စာချုပ်သုံးလပြည့်ချိန်ကစပြီး ယနေ့အထိ တောက်လျှောက် ဂျိုကာရုပ်ဖြင့် ပူဖောင်းတွေသာ ဆက်ရောင်းဖြစ်သည်။

“အလုပ်ကလည်း သူများကို ပျော်အောင်လုပ်ရတာ။ ကိုယ်တိုင်လည်းပျော်ပျော်နေတတ်တယ်။ နိုင်ငံခြားလူရွှင်တော်တွေကို အတုခိုးတယ်။ မြန်မာပြည်ကတော့ ဦးမော့စ်တို့လို နာမည်ကြီးတွေရဲ့ တစ်ကွက်ကောင်းလေးတွေကိုလည်း လေ့လာတယ်”ဟု ပြောနေစဉ် ခုနစ်နှစ်အရွယ် ကလေးတစ်ဦးက နှာခေါင်းကြီးအကြီးကြီးပဲဟု မရဲတရဲ အပြောကို သူကြားသွားသည်။

“မိုးယုစံ ကိုက်သွားလို့ပါ” ဟု မချိမချဉ်မျက်နှာထားဖြင့် ခပ်ကျယ်ကျယ်ပြောရင်း တရုတ်သိုင်းကားများထဲက ပိုက်ဆံသိမ်းသလို ဂျိုကာအင်္ကျီလက်ရှည်ထဲသို့ ပူဖောင်းရောင်းရသည့်ပိုက်ဆံတွေကို ထိုးထည့်သိမ်းဆည်းနေသည်။ အင်္ကျီလက်ဝက သရေကြိုးဖြင့် စည်းထားသည့်အတွက် ပိုက်ဆံပျောက်မှာ မပူရ။

ပြည်သူ့ရင်ပြင်ထဲ စနေ၊ တနင်္ဂနွေနှစ်ရက် ပူးဖောင်းရောင်းရငွေက ကျပ်ငါးသောင်းနီးပါး။ တစ်လုံးငါးရာကျပ်ဖြင့် တစ်နေ့အလုံး ၄၀ လောက်ကတော့ အသာလေး ရောင်းစွံသည်ဟု ဆိုသည်။ သူနှင့်အင်တာဗျူးလုပ်နေစဉ်တစ်နာရီခွဲအတွင်းမှာပင် အရုပ် ၁၀ ရုပ်ခန့် ရောင်းထွက်သွားပြီဖြစ်သည်။

ပြည်သူ့ရင်ပြင်ကလည်း သူ့ရှိခြင်းကြောင့် လူတွေပိုစိတ်ဝင်စားပြီး ဖျော်ဖြေမှုပေးသည်ဟု ယူဆကာ ကိုကျော်ဇေယျထံက အခကြေးငွေ တစ်စုံတစ်ရာ မယူတော့ဘဲ ရောင်းချခွင့်ပြုထားသည်။

တစ်ပတ် ဝင်ငွေက မက်လောက်စရာမို့ ဂျိုကာဝတ်စုံနှင့် ပူဖောင်းအလုပ်ကို သူမစွန့်လွှတ်နိုင်။ ထို့ပြင် သူ့လိုအဆင်အပြင်မျိုးနှင့် တမူထူးသည့် Twistist ပူပေါင်းရုပ်များကြောင့် ကိုကျော်ဇေယျနှင့် သူ့လက်ရာပူဖောင်းများကို ပွဲလမ်းသဘင်အချို့နှင့် ဗီစီဒီ၊ ဗီဒီယိုရိုက်ကွင်းများက အာရုံစိုက်လာကြသည်။ အင်တာနေရှင်နယ်ကျောင်းဆင်းပွဲများ၊ ပါတီပွဲ၊ မွေးနေ့ပွဲများ၊ ဗယ်လင်တိုင်းကဲ့သို့သော အထိမ်းအမှတ်ပွဲများကလည်း ကိုကျော်ဇေယျအတွက် ဝင်ငွေရလမ်းများဖြစ်သည်။

“ပွဲစီစဉ်သူတွေက သူ့ပွဲက ဒီဂျိုကာပါရင် ငါ့ပွဲကလည်း ဒီထက်ဆန်းရမယ်ဆိုတာမျိုး။ ကျွန်တော့်အတွက်တော့ အလုပ်မရှားဘူးပေါ့။ အင်တာနေရှင်နယ်စကူးကကလေးတွေကတော့ နည်းနည်းသည်းခံရတယ်။ ဟိုတယ်ရေကူးကန်နားလုပ်တဲ့ပွဲဆို ကလေးတွေကို အတော်သတိထားရတယ်။ ဂျိုကာကြီးဆိုပြီး လူကိုအသည်းယားပြီး ရေထဲတွန်းချတတ်ကြလို့”ဟု သူက ရယ်မောရွှင်ပြစွာ ပြောပြသည်။ ငွေရှာရင်းကပင် ပညာဝမ်းစာဖြည့်ရန်အတွက် အားလပ်ရက်များတွင် အင်တာနက်သုံးပြီး လေ့လာမှုရှိရသည်ဟု ဆိုသည်။

သူ့မျှော်လင့်ချက်များ ပြည့်ဖို့က သူ့အလုပ်ကြိုးစားပုံနှင့်ဆို သိပ်ကြာမည်မထင်။ ရသမျှခြစ်ခြုတ်ဝယ်ထားသည့် ဆိပ်ကြီးခနောင်တိုက လက်ရှိနေအိမ်နှင့် နောက်ထပ်တစ်ခြံကို ရောင်းပြီး ရင်းနှီးလုပ်ကိုင်ဖို့ စဉ်းစားနေပြီဟု ကိုကျော်ဇေယျက ပြောသည်။ တစ်ဖက်တွင်လည်း ပုံမှန်ဝင်ငွေလေးရနေသည့် ဂျိုကာအလုပ်ကို ဆက်လုပ်ချင်နေပုံပင်။

ဘွဲ့တစ်ခုရအောင် ကျောင်းလည်း ဆက်တက်ဦးမည်ဖြစ်သည်။ အမေဖြစ်သူ ကိုယ်တိုင်ချုပ်ပေးထားသည့် ဂျိုကာဝတ်စုံခြောက်စုံခန့်ကို စည်းကမ်းတကျ ဝတ်ဆင်ရင်းကလေးတွေတောင်းဆိုသည့် အရုပ်တွေကို ခေါင်းပူအောင် စဉ်းစားရသည်မှာ မလွယ်လှပေ။

“အန်းဂရီးဘတ်ဒ်တို့၊ စက်ရုပ်တို့ဆို လုပ်ရတာ သိပ်လက်ဝင်တယ်။ ကလေးတွေကလည်း ကိုယ့်ထက်တောင် ခေတ်မီသေး။ သူတို့ပြောလို့ မလုပ်တတ်ရင် လူကိုဆိတ်ဆွဲတယ်။ ထုတယ်။ နည်းနည်းကြီးတဲ့ကလေးတွေဆို ထိုးတယ်။ သည်းခံရတာပါပဲ”

သက်ပြင်းမောများ ချနေသည့် ကိုကျော်ဇေယျအနား ညနေခင်းနေရောင် ဖျော့လာချိန်မှာတော့ ကလေးများ ကျဲပါးလာပြီဖြစ်သည်။ တစ်နေကုန်မတ်တတ်ရပ်နေသော်လည်း ညောင်းညာပုံမရ။ သူသောက်နေသည့် ရေဘူးကို ကမ်းပေးရင်း ရုပ်သံလိုင်းအချို့ကလည်း သူ့ဘဝဖြတ်သန်းမှုကို မှတ်တမ်းရုပ်ရှင်လာရိုက်ကြသည် ဆိုသည်။ ရောင်စုံမျက်နှာအောက်က သူ့မျက်နှာအစစ်အမှန်ကို ပန်းခြံထဲက ဝန်ထမ်းအားလုံးပင် သေချာမမြင်ဖူးကြသော်လည်း တီဗီက လွှင့်လျှင်တော့ သိသွားကြတော့မှာ ဖြစ်သည်။

စကားဝိုင်းအဆုံးသတ်ချိန်မှာပင် သားအဖနှစ်ဦး ကိုဂျိုကာနား လာရပ်သည်။ ငါးနှစ်အရွယ်ကလေးလေးက ဓားရုပ်လုပ်ပေးပါဟု ပူဆာသည်။ ပြောလက်စစကားကိုဖြတ်၍ ကိုဂျိုကာက သွက်လက်စွာပင် ခါးကြားကလေထိုးတံနှင့် အပြာရောင်ပူဖောင်းစကို ဆွဲထုတ်ကာ ဓားတစ်လက်ရဖို့ စတင် ပြင်ဆင်နေပါတော့သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 100,000 |
| Galaxy S Advance | 219,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 270,000 |
| Galaxy S3 | 360,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 495,000 |
| Galaxy Mega 5.8 | 320,000 |
| Galaxy Note II | 430,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 430,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 835,000 |
| iPhone 5s(16GB) | 720,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 128,000 |
| G 520 | 125,000 |
| G 610s | 134,000 |
| G 700 | 218,000 |
| Ascend P6 | 290,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 144,000 |
| Y 300c (CDMA) | 99,000 |

ဖေဖော်ဝါရီ (၁၅)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 640,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 325,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 180,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

*အထက်ပါဈေးနှုန်းများမှာဖေဖော်ဝါရီ(၁၅)ရက်တွင်မဟာဗန္ဓုလပန်းခြံလမ်းရှိCapital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။*

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၈,၀၀၀ |
| ကျောက် | တစ်ကျင်း | ၈၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| Two Stars (အနီရောင်) | ၁ ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1"-1½") | ၁ ပိဿာ | ၁,၄၀၀ |
| အိမ်ရိုက်သံ (2"-4") | ၁ ပိဿာ | ၁,၃၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၁၅)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၅၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၃,၅၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဖီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဖေဖော်ဝါရီ (၁၅)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Feb (12) | 815 | 920 | 940 | 970 |
| Feb (13) | 815 | 920 | 940 | 970 |
| Feb (14) | 815 | 920 | 940 | 970 |
| Feb (15) | 815 | 920 | 940 | 970 |
| Feb (16) | 815 | 920 | 940 | 970 |
| Feb (17) | 815 | 920 | 940 | 970 |
| Feb (18) | 815 | 920 | 940 | 970 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **ASUS** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, HD, 14" | 489,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 655,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD, 14" | 802,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD ,15.6" | 969,000 |
| **DELL** | |
| Intel Core i3 1.8 GHz, 2 GB DDR3, 500GB HDD, 14" | 479,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 596,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 750 GB HDD, 15.6" | 704,000 |
| Intel Core i7 1.8 GHz, 8 GB DDR3, 1 TB HDD, 14" | 822,000 |
| **HP** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 440,000 |
| Intel Core i3 1.5 GHz, 4 GB DDR3, 500 GB HDD, 14" | 567,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 500 GB HDD, 15.6" | 637,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1 TB HDD, 15.6" | 1,077,000 |


7DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# အညာသားခြင်ထောင်ပျောက်မှုကောက်ချက်

မြင့်မိုရ်ဆွေ

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က မြန်မာ့အလင်းသတင်းစာမှာ "မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်၊ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေးအောင်မြင်"ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။ ဆောင်းပါးရှင်က ဒေါက်တာမောင်မောင်သိမ်းဖြစ်ပြီး ဖတ်ရှုသူများက ဆောင်းပါးဖြစ်တဲ့ အကြောင်းကို အထူးသတိပြုမိကြစေဖို့ "ဆောင်းပါး"လို့ သီးခြားခေါင်းစဉ်တပ်ပေးထားတာလည်းတွေ့ရပါတယ်။ ကြေးနန်းစာပုံစံ (သို့မဟုတ်) အထက်အကြီးအကဲတစ်ဦးလေသံနဲ့ အောက်ခြေအဆင့်ဆင့်ကို အမိန့်ချမှတ်သလို တိုတိုပြတ်ပြတ်ခေါင်းစဉ်တပ်ထားလို့သတင်းတစ်ပုဒ်အဖြစ် ထင်မှတ်သွားမှာကို အယ်ဒီတာက စိုးရိမ်တဲ့အတွက် ယခုလိုဖော်ပြပေးတာလို့ယူဆမိပါတယ်။

ဆောင်းပါးမှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ (IMF)ရဲ့ ဝန်ထမ်းများ အနီးကပ်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Staff Monitered Programme-SMP) အရ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေ လေ့လာတွေ့ရှိချက်အစီရင်ခံစာပေါ် ထွက်လာကြောင်း၊ အဲဒီအစီရင်ခံစာမှာပါရှိတဲ့ အချက်များအနက် အရေးကြီးတဲ့အချက်များဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်း၊ ဘတ်ဂျက်လိုငွေပြမှုနဲ့ ငွေကြေးဖောင်းပွမှုနှုန်း စတဲ့ကိန်းဂဏန်းနှုန်းထားများအရ ဆောင်းပါးရှင်က "မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်၊ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေးများ အောင်မြင်"လို့ နိဂုံးကောက်ချက်ဆွဲပြီး ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရှိပါတယ်။ နားမကြားသူများကိုလက်ဟန်ခြေဟန်နဲ့ပြပြီး တီထွင်ပြောကြားတဲ့ ဘာသာစကားကို (Sign Language) လို့ခေါ်တာ တွေ့ရပါတယ်။ ဖော်ပြပါဆောင်းပါးမှာတော့ ကိန်းဂဏန်းတွေ အားပြုပြောကြားထားတာမို့ (Numerical Language) ကိုသုံးပြီး ဖွင့်ဆိုရှင်းလင်းထားတယ်လို့ဆိုချင်ပါတယ်။ စာရေးသူတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို သုံးသပ်တင်ပြရာမှာ လူမှုရေးဘာသာစကား (Social Language)နဲ့ နိုင်ငံရေးဘာသာစကား (Political Language) တွေကိုပါ စုံစုံလင်လင်သုံးစွဲပြီး ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်းလင်းပြောကြားစေချင်ပါတယ်။ ဒါမှ မိဘပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝတစ်ရပ်လုံးရဲ့ အခြေအနေကို ခြုံငုံသိရှိမှာဖြစ်ပါတယ်။ ဆိုလိုတာက လူမှုစီးပွားရေးဖွံ့ဖြိုးမှုနယ်ပယ်မှာ အကျုံးဝင်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုကိုသာလျှင် အနှစ်သာရရှိသော တိုးတက်မှုလို့ စိတ်ချလက်ချယုံကြည် လက်ခံနိုင်ကြမှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ လူမှုရေးအရနစ်နာဆုံးရှုံးမှုများကို ရင်းနှီးရယူတဲ့စီးပွားရေးတိုးတက်မှုတံဆိပ်ဆိုတာ ရွှေရည်စိမ်အတုအယောင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အဲဒါတွေနဲ့ပတ်သက်တဲ့ ခါးသီးမှုအတွေ့အကြုံများကိုပြည်သူတို့ ယနေ့တိုင်အောင်ခံစားနေကြရဆဲဖြစ်ပါတယ်။




နောက်တစ်ချက်က မည်သည့်အဖွဲ့အစည်းကဖြစ်စေ ပြည်ပပညာရှင်တွေက တွက်ချက်ဖော်ပြတဲ့ ကိန်းဂဏန်းများကို အခြေခံရတာဟာ ကိုယ့်ဘာသာကိုယ် မတွက်ချက်တတ်လို့ တစ်နည်းအားဖြင့် ကိုယ့်နိုင်ငံသားထဲမှာ ကျွမ်းကျွမ်းကျင်ကျင် တွက်ချက်တတ်တဲ့ပညာရှင်တွေမရှိသေးလို့ "သစ်မရခင်စပ်ကြား ဝါးပေါင်းကွပ်"ဆိုသလို သုံးစွဲရတာမျိုးပါပဲ။ သိပ်အထင်ကြီးလို့မရပါဘူး။ စာရေးသူတို့ငယ်ငယ်က တွေ့ဖူးတဲ့ တောသူဌေးသားတစ်ယောက် လက်ပတ်နာရီဝယ်ပတ်တာနဲ့တူပါတယ်။ နာရီကို ကျွမ်းကျွမ်းကျင်ကျင် မကြည့်တတ်သေးတော့ တခြားသူကိုကြည့်ခိုင်းပြီး အချိန်ကိုမေးနေရသလိုပါပဲ။ "Look at your watch and tell you the time" ဆိုသလို သင်၏နာရီကိုလှမ်းကြည့်ပြီး ဘယ်ချိန်ရှိနေပြီဆိုတဲ့အကြောင်း သင့်ကိုပြောပြသွားတာပါပဲလို့ ဆိုလေ့ရှိကြပါတယ်။ တကယ်လို့မှားပြောခဲ့ရင် "သန်းခေါင်ကို နေ့မှတ်ပါလို့"ဆိုတာလို အချိန်နဲ့တစ်ပြေးညီအလုပ်လုပ်ရာမှာ အမှားအယွင်းတွေဖြစ်ပေါ်လာရင် နာရီပတ်ထားတဲ့ လူက ခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်နာရီ ကိုယ်ကြည့်ရင် အကောင်းဆုံးပါပဲ။ ကိန်းဂဏန်းအရ မဟုတ်တောင် ပြည်သူတွေထဲကွင်းဆင်းကြည့်ရင် သိနိုင်ပါတယ်။ ကိန်းဂဏန်းတွေကိုကြည့်ပြီးဆွဲတဲ့ကောက်ချက်ထက်ပြည်သူတွေရဲ့ဘဝကို နီးနီးကပ်ကပ်လေ့လာပြီးဆွဲတဲ့ကောက်ချက်က ပိုပြီးမှန်ကန်နိုင်ပါတယ်။ နှစ်မျိုးစလုံးအပြန်အလှန်တိုက်ဆိုင်ပြီး (counter check) လုပ်ရင် ပိုပြီးခမ္ဘမိဌာန်ကျနိုင်ပါတယ်။

ဆောင်းပါးမှာ ဒေါက်တာမောင်မောင်သိမ်းက မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်နှုန်းက ၂၀၁၂-၁၃ ခုနှစ်မှာ ၇ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး မူလခန့်မှန်းထားတဲ့ ၆ ဒသမ ၂၅ ရာခိုင်နှုန်းထက်သာလွန်နေတယ်လို့နှုန်းထားတွေ နှိုင်းယှဉ်ဖော်ပြထားပါတယ်။ နောက်ပြီး အမေရိကန်က ၂ ရာခိုင်နှုန်း၊ ဗြိတိန်က ၂ ဒသမ ၈ ရာခိုင်နှုန်း၊ နော်ဝေးက ၂ ဒသမ ၁ ရာခိုင်နှုန်း၊ ဂျာမနီက ၁ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ဂျပန်က ၂ ဒသမ ၄ ရာခိုင်နှုန်း အစရှိတဲ့နှုန်းတွေထက် မြန်မာနိုင်ငံကသာပါတယ်လို့ရေးသားထားတာတွေ့ရပါတယ်။ အမှန်က ၇ ရာခိုင်နှုန်းတိုးတာနဲ့ ၂ ရာခိုင်နှုန်းတိုးတာကိုနှိုင်းယှဉ်ပြောရရင် မြန်မာနိုင်ငံက ချောက်ထဲကနေပြီး မြေပြင်ကိုရောက်ဖို့ တစ်နေ့ခုနစ်လှမ်းနှုန်းတိုးတက်လှမ်းနေရတာဖြစ်ပြီး စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေက မြေပြင်ပေါ်ကနေပြီး တောင်ပေါ်ကို တစ်နေ့နှစ်လှမ်း တိုးတက်လှမ်းနေတာနဲ့တူပါတယ်။ သူတို့တက်လှမ်းနေတဲ့ "တောင်"ရဲ့ အမည်က စီးပွားရေးတည်ငြိမ်မှု (Economic Stability) ဆိုတဲ့ တောင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံကတော့ အဆင်းရဲဆုံး (L.D.C) ဆိုတဲ့ ချောက်ထဲမှ လှမ်းတက်နေရတုန်းပါ။ အဲဒါကို မသိဘဲ နှုန်းထားအရ တယ်ဟုတ်ပါလားလို့ ထင်ယောင်ထင်မှားဖြစ်အောင် နှိုင်းယှဉ်ပြသလိုဖြစ်သွားမှာ စိုးရိမ်မိပါတယ်။ နောက်ပြီး အာဆီယံနိုင်ငံတွေထဲက အင်ဒိုနီးရှား၊ ထိုင်းနဲ့ မလေးရှားတို့ထက် မြန်မာက စီးပွားရေးတိုးတက်မှုနှုန်းသာတယ်လို့ နှိုင်းယှဉ်ပြီးဖော်ပြထားပြန်ပါတယ်။ လက်တွေ့မှာ မြန်မာနိုင်ငံက အာဆီယံ ၁၀ နိုင်ငံထဲမှာ တစ်ဦးချင်းဝင်ငွေအနည်းဆုံးနိုင်ငံဖြစ်နေပါတယ်။ Jetro ခေါ်တဲ့ ဂျပန်နိုင်ငံ နိုင်ငံခြားကူးသန်းရောင်းဝယ်မှုအဖွဲ့ရဲ့ စစ်တမ်းအရ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ရန်ကုန်မြို့က လုပ်သားတစ်ဦးရဲ့ တစ်လတာပျမ်းမျှလစာဟာ အမေရိကန်ဒေါ်လာ ၆၈ ဒေါ်လာပဲရှိပါတယ်။ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှာ ၁၃၀ ဒေါ်လာရှိပြီး ကမ္ဘောဒီးယားနိုင်ငံမှာ ၈၂ ဒေါ်လာရှိနေပါတယ်။ ဝန်ဆောင်မှုကဏ္ဍကိုကြည့်ပြန်ရင်လည်း ရန်ကုန်မှာ အလုပ်သမားတစ်ဦးရဲ့ တစ်လပျမ်းမျှလစာဟာ ၁၇၃ ဒေါ်လာသာရှိပြီး ဟိုချီမင်းမှာ ၃၂၀ ဒေါ်လာရှိပါတယ်။ ကမ္ဘောဒီးယားက ဖနွမ်းပင်မှာတောင် ၂၆၆ ဒေါ်လာအထိရှိနေပါတယ်။ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားတို့နဲ့ယှဉ်ရင် မြန်မာနိုင်ငံက ပိုပြီးနိမ့်ကျနေတာ တွေ့ရပါလိမ့်မယ်။ နောက်ပြီး စီးပွားရေးတိုးတက်မှုနှုန်းကိုပြောရင် သမ္မတကြီးပြောတဲ့ ဆင်းရဲမွဲတေမှု ၂၆ ရာခိုင်နှုန်းက ဘယ်လောက်လျော့နည်းသွားအောင် ဆောင်ရွက်နိုင်ခဲ့ပြီလဲဆိုတာကို သုံးသပ်တင်ပြနိုင်ဖို့လိုပါတယ်။ ဆင်းရဲနွမ်းပါးမှုလျော့မှ စီးပွားရေးတိုးတယ်ဆိုတာ သိသာထင်ရှားမှာလည်းဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ဘတ်ဂျက်လိုငွေပြမှုကိန်းဂဏန်းတွေကို ထပ်မံနှိုင်းယှဉ်ပြီးနောက် ဆောင်းပါးရှင်က မြန်မာနိုင်ငံဟာ ၂၀၁၃-၁၄ မှာ ဂျီဒီပီရဲ့ ၄ ဒသမ ၈၇ ရာခိုင်နှုန်းသာလိုငွေပြကြောင်း၊ ဗြိတိန်မှာ ၂၀၁၃ ကလိုငွေပြမှုဟာ ဂျီဒီပီရဲ့ ၁၁ ဒသမ ၃ ရာခိုင်နှုန်း၊ အမေရိကန် ပြည်ထောင်စုမှာ ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ဂျပန်မှာ ၁၀ ရာခိုင်နှုန်းအသီးသီးရှိတဲ့အတွက် မြန်မာဟာ အညံ့ထဲမှာ စာရင်းမဝင်ကြောင်း ဖော်ပြထားပါတယ်။ ဒီနေရာမှာ သူဌေးရွှေခွက်ပျောက်တာ အရေးမကြီးဘူး။ သူတောင်းစားခွက်ပျောက်တာဆိုးတယ်ဆိုတဲ့ စကားကိုအမှတ်ရမိပါတယ်။ အဲဒီနိုင်ငံကြီးတွေရဲ့ လိုငွေပြမှုဟာ သူဌေးရွှေခွက်ပျောက်သလိုပါပဲ။ ပြည်သူတွေအကျိုးစီးပွားအတွက် ပိုမိုပြီးသုံးစွဲဖြည့်ဆည်းပေးရလို့ လိုငွေပြကြတာဖြစ်တာကိုလည်း တွေ့မြင်နိုင်ပါတယ်။

စာမျက်နှာ(၃၂)သို့

Vol.12, No.50 • FEBRUARY 19 , 2014




၁၅၀၀ကျပ်တန် တန်ဖိုးနည်းဆင်းမ်ကတ်တစ်ခု

ဓာတ်ပုံ-ကျော်ဇင်သန်း

# ၁,၅၀၀ တန်မိုဘိုင်းဖုန်းဆင်းမ်ကတ်မှောင်ခိုဈေးနှုန်း ကျဆင်းလာ

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်များ မှောင်ခိုဈေးကွက်တွင် ဝယ်ယူသူနည်းပါးလာပြီး ယခင်မှောင်ခိုဈေးထက် အနည်းငယ်ကျဆင်းလာကြောင်း သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လစဉ်ရောင်းချပေးနေသည့် ၁၅၀၀ ကျပ်တန်ဆင်းမ်ကတ်များ CDMA800 MECTel ဆင်းမ်ကတ်များကို ယခင်ကမိုဘိုင်းဖုန်းများကို ကျပ်ရှစ်သောင်းဝန်းကျင်၊ GSM နှင့် WCDMA ဆင်းမ်ကတ်များကို ကျပ်တစ်သိန်း သုံးသောင်းဝန်းကျင် ဖြင့်ဝယ်ယူ မှုများရှိခဲ့သော်လည်း လက်ရှိတွင် ဈေးနှုန်းကျဆင်းကြောင်း မိုဘိုင်းဖုန်းအရောင်းဆိုင်များမှ သိရသည်။

"အခုဖုန်းတွေကလည်း လတိုင်းရောင်းနေတယ်။ ပြီးတော့ တခြားကုမ္ပဏီတွေက ဆင်းမ်ကတ်ရောင်းတော့မယ်ဆိုတဲ့ သတင်းတွေကြောင့်ထင်တယ်။ အခု ရက်ပိုင်းဈေးပြန်ကျသွားတယ်။ ဆင်းမ်ကတ်ဈေးတွေက ကျပြီး ဟန်းဆက်ဈေးပဲ နည်းနည်းတက်လာတယ်"ဟု အင်းစိန်မြို့နယ်မှ ဖုန်းအရောင်းဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

မဲစနစ်ဖြင့်သာရောင်းချပေးခဲ့သည့်မိုဘိုင်းဖုန်းဆင်းမ်ကတ်များဖြစ်သောကြောင့် စတင်ရောင်းချပေးစဉ်ကပင် မှောင်ခိုဝယ်ယူမှုမြင့်တက်ခဲ့ပြီး မဲစနစ်ဖြင့်ရရှိသူများကလည်း ဈေးနှုန်းတင်၍ ရောင်းချခြင်းများရှိခဲ့သည်။

လက်ရှိတွင် မိုဘိုင်းဖုန်းဆင်းမ်ကတ်များ လစဉ်ရောင်းချပေးနေ မှုများနှင့် လာမည့်ခြောက်လအတွင်း ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီများက ဆင်းမ်ကတ်များလိုသလောက်ရောင်းချပေးမည့်သတင်းများကြောင့်မှောင်ခိုဈေးကွက်ကို စိတ်ဝင်စားမှုနည်းပါးလာပြီး ဟန်းဆက်ဈေးများသာ အနည်းငယ်တက်နေကြောင်း စုံစမ်းသိရသည်။

"အခုနောက်ပိုင်းက ဝယ်ရင်လည်း လုပ်ငန်းလုပ်ဖို့လိုအပ်နေလို့ ဝယ်တာကများတယ်။ ဝယ်တဲ့သူကလည်း ဈေးနှိမ်ဝယ်ကြတယ်။ အရင် နှစ်သိန်းဖုန်းတွေရော ကျပ် ၁,၅၀၀ တန်ဖုန်းတွေရော ဈေးကတော့ နည်းနည်းစီကျသွားတယ်"ဟု မိုဘိုင်းဖုန်းအရောင်းအဝယ်လုပ်သူ တစ်ဦးကပြောသည်။

ယခင် ကျပ် ၈၀,၀၀၀ ဝန်းကျင်ဖြင့်အရောင်းအဝယ်ဖြစ်နေခဲ့သည့် CDMA 800MHz ဖုန်းများမှာ ကျပ် ၇၀,၀၀၀ ဝန်းကျင်၊ ယခင် ကျပ် ၁၃၀,၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ရှိခဲ့သည့် GSM နှင့် WCDMA ဖုန်းများမှာ ကျပ် ၁၁၅,၀၀၀ ဝန်းကျင်ဖြင့်သာ အရောင်းအဝယ်ဖြစ်နေပြီး ဝယ်ယူသူနည်းပါးနေကြောင်း သတင်းရရှိသည်။

# မိုဘိုင်းဖုန်းငွေဖြည့်ကတ်ထုတ်လုပ်မည့် ကုမ္ပဏီ ကိုးခုအထိရှိလာ

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

မိုဘိုင်းဖုန်း ငွေဖြည့်ကတ်ထုတ်လုပ်ရန်အတွက် ကုမ္ပဏီများကို တင်ဒါခေါ်ယူရွေးချယ်ပြီးဖြစ်ရာ ကုမ္ပဏီကိုးခု လုပ်ကိုင်ခွင့်ရရှိထားပြီး နှစ်လအတွင်း ဖြန့်ဖြူးသွားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖုန်းငွေဖြည့်ကတ်ထုတ်လုပ်ရောင်းချပေးရန်ယခင်က ကုမ္ပဏီငါးခုရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင်ပြန်လည်ရွေးချယ်၍လုပ်ကိုင်ခွင့်ပေးနိုင်ရန်အတွက် တင်ဒါခေါ်ယူခဲ့ရာ နောက်ဆုံးအဆင့် ကုမ္ပဏီကိုးခုကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

"လျှောက်တဲ့အထဲမှာ ပထမအဆင့် ၁၀ ဦး၊ အဲဒီကနေ ကိုးဦး ဆန်ခါတင်ကျန်ခဲ့ပြီးတော့ အဲဒီကိုးဦးကလုပ်ရမယ်။ ဒီဇင်ဘာမှာ စာချုပ်ချုပ်ခဲ့ပြီးပြီ။ နှစ်လအတွင်း စပြီးတော့ ဖြန့်ဖြူးသွားမယ်"ဟု ထုတ်လုပ်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်က ငွေဖြည့်ကတ်ထုတ်လုပ်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီငါးခုမှာ ၂၀၁၃ဒီဇင်ဘာတွင်သက်တမ်းကုန်ပြီဖြစ်၍ ပြန်လည်လျှောက်ထားခြင်းကြောင့်အဆိုပါကုမ္ပဏီငါးခုအနက် အော်ပရေတာအဖြစ်ပြောင်းလဲမည့် ရတနာပုံတယ်လီပို့ကုမ္ပဏီမှလွဲ၍ ကျန်ကုမ္ပဏီလေးခုနှင့်အသစ် ထပ်မံ၍ ရွေးချယ်သောကုမ္ပဏီငါးခုမှရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ငွေဖြည့်ကတ်ထုတ်လုပ်သည့်စက်ရှိထားသူကိုသာ ဖြန့်ဖြူးခွင့်ပေးမည်ဖြစ်သောကြောင့်လက်ရှိတွင် စက်မရှိသေးသူများအနေဖြင့် အချိန်နှစ်လအတွင်း စီမံပြီး စတင်ရိုက်နှိပ်ဖြန့်ဖြူးရမည်ဟု သိရှိထားကြောင်း ထုတ်လုပ်ခွင့်ရကုမ္ပဏီတစ်ခုမှ သတင်းရရှိသည်။


ဈေးကွက်အတွင်း ဖုန်းငွေဖြည့်ကတ်ပြတ်လပ်မှုမရှိစေရန်အတွက် ထုတ်လုပ်သည့် ကုမ္ပဏီများကို ထပ်မံတိုးချဲ့လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ပြီး နည်းပညာပိုမိုမြင့်မားအောင်ပြုလုပ်နိုင်မည့် ကုမ္ပဏီများကိုသာ ရွေးချယ်စိစစ်သွားမည်ဟု ၂၀၁၃ ခုနှစ်အတွင်း၌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုဝန်ကြီးဦးသောင်းတင်က ပြောကြားခဲ့သည်။

ယခင်က Asia Mega Link, Global Telephone၊ တာမိုးညဲ ချမ်းသာထွန်းဝေသာ ကုမ္ပဏီ၊ ရတနာပုံတယ်လီပို့နှင့် Elite Tech ကုမ္ပဏီတို့ကရရှိခဲ့ပြီး လက်ရှိတွင် ငွေဖြည့်ကတ်ထုတ်လုပ်မည့် ကုမ္ပဏီများသည် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ရောင်းချမည့်ငွေဖြည့်ကတ်များအတွက် ငွေပမာဏကို စပေါ်တင်ထားရမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။







## Galaxy Gear 2, Galaxy Tab 4 နှင့် Galaxy S5 တို့ကို ကမ္ဘာ့မိုဘိုင်းညီလာခံ၌ပြသမည်

**ဆိုးလ်၊ ဖေဖော်ဝါရီ-၁၄**

ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပမည့်ကမ္ဘာ့မိုဘိုင်း ညီလာခံ MWC ၌ဆမ်ဆောင်းကုမ္ပဏီက ၎င်း၏ ပစ္စည်းသစ်များဖြစ်သော Galaxy Gear 2, Galaxy Tab 4 နှင့် Galaxy S5 တို့ကိုထုတ်ဖော်ပြသသွားမည်ဖြစ်ကြောင်းသတင်း ရင်းမြစ်များကိုကိုးကား၍ NDNet ကိုရီးယားသတင်းဌာနက ဖော်ပြသည်။

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင်ကျင်းပမည့် MWC ၌ မျက်နှာပြင်အကျယ် ၇ လက်မ၊ ၈ လက်မနှင့် ၁၀ ဒသမ ၁ လက်မရှိ Tab 4 သုံးမျိုးကိုပြသသွားရန် ဆမ်ဆောင်းကုမ္ပဏီက စီစဉ်ထားသည်။ ယင်း Tab 4သုံး မျိုးတွင် ၁ ဒသမ ၂ GHZ quad-core ပရိုဆက်ဆာပါဝင်ကာ သိုလှောင်မှုစွမ်းရည် 64GB ရှိပြီး အသေးစားမှတ်ဉာဏ်ကတ် SD ထည့်သွင်းအသုံးပြုနိုင်ကာ Android 4.4 kitkat operating system ကိုအသုံးပြုထားသည်။

Tab4 ၏ ဆက်သွယ်မှုစနစ်အဖြစ် Wifi, 3G နှင့် LTE စနစ်သုံးမျိုးပါရှိကာ လက်ရှိစမတ်နာရီများထက် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပိုမိုပါးလွှာသော စမတ်နာရီများကို ဆမ်ဆောင်းကုမ္ပဏီကထုတ်လုပ်ထားကြောင်း အစောပိုင်းသတင်းများကဖော်ပြသည်။

ယင်းစမတ်နာရီများကို သင့်တော်သောဈေးနှုန်းများဖြင့် ဆမ်ဆောင်းကုမ္ပဏီကရောင်းချပေးသွားမည်ဟု ZDNet ကိုရီးယားသတင်းဌာနကပြောသည်။ ဆမ်ဆောင်းကထုတ်လုပ်ထားသည့် Galaxy S 5 ဓာတ်ပုံတစ်ပုံကို နည်းပညာဝက်ဘ်ဆိုက်တစ်ခုက ဖော်ပြခဲ့ပြီး မျက်နှာပြင် ၅ ဒသမ ၂၅ လက်မနှင့် ရုပ်ထွက် QHD (1440x 2560 pixels) ရှိကာ AMOLED အမျိုးအစား မျက်နှာပြင်ဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်ကဖော်ပြသည်။

2.5GHz quad-core ပရိုဆက်ဆာအသုံးပြုထားပြီး မှတ်ဉာဏ် 3GBပါရှိကာ နောက်ကင်မရာ 20 megapixel ရှိပြီးရှေ့ကင်မရာ 2.megapixels ပါရှိကြောင်းသိရသည်။ ဘက်ထရီမှာ 3000mAh အမျိုးအစားဖြစ်ပြီး operating system အနေဖြင့် 4.4 kitkat ကိုအသုံးပြုထားကြောင်းသိရသည်။ —*Ref: Internet*



*ပြီးခဲ့သည့်နှစ်က စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့မိုဘိုင်းညီလာခံမြင်ကွင်း* JOSEP LAGO/AFP

## Set Top Box ကို ကျပ်တစ်သောင်းခွဲဖြင့် ဝန်ထမ်းများအား ရောင်းချမည်

**ဆွေမွန်**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

ရုပ်သံလိုင်းခုနစ်လိုင်းနှင့် မြဝတီ Set Top Box မှထုတ်လွှင့်နေသည့် ရုပ်သံလိုင်းများ ကြည့်ရှုနိုင်မည့် Set Top Box ကို ဌာနဆိုင်ရာဝန်ထမ်းများအား ကျပ်တစ်သောင်းခွဲဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးရှိ ဌာနဆိုင်ရာဝန်ထမ်းများ ကျပ်တစ်သောင်းခွဲဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပြီး ဝယ်ယူလိုသူများ စာရင်းကြိုတင်ပေးသွင်းရမည်ဖြစ်ရာ လက်ရှိစာရင်းပေးသွင်းထားသည့် ဝန်ထမ်း နှစ်သောင်းခွဲဝန်းကျင် ရှိနေပြီဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးကပြောသည်။

"ဝန်ကြီးဌာနက နိုင်ငံတော်လမ်းညွှန်ချက်နဲ့ အလုံးရေသုံးသိန်းကို တိုင်းနဲ့ ပြည်နယ်တွေထဲက ဆင်းရဲနွမ်းပါးတဲ့သူတွေနဲ့ အခြား Community နေရာတွေဖြစ်တဲ့ ဆေးရုံဆေးခန်း၊ စာကြည့်တိုက်တို့ အဲဒီလိုနေရာမျိုးတွေကို ကုမ္ပဏီက ဝယ်ပြီး လှူတော့ ဝန်ထမ်း တွေကိုလည်း မူရင်းဈေးနဲ့ ရောင်းပေးဖို့ကို ပြောထားတာ။ ကုမ္ပဏီကလည်း ရောင်းပေးမယ်ဆိုတော့ ဝန်ထမ်းတွေကို လိုချင်တဲ့သူ စာရင်းပေးခိုင်းထားတာ"ဟု ဦးမြင့်ထွေးကပြောသည်။

အဆိုပါ Set Top Box များကို ကောင်းသန့်ကုမ္ပဏီကတင်သွင်းရောင်းချပေးမည်ဖြစ်ပြီး လျှောက်ထားသည့် ဝန်ထမ်းများအနေဖြင့် လာမည့်လအတွင်း ရရှိနိုင်မည်ဟု ခန့်မှန်းထားပြီး တင်သွင်းနေသည့် ကောင်းသန့်ကျော် ကုမ္ပဏီမှသာ ဝယ်ယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ Set Top Box တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MRTV 4၊ MI Channel၊ တိုင်းရင်းသားဘာသာစကား Channel၊ လွှတ်တော် Channel၊ တောင်သူလယ်သမားရုပ်သံလိုင်း၊ စာဖတ်သူတို့ ရုပ်သံလိုင်းများ အပြင် မြဝတီ Set Top Box မှထုတ်လွှင့်နေသည့် လိုင်းများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"လိုချင်တဲ့လူတွေ စာရင်းကောက်လို့ပေးလိုက်တာ နှစ်လလောက်ရှိပြီ။ တစ်သောင်းခွဲကို ကုမ္ပဏီက အရစ်ကျပုံစံနဲ့ ရောင်းပေးမယ်လို့လည်း ကြားတယ်။ အခုထိတော့ ဘာမှထပ်မပြောသေးဘူး"ဟု လူမှုဖူလုံရေးဝန်ထမ်းတစ်ဦးကပြောသည်။

လက်ရှိမြို့ကြီးသုံးမြို့တွင် ရောင်းချပြီးပါက တောင်ကြီး၊ ပဲခူး၊ တောင်ငူ၊ ဘားအံနှင့် မော်လမြိုင် အစရှိသည့် ဒေသများမှ ဌာနဆိုင်ရာဝန်ထမ်းများလည်း ဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှသတင်းရရှိသည်။




## အမေရိကန်အစိုးရလျှို့ဝှက်ထောက်လှမ်းခြင်းကို ဂူးဂဲလ်၊ ဖေ့စ်ဘွတ်ခ်၊ တွစ်တာနှင့် အိုင်တီကုမ္ပဏီများဆန့်ကျင်ဆန္ဒပြ

**ဝါရှင်တန်၊ ဖေဖော်ဝါရီ-၁၄**

အမေရိကန်အစိုးရ၏ လျှို့ဝှက်ထောက်လှမ်းရေးအစီအစဉ်များကို နိုင်ငံတကာဆန့်ကျင်ဆန္ဒပြမှုအတွင်း အမေရိကန်ထိပ်တန်းနည်းပညာကုမ္ပဏီကြီးများညွှန့်ပေါင်းအဖွဲ့တစ်ဖွဲ့ ပါဝင်လာခဲ့ပြီး ယင်းလျှို့ဝှက်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုနှင့် ပိုမိုကြီးကြပ်ဆောင်ရွက်ရန် အမေရိကန်နိုင်ငံသားများ၏ အီလက်ထရွန်နစ်သတင်းအချက်အလက်များစုဆောင်းနေမှု အပေါ် ပိုမိုကန့်သတ်ရန် အမေရိကန်အစိုးရအား တိုက်တွန်းလိုက်သည်။

ဂူးဂဲလ်၊ မိုက်ကရိုဆော့ဖ်၊ ရာဟူးလ်၊ ဖေ့စ်ဘွတ်ခ်၊ AOL, Link-edIn နှင့် တွစ်တာကုမ္ပဏီတို့မှ အမှုဆောင်အရာရှိများက ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်ပြီး သမ္မတအိုဘားမားနှင့် လွှတ်တော်အမတ်များထံသို့ စာတစ်စောင်ပေးပို့ထားသည်။ အင်တာနက်ဆက်သွယ်မှုများမှသတင်းအချက်အလက်များမစုဆောင်းရန် အစိုးရ၏သဘောတူညီချက်ပါဝင်မည့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်အစိုးရလျှို့ဝှက်ထောက်လှမ်းမှုပြုပြင်ပြောင်းလဲရေးဟုအမည်ရသော ယင်းနည်းပညာကုမ္ပဏီများညွန့်ပေါင်းအဖွဲ့က တိုက်တွန်းထားသည်။

နိုင်ငံခြားမှကွန်ပျူတာအသုံးပြုသူများနှင့် တစ်ခါတစ်ရံအမေရိကန်နိုင်ငံသားများထဲမှ သတင်းအချက်အလက်မြောက်မြားစွာကို အမေရိကန်နှင့် ဗြိတိန်နိုင်ငံထောက်လှမ်းရေးဌာနများက ကြားဖြတ်ရယူခဲ့ကြောင်း ကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA) ဝန်ထမ်းဟောင်းအက်ဒ်ဝပ် စနိုးဒန်၏ သတင်းဖွင့်ချမှုကို အခြေခံ၍ သတင်းဌာနများက ဖော်ပြခဲ့ပြီးနောက် နည်းပညာကုမ္ပဏီများ ပြီးခဲ့သည့်နှစ်က အမျက်ဒေါသထွက်ခဲ့ကြသည်။

အစိုးရအာဏာပိုင်များနှင့် ဆွေးနွေးမှုများအတွင်း နည်းပညာကုမ္ပဏီအမှုဆောင်အရာရှိများကလျှို့ဝှက်ထောက်လှမ်းရေးအစီအစဉ်များနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်းအလေးထားပြောကြားခဲ့သည်။ သို့သော် အင်တာနက်မှသတင်းအချက်အလက်များ NSA ကရယူနေခြင်းကို လျှော့ချရန် သမ္မတအိုဘားမားက ဆောင်ရွက်ခဲ့ခြင်းမရှိပေ။

7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014



# ဇာတိပုညဂုဏ်မာနတွေနှင့် အမျိုးကို ဘယ်လိုမြှင့်ချင်ကြသော်မင့်

သင်းရီ




သည်ရက်ထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စတွေက ဟိုမှ၊ သည်မှ ခပ်စိပ်စိပ်ကြားလာနေရသည်။ ပြင်ချင်သူ၊ မပြင်ချင်သူ ဆန့်ကျင်ကွဲပြားလျက်ရှိနေကြသည်။ အစောပိုင်းကမူ ပြင်ရုံတွင်မျှမဟုတ် အသစ် ရေးပစ်လိုက်ချင်ကြသူတွေပင် အခိုင်အမာ ရှိနေကြသေးသည်။ နောက်မှသာ နိုင်ငံရေးရှေ့ မတိုးသာ နောက်မဆုတ်သာ အကျပ်အတည်းတွေဖြစ်လာနိုင်သည်ကို မလိုလားသဖြင့် အသစ်ပြန်ရေးချင်ကြသူတွေက တိုင်းပြည်ရှေ့ရေး အရှည်တွေးစိတ်ဖြင့် နောက်သို့ အသာပြန်လျှိုနေလိုက်ကြလျက် ပြင်ဆင်ရေးသို့သာ ဦးတည်လိုက်ကြပုံရသည်။

စင်စစ်၌ မိမိတို့မြန်မာနိုင်ငံကို တကယ်တမ်းတည်ငြိမ် ငြိမ်းချမ်းတိုးတက်သည့် စစ်မှန်သော ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်စိတ်ရင်းစေတနာမှန်စွာတည်ဆောက်လိုပါသည်ဟု ဆိုပါလျှင်မူ ထို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်က ကကြီးမှအ, အဆုံး လုံးဝပင် အသစ်ပြန်လည် ရေးဆွဲရမည့် ဥပဒေသာလျှင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်ထိုဥပဒေထဲတွင်ပါဝင်သည့် အဓိကကျသော ဥပဒေအများစုက စစ်မှန်သော ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံပုံစံနှင့် ဖြောင့်ဖြောင့်ကြီးပင် ဖီလာဆန့်ကျင်နေသောကြောင့်ဖြစ်သည်။

သို့သော်မိမိတို့နိုင်ငံ၏ ဖြတ်သန်းလာခဲ့သော သမိုင်းဖြစ်ရပ်များအရ တစ်ဦးပေါ် တစ်ဦး အပြန်အလှန် နားလည်ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် ကာလတစ်ခုကို မလွဲမသွေဖြတ်သန်းရန်အမှန်ပင် လိုအပ်နေသေးသည်ဖြစ်ရာ ထိုကာလအတွင်း ထိုဥပဒေကိုပင် မဖြစ်မနေ ယာယီသဘောအောင့် အည်းလက်ခံထားကြရပါဦးမည်ဆိုလျှင်တောင်မှပင် ယခုအချိန်ကာလသည် ထိုဥပဒေကိုတစ်ဆင့်ချင်းစီ ဖြည်းဖြည်းချင်းဆိုဦးတော့ ပြင်ဆင်သွားနိုင်ရန်အတွက်တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များ အားလုံးကတိုင်းပြည်၏ အနာဂတ်အကျိုးအတွက်ဖြူစင်သောစိတ်စေတနာဖြင့် တစ်ဦးအပေါ် တစ်ဦး ရိုးသားပွင့်လင်းစွာ တိုင်တိုင်ပင်ပင်ညှိညှိနှိုင်းနှိုင်းဖြင့် အားလုံးသဘောတူညီစွာ တာစူနိုင်ကြဖို့ သင့်ပေပြီဟု ထင်မိသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အစကိုပြန်ကြည့်လျှင်ပင် စကတည်းကယဉ်သကိုဟုဆိုရမည့်ဥပဒေဖြစ်ကြောင်းကမ္ဘာသိဖြစ်သည်။

ရွေးကောက်ပွဲပြီးလျှင် စစ်တန်းလျားပြန်မည်။ အနိုင်ရပါတီက ဖွဲ့စည်းပုံရေးကြပေ့ါဟု ၁၉၉၀ ရွေးကောက်ပွဲမတိုင်မီလေးမှာပင် ထိုစဉ်က နိုင်ငံတော်အကြီးအကဲဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်ကိုယ်တိုင်က တီဗီကနေ လူသိရှင်ကြား အခိုင်အမာပြောခဲ့သေးသည့် ဖွဲ့စည်းပုံဥပဒေ။

စစ်တန်းလျားပြန်ပါမည်ဆိုသည့် ထိုစကားကို ပြောခဲ့မိသော ကာကွယ်ရေးဦးစီးချုပ်ကြီးလည်း ထိုစကားနှုတ်လွန်ပြောမိသဖြင့် ကိုယ်ကျိုးနည်းသွားခဲ့လေရော့ သလားတွေးစရာရှိသည့် ဥပဒေ။

နဝတတို့ ကိုယ်တိုင် ရေးခဲ့သည့် ရွေးကောက်ပွဲ ဥပဒေအရ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရလာခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လက်ထဲမှ ဥပဒေပြုခွင့်အာဏာအပါအဝင် အာဏာသုံးရပ်လုံးကို နဝတအစိုးရက အကြောက်အကန်ငြင်းဆိုကာ ဖြစ်ပေါ်တည်ရှိဆဲဖြစ်သော နိုင်ငံရေးလုပ်ငန်းစဉ် Process အရမဟုတ်ဘဲ သီးခြားလုပ်ငန်းစဉ်ဖြစ်သော အမျိုးသားညီလာခံကို ကောက်ကာ ငင်ကာ အသက်သွင်းလျက် တစ်ဖက်သတ် စိတ်တိုင်းကျ ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ။

အသင်ရော ကျွန်ုပ်ပါ ကျမ်းစူးလွတ်အောင် ပြောကြစတမ်းစို့ဆိုအာဏာရှင်၏ လက်ရင်းပိုင်ရှင်ဖြစ်သော ပြည်သူများကိုယ်တိုင်က ဘုမသိ၊ ဘမသိ အကြောက်ကြောက်၊ အလန့်လန့်နှင့်ပင် ခေါင်းငုံ့လက်လျှိုကာ ထည့်ခဲ့ကြရသည့် ပြည်လုံးကျွတ်ဆန္ဒမဲဖြင့် အတည်ဖြစ်လာခဲ့သော ဥပဒေကြီး သာလျှင်ဖြစ်လေ၏။

ထိုဥပဒေကြီးကိုမှ ပြင်ဆင်ရန်ကို ဦးမတည်ကြလျှင်မူ မိမိတို့နိုင်ငံ၏ စစ်မှန်သော ပြည်ထောင်စုဒီမိုကရေစီစနစ်ဆိုသည်က သံယောင်ဟစ်နေသော ခဲမူးစေ့ကြီးသာ ဖြစ်နေပေတော့မည်သေချာ၏။

ထိုသို့ အတုကြီးဖြစ်နေသရွေ့ကာလပတ်လုံးလည်း နိုင်ငံ၏ အနာဂတ်သည် မှောင်အတိကျနေလိမ့်ဦးမည်ဟု သာမြင်ပါ၏။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁)ပုဒ်မ ၂၊ အရ"နိုင်ငံတော်ကိုပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်ရမည်"။ ပုဒ်မ ၃ အရ "နိုင်ငံတော်သည် တိုင်း ရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်"။ ပုဒ်မ ၈ အရ "နိုင်ငံတော်ကိုပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်"ဟုအခိုင်အမာပါရှိသည်။ သို့သော် ထို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ပင် ဒီမိုကရေစီ စနစ်ကို ကျင့်သုံးသည့် ပြည်ထောင်စုစနစ်ကို လုံးဝဆန့်ကျင်နေသော အဓိကအချက်များလည်း ပါဝင်နေပြန်၏။

ဆန့်ကျင်နေသော ထိုဥပဒေများကို ထိ၍တို့၍ မရအောင်၊ ပြင်ဆင်ခြင်း မပြုလုပ်နိုင်အောင် အခန်း(၁၂)ပုဒ်မ ၄၃၆(က) ထပ်မံ၍ အသေပိတ်ကာကွယ်ထားသလိုရှိပြန်သည်။ ထိုဥပဒေအရဆိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ် စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က သဘောတူလက်ခံမှုကိုရရှိပြီးမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပလျက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်က သဘောတူမှသာ ပြင်ဆင်ခွင့်ရမည်ဟုဆိုလေ၏။

ထို့ကြောင့် ၂၀၀၈ ကို ဒီမိုကရေစီပုံပေါက်အောင် ပြင်နိုင်ဖို့ ဆိုသည်က လူ့ပြည်ကအပ်နှင့် ဗြဟ္မာပြည်ကအပ်ဆိုသည်မျိုးထက် ဝေးတော့သလိုဖြစ်ရသည်။ လွှတ်တော်ထဲမှာဆိုသည်က ထို ၂၀၀၈ ဥပဒေကြီးကိုစိတ်လိုက်မာန်ပါပင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရေးဆွဲခဲ့ကြသည့် အာဏာရပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်များနှင့် ၂၀၀၈ ကိုရေးဆွဲရန် အသေးစိတ်စီစဉ်ညွှန်ကြားခဲ့သော တပ်မတော်ကို ကိုယ်စားပြုထားသည့် ကိုယ်စားလှယ်များ နှစ်ရပ်ပေါင်းက ၈၀ ရာခိုင်နှုန်းခန့်အခိုင်အမာပါဝင်နေသည်ဖြစ်သောကြောင့်ဖြစ်၏။

ထို့ကြောင့်ပင် ဒီမိုကရေစီ ပုံပေါက်သော ပြည်ထောင်စု စနစ်စစ်စစ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ် ပေါက်ရန် ကိစ္စကို လွှတ်တော်သို့ ဝကွက်၍ အပ်ပစ်လိုက်မည်ကို တိုင်းရင်းသားအဖွဲ့အစည်းများက စိုးရိမ်ပူပန်ခဲ့ကြလျက် အဓိက အတိုက်အခံပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၀၈ ဥပဒေကို ပြင်ဆင်နိုင်ရေးအတွက် သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်တို့နှင့် ဆွေးနွေးလိုပါကြောင်း အဆိုကို တင်ခဲ့သည်။

သို့သော်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသုံးသပ်အဖွဲ့ကို လေးဦးတွေ့ဆုံဆွေးနွေးပွဲကဖိအားပေးသလိုဖြစ်နေနိုင်သည်ဆိုသော အကြောင်းပြချက်နှင့်ပင် တွေ့ဆုံဆွေးနွေးပွဲက ဖြစ်ပေါ် မလာခဲ့။

ထင်မြင်မျှော်လင့်ထားသည့် အတိုင်းပင် လွှတ်တော်ကိုယ်စားလှယ် ၁၀၉ ဦးပါဝင်သော ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြင် ဆင်ရေးသုံးသပ်အဖွဲ့၏အစီရင်ခံစာကလည်း ယဉ်ယဉ်လေးနှင့်ပင် အနုတ်လက္ခဏာကိုပိုက်ပြီးထွက်လာ၏။ ထိုအစီရင်ခံစာထဲတွင် ၎င်းတို့၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြင်ဆင်ရေးသုံးသပ်အဖွဲ့သို့ အကြံပြုစာ နှစ်သောင်းရှစ်ထောင်ရရှိခဲ့လျက် ဖွဲ့စည်းပုံဥပဒေကို ပြင်ဆင်လိုသူ ဦးရေ နည်းပါးကြောင်း တင်ပြလာလေသည်။

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတမဖြစ်နိုင်အောင် အထူးရည်ရွယ်ပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မ ၅၉(စ)ကို ခြေခြေမြစ်မြစ်မရှိလှသော လူပေါင်းတစ်သိန်းကျော်က မပြင်လိုကြောင်း လက်မှတ်ရေးထိုးထားသည့် အဆိုပြုလွှာကိုပါ တင်ပြလာခဲ့သည်။

ထိုအဆိုပြုလွှာနှင့်ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်သူရဦးအောင်ကိုက "အခြေခံဥပဒေပုဒ်မ ၅၉(စ)ပေ့ါလေ။ တစ်သိန်းခြောက်ထောင်ကျော်သော ပုဂ္ဂိုလ်တွေက မပြင်ပါနဲ့၊ မထိပါနဲ့လို့ အကြံပြုတယ်လို့ပြည်ခိုင်ဖြိုးပါတီကစီအီးစီတစ်ဦးက ပူးပေါင်းကော်မတီကိုတင်ပြခဲ့ပါတယ်။ သူ့တင်ပြချက်အတိုင်းပဲ ပူးပေါင်းကော်မတီကို တင်ပြခဲ့ပါတယ်။ သူ့တင်ပြချက်အတိုင်းပဲ ပူးပေါင်းကော်မတီရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ တစ်သိန်းကျော်ဆိုတာကလည်း နာမည်ရေးတယ်၊ လက်မှတ်ထိုးတယ်ပေ့ါ။ မြို့နယ်ပေါင်းစုံပါပါတယ်။ အထူးသဖြင့် ရန် ကုန်တိုင်းဒေသကြီးအတွင်းပေ့ါလေ။ ဘယ်ပါတီဝင်တွေလို့ ဖော်ပြမထားပါဘူး။ ဒါဟာ မခိုင်မာဘူး၊ အခြေအမြစ်မရှိဘူးလို့ပဲ ပြောပါရစေ။ နောက်တစ်ခုက ပုဒ်မ ၅၉(စ)၊ အခန်း ၁၂ ပုဒ်မ ၄၃၆ တို့ကိုလည်း မပြင်ပါနဲ့ ဒီအတိုင်းပဲထားပါလို့ ပြောတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းတွေလည်းရှိပါတယ်။

**စာမျက်နှာ(A2) သို့**



# မင်းဒင်ရဲ့သက်ခိုင်(၂)

■ မင်းဒင်

(ယခင်အပတ်မှအဆက် . . . )

**မဝသော ဘဝများ**

အဲဒီခေတ်ကာလ ၁၉၆၀ ဝန်းကျင်တုန်းက ကျွန်တော်တို့ရွာကနေ စွန့်စွန့်စားစား ရန်ကုန်မြို့တက်ပြီး စီးပွားရှာတယ်ဆိုတာ အတော့်ကိုထူးဆန်းတဲ့ကိစ္စထင်ပါရဲ့။ ကျွန်တော်ငယ်ငယ်က ကြားဖူးနေကျစကားတစ်ခွန်းတောင်ရှိသေး။ ဘာတဲ့ 'ရန်ကုန်မြို့ကြီးကိုများ ရောက်လို့ကတော့ ရွှေတိဂုံစေတီကိုဖူးလိုက်ရရင် အမေ့နို့တစ်လုံးဖိုးကျေပြီ'ဆိုပဲ။ အေးလေ။ ဟိုခေတ်ဟိုအခါတုန်းက သွားရေးလာရေးကလည်း ခက်ခဲပေသကိုး။ မှိုက်ပင်ကနေ ရန်ကုန်ရောက်ဖို့ တစ်ခုတည်းသော အားကိုးရာကတော့ မီးရထားပါပဲ။ တစ်ခါတလေများ မီးရထားမှာနေရာရအောင် ရန်ကုန်ဘက်သွားမယ့် ခရီးစဉ်မှာ ကျောက်ပန်းတောင်းကြေးနီလိုဆန့်ကျင်ဘက်ကို စီးလိုက်သွားရတာမျိုးရှိသေးတယ်ဗျ။ ရထားအချိန်ကလည်း မမှန်တစ်လှည့်၊ မလာတစ်လှည့်မို့ ကျွန်တော်တို့ရွာသားတွေဟာ မှိုက်ပင်-ရန်ကုန်ခရီးကို အင်္ဂါဂြိုဟ်သွားဖို့လောက်ခက်တယ်လို့ စိတ်ထဲစွဲနေကြဟန်တူပါရဲ့။

ရွာမှာတော့ အဖေဟာ သူ့ဆွေဂုဏ်မျိုးဂုဏ်နဲ့ ခေသူမဟုတ်စာရင်းဝင်ပေ့ါဗျာ။ အဘွားရဲ့တစ်ချက်လွှတ်အမိန့်နဲ့ အမေ့ကိုယူလိုက်ရတဲ့အဖေဟာ သူ့ငယ်ရည်းစား'စမ်းမြ'ကိုတမ်းတရင်း အသောက်အစား၊ လောင်းကစားလွန်ကဲရာက ရှိသမျှစည်းစိမ်ပြုတ်တဲ့အခါ ညစ်ညစ်နဲ့ မန္တလေးကိုတက်သွားခဲ့တယ်ဗျ။ မန္တလေးကိုင်းတန်းဈေးမှာဆိုလား ကြုံရာအလုပ်ဝင်လုပ်ရင်း မိုက်မြဲမိုက်နေတုန်း အရက်ဝိုင်းတစ်ခုမှာ လက်လွန်ခြေလွန်ဖြစ်ရာက ရန်ကုန်ဘက်ခြေဦးလှည့်ခဲ့တာ ဆိုပါတော့။ အဖေရန်ကုန်ရောက်စက သုံးဘီးကားထောင်ပြီး ကိုယ်တိုင်မောင်းခဲ့သေးတယ်ဆိုပဲ။ ဒါလည်း သိပ်မကြာလိုက်ဘူး ထင်ပါရဲ့။ အလုံမီးပွိုင့်မှာ မော်တော်ပီကယ်ကို ရိုက်မှုဖြစ်ပြန်တော့ ဆိုက်ကားထောင်၊ နောက် ဘဝမျိုးစုံကျင်လည်ပြီး နောက်ဆုံးကုန်စိမ်းထမ်းရောင်းတဲ့ဘဝအထိ ရုန်းကန်ခဲ့ရာကနေ ကမာရွတ်ဈေးကြီးထဲမှာ ဆိုင်နဲ့ကနားနဲ့ဖြစ်လာခဲ့တာပါပဲ။ နောက်ပိုင်း ရန်ကုန်မြို့ကြီးဟာ အဖေ့ကို ဘယ်လိုများပဲ့ပြင်ထိန်းကျောင်းလိုက်သလဲမဆိုနိုင်ဘူး။ စိတ်ကောင်းဝင်လာတဲ့ တဇွတ်ထိုးသမားအဖေဟာ ရွာမှာကျန်ခဲ့တဲ့ ကျွန်တော်တို့မိသားစုကိုလှမ်းခေါ်တော့တာပဲဗျာ။

ရန်ကုန်မြို့ကြီးရောက်တော့ ကျွန်တော်မှတ်မိနေတဲ့ ထူးထူးဆန်းဆန်းအတွေ့အကြုံကတော့ ရေခဲရေပဲဗျ။ ဟုတ်တယ်။ ကျွန်တော်တို့ရွာမှာ ရေခဲရေကိုမမြင်ဖူး၊ မသောက်ဖူးတဲ့သူတွေ အခုအချိန်ထိ အများကြီးရှိဦးမယ်။ ကမာရွတ်ဘူတာရုံလမ်းထဲက စတုဒိသာမဏ္ဍပ်တစ်ခုမှာ အလကားတိုက်နေတဲ့ ရေခဲရေကို အမေနဲ့အတူ ကျွန်တော်ဝင်သောက်ဖူးတယ်။ ဟား. . . သွားတွေကျဉ်စက်ပြီး ဆက်မသောက်နိုင်ဘူးဗျာ။ ဘယ့်နှယ် ဒီရေဟာ ထူးထူးခြားခြားအေးလှပါကလား။ ဘယ်လိုလုပ်ထားပါ လိမ့်ဆိုပြီး အမေ့ကိုမေးကြည့်တော့ ရေခဲတုံးထည့်ပြီးစိမ်ထားလို့ ဒီလောက်အေးနေတာသားရဲ့တဲ့။ အမယ် ကျွန်တော့်ကိုတုံးလှချည့်ရဲ့လို့စွတ်အထင်သေးမနေနဲ့ဦး။ ကျွန်တော်တို့နယ်ဘက်က အညာသားတစ်ယောက်နဲ့ မကြာသေးခင်က ပဲဆုံမိရင်း စကားလက်ဆုံကျရာက ရေခဲရေအကြောင်း ရောက်သွားတော့ သူလည်း ရှစ်တန်းကျောင်းသားဘဝရောက်မှ ရေခဲရေသောက်ဖူးသတဲ့။ သူနဲ့စာရင် ကျွန်တော်က လေးငါးနှစ်သားမှာ သောက်ဖူးတာဆိုတော့ တော်သေးတာပေ့ါ။

အေးဗျာ။ ဘဝဆိုတာများ ဆန်းချက်။ ဘကြီးနဲ့အဖေ့လို ရေခြားမြေခြားမှာခြေချဖို့ ကျွန်တော့်မှာ ဇာတာပါလာဟန်တူပါရဲ့။ ဘဝပေးကုသိုလ်ကြောင့် ခြေဦးနဲ့ဒူးတည့်ရာထွက်လာခဲ့တဲ့ ကျွန်တော်ဟာ ထိုင်းတောင်ပိုင်းဖူးခက်ကိုစွတ်ရွတ်ပြီး ရောက်လာသဗျာ။ ကျွန်တော်ကပဲတောင်တွေးမြောက်တွေး တွေးတတ်တဲ့သူဖြစ်နေရော့သလားမဆိုနိုင်ဘူး။ ကိုယ်တွေ့ကြုံခဲ့ရတဲ့ဖြစ်ရပ်တချို့က တော့ ကျွန်တော့်အတွက် အံ့သြစရာဖြစ်နေတာအမှန်ပါပဲ။

မှတ်မှတ်ရရ ဖူးခက်မြို့ကို ကျွန်တော်ရောက်ခါစတစ်ခုသောရက်မှာပေ့ါ။ မြို့မဈေးနောက်လမ်းထဲက မွတ်ဆလင်ဆိုင်တွေပြည့်နေတဲ့ လက်ဖက်ရည်ဆိုင်တန်းမှာ ကြက်သား ပလာတာစားပြီး ပလက်ဖောင်းအတိုင်းလျှောက်ပြန်အလာ ကျွန်တော့်နားထဲမှာ ဗမာစကားသံလိုလိုကြားလိုက်မိတယ်ဗျ။ ဘေးဘီကိုကြည့်လိုက်တော့လည်း လမ်းဘေးမှာ ပလက်ဖောင်းပြင်နေတဲ့အလုပ်သမားသုံးယောက်သာတွေ့တာမို့ ခဏရပ်ပြီး နားစွင့်လိုက်တော့သေချာတယ်ဗျ။ ဗမာသံမပီမသပြောနေတာ သူတို့ပဲ။ အသက်နှစ်ဆယ်ကျော်လောက်ဝန်းကျင်တွေ။ မိန်းကလေးတစ်ယောက်နဲ့ ယောက်ျားလေးနှစ်ယောက် နေပူကျဲကျဲအောက်မှာပလက်ဖောင်းကျောက်ပြားတချို့ကို ဘိလပ်မြေ မဆလာနဲ့ပြင်နေကြတာ။

မထင်မှတ်တဲ့နေရာနဲ့ အချိန်မှာ ဗမာစကားသံကိုကြားလိုက်ရတဲ့ကျွန်တော်ဟာ ရုတ်တရက် ဝမ်းသာသွားတဲ့စိတ်ကိုမထိန်းနိုင်ဘဲ အဲဒီကလေးတွေဆီလျှောက်သွားပြီး "မင်းတို့က ဗမာတွေလား"လို့မေးလိုက်မိတဲ့အခါ အဲဒီလူငယ်သုံးဦးစလုံးရဲ့နှုတ်က တစ်ပြိုင်နက်တည်း ထွက်လာတဲ့အသံကတော့ မဲ့ချိုင်း၊ မဲ့ချိုင်း။ ခွန်မွန်၊ ခွန်မွန် (မဟုတ်ဘူး၊ မဟုတ်ဘူး မွန်လူမျိုး) တဲ့။

ခင်ဗျားလည်းဖူးခက်မှာနေတာမို့ သတိပေးလိုက်ပါရဲ့။ ဒီမှာရောက်နေတဲ့ ဗမာတိုင်းရင်းသားတွေကို ယောင်လို့များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတရားသွားမဟောလိုက်ပါလေနဲ့။ ဆိုလိုတာက ဒီအချက်ဟာ သူတို့လက်တွေ့ဘဝနဲ့အများကြီးအလှမ်းဝေးနေတယ်ဗျ။ ဟုတ်တယ်။ ဖူးခက်ကိုရောက်နေတဲ့ တိုင်းရင်းသား၊ မွန်၊ ထားဝယ်၊ ကရင်၊ ရခိုင်၊ ဂေါ်ရခါး၊ ဗမာ စတဲ့လူမျိုးတွေဟာ သူတို့အုပ်စုနဲ့သူတို့နေတတ်ကြတာများတယ်။ အထူးသဖြင့် ဖူးခက်ကို အလုပ်သမားအသစ်အဖြစ် ဆွေတော်မျိုးတော်တွေကိုခေါ်သွင်း၊ ငွေလွှဲ၊ ဖုန်းချိတ်တဲ့ကိစ္စတွေမှာ ကိုယ့်လူမျိုးကိုယ့်ရပ်ရွာကလူနဲ့ပဲလုပ်နေကြတာများတယ်။ ဖူးခက်ကို အစောဆုံးရောက်လာသူတွေကတော့ မွန်ပြည်နယ်လမိုင်းရွာသားတွေလို့ဆိုတယ်။ ဖြစ်နိုင်တယ်ဗျ။ ဖူးခက်မှာရောက်နေတာ မွန်လူမျိုးအများစုပါပဲ။ ဘေးလူမသိစေချင်တဲ့စကားဆို သူတို့ချင်းမွန်လိုပဲပြောကြတယ်။ လွန်ခဲ့တဲ့နှစ်ဆယ့်ငါးနှစ်ဝန်းကျင်လမိုင်းရွာသားတွေရောက်စကဆို ဖူးခက်လမ်းတွေမှာမီးပွိုင့်တောင်မရှိသေးဘူးဆိုပဲ။ မွန်လူမျိုးတွေဟာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြင့်န်းနဲ့နေလာကြရာကနေ ရှေးမြန်မာဘုရင်တွေကြောင့် ထီးသုဉ်းနန်းသုဉ်းဖြစ်ခဲ့ရတာကို လူကြီးသူမစဉ်ဆက် ကြားနာလာရတာကြောင့် လူမျိုးရေးရန်ငြိုးမပြေသေးဘူးဆိုတာ ထင်ထင်ရှားရှားတွေ့နေရတယ်ဗျ။ ရခိုင်လူမျိုးတွေလည်း ထိုနည်းလည်းကောင်းပါပဲ။ နာကြည်းဖွယ်အတိတ်ဆိုတာ အလွယ်တကူမေ့ပျောက်နိုင်ခဲတာမို့ ကျွန်တော်ဘာမှမပြောလိုပါဘူး။ ခက်နေတာက သူတို့အချင်းချင်းကြားမှာလည်း မညီညွတ်ပြန်ဘူးဗျ။ ခင်ဗျားမြင်သာအောင် ကျွန်တော့်ကိုယ်တွေ့ အဖြစ်အပျက်လေးတစ်ခုပြောပြပ့ါမယ်။

လွန်ခဲ့တဲ့ ရှစ်နှစ်ဝန်းကျင်လောက်တုန်းကပေ့ါ။ ဖူးခက်မှာ မွန်အမျိုးသားနေ့ကျင်းပရေးအတွက် World Vision ဆိုတဲ့ NGO အဖွဲ့တစ်ခုကဖိတ်တာနဲ့ ကျွန်တော်လည်း အဲဒီအစည်းအဝေးကိုသွားတက်လိုက်ရောဆိုပါတော့။ အဲဒီအစည်းအဝေးမှာ ဖူးခက်မြို့ရဲ့အလုပ်ခွင်သုံးနေရာက မွန်လူငယ်သုံးယောက်လည်း ရောက်လာသဗျ။ World Vision ကပေးမယ့်အကူအညီကတော့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ လူမျိုးအလိုက်အမှတ်တရနေ့တွေကျင်းပတာကို အားပေးလိုတဲ့အတွက် လိုအပ်တဲ့ငွေကြေး ထောက်ပံ့မယ့် အကြောင်းဗျ။ ကျွန်တော်လည်း ဒီကိစ္စဟာ အားပေးထိုက်တဲ့အလုပ်ပဲဆိုပြီး ဘယ်ပုံဘယ်နည်းကျင်းပသင့်တယ်ဆိုတာ တက်တက်ကြွကြွဆွေးနွေးလိုက်မိတော့ မွန်လူငယ်သုံးယောက်ဟာ တုတ်တုတ်မျှမလှုပ်ဘဲ အသံတိတ်ကန့်ကွက်နေကြသလိုပဲဗျာ။ ကျွန်တော့်စိတ်ထဲတစ်ခုခုတော့ မှားနေပြီထင်ပါရဲ့ဆိုပြီး အသာပြန်ငြိမ်၊ အကြောင်းရင်းသိအောင် စနည်းနာလိုက်တော့ အဲဒီမွန်အမျိုးသားနေ့ကို ကျွန်တော်ဦးစီးကျင်းပမယ်လို့အတွေးဝင်နေကြသကိုး။ အမှန်က သူတို့ဘာသာကျင်းပတာကိုလိုအပ်ချက်မရှိအောင် ကျွန်တော်က ဝိုင်းထောက်ခံပေးနေတာ။ သူတို့သဘောမပေါက်ကြရှာဘူး ဗျာ။

ဒီတော့ ကျွန်တော်လည်း သူတို့နားရှင်းပါစေတော့ဆိုပြီး "မွန်အမျိုးသား ဘယ်နေ့ဆိုတာကိုယ်မသိဘူး။ ကိုယ်ကအညာသား၊ ငွေကြေးကိစ္စကိုလည်း ဘာမှဝင်မပတ်သက်ဘူး။ အခုကိုရင်တို့အချင်းချင်းသာညှိနှိုင်းပြီး ကောင်းမယ်ထင်တဲ့နေရာ တစ်ခုခုရွေး၊ စိတ်တိုင်းကျ ပွဲဖြစ်အောင်သာကျင်းပကြပါတော့"လို့ပြောပြန်တော့လည်း သူတို့အချင်းချင်း အခမ်းအနားကျင်းပမယ့်နေရာလုနေကြတာ အစည်းအဝေးဟာတော်တော်နဲ့မပြီးတော့ဘူးဗျာ။ မွန်တွေချည်းတော့မဟုတ်ပါဘူး။ ရခိုင်၊ ထားဝယ်တွေလည်း ဒီအတိုင်းပါပဲ။ အဆိုးဆုံးကတော့ ကျွန်တော်တို့ဗမာတွေပေ့ါ။ စွယ်စုံအနုပညာရှင်ဆရာဦးဝင်းဖေပြောဖူးတဲ့ စကားတစ်ခွန်းတောင်သတိရမိသေး။ ငါတို့ဗမာတွေက Aရယ်၊ Bရယ်ရှိရင် A, B, AB ဆိုပြီးသုံးဖွဲ့ကွဲသတဲ့။


ပြည်တွင်းမှာ ဆင်းရဲကျပ်တည်းလွန်းတာကြောင့် ရေကြည်ရာမြက်နုရာအဖြစ် ဖူးခက်ကိုရောက်လာတဲ့ ဗမာတိုင်းရင်းသားအများစုဟာ အခြေခံပညာအတော့်ကိုနည်းပါးကြရှာပါတယ်။ နိုင်ငံတစ်ခုရဲ့အချုပ်အခြာအာဏာဆိုတာ ဘာကိုဆိုလိုမှန်းသူတို့နားမလည်ကြပါဘူး။ နိုင်ငံသားဥပဒေ၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုဆိုတာတွေကိုသိဖို့ဆိုတာ ဝေလာဝေးပေ့ါ။ ဗမာပြည်ထဲကနေ ထိုင်းဘက်ကိုနိုင်ငံကူးလက်မှတ်မပါဘဲ တရားမဝင် ဝင်ရောက်လာတဲ့သူတို့ဟာမြန်မာနိုင်ငံတည်ဆဲဥပဒေအရ ထောင်ဒဏ်ငါးနှစ်လောက်ထိုက်သင့်တဲ့ပြစ်မှုကို အလိုအလျောက်ကျူးလွန်လာကြသူတွေဆိုတာ သိတဲ့သူတစ်ယောက်တလေတောင်ရှိပါလေစလို့ တွေးမိတဲ့အထိဗျာ။ ထိုင်းလူမျိုးတွေမလုပ်ချင်ကြတဲ့ အန္တရာယ်များလွန်းလှတဲ့အလုပ်တွေဟာမြန်မာအလုပ်သမားတွေအတွက် ဖူးခက်မှာ အဆင်သင့်ဖြစ်နေလေရဲ့။

အခြေခံပညာနည်းပါးပြီး တွေးခေါ်မြော်မြင်မှုမရှိ၊ အသိဉာဏ်ခေါင်းပါးလိုက်ပုံများဗျာ။ အထပ်မြင့်အဆောက်အအုံတွေရဲ့လုပ်ငန်းခွင်တွေမှာ ပြုတ်မကျအောင် ခါးဆိုင်းကြိုးချည်ရတာကို ကျွန်တော်တို့မြန်မာကိုယ်တော်တွေက အနေရကျပ်တယ်။ အလုပ်မတွင်ဘူးတဲ့။ ပိုးသတ်ဆေးဖျန်းတဲ့အလုပ်တွေမှာ အဆိပ်ငွေ့တွေရှူမိလို့ လည်ပင်းမှာအကျိတ်တွေထွက်လာတာကို 'ခဏနေပျောက်သွားမှာ။ အကျင့်မရသေးလို့။ လုပ်သက်ရင့်တဲ့သူတွေဆို နှာခေါင်းမှာအဝတ်စည်းစရာတောင် မလိုတော့ဘူး'တဲ့။

စာမျက်နှာ(A3) သို့

မောင်သာချို

# ငါတို့က မျိုးဆက်နှင့် ငါတို့ကို မျိုးဆက်များ




(တစ်)

ကျွန်တော်တို့ မြန်မာနိုင်ငံသားများ၏ လျှာတွင် စွဲနေသည့် အင်္ဂလိပ်စာလုံးကလေးတွေ တော်တော်များများရှိပါသည်။ ဥပမာ ဆောရီး (Sorry)လိုစကားလုံး၊ အိုကေ (Okay)လိုစကားလုံး၊ ရယ်ဒီ (Ready)လိုစကားလုံး၊ မောနီး (Morning)လိုစကားလုံး၊ ဂျူတီ (Duty)လိုစကားလုံး စသည် စသည် စသည်။

မြန်မာ့လျှာတွင်စွဲသည့် ထိုထိုဤဤသော စကားလုံးပေါင်းများစွာ၌ ဂျဲန်နရေးရှင်း (Generation)ဆိုသော စကားလုံးကလေးလည်း ပါဝင်ပါသည်။

ဂျဲန်နရေးရှင်း (Generation) ကို မြန်မာတို့က မျိုးဆက်ဟု ဘာသာပြန်ဆိုထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ လူငယ်တို့က သူတို့ကိုယ်သူတို့ မျိုးဆက်သစ် (New generation) ဟုဆိုသည်ကို ကြားဖူးပါသည်။ လူကြီးတို့က မျိုးဆက်ဟောင်း (Old generation)ဟုမိမိတို့ကိုယ်မိမိတို့ရည်ညွှန်းသည်ကို ကြားဖူးပါသည်။ ထို့အပြင် မျိုးဆက်တစ်ခုနှင့်တစ်ခုအကြား၌ အတွေးအခေါ် ကွာခြားမှု၊ ခံယူချက်ကွာခြားမှု၊ ခံစားချက်ကွာခြားမှု စသည် စသည်တို့ကို ရည်ညွှန်းသည့် Generation Gap ဟူသည့် စကားလုံးကိုလည်း ကျွန်တော်တို့ ကြားဖူးနားဝရှိကြပြီးသားဖြစ်ပါသည်။ မျိုးဆက်ကွာဟမှုဆိုလား။

(နှစ်)

နှစ်ဆယ်ရာစုအနှောင်းပိုင်းကာလများနှင့် နှစ်ဆယ့်တစ်ရာစုအကြိုနှစ်ကာလများအတွင်း၌ ဂျဲန်နရေးရှင်း (Generation)နှင့်တွဲစပ်ကာ သုံးနှုန်းသည့် ဝေါဟာရကလေးနှစ်လုံးပေါ်ပေါက်လာပြန်ပါသည်။ အများသိရှိပြီးဖြစ်သည့်အတိုင်း We-generation နှင့် Me-generation ဟူသည့် စကားလုံးကလေးများပဲဖြစ်ပါသည်။

We-generation ကို "ငါတို့ကမျိုးဆက်"ဟုတိုက်ရိုက်ဘာသာပြန်ဆိုနိုင်လိမ့်မည်ထင်ပါသည်။ (သို့မဟုတ်) ပြုသူမျိုးဆက်၊ ပေးဆပ်သူမျိုးဆက်ဟုဆိုလျှင်လည်း ရနိုင်လောက်ပါသည်။ Me-generation ကိုမူ "ငါတို့ကိုမျိုးဆက်" ဟု ဘာသာပြန်ဆိုနိုင်လိမ့်မည်ထင်ပါ၏။ (သို့မဟုတ်) အပြုခံမျိုးဆက်၊ ယူသူမျိုးဆက်ဟုဆိုလျှင်လည်း ရနိုင်စကောင်းပါ၏။

ကမ္ဘာပေါ်၌ နိုင်ငံရေးလွတ်မြောက်မှုစီးပွားရေးလွတ်မြောက်မှု၊ ဉာဏ်ပညာလွတ်မြောက်မှုတို့အတွက် ရုန်းကန်ကြရသည့် နိုင်ငံတိုင်းနိုင်ငံတိုင်းကိုလှည့်၍လှည့်၍ ကြည့်ကြလေသောအခါ အတိတ်ကမျိုးဆက်သည် ပေးဆပ်သူများဖြစ်ကြရာ ငါတို့က မျိုးဆက် (We-generation) ဟုဆိုကြပါသည်။ ပြုသူမျိုးဆက်တဲ့။ ဗိုလ်ချုပ်အောင်ဆန်းက ပြုသူပဲမဟုတ်လား။ ဟိုချီမင်းက ပြုသူပဲမဟုတ်လား။ မဟတ္တမဂန္ဓီက ပြုသူပဲမဟုတ်လား။ မာသာထရီဆာက ပြုသူပဲမဟုတ်လား။ သခင်ကိုယ်တော်မှိုင်း၊ ဇန်မော်တင်အောင်၊ ဂျက်လန်ဒန်၊ ရာဘင်ဒြာနတ်တဂိုးအကုန်လုံးပြုသူတွေ။ အယ်လ်ဘတ်အိုင်းစတိုင်း၊ စတီဖင်ဟော့ကင်း၊ ဘီလ်ဂိတ်ပြုသူတွေ။ မြို့မငြိမ်း၊ ဗင်းဆင့်ဗင်ဂိုး၊ မာယာကော့ဗ်စကီး ပြုသူတွေ။ လွတ်လပ်ရေးအတွက် အသက်ပေးသူများကလည်းပြုသူတွေ။ အာဏာရှင်စနစ်ပျက်သုဉ်းရေးဆောင်ရွက်သူများကလည်း ပြုသူတွေ။ သြော်. . ဒါကြောင့် We-generation တဲ့။ ကောင်းလိုက်တာ။

အဲသည်မျိုးဆက်နှင့် ဆန့်ကျင်ဘက်အဖြစ် ယခု ပစ္စုပ္ပန်လူငယ်လူရွယ်မျိုးဆက်သစ်တွေကို နာမည်ပေးလိုက်ပုံကကျတော့ Me-generation တဲ့။ ဘာမှမပေးဆပ်တဲ့မျိုးဆက်။ ဘာမှမစွန့်လွှတ်တဲ့မျိုးဆက်။ ဘာမှမရုန်းကန်တဲ့မျိုးဆက်။ ငါတို့အတွက် ခေတ်ကြီးက ဘာလုပ်ပေးမှာလဲဆိုသည်ကို စောင့်စားခံယူသည့် မျိုးဆက်တဲ့။ အင်း. . ဟုတ်သလိုလိုပဲလို့ ကျွန်တော်လက်ခံမိခဲ့သည်မှာ အမှန်ပါ။

နောက်တော့ နိုင်ငံအနှံ့အပြား ခရီးသွားလာရင်းက သည်ကနေ့ မျိုးဆက်၊ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံက မျိုးဆက်ကို Me-generation ဟုနာမည်တပ်လိုက်ပုံကို ကျွန်တော်အလုံးစုံ သဘောမတူနိုင်သောအခြေအနေကလေးတွေ တွေ့ပြီးရင်းဆိုသလို တွေ့တွေ့လာရပါလေသည်။

(သုံး)

ကျွန်တော်က နိုင်ငံအနှံ့ခရီးသွားသူဖြစ်ပါသည်။ မြစ်ကြီးနားကို အခြေခံကာ ကချင်ဒေသတစ်ဝန်းသို့၊ လွိုင်ကော်ကို အခြေခံကာ ကယားပြည်နယ်တစ်ဝန်းသို့၊ မော်လမြိုင်ကိုအခြေခံကာ မွန်ပြည်နယ်တစ်ဝန်းသို့၊ ရခိုင်ပြည်နယ်ထဲက စစ်တွေတွေ၊ သံတွဲတွေ၊ ဂွတွေ၊ တနင်္သာရီတိုင်းထဲက ထားဝယ်တွေ၊ မြိတ်တွေ၊ ကော့သောင်းတွေ၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ချင်းတွေ၊ ကရင်တွေ၊ နာဂတောင်တန်း၊ ရှမ်းတောင်တန်းက စ,လို့ မရောက်ဖူးတဲ့ ဒေသမရှိရလေအောင် ကျွန်တော်ခရီးသွားပါသည်။ အဲသည့်မှာ ယခုခေတ်မျိုးဆက် (Generation)တို့နှင့် တွေ့ဆုံရခြင်းဖြစ်ပါသည်။

ရောက်လေရာရာမှာ ကျွန်တော်တွေ့ရသည့် လူငယ်တွေက Me တွေမဟုတ်။ We တွေ။ မိဘမဲ့ကလေးတွေကိုစာသင်ပေးနေတာ၊ ပရဟိတတွေကိုဦးဆောင်ဖွင့်လှစ်နေတာ၊ သွေးလှူရှင်အသင်းတွေဖွဲ့နေတာ၊ အောက်ဆီဂျင်ပေးသည့်အဖွဲ့တွေဖွဲ့နေတာ၊ နာရေးကူညီမှုအလုပ်တွေလုပ်နေတာ၊ အခမဲ့ဆေးပေးခန်းတွေ ဖွင့်နေတာ၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအတွက် ဆောင်ရွက်နေတာ၊ စာဖတ်ခန်းကလေးတွေ ဖွင့်လှစ်နေတာ၊ စာပေဟောပြောပွဲတွေ၊ တရားပွဲတွေ ခင်းကျင်းပေးနေတာ၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းလေးတွေ ဆောင်ရွက်ပေးနေတာ၊ သောက်သုံးရေရရှိရေးဆောင်ရွက်ပေးနေတာ၊ စာသင်ကျောင်းတွေလိုက်ဆောက်ပေးနေတာ၊ ကုန်ကုန်ပြောရလျှင် နိုင်ငံရေးစနစ်ပြောင်းလဲဖို့အတွက် နှစ်ရှည်၊ နှစ်တိုထောင်ဒဏ်အသီးသီးအကျခံပြီး စွန့်လွှတ်၊ စွန့်စားဆောင်ရွက်နေတာ။ အားလုံးကို ပြန်ကြည့်တော့ အများစုက လူငယ်တွေချည်းပဲဖြစ်နေသည်ကို သွေးကြွစရာတွေ့မြင်ရနိုင်ပါသည်။ ခေတ်ကိုပြောင်းဖို့ သူတို့တတ်စွမ်းနိုင်သမျှ သူတို့ဝန်ကို သူတို့ထမ်းကြသော လူငယ်ထုကို မြို့တိုင်းရွာတိုင်းမှာ ရှောင်လို့ မလွတ်အောင် တွေ့နေရပါသည်။

ဒါဆို အခုမျိုးဆက်ကို Me-generation လို့ဆိုသည်မှာ မှန်ပါ့မလား။ သူတို့က ခေတ်ကိုလက်မှိုင်ချကာ ဘာမှမတတ်နိုင်ပါဘူးကွာဟုဆိုပြီး သူတစ်ပါးပြုသမျှနရဖို့ စိတ်ဆုံးဖြတ်ထားသူတွေမှ မဟုတ်တာ။ သူတို့က ပြုသူတွေ။ We တွေ။ ငါတို့ကတွေ၊ ငါတို့ကိုတွေမဟုတ်။

ခေတ်ပြိုင် ကမ္ဘာကြီးထဲက တခြားတခြားသောအရပ်တစ်ပါးက လူငယ်တွေဘာမျိုးဆက်ဖြစ်နေသလဲ။ ကျွန်တော်မသိ။ ကျွန်တော်လက်လှမ်းမမီ။ ကျွန်တော်မကျွမ်းကျင်။

မြန်မာနိုင်ငံအနှံ့အပြားမှာဖြင့် ခေတ်ကိုလုပ်မည့်လူငယ်တွေ ရှိနေကြပါသည်။ ထိုလူငယ်များနှင့်အတူ ဟောသည့်လူ့အဖွဲ့အစည်းကြီးရှေ့သို့ တိုးရွေ့သွားမည်ဟု ကျွန်တော်ယုံကြည်နေမိပါသည်။ ။

ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊နန္ဒာနိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) |
| | ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ |
| | သုဝဏ္ဏသိဂီ (၁၂၁၁) |
| | ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



ရန်ကုန်မြို့လယ်တစ်နေရာတွင် ခင်းကျင်းရောင်းချနေသော စာစောင်များ

ဓာတ်ပုံ - ကျော်ဇင်သန်း

# အရှေ့ကိုလျှောက်ပါလို့

**ခင်မေဇော်**

၂၀၁၃ သည် မြန်မာနိုင်ငံအတွက် ထူးခြားသည့် နှစ်တစ်နှစ်ဖြစ်ပြီး ရှေ့သို့တက်လှမ်းနေသည့် ခြေလှမ်းများစွာကို တွေ့ခဲ့ရသည်။ လူငါးဦးထက်ပို၍စုဝေးခွင့် ပိတ်ပင်ထားသည့် (၂၅)နှစ်ကြာဥပဒေကို ပယ်ဖျက်ခဲ့သည်။ အမေရိကန်နှင့် ဥရောပတို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု အများအပြားကို ဖယ်ရှားပေးခဲ့၏။ နိုင်ငံရေးအကျဉ်းသားအများစုပြန်လည်လွတ်မြောက်လာ၏။ နိုင်ငံအကြီးအကဲများ အပြန်အလှန်လည်ပတ်မှုများ ရှိလာ၏။ နိုင်ငံခြားကြွေးမြီများစွာကို လျှော်ပေးခဲ့ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည်။

ယခုအခါ သတင်းလွတ်လပ်ခွင့်အညွှန်းကိန်းထုတ်ပြန်တော့လည်း ၂၀၁၃ တွင် မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်က အဆင့်နေရာ ၁၅၁ ကို ပထမဆုံးအကြိမ် ရောက်လာသည်။ နိုင်ငံပေါင်း ၁၈၀ ကို လေ့လာဖော်ပြခဲ့ခြင်းဖြစ်သည်။ အဆင့် ၁၅၁ သည် နိုင်ငံတကာသတင်းလွတ်လပ်ခွင့်အညွှန်းတွင် မြင့်မားလှသည်မဟုတ်သော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်ကျော်အတွင်း အဆိုးရွားဆုံး ၁၅ နိုင်ငံစာရင်းဝင်အဖြစ် တစိုက်မတ်မတ်ရှိခဲ့ရာက ပထမဆုံးအကြိမ်လွတ်မြောက်လာပြီး အဆင့်နေရာ ၁၈ ခုကို ခုန်ကျော်တက်လာခြင်းဖြစ်၍ ထူးခြားပါသည်။

ကမ္ဘာ့သတင်းလွတ်လပ်ခွင့် အနည်းဆုံးနိုင်ငံ ထက်ဝက်ခန့်က အာရှပစိဖိတ်ဒေသတွင် တည်ရှိနေ၏။ နယ်စည်းမခြားသတင်းထောက်များအဖွဲ့ RSF က ယခုနှစ်ထုတ်ပြန်လိုက်သော စာနယ်ဇင်းလွတ်လပ်ခွင့်တွင် မြန်မာနိုင်ငံက ပထမဆုံးအကြိမ် မလေးရှားနှင့် စင်ကာပူတို့ထက် တိုးတက်မှုများခဲ့သည့်အပေါ် အိမ်နီးချင်းနိုင်ငံမှ ပြည်သူများက သတိထားမိလိုက်ကြသည်။

မြန်မာနိုင်ငံတွင် စစ်အစိုးရသက်တမ်းတစ်လျှောက် ဖိနှိပ်မှုများထဲတွင် နိုင်ငံ၏စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ပိတ်ဆို့မှုက အတော်ကြီးမားခဲ့သည်။ ပြည်ပအသံလွှင့်ဌာနဗီအိုအေကို နားထောင်မှုဖြင့် ထောင်ချခံရသူရှိခဲ့သော မြန်မာနိုင်ငံတွင် ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ကြောင့် ထောင်ဒဏ်နှစ်ရှည်ချခံရသော ဘလော့ဂါများစသဖြင့် လွတ်လပ်စွာပြောဆိုရေးသားခွင့် ကင်းမဲ့သော ဆယ်စုနှစ်များစွာကို မြန်မာတို့ ဖြတ်သန်းခဲ့ရသည်။ စာနယ်ဇင်းများတွင် ငွေမင်သုတ်ထားသော၊ မင်အနက်ရောင်ဖြင့် ပိတ်ထားသော စာအုပ်များ၊ မဂ္ဂဇင်းများကို မှတ်မိကြဦးမည်ထင်ပါသည်။ မကြာလှသေးသော်လည်း ယင်းတို့က ယခုအတိတ်သမိုင်းဖြစ်နေလေပြီ။ အိမ်နီးချင်းနိုင်ငံ သတင်းသမားများကပင် အားကျလာနေကြ၏။

အရှေ့တောင်အာရှက ဖွံ့ဖြိုးတိုးတက်နေသော မလေးရှားနှင့် စင်ကာပူတို့တွင်မူ စာနယ်ဇင်းလွတ်လပ်ခွင့်က အနုတ်လက္ခဏာပြခဲ့သည်။ လွန်ခဲ့သည့် ၂ နှစ်က မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် မလေးရှားသတင်းထောက်တစ်ဦးက ဒေါ်အောင်ဆန်းစုကြည်ကို အခြားပြည်တွင်းသတင်းထောက်များနှင့်အတူ စစ်တပ်အစောင့်အကြပ်မရှိဘဲ တွေ့ဆုံခွင့်ရခဲ့၍ အတော်အံ့အားသင့်ရကြောင်း ရေးသားခဲ့သည်။ ယခင်က လွတ်လပ်ရေးဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းနှင့် ဓာတ်ပုံများကို ဖော်ပြခွင့်မရခဲ့သော်လည်း သမ္မတဦးသိန်းစိန် တံခါးဖွင့်ဝါဒကျင့်သုံးလိုက်ချိန်မှစပြီး သတင်းမီဒီယာများ အစီအရီပေါ်ထွက်လာပြီး ဖော်ပြမှုများအကန့်အသတ်နည်းလာကြောင်းပြည်တွင်းသတင်းထောက်များက ၎င်းအား ပြောပြသည်ဟု ဆိုသည်။

မြန်မာက မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူတို့ထက် သတင်းလွတ်လပ်ခွင့်တိုးတက်မှု ပိုများသည့်အကြောင်းများထဲတွင် မြန်မာနိုင်ငံက သတင်းလွတ်လပ်ခွင့်ဖြေလျှော့ပေးနေသည့် အချိန်အတွင်းမှာပင် အိမ်နီးချင်းနိုင်ငံများတွင် ပို၍တင်းကျပ်လာမှုများ သို့တည်းမဟုတ် ဖြေလျှော့မှုနည်းပါးနေးကွေးနေခြင်းလည်း ပါဝင်သည်။

မလေးရှားဝန်ကြီးချုပ်ရုံးက ပုံနှိပ်နှင့် ထုတ်ဝေရေးအက်ဥပဒေကိုပြင်ဆင်ပြီး အွန်လိုင်းမီဒီယာကို လွတ်လပ်ခွင့်ပေးမည်ဟု ဆိုသည်။ အွန်လိုင်းမီဒီယာသည် အထူးသဖြင့်အစိုးရကို ဝေဖန်ရေးတွင် အပြင်းထန်ဆုံးဖြစ်သော်လည်း မည်သည့်အခါကမှ ပိတ်ပင်ခံရမှု မရှိခဲ့သလို အပြစ်ဒဏ်ချမှတ်ခံရခြင်းမရှိခဲ့ဟု အစိုးရအာဏာပိုင်များက ဆိုသည်။ အစိုးရက သတင်းမီဒီယာပိတ်ဆို့မှုများကို ဖယ်ရှားသည်ဆိုလျှင် အဘယ်ကြောင့် မလေးရှားသတင်း လွတ်လပ်ခွင့်အဆင့်ကကျဆင်းလာရပါသနည်း။

အကြောင်းတစ်ခုမှာ အပြောင်းအလဲက နှေးကွေးလွန်းခြင်းဖြစ်သည်ဟု မလေးရှားသတင်းသမားများကဆိုသည်။ ထို့အပြင် ရှေ့တစ်လှမ်းတက်ပြီး နောက်နှစ်လှမ်းပြန်ဆုတ်သည့် ခြေလှမ်းများ ရှိနေခြင်းဖြစ်သည်။ ထုတ်ဝေခွင့်ပေးပြီးမှ ထုတ်ဝေခွင့်စည်းမျဉ်းကို ချိုးဖောက်သည်ဆိုကာ ပြန်ပိတ်ခဲ့သည်များရှိခဲ့သည်။ ထို့အပြင် အွန်လိုင်းမီဒီယာကို လွတ်လပ်ခွင့်ပေးသော်လည်း သတင်းစာ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကိုမူ စည်းမျဉ်းပေါင်းများစွာဖြင့် ချုပ်ကိုင်ထားခြင်းဖြစ်သည်။ ယခင် မဟာသီယာလက်ထက်က သတင်းလွတ်လပ်ခွင့်နှင့်ယှဉ်လျှင် ပိုကောင်းနေသည့်အပေါ် ကျေနပ်နေ၍မဖြစ်ဘဲ နိုင်ငံတကာနှင့် နှိုင်းယှဉ်ရမည်ဖြစ်ကြောင်း မလေးရှားသတင်းသမားများက ဆိုသည်။

သတင်းလွတ်လပ်ခွင့် အနည်းဆုံးအာရှနိုင်ငံများထဲတွင် တရုတ်၊ မြောက်ကိုရီးယား၊ ဗီယက်နမ်၊ လာအို၊ သီရိလင်္ကာတို့ပါဝင်ခဲ့သည်။ စင်ကာပူက အဆင့်နေရာ ၁၄၉ ကိုရောက်လာသည်။ စင်ကာပူသမိုင်းတွင် အနိမ့်ဆုံးဖြစ်သည်။

**စာမျက်နှာ(၃၂)သို့**

Business 7DAY NEWS JOURNAL

Vol.12, No.50 • FEBRUARY 19 , 2014



အိန္ဒိယမှ ပုံနှိပ်စက်များမြန်မာနိုင်ငံသို့ တင်သွင်းလာကြသည် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အိန္ဒိယစက်မှုတင်ပို့သူများ မြန်မာနိုင်ငံသို့ ဝင်ရောက်လို

**ခင်မေဇော်**

အမေရိကန်နှင့် ဥရောပတို့တွင် ဈေးကွက်နေးကွေးလာသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော အိန္ဒိယစက်မှုတင်ပို့သူများက မြန်မာနိုင်ငံဘက်သို့ ဦးလှည့်လာနေကြောင်း Press Trust of India က ဖော်ပြသည်။

"အနောက်နိုင်ငံသားတွေက စီးပွားရေးလုပ်ငန်းအသစ်တွေနဲ့ အခွင့်အလမ်းကြီးတွေကို မြန်မာနိုင်ငံထဲဝင်ပြီး ရှာဖွေနေတဲ့အချိန်မှာ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်တွေက ဒေသန္တရအရလည်း ကျွန်တော်တို့အတွက် စိတ်ဝင်စားစရာအပြည့်ရှိနေတဲ့နိုင်ငံက ဒီအခွင့်အရေးမျိုးကို လက်မလွှတ်သင့်ဘူး" ဟုစက်မှုဆိုင်ရာတင်ပို့သည်EEPC India ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဘာရပ်ဆာကာက ပြောသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှကို ကုန်းတွင်းပိုင်းမှ ဝင်ရောက်နိုင်သည့် တစ်ခုတည်းသော ကြားခံနိုင်ငံဖြစ်ပြီး နယ်စပ်ကီလိုမီတာ ၁၆၀၀ ရှည်လျားသည်။

EEPC India ကိုယ်စားလှယ်အဖွဲ့သည် မကြာသေးမီက ရန်ကုန်မြို့သို့ လာရောက်လည်ပတ်ခဲ့ပြီး စက်မှုထုတ်ကုန်များကို ပြပွဲခင်းကျင်းရန် ပြင်ဆင်ခဲ့ကြသည်။ မြန်မာနိုင်ငံဈေးကွက်ကို ဆွဲဆောင်နိုင်ရန် လာမည့်လတွင် Indee အမည်ရှိကုန်စည်ပြပွဲကျင်းပမည်ဖြစ်သည်။

လက်ရှိတွင် အိန္ဒိယသည် နိုင်ငံတကာနှင့် ကုန်သွယ်မှုစုစုပေါင်း ဒေါ်လာ၈၀၀ ဘီလီယံရှိနေချိန်တွင် အိန္ဒိယ-မြန်မာကုန်သွယ်သည်ဒေါ်လာနှစ်ဘီလီယံခန့်မျှသာ ရှိသည်။ မြန်မာနိုင်ငံမှ တင်သွင်းမှုတန်ဖိုးဒေါ်လာသန်း ၅၀၀ ခန့်ရှိပြီး မြန်မာသို့တင်ပို့မှုမှာ ထို့ထက်ပို နည်းပါးနေကြောင်း EEPC က ပြောဆိုသည်။

"အများအားဖြင့် နိုင်ငံရေးနဲ့ဆိုင်တဲ့ သမိုင်းဖြစ်ရပ်တွေကြောင့် နှစ်နိုင်ငံ ဆက်ဆံမှုနည်းပါးခဲ့ပေမယ့် နိုင်ငံရေးအပြောင်းအလဲတွေက ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံရဲ့ တိုးတက်လာနေတဲ့ စီးပွားရေးထဲကိုဝင်ရောက်ဖို့ အကြောင်းရင်းခံတွေ ဖြစ်လာပါတယ်" ဟု မစ္စတာဆာကာက ပြောသည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးကားလမ်းစီမံချက်သည် လာအိုနှင့် ကမ္ဘောဒီးယားအထိ အိန္ဒိယအကူအညီဖြင့် တိုးချဲ့မည်ဖြစ်ပြီး ဒေသတွင်းကုန်သွယ်မှုနှင့် ကူးသန်းသွားလာရေးကို တိုးမြှင့်နိုင်မည်ဟုမျှော်လင့်ထားသည်။

အိန္ဒိယ စက်မှုပိုင်းဆိုင်ရာ တင်ပို့မှုသည် လတ်တလောတွင် လယ်ထွန်စက်၊ ဆန်ကြိတ်စက်၊ ဆီကြိတ်စက်၊ ပါဝါထရန်စမစ်ရှင်နှင့် လျှပ်စစ်ခလုတ်ကဲ့သို့သော စက်ပစ္စည်းများကို မြန်မာနိုင်ငံသို့တင်ပို့နေကြောင်း သိရသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၀ | ၉၈၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၃ | ၇၈၃ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၄၀ | ၁၃၅၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၁၅ | ၃၀. ၄ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၁ | ၁၆၂ | ကျပ် |

၂၀၁၄ ဖေဖော်ဝါရီ ၁၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၅၉၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၀၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁. ၇၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၆၆၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၈၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၃. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၃၀၆၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၂၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၅၅၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၅၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၉ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၀၆၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၃၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၁၀၉၇၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၅. ၁၀၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၁၈. ၃၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၉၄ |
| ငွေ | အောင်စ | ၂၁. ၄၃ |
| ကြေးနီ | ပေါင် | ၃. ၃၂ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၅. ၂၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဖေဖော်ဝါရီ ၁၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014




ရန်ကုန်မြို့တွင်းသွားလာနေသည့် နိုင်ငံခြားသားဧည့်သည်များ

# နေအိမ်တည်းခိုသည့်ခရီးသွားလုပ်ငန်း မြန်မာတွင် ခွင့်မပြုသေး

ကမ္ဘာတစ်လွှား ခရီးသွားများက အခြားနိုင်ငံများမှ ယဉ်ကျေးမှုကို ကိုယ်တိုင်လေ့လာလိုသည့်အတွက် ဒေသခံများ၏ နေအိမ်တွင် တည်းခိုလည်ပတ်ကြခြင်း ခေတ်စားလာသည်။ ယင်းဒေသခံများ၏ စီးပွားရေးကိုလည်း တိုးတက်စေပြီး အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ထိုကဲ့သို့ နေအိမ်များ၌ တည်းခိုခြင်းများရှိလာသည်။

သို့ရာတွင် နေအိမ်တည်းခိုကြသော ခရီးသွားလုပ်ငန်းရေစီးကြောင်း၌ မြန်မာနိုင်ငံ လိုက်ပါမလာသေးပေ။ မြန်မာနိုင်ငံတွင် ရွာသားများ၏ နေအိမ်တွင် တည်းခိုနေထိုင်ရန် အစိုးရကတရားဝင်ခွင့်မပြုကြောင်း ကမ္ဘာ့ခရီးသွားသတင်းစာတစ်စောင်က ဖော်ပြလိုက်သည်။

နေအိမ်တွင် တည်းခိုလည်ပတ်သည့် ခရီးသွားလုပ်ငန်း၏ အကျိုးအမြတ်တစ်ခုမှာ ယဉ်ကျေးမှုမတူသောလူများ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြခြင်းနှင့် အပြန်အလှန်သင်ယူနိုင်ကြခြင်းဖြစ်သည်။ သို့သော် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းဦးက ဤလုပ်ငန်းမှ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများလည်းရှိသည်ဟု ဆိုသည်။

"အစိုးရက မြန်မာနိုင်ငံမှာ နေအိမ်မှာတည်းခိုတဲ့ ခရီးသွားလုပ်ငန်းကို ခွင့်မပြုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရွာသားတွေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေအကြားမှာ ယဉ်ကျေးမှု၊ ဘာသာစကား၊ လူနေမှုအဆင့်အတန်းတွေ မတူညီကြလို့ပါပဲ" ဟု ဦးမြင့်ထွန်းဦးက ဆိုသည်။

"နေအိမ်တွေတည်းခိုတဲ့ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး ဗဟုသုတမရှိကြတဲ့ ရွာသားတွေကို ကျွန်တော်တို့က ပညာပေးဖို့ လိုအပ်ပါတယ်။ အခုနေ လုပ်ခွင့်ပြုလိုက်ရင် ရွာသားတွေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေအကြားမှာ မလိုလားအပ်တဲ့ ပြဿနာတွေနဲ့ နားလည်မှုလွဲတာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဝန်ကြီးဌာနက ယခုအခါ နေအိမ်တွင်တည်းခိုသည့် ခရီးသွားလုပ်ငန်းအတွက် စည်းမျဉ်းစည်းကမ်းများနှင့် အလုပ်ရုံ သင်တန်းများပေးနေသော်လည်း မည်သည့်အချိန်တွင် တရားဝင်ခွင့်ပြုနိုင်မည်ဆိုသည်ကို သူ့အနေဖြင့် မပြောနိုင်ကြောင်း ဦးမြင့်ထွန်းဦးက ဆိုသည်။

ယဉ်ကျေးမှုဖလှယ်ရေးအမြင်နှင့် ပတ်သက်ပြီး ၎င်းက တွန့်ဆုတ်နေသော်လည်း စီးပွားရေးအကျိုးအမြတ်ရှိကြောင်းကိုမူ လိုလိုလားလား လက်ခံသည်။

"မြန်မာနိုင်ငံမှာ နေအိမ်တည်းခိုတဲ့ ခရီးသွားလုပ်ငန်း အောင်မြင်လာရင်တော့ သူတို့သွားတဲ့ရွာတွေမှာ စီးပွားရေးအကျိုးအမြတ်တွေ ရလာမှာပဲ။ ခရီးသွားတွေက ရွာကလုပ်တဲ့ပစ္စည်းတွေကို ဝယ်ကြမယ်။ ဒီတော့ ကမ္ဘာလှည့်ခရီးသွားများလာလေလေ ရွာသားတွေ အကျိုးရှိလေလေပါပဲ"

မြန်မာခရီးသွားအသင်း UMTA ဒုတိယဥက္ကဋ္ဌ ဦးသက်လွင်တိုးက ရရှိလာမည့် အကျိုးအမြတ်မှာ စီးပွားရေးအကျိုးအမြတ်ထက် ပိုသည်ဟု ဆို၏။ ရွာသားများနှင့် ကမ္ဘာလှည့်ခရီးသွားများအကြား ဗဟုသုတနှင့် အတွေ့အကြုံဖလှယ်နိုင်ကြပြီး မြန်မာကို ကမ္ဘာက ပိုသိလာကြမည်ဖြစ်သလို ပညာရေးရာတွင်လည်း အကျိုးအမြတ်ရရှိနိုင်သည်ဟု ၎င်းက ပြောဆိုသည်။

"နေအိမ်မှာတည်းခိုတဲ့ ခရီးသွားလုပ်ငန်းရဲ့ အဓိကအကြောင်းက ဒေသခံလူမှုအသိုင်းအဝိုင်းပါ။ ပြည်တွင်းကဖြစ်ဖြစ်၊ နိုင်ငံတကာက ဖြစ်ဖြစ်၊ ကျောင်းသားတွေက ဒေသခံပြည်သူတွေရဲ့ ဘဝကို သင်ယူနေတဲ့အချိန်မှာ၊ သူတို့စာတမ်းတွေရေးနေတဲ့အချိန်မှာ ဒေသတွင်းအိမ်တွေမှာ နေထိုင်တည်းခိုနေနိုင်ဖို့ပါပဲ"

စီစဉ်ထားသော အုပ်စုခရီးစဉ်များထက် တစ်ဦးချင်းမိမိအစီအစဉ်ဖြင့် လာရောက်သည့် ခရီးသွားများအတွက် နေအိမ်တည်းခိုသည့် ခရီးသွားလုပ်ငန်းက ပို၍လိုက်လျောညီထွေဖြစ်မည်ဖြစ်ကြောင်း ဦးသက်လွင်တိုးက ပြောသည်။

"ကျွန်တော်တို့နိုင်ငံက နေအိမ်တည်းခိုတဲ့ ခရီးသွားလုပ်ငန်းကို ဖွင့်ပေးသင့်တယ်။ ဒါပေမဲ့ ပထမဆုံးကတော့ လူတွေကို လေ့ကျင့်သင်ကြားပေးရပါလိမ့်မယ်။ ဒါမှလည်း ခရီးစဉ်တွေကို စနစ်တကျ စီစဉ်နိုင်မှာဖြစ်ပါတယ်"

**ခင်မေဇော်**

**ကိုးကား-http://www.eturbonews.com/42845/government-doesn'tallow-homestay-tourism myanmar**

မိသားစုဘဝများ လုံခြုံဖို့ "Two Stars" သွပ်ပြား မိုးကြစို့...

TWO STARS
Full Hard Quality
JIS G 3302 SGCH
TWO STARS
သွပ်ပြားနှင့်ကာလာစတီးလ်အမိုးပြားများ



Distributed by: Lwin Oo Htwe Trading Co., Ltd. အဆောင် (၂၅)၊ အခန်း (၇၊ ၈)၊ ကျောက်စိမ်း (၄) လမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁–၉၆၄၀၁၃၃၊ ၉၆၄၀၁၄၄၊ ၉၆၄၀၀၁၉၊ ၉၆၄၀၀၅၁
Factory : အမှတ် (၂၄၈)၊ R-1 လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၇၃၁၁၄၆၀၆၊ ၀၉ ၈၅၉၁ ၈၈၉



# အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီစီးပွားရေး

ကြည်နေဝင်းမင်း

မကြာသေးမီ တနင်္ဂနွေနေ့ နံနက်ပိုင်းက မာနော့ကူးမားဂျိန်းသည် အိန္ဒိယနိုင်ငံအနောက် လာဆယ်ဂွန်မြို့တွင် ကျယ်ဝန်းသော ကားရပ်နားကွင်း၌ ချထားသော ကြက်သွန်နီတောင်ပုံရာပုံကြား သွားလာနေရင်း မိုဘိုင်းဖုန်းဖြင့် ကြက်သွန်နီအမှာများ လက်ခံနေသည်။

“ခင်ဗျားက ရုရှားတွေအတွက် အလုံးကြီးကြီး ပန်းနီရောင်ကြက်သွန်တွေ လိုချင်တယ် မဟုတ်လား။ ကောင်းပြီ မင်းဆီ ချက်ချင်းပဲ နမူနာပို့ပေးလိုက်မယ်”ဟု အဖြူရောင်ဦးထုပ်များ ဆောင်းထားသော ကြက်သွန်စိုက်တောင်သူများနောက်က တကောက်ကောက်လိုက်နေစဉ်မှာပင် ဂျိန်းက ပြောလိုက်သည်။

ဖုန်းကိုချလိုက်ပြီးချိန်မှာပင် ဂျိန်းက သူလိုချင်သော ကြက်သွန်ကို ဓာတ်ပုံရိုက်ပြီး တစ်ဖက်မှ ဖုန်းခေါ်ဆိုသူထံ ပို့လိုက်သည်။ “နည်းပညာက ကုန်သွယ်ရေးလုပ်ငန်းကို အများကြီးလွယ်ကူအောင် လုပ်ပေးလိုက်တယ်”ဟု ဂျိန်းက အပြုံးတစ်ပွင့်နှင့်စကားဆိုပြီး “ဒီမှာ အချိန်ဖြုန်းနေလို့လည်း မရဘူးလေ”ဟု ၎င်းကဆက်လက်ပြောသည်။

လာဆယ်ဂွန်မြို့မှာ အာရှတိုက်၏အကြီးမားဆုံး ကြက်သွန်နီဈေးကွက်တည်ရှိရာမြို့ဖြစ်ပြီး မဟာရက်ရှ်ထရပြည်နယ်တွင်ပါဝင်သည်။ မဟာရက်ရှ်ထရပြည်နယ်သည် အိန္ဒိယ၏နှစ်စဉ် ကြက်သွန်နီထုတ်လုပ်မှု တန်ပေါင်း ၁၆ သန်း၏ သုံးပုံတစ်ပုံထုတ်လုပ်ပေးနေသည်။

ဂျိန်းသည် ယင်းဒေသတွင် ကြက်သွန်တောင်သူ ၁,၇၀၀ ခန့်ထံမှ ဝယ်ယူကုန်သွယ်သော လိုင်စင်ရကုန်သည် ၂၀၀ အနက်မှ တစ်ဦးဖြစ်သည်။ တောင်သူများက ယင်းဒေသတွင် သီတင်းတစ်ပတ်လျှင် ငါးရက်မှခြောက်ရက်အထိ ကျင်းပသော ကြက်သွန်လေလံပွဲများဆီသို့ ထွန်စက်များဖြင့် လာရောက်ရောင်းချလေ့ရှိသည်။ နေရာပေါင်း ၁၃ နေရာခန့်တွင် လေလံပွဲများ ကျင်းပကြသည်။

ကြက်သွန်နီမှာ ဆင်းရဲချမ်းသာမရွေး သန်းပေါင်းများစွာသော အိန္ဒိယနိုင်ငံသားများ၏ အစားအသောက်တွင် မပါမဖြစ်ပါဝင်သည်။ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဟင်းမယ်များတွင် ထည့်သွင်းစားသုံးကြသည်။ “ဈေးနှုန်းပြောင်းလဲသွားရင်လည်း ကြက်သွန်လိုအပ်ချက်က ပြောင်းလဲမသွားဘူး။ ကြက်သွန်နီက တခြားဘယ်အသီးအနှံနဲ့မှ အစားထိုးလို့မရဘူး”ဟု လယ်ယာစီးပွားရေးပညာရှင် အာရှော့ဂူလက်တီကပြောပါသည်။ သို့ဆိုလျှင် ကြက်သွန်နီမှာ အိန္ဒိယနိုင်ငံသားများအတွက် မရှိမဖြစ်လိုအပ်သောပစ္စည်းဖြစ်သည်။

ဈေးကွက်အတွင်းကြက်သွန်ဝင်ရောက်မှုများပြားလွန်းပါက ဈေးနှုန်းများကျဆင်းပြီး တောင်သူများကို ထိခိုက်သည်။ မဟာရက်ရှ်ထရ၊ ဂူဂျာရတ်နှင့် ကာနာတာကာပြည်နယ်တို့မှာ အိန္ဒိယနိုင်ငံ၏ ကြက်သွန် ၆၀ ရာခိုင်နှုန်း ထုတ်လုပ်ပေးပြီး ကြက်သွန်ဈေးနှုန်း အတက်အကျကို အခံစားရဆုံးပြည်နယ်များဖြစ်သည်။ ယင်းနှင့် ဆန့်ကျင်ဘက် ဈေးကွက်အတွင်း ကြက်သွန်ပြတ်လပ်၍ ဈေးနှုန်းများ မြောက်တက်သွားပါကလည်း ဒေါသတကြီး ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်လာနိုင်ပြီး အစိုးရကိုပင် ပြုတ်ကျသွားစေနိုင်သည်။

၂၀၁၀ ပြည့်နှစ်တွင် ယင်းအခြေအနေမျိုးကြုံခဲ့ရ၍ ကွန်ဂရက်ပါတီ ဦးဆောင်သော အစိုးရက ကြက်သွန်နီများ နိုင်ငံခြားတင်ပို့မှုကိုပိတ်ပင်၍ ပြည်ပမှပင်ပြန်လည်တင်သွင်းခဲ့ရသည်။ နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြသလိုပင် ‘ကြက်သွန်နီဈေးတွေမြင့်တက်သွားရင် အစိုးရပြုတ်ကျသွားနိုင်တယ်’ဆိုသော အခြေအနေဖြစ်သည်။

ပြီးခဲ့သည့်နှစ်က မိုးရွာသွန်းမှုကြောင့် ကြက်သွန်နီခူးဆွတ်မှုနောက်ကျခဲ့ရပြီး သီးနှံများလည်း ပျက်စီးခဲ့ရာတွင် လက်ကားဈေးကွက်မှာပင် ဈေးနှုန်းများ ၂၇၀ ရာခိုင်နှုန်းအထိ မြောက်တက်သွားခဲ့သည်။ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်သွားမှုက ဝင်ငွေ၏ ၆၀ ရာခိုင်နှုန်းကို စားနပ်ရိက္ခာအတွက် အဓိကသုံးစွဲရသော ဆင်းရဲသားမိသားစုများကို အပြင်းထန်ဆုံး ရိုက်ခတ်ခဲ့သည်။

“ကြက်သွန်နီဟာ အလွန်ဈေးနှုန်းအပြောင်းအလဲမြန်တဲ့ကုန်ပစ္စည်းပါ။ ဈေးနှုန်းဘယ်တော့တက်မလဲ၊ ကျမလဲဆိုတာဘယ်သူမှမသိဘူး။ ပျက်စီးမှုများလို့လည်း အကြာကြီးလည်း လှောင်မထားနိုင်ဘူး။ နောက်ပြီး လွတ်လပ်တဲ့ဈေးကွက်မှာ ရောင်းကြ၊ ဝယ်ကြတာပဲ”ဟု ဂျိန်းကပြောသည်။

ကြက်သွန်နီစီးပွားရေးလုပ်ငန်းကနေပြီး အာရှတွင် တတိယအကြီးဆုံးဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှင့် ဖွံ့ဖြိုးမှုနည်းပါးမှုနှင့် နပန်းလုံးနေရသော အိန္ဒိယနိုင်ငံ၏ အားနည်းချက်အများအပြားကို မီးမောင်းထိုးပြနေသည်။ ပထမဆုံးတစ်ချက်အနေဖြင့် လယ်ယာလုပ်ငန်းစီးပွားရေးမှာ ရာသီဥတု၏ အစိုးမရမှုအပေါ် အကြီးအကျယ်မှီခိုနေရပုံကို သရုပ်ပြနေသည်။ ရာသီမဟုတ် ရွာသွန်းသောမိုးကြောင့် သီးနှံပျက်စီး၍ ထောက်ပံ့ရေးလုပ်ငန်းများ ထိခိုက်ကာ ဈေးနှုန်းများ ခေါင်မိုးဖောက်သွားနိုင်သည်။ မိုးရွာသွန်းမှုနည်းပါးလွန်းပါကလည်း ပစ္စည်းပြတ်လပ်မှုကြီးမားကာ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လာစေသည်။ စားသုံးသူများနှင့် လယ်သမားများ ဆုံးရှုံးချိန်တွင် ကုန်သည်များနှင့် တစ်ဆင့်ရောင်းချသူများ အမြတ်ထွက်ကြသည်။

ကြက်သွန်နီစီးပွားရေးလုပ်ငန်းကပင် တစ်ခါတစ်ရံကြားလူပွဲစား ၁၀ ဦးခန့်ပါဝင်သည့် ရှုပ်ထွေးပွေလီသော အဆင့်ဆင့်ရောင်းချမှုစနစ်ကို လှစ်ဟပြနေပြီး ယင်းမှနေ၍ လက်လီများထံ ပစ္စည်းရောက်ရှိချိန်တွင် ဈေးနှုန်းအလွန်မြင့်မားနေနိုင်သည်။ လာဆယ်ဂွန်မြို့ လေလံပွဲနေ့က ကြက်သွန်အဝင်များခဲ့သဖြင့် ဂျိန်းသည် တောင်သူများထံမှ တစ်ကီလိုလျှင် ရှစ်ရူပီးနှင့် ၉ ဒသမ ၅ ရူပီးကြား ဝယ်ယူနေခဲ့သည်။ ယင်းမှ ၁၄၄ မိုင်ကွာဝေးသော မွမ်ဘိုင်းမြို့တွင်မူ ထိုအချိန် ဂျိန်းဝယ်ယူနေသောဈေးထက် အနည်းဆုံး သုံးဆမှလေးဆများသော ဈေးနှုန်းများဖြင့် ရောင်းချနေခဲ့ကြသည်။

“ပစ္စည်းပြတ်လပ်တဲ့အချိန်မျိုးတွေမှာ လက်လီဈေးသည်တွေဆီ ရောက်တဲ့အချိန်မှာ မူလဈေးထက် အဆပေါင်း ၄၀၀၊ ၅၀၀ အထိရှိတဲ့ နမူနာတွေတောင်ရှိခဲ့တယ်။ လူတိုင်းလူတိုင်းက ပျော်ပျော်ကြီး ဈေးတွေဆွဲတင်ခဲ့ကြတယ်”ဟု လယ်ယာစီးပွားရေးပညာရှင် အာရှော့ဂူလက်တီကဆိုသည်။

ကြက်သွန်နီသီးနှံများကိုဈေးကွက်အရောက်ပို့ရခြင်းကလည်း နောက်ထပ်စိန်ခေါ်မှုတစ်ခုဖြစ်သည်။ သယ်ယူပို့ဆောင်ရေးနှင့် ယင်းစနစ်အားနည်းမှုမှာ အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အအုံလိုအပ်ချက်နှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကအဟန့်အတား ဇာတ်လမ်းတစ်စိတ်တစ်ပိုင်းဖြစ်သည်။

ကျွန်တော်တို့ တွေ့ဆုံသောနေ့က ဂျိန်းမှာ နိုင်ငံအရှေ့ပိုင်း ကိုးလ်ကတ္တားမြို့မှ ဝယ်လက်ထံ ကြက်သွန်နီများပို့ဆောင်ရေး ကုန်တင်ယာဉ်များရရှိရန် ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေခဲ့သည်။ ကီလိုမီတာပေါင်း ၁,၇၅၀ ဝေးသော မြို့သို့နေ့စဉ်ကြက်သွန်နီတင်၍ တအိအိသွားနေသော လော်ရီကား ၁၆၅ စီးခန့်ရှိသည်ဟု ဂျိန်းကရှင်းပြသည်။ သို့သော်လည်း မလုံလောက်သေးပေ။ မီးရထားနှင့် ပို့ဆောင်ရန် လုံးဝမဖြစ်နိုင်။ လာဆယ်ဂွန်ဒေသတွင် မီးရထားဘူတာရုံလေးရုံရှိသော်လည်း နိုင်ငံ၏ အရှေ့ပိုင်းနှင့် မြောက်ပိုင်းရှိ ကြီးမားသောဈေးကွက်များသို့ အချိန်မီပေးပို့ရန် လုံလောက်သော ကုန်တင်ရထားတွဲမရှိပေ။

ထို့အပြင် ကြက်သွန်နီမှာ ၈၅ ရာခိုင်နှုန်း ရေဓာတ်ပါဝင်၍ ကြာရှည်သိုလှောင်ထားရန်လည်း မဖြစ်နိုင်ပေ။ အပူရှိန်ပြင်းသော အိန္ဒိယနွေရာသီကာလတွင် အလေးချိန်လည်း ဆုံးရှုံးသည်။ သို့ဆိုလျှင် အိန္ဒိယနိုင်ငံတစ်ဝန်း အအေးခန်းသိုလှောင်ရုံများ ကွန်ရက်တစ်ခု တည်ဆောက်ပြီးမှသာ ယင်းပြဿနာဖြေရှင်းနိုင်မည်ဖြစ်သည်။

ဗြိတိန်နိုင်ငံအခြေစိုက် စက်ကိရိယာပစ္စည်း အင်ဂျင်နီယာများအဖွဲ့၏အဆိုအရ အိန္ဒိယနိုင်ငံတွင် အသီးအနှံနှင့် ဟင်းသီးဟင်းရွက် ၄၀ ရာခိုင်နှုန်းခန့်မှာ လုံလောက်သော အအေးခန်းစနစ်မရှိ၍ နှစ်စဉ်အဟောသိကံဖြစ်ရသည်ဟု မကြာသေးမီက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။—*Ref:Onionomics*

# 7DAY BOOK REVIEW





## ခရီးပန်းတိုင်ရယ်လို့ မရှိ

**ကိုတာ**

စိတ်ကူးယဉ် ဂမ္ဘီရမဟုတ်ဘဲ ထူးခြားဆန်းကြယ်သောစာအုပ် ဖတ်ဖူးပါသလား။ မဖတ်ဖူးလျှင် ယခုစာအုပ်သည် လူ့လောက၌ အမှန်တကယ်ဖြစ်ပျက်ခဲ့ပြီး ထူးခြားသည့် အကြောင်းအရာကိုရေးထားသောစာအုပ်ဟု ပြောနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယခုစာအုပ်တွင် ငွေကြေးတစ်ပြား တစ်ကျပ်မျှမရှိသော လူငယ်တစ်ဦးသည် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် အိန္ဒိယနိုင်ငံမှ ခြေကျင်ခရီးလျှောက်ကာ မိုင်ပေါင်းရှစ်ထောင်ဖြတ်သန်းပြီး ကမ္ဘာတစ်ပတ်လှည့်လည်သည့်အကြောင်းရေးသားထား၍ ထူးခြားဆန်းကြယ်သောစာအုပ်ဟု ဆိုရခြင်းဖြစ်ပါသည်။

အိန္ဒိယနိုင်ငံမှ စာတစ်ကူးမားဆိုသူ လူငယ်သည် အဖော်တစ်ဦးနှင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးရရှိရေး၊ စစ်ပွဲများအဆုံးသတ်ရေးအတွက် ၁၉၆၀ ပြည့်လွန်နှစ်များက ကမ္ဘာပတ်၍လှည့်လည်ခဲ့သူဖြစ်သည်။ ၎င်းသည် အိန္ဒိယမှ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဆိုဗီယက်ပြည်ထောင်စု၊ အီရန်၊ အရှေ့ဥရောပတိုက်နှင့် အရှေ့၊ အနောက်ဂျာမနီတို့ကို ဖြတ်သန်း၍ ထိုမှပြင်သစ်၊ အင်္ဂလန်တို့ကို ဖြတ်ကျော်ကာအမေရိကန်ပြည်ထောင်စု၊ ယင်းမှတစ်ဖန် ဂျပန်မှတစ်ဆင့် အာရှတိုက်သို့ ပြန်လည်ရောက်ရှိလာသည့် ခရီးစဉ်အကြောင်း ပြည့်ပြည့်စုံစုံအသေးစိတ်ရေးသားထားသည်။ ယင်းသို့ ကမ္ဘာတစ်ပတ်လျှောက်လှမ်းခဲ့သည်မှာ ၁၈လမျှ ကြာမြင့်ခဲ့သည်။ ကမ္ဘာပတ်ခရီးစဉ်အတွင်း လူမျိုး အမျိုးမျိုးနှင့်တွေ့ရပုံ၊ ဘာသာတရား၊ ယဉ်ကျေးမှုများ၊ အကျင့်စရိုက်ပေါင်းစုံကြုံရပုံတို့ကို စုံစေ့စွာဖော်ပြထား၍ ထူးခြားသည့် စာအုပ်ဟုဆိုရခြင်းဖြစ်သည်။ မုံရွေးစာအုပ်တိုက်မှ တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ချစ်ရမှက်နှံ့နှစ် ပန်းကလေးတစ်ပွင့်ရဲ့ ဒဏ္ဍာရီ

**ဒေါက်တာစိုးလွင်**

စာအရေးအသားကောင်းသလို စာရေးအားလည်း ကောင်းလှသော ဒေါက်တာစိုးလွင်၏ "ချစ်ရမှက်နှံ့နှစ်ပန်းကလေးတစ်ပွင့်ရဲ့ဒဏ္ဍာရီ" ဆိုသော လုံးချင်းဝတ္ထုစာအုပ်ထွက်ရှိလာသည်။ စာရေးသူသည် ဆေးလောကနောက်ခံ အဖြစ်အပျက်များကို အများဆုံးရေးသားလေ့ရှိပြီး စာအုပ် ၂၅ အုပ် တိတိ ထုတ်ဝေခဲ့ပြီးဖြစ်သည်။ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်း ဆေးလောကအတွင်းမှ ဇာတ်လမ်းစုံ၊ အတွေ့အကြုံအစုံများကို ရေးသားတင်ဆက်ရာ၌ ဆေးပညာစာအုပ်တစ်အုပ်ကို ဖတ်ရှုရသလို စာဖတ်သူ ပျင်းရိငြီးငွေ့မှုမရှိရလေအောင် စာရေးသူ၏ သွက်လက်သော ရေးဟန်နှင့် "ဂျစ်တူးလေးရဲ့ မျှော်လင့်ချက်မနက်ဖြန်"၊ "ခြသေ့်နှလုံးသား နှင့် မိန်းမလက်များ"၊ "ဖဲမွေ့ရာပေါ်ကယောက်ျားမဟုတ်သောစက်ရုပ်"စသောဆန်းပြားသည့် အမည်ပေးဟန်များဖြင့် ဆေးပညာအသိများကို ဝေမျှထားသည်။

ယခုလုံးချင်းဝတ္ထုတွင်လည်း "အမှတ်မထင် ပစ်ခွင်းလိုက်သော မြားတစ်စင်း" "နှလုံးသားတံခါးကို အသေပိတ်ချိပ်"စသော ဆန်းပြားသည့်ခေါင်းစဉ်ငယ်လေးများဖြင့် ဒေါက်တာငြိမ်းချမ်း၊ ဒေါက်တာလင်း၊ စံပယ်ဖြူနှင့် သားမင်းမင်းတို့၏ ဇာတ်ရုပ်များကို စိတ်ဝင်စားဖွယ် ဖွဲ့နွဲ့ထားသည်။ လူ့လောကအတွင်း ကြုံတွေ့ရလေ့ရှိသော ရောဂါဝေဒနာများကို ကွန်ရက်သဖွယ် ယှက်နွယ်ပြီး ကြေကွဲစရာ၊ လွမ်းမောစရာ၊ ကြည်နူးစရာများဖြင့်ဖွဲ့သီထားသောဆေးလောကနောက်ခံရသဝတ္ထုဖြစ်သည်။ စိုးဇင်စာပေက ထုတ်ဝေပြီး တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့်ဖြန့် ချိသည်။

## Knowledge ဗဟုသုတ

### ကြက်ဥမွှေကြော် ပေါ်ပေါက်လာပုံ ဒဏ္ဍာရီ

ကြက်ဥမွှေကြော်ခေါ် ကြက်ဥကို ခွက်ထဲတွင် အနှစ်နှင့်အကာ ရောစပ်သွားအောင် ခေါက်ပြီးကြော်သည့် ကြက်ဥခေါက်ကြော် omeltet ပေါ်လာသည့်သမိုင်းမှာ ဒဏ္ဍာရီအဖြစ်သာရှိသည်။ ထိုဒဏ္ဍာရီမှာလည်း ပြင်သစ်စစ်ဘုရင်နပိုလီယံကို အကြောင်းပြု၍ ပေါ်လာခြင်းဖြစ်ရာ ၁၈ ရာစုတွင်မှ စတင်သည်ဟု ယူဆရသည်။ နပိုလီယံသည် အခါတစ်ပါးတွင် ပြင်သစ်နိုင်ငံတောင်ပိုင်း ဘတ်စီရတ်မြို့သို့ ညပိုင်းတွင် ရောက်သွားခဲ့ရာ ဒေသခံတည်းခိုခန်းပိုင်ရှင်က ကြက်ဥမွှေကြော် ပြင်ဆင်ကျွေးမွေးရာ သဘောကျသွားပြီး တစ်ရွာလုံးမှရှိသမျှ ကြက်ဥများကို ယူလာခိုင်းကာ နောက်တစ်နေ့တွင် ၎င်း၏ စစ်တပ်အတွက်ကြက်ဥမွှေကြော်ကြီးတစ်ချပ် ကြော်ကျွေးခိုင်းခဲ့သည်ဟု သိရသည်။ ထိုနောက်ပိုင်းမှစ၍ ကြက်ဥမွှေကြော်ခေတ်စားလာသည်ဟု ယူဆနိုင်သည်။ **Guiness/abouts**






### ARIES မိဿရာသီဖွား (မတ် ၂၁ – ဧပြီ ၂၀)

ထီးနီတစ်လက် ဆောင်ရလိမ့်မည်။ သေချာသိမ်းဆည်းပါ။ အလွန်ကောင်း၏ ထိုသို့ဝင်ပြီး ရက်ပိုင်းအတွင်း အညှံ့အဆိုးများက ကင်းစင်ခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်ခြင်း၊ အလုပ်အဆင်ပြေခြင်း ကြုံမည်။ အလောတကြီး စိတ်မြန်လက်မြန် လုပ်ကိုင်ခြင်းရှောင်ပါ။ ရှေ့သို့စိတ်ဆောပြီး လုပ်နေစဉ် နောက်ပိုင်းမှ ပြဿနာဖြစ်မည်။ လမ်းသစ်ထွင်၍ ပုံစံပြောင်းကာ လုပ်ကိုင်ပါက အလုံးစုံအဆင်ပြေမည်



### TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁ – မေ ၂၁)

လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားမည်။ အပေါင်းအသင်း ဒုက္ခပေးတတ်သည်။ အသွားအလာ အနေအထိုင် မတတ်၍ နာမည်၊ သိက္ခာထိခိုက်တတ်သည်။ ပစ္စည်းပျောက်တတ်သည်။ ပျို့ရွယ်သောသူများ ထူးခြားသော မေတ္တာရေးကိစ္စပေါ်မည်။ စန်းပွင့်မည်။ မိသားစုတွင် နေအိမ်နေရာ ပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်ပြင်ဆင်ခြင်းများ ပြုမည်။ လုပ်ငန်းကိစ္စများဆောင်ရွက်ရန်အခါ ကောင်းသည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂ – ဇွန် ၂၁)

ငွေကြေးကိစ္စ စကားပြောဆိုမှုများ အောင်မြင်မည်။ ရည်မှန်းချက်သစ်များ လက်တွေ့ဆောင်ရွက်သင့်သည်။ ကာလအတန်ကြာ ပစ်ပယ်ရပ်တန့်ထားသည့် လုပ်ငန်းများပြန်လည် ဆောင်ရွက်ဆဲ၊ လုပ်ငန်းသစ်များလုပ်ကိုင်ရန် ကြုံမည်။ လုပ်စရာများလင့်ကစား စနစ်တကျစိတ်ပါလက်ပါ ဆောင်ရွက်ပါက အားလုံးအဆင်ပြေသွားမည်။ သက်သက်သာသာ နားနေရန် စိတ်မကူးပါနှင့်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ – ဇူလိုင် ၂၂)

အလိုရှိရာ ဆောင်ရွက်အောင်မြင်မည်။ ရည်မှန်းချက် မြင့်မားစွာထားသင့်သည်။ ငွေကြေးစီးပွားတိုးတက်မည်။ အိမ်ဧည့်ခန်း ဖိနပ်ချွတ်တွေ ပြောင်ပြောင်လက်လက်နှင့် ပျက်စီးနေသော ပစ္စည်းတစ်ခု ရှိလိမ့်မည်။ ဖယ်ရှားလိုက်ပါ။ လာဘ်ပွင့်မည်။ ရပ်တန့်နေသည့် နာရီ၊ စက်ကိရိယာအားပြင်လိုက်ပါ။ အထင်လွဲခံရခြင်းများ၊ ငွေကုန်ခြင်းများ ရပ်တန့်သွားမည်။ ကိုယ်ပိုင်အစွမ်းအစနှင့် ငွေဝင်မည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃ – ဩဂုတ် ၂၃)

အငြင်းသန်သူများနှင့် တွေ့မည်။ အရည်အသွေး အဆင့်မရှိသူများက တိုက်ခိုက်နှောင့်ယှက်မှုပြုမည်။ ခွင့်လွှတ်ရအခက်၊ ရင်ဆိုင်ရအခက် ဖြစ်မည်။ ပရိယာယ်သုံးရန် ဖြေရှင်းပါမှ အဆုံးတွင် အဆင်ပြေမည်။ ရန်နှင့် ကြုံပါက အလောတကြီးချက်ချင်း ရင်မဆိုင်ပါနှင့်။ စိတ်ရှည်သည်းခံပြီး အချိန်ယူဖြေရှင်းပါ။ တစ်ဖက်မှ မိမိအားတောင်းပန် အရှုံးပေးရမည်။ အလှူမင်္ဂလာကိစ္စများ ဆောင်ရွက်ရမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄ – စက်တင်ဘာ ၂၂)

လုပ်သမျှ တလွဲတချော် ဖြစ်မည်။ လုပ်ငန်းသစ်၊ ရည်ရွယ်ချက်သစ်များ ဆောင်ရွက်ရန် အခါမသင့်သေး။ ကိုယ်ကအရေးတကြီးဟု မှတ်ယူထားသည့် ကိစ္စများကို တစ်ပါးသူက အရေးမပါဟုထင်မည်။ သူတစ်ပါးက အရေးတကြီးဟု ယူဆသည်များကို မိမိစိတ်မဝင်စား။ တစ်ပါးသူအမြင် အကြံဉာဏ်ကို ထပ်တူမြင်၍ ဆောင်ရွက်ကာမှ အကျိုးရှိမည်။ အကြီးအကဲ ချူချာမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃ – အောက်တိုဘာ ၂၃)

အခက်အခဲကြားမှ တိုးတက်မှုများ ရှာဖွေရရှိမည်။ အိမ်အနီးအပါးနှင့် ပဋိပက္ခများဖြစ်တတ်သည်။ မိသားစုအတွင်းမှ သူတစ်ဦး အနုပညာသမားတစ်ဦးနှင့်ပတ်သက်ကာ ပြဿနာတစ်မျိုးပြီးတစ်မျိုး ဖြစ်လာမှုအပေါ် စိတ်မချမ်းသာစရာများ ဖြစ်လာမည်။ စမ်းတဝါးဝါး ဆေးကု၍ ငွေကုန်၊ ရောဂါကျွမ်းနေသူတစ်ဦးအား စေတနာနှင့်ကူညီကာ မိမိငွေအကုန်အကျခံ၍ သမားကောင်းအပ်နှံပေးရကိန်းကြုံမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ – နိုဝင်ဘာ ၂၂)

နေရာအပြောင်းအရွှေ့ရှိမည်။ လူသစ်များနှင့် ဆက်ဆံရမည်။ အုပ်စုလိုက် ရန်မူသူအပေါ် အနိုင်ရရှိမည်။ မိမိအပေါ် အမျိုးမျိုးညစ်သောသူများနှင့် ထိပ်တိုက်တွေ့မည်။ အနှောင့်အယှက် အမျိုးမျိုးပေးမည်။ တိုးတက်မှုလမ်းကြောင်းတွင် ပိတ်ဆို့မည်။ မည်မျှအခက်အခဲရှိစေအဆုံးတွင် အောင်မြင်မည်။ အခက်အခဲများ ကြုံက ကြာသပတေးနေ့ သောကြာနေ့မွေးသူများနှင့်တွဲ၍ ဖြေရှင်းလိုက်ပါ။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ – ဒီဇင်ဘာ ၂၁)

သူတစ်ပါးအပေး စေတနာသန့်သန့်နှင့် ကူညီထားသည်များမှ ကောင်းသောအကျိုးဆက်ရရှိမည်။ ကိုယ်တိုင်ကြိုးစားပမ်းစား ဆောင်ရွက်ထားသည်များမှ အကျိုးခံစားရမည်။ သူတစ်ပါးနှင့်တွဲဖက်၍ ဆောင်ရွက်သည့်ကိစ္စများမှ စိတ်ချမ်းမြေ့စရာများ ကြုံမည်။ ပညာအတတ်၊ သင်တန်းကိစ္စများ လေ့လာရမည်။ အလုပ်တိုးတက်မည်။ နေရာသစ်တစ်ခုသို့ ပြောင်းလဲရခြင်း ကြုံမည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ – ဇန်နဝါရီ ၂၀)

ဦးခေါင်း၊ မျက်စေ့တို့တွင် မတော်တဆ ထိခိုက်မှ သတိပြုပါ။ လူယုံထား၍ မရ။ မိမိယုံစားအားကိုး အားထားပြုရမည့်သူက မိမိအပေးဒုက္ခပေးတတ်သည်။ သွေးထွက်သံယို ဖြစ်ကိန်းရှိသည်။ အသွားအလာ ဆင်ခြင်ပါ။ အချိန်မတော်ခရီးသွားလာခြင်း ရှောင်ပါ။ လူမှား၍ ရန်ပြုခံရတတ်သည်။ ဤကာလတွင် စတင်လုပ်ကိုင်သည့်လုပ်ငန်းများ တစ်ဝက်တစ်ပျက် ဖြစ်တတ်သည်။ ဥပဒေနှင့် မကင်းသည့်ကိစ္စများ ရှောင်ပါ။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ – ဖေဖော်ဝါရီ ၁၈)

ဆောင်ရွက်ထားသည့်ပြဿနာအမှားအယွင်းများ ပြန်လည်ဖြေရှင်းရမည်။ စကားအပြောအဆို အထူးဆင်ခြင်သင့်သည်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ ဝေဖန်ခြင်းမပြုရ။ လိုသည်ထက်ပို၍ စိတ်ခံစားချက် ဦးစားပေးခြင်းမသင့်။ ကိုယ့်လုပ်ချင်သည့် ကိစ္စကို လုပ်ခွင့်မရှိသည့်အပြင် ဆန့်ကျင်ဘက်လမ်းကြောင်းသို့ ဦးတည်လုပ်ကိုင်ရမည်။ မိမိအပေါ် ခုတုံးလုပ်၍ တိုးတက်မှု ရှာကြံသူများ တွေ့ရတတ်သည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ – မတ် ၂၀)

မေတ္တာရေး ကံကောင်းမည်။ စိတ်ချမ်းမြေ့စရာများ ကြုံမည်။ စနစ်တကျလုပ်ကိုင်ထားသည်များမှ ကောင်းသော အကျိုးဆက်ရရှိမည်။ အပင်ပန်းခံပြီး ဆောင်ရွက်ထားသည်များမှ ကောင်းကျိုးရရှိမည်။ လှုပ်ရှားမှုများများမည်။ အဆက်အသွယ်ကောင်းများ ကြုံမည်။ မူလလုပ်ငန်းမပြီးပြတ်မီ နောက်တစ်ခု ဆောင်ရွက်ရန် ကြုံမည်။ အရှုပ်အရှင်းများ ရှိနေသည့် လုပ်ငန်းများ တာဝန်ယူ ကိုင်တွယ်ရမည်။

7DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

စာမျက်နှာ (၂၀)မှ

# အညာသားခြင်ထောင်ပျောက်မှု ကောက်ချက်

မြန်မာနိုင်ငံမှာက ပြည်သူ့ဘဏ္ဍာကို ကိုယ့်အိတ်ထဲထည့်တာ၊ ခိုးတာဝှက်တာ၊ ပြည်သူအကျိုးမရှိတဲ့လုပ်ငန်းတွေမှာသုံးစွဲတာ၊ မလုပ်တတ်မကိုင်တတ်လို့ အဟောသိကံဖြစ်တာ၊Overhead Cost တွေများပြီးဆုံးရှုံးတာ စတဲ့အချက်တွေဟာ လိုငွေပြခြင်းရဲ့ အဓိကအကြောင်းရင်းများထဲမှာ ပါဝင်နေဆဲဖြစ်တာ တွေ့ရှိနိုင်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပြည်သူအတွက် ပိုသုံးလိုက်လို့ လိုငွေပြတာနဲ့ လုပ်ပိုင်ခွင့်အာဏာရှိတဲ့ လက်တစ်ဆုပ်စာလူတစ်စုရဲ့ကိုယ်ကျိုးစီးပွားအတွက် သုံးလို့ဖြုန်းလို့ လိုတာဆိုတဲ့ အချက်နှစ်ချက်ကွာခြားမှုရှိနေပါတယ်။ ဒါကို သတိပြုပြီးခွဲခြားသိမြင်နိုင်ပါမှ သူတောင်းစားခွက်ပျောက်တဲ့အဖြစ်ကို မကြုံရမှာဖြစ်ပါတယ်။ အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (APEC)ရဲ့ ၂၀၁၃ ခုနှစ်လေ့လာတွေ့ရှိချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အိမ်ထောင်စုတစ်စုရဲ့ နှစ်စဉ်ပျမ်းမျှစားသုံးမှုဟာ အမေရိကန်ဒေါ်လာ ၃,၁၁၁ သာရှိပြီး စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေမှာရှိတဲ့ အိမ်ထောင်စုတစ်စုရဲ့နှစ်စဉ်စားသုံးမှုက အမေရိကန် ဒေါ်လာ ၁၁,၇၃၈ ဒေါ်လာရှိတာမို့ဆယ်ဆတိတိပိုပါတယ်။ အဲဒီလို ပြည်သူတွေပိုမိုစားသုံးနိုင်အောင် ဖန်တီးပေးတဲ့အတွက်ကြောင့် လိုငွေပြတာကိစ္စမရှိဘူးလို့ ပြောချင်ပါတယ်။

နောက်ဆုံးအချက်အနေနဲ့ ဆောင်းပါးရှင်က မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို တင်ပြထားတာတွေ့ရပါတယ်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှာ ၆ ဒသမ ၇၅ ရာခိုင်နှုန်းအထိရှိနိုင်တယ်လို့ IMF က ဖော်ပြထားတဲ့အတွက် ၂၀၁၃ ခုနှစ် ဩဂုတ်လကရှိတဲ့ ၇ ဒသမ ၃ ရာခိုင်နှုန်းထက် လျော့နည်းလာတာကိုတွေ့ရှိရကြောင်း ရေးသားတင်ပြထားပါတယ်။ အင်ဒိုနီးရှားမှာ ၂၀၁၃ ခုနှစ်က ၈ ဒသမ ၃၈ ရာခိုင်နှုန်းရှိပြီး အိန္ဒိယမှာ ၉ ဒသမ ၂၁ ရာခိုင်နှုန်းအထိရှိတာကြောင့် မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ နည်းပါးသေးတယ်လို့လည်းဆိုထားပါတယ်။ စာရေးသူရဲ့လေ့လာတွေ့ရှိချက်အရမြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုဟာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာ ၁ ဒသမ ၉၅ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၃ ဒီဇင်ဘာလမှာ ၆ ဒသမ ၇၅ ရာခိုင်နှုန်း အထိ လေးဆနီးပါး ခုန်တက်သွားတာဖြစ်တယ်ဆိုတာ သိရှိရပါတယ်။ ငွေကြေးဖောင်းပွမှုဖြစ်စေဖို့ အကြောင်းတစ်ရပ်ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ငွေစက္ကူရိုက်နှိပ်မှုကိုလေ့လာကြည့်ရင် ၂၀၁၀-၁၁ မှာ ၆,၃၃၁ ဒသမ ၈ ဘီလီယံရှိပြီး ၂၀၁၁-၁၂ မှာ ၆,၇၂၂ ဒသမ ၆၂ ဘီလီယံနဲ့ ၂၀၁၂-၁၃ မှာ ၉,၀၄၆ ဒသမ ၁၉ ဘီလီယံရှိတယ်လို့ သိရှိရပါတယ်။ IMF ရဲ့ S.M.P အကြီးအကဲ Mr.Matt Devies က ငွေစက္ကူရိုက်တဲ့အလေ့ကို အမြန်ဆုံးလျှော့ချဖို့ အကြံပေးခဲ့တယ်လို့လည်း သိရှိရပါတယ်။ အနှစ်ချုပ်လိုက်ရင် အဲဒီလိုငွေစက္ကူတွေရိုက်လို့ ငွေကြေးဖောင်းပွမှုတိုးတက်လာပြီး ငွေကြေးဖောင်းပွမှုတိုးလို့ G.D.P တိုးတာလည်းဖြစ်နိုင်ပါတယ်ဆိုတာကို တွေ့မြင်နေရပါတယ်။

ဒါကြောင့် "မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်၊ မြန်မာအစိုးရ ပြုပြင်ပြောင်းလဲရေးအောင်မြင်" ဆိုတဲ့ကောက်ချက်ဟာ အညာသားခြင်ထောင်ပျောက်သလိုပါပဲလို့ ပြောချင်ပါတယ်။ စာရေးသူရဲ့ အဘိုးဟာ ရေစကြိုနယ်က အညာသားပါ။ အဘိုးဟာ အောက်ပြည်အောက်ရွာကို ရေကြောင်းက စုန်ဆင်းပြီး ပြောင်းရွှေ့လာရာမှာ ကြားခဲ့ဖူးတဲ့အဖြစ်အပျက်တစ်ခုကို တစ်ဆင့်ပြန်ပြောပြခဲ့ဖူးပါတယ်။ အညာသားတစ်စုဟာ ရောဝတီမြစ်ကြောင်းအတိုင်းလှေနဲ့စုန်ဆင်းလာရာမှာ ညဘက်ရောက်ရင် မြစ်ကမ်းကသစ်ပင်လေးအောက် လှေထိုးကပ်ပြီး ခြင်ထောင်ကို သစ်ကိုင်းလေးတွေမှာချည်နှောင်ပြီး ထောင်လေ့ရှိပါတယ်။ မနက်မိုးလင်းရင် ခြင်ထောင်ကိုဖြုတ်ပြီး သိမ်းလိုက်ပါတယ်။ ဒီလိုနဲ့အောက်အရပ်ဒေသ မြစ်ဝကျွန်းပေါ်ကိုရောက်လာတဲ့ ပထမဦးဆုံးညမှာ အရင်လိုပဲ သစ်ကိုင်းမှာခြင်ထောင်ကြိုးချည်ပြီး အိပ်လိုက်ကြတာ။ မနက်အရုဏ်ဦးစောစောနိုးတော့ ခြင်ထောင်ကို လက်နဲ့စမ်းလို့မရဘဲ ပျောက်နေကြပါတယ်။ မနက်အလင်းရောင်ကောင်းကောင်းရမှ အပေါ်ကိုမော့ကြည့်လိုက်တော့ ခြင်ထောင်က သစ်ပင်မှာချည်နှောင်ထားရက်နဲ့ လေထဲမှာတလူလူလွင့်နေတာ တွေ့ရပါတော့တယ်။ ညက သစ်ကိုင်းကိုလက်နဲ့ လှမ်းဆွဲပြီးချည်ထားတာ။ အခုမမီတော့ပါလား။ ဘယ်လိုဖြစ်သွားပါလိမ့်ဆိုပြီး တအံ့တဩဖြစ်နေကြပါတယ်။ အဲဒီမှာစာတတ်ပေတတ်အညာသားက အခြေအနေကိုသုံးသပ်ပြီး "အောက်ပြည်အောက်ရွာက သစ်ပင်များဟာ အလွန်အကြီးမြန်သကွ၊ နေ့ချင်းညချင်းလက်လှမ်းမမီအောင်မြင့်သွားသကွ"လို့ ကောက်ချက်ချလိုက်တော့ အားလုံးလက်ခံပြီး ခေါင်းတညိတ်ညိတ်ဖြစ်နေကြတာပါပဲ။ အမှန်က အထက်အညာမှာ ရေတက်ရေကျမရှိဘူး။ မြစ်ရေက မြောက်ဘက်ကနေတောင်ဘက်ကို တောက်လျှောက်စီးနေတာ။ အောက်ပြည်မြစ်ဝကျွန်းပေါ်မှာတော့ ပင်လယ်ရေအတက်အကျ ရှိတယ်လေ။ ညဘက်ခြင်ထောင်ထောင်တဲ့အချိန်မှာ ရေကတက်နေတာဖြစ်ပြီး သန်းခေါင်ကျော်မှာ ရေကတဖြည်းဖြည်းကျသွားတော့ လှေက ကမ်းထက်နိမ့်ပြီး အောက်ရောက်သွားတာကို အိပ်မောကျနေလို့ လုံးဝမသိလိုက်ဘူး။ အတွေ့အကြုံကလည်းမရှိသေးတော့ သစ်ပင်တွေအကြီးမြန်လို့ မြင့်သွားတယ်ဆိုပြီး ကောက်ချက်ချလိုက်တာပါပဲ။

ယနေ့ မြန်မာနိုင်ငံမှာ ငွေစက္ကူများရိုက်နှိပ်မှုတိုးမြင့်၊ အစိုးရအသုံးစရိတ်မြင့်တက်၊ တရားမဝင်ကုန်သွယ်မှုနယ်ပယ်ကျယ်ပြန့်၊ ကား (without)၊ ဆိုင်ကယ် (without) နဲ့ လူ (without)တွေပါပျံ့နှံ့၊ တစ်နှစ် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဆီဂါလန်၄၄၃ သိန်းခန့်တရားမဝင်တင်သွင်း၊ လာဘ်ပေးလာဘ်ယူမှုမှာ အမြစ်ဖြာ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုက ကမ္ဘာ့နံပါတ်(၂)၊ အလုပ်လက်မဲ့နဲ့ အိမ်ရာမဲ့ကတိုးပွား၊ လုပ်ခလစာနည်းလွန်းလို့ ဦးနှောက်ယိုစီးမှု (Brain Drain)သာမက ၃၂ ကောဋ္ဌာသအားလုံး ပြည်ပသို့ယိုစီး၊ စားသောက်ကုန်စျေးနှုန်းများက တစ်နေ့တခြားတက်၊ သမ္မတကြီးရဲ့ ကောင်းမြတ်တဲ့အစိုးရဖြစ်အောင် ပြုပြင်ပြောင်းလဲရေးကို ဝန်ကြီးအဆင့်က ဝစီဒုစရိုက်နဲ့ ဖျက်ဆီး စတဲ့အခြေအနေတွေကြားမှာ "မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်၊ မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲရေးအောင်မြင်"ဆိုတဲ့ကောက်ချက်ဟာ"သစ်ပင်ကြီးနေ့ချင်းညချင်းအကြီးမြန်လိုက်တာ"ဆိုတဲ့ ခြင်ထောင်ပျောက်သူ အညာသားတစ်ဦးရဲ့ အကောင်းမြင်ကောက်ချက်နဲ့ မကွာခြားပါဘူးလို့ ခံစားမိပါတယ်ခင်ဗျား...။ ။

## JOKE

### မဆိုးပါဘူး

အတန်းထဲတွင် စာသင်နေရင်း အကြောင်းတိုက်ဆိုင်၍ ဆရာက ကျောင်းသားများအား မေးခွန်းတစ်ခုမေးလိုက်သည်။ "ကဲ . . တပည့်တို့ လူတွေဟာ သူတို့ကိုယ်သူတို့ စကားပြန်ပြောကြ၊ နံရံတွေပေါ် စာရေးကြ၊ စိတ်ကူးယဉ် မီးဖိုတွေထဲ တကယ်မဟုတ်တဲ့ အစားအစာတွေ ချက်ပြုတ်ကြ၊ တကယ်မရှိတဲ့ သစ်ပင်တွေ စိုက်ကြ၊ တကယ်မရှိတဲ့ ပိုက်ဆံတွေ ရေတွက်ကြလုပ်နေကြတဲ့ နေရာကို ဘယ်လိုခေါ်သလဲ"ဟု ဆရာကမေးမြန်းရာ ကျောင်းသားတစ်ယောက်က ယုံကြည်ချက်အပြည့်ဖြင့် မတ်တတ်ရပ်ရင်း "အရူးထောင်ပါဆရာ"ဟု ပြန်ဖြေသည်။ ဆရာက ခေတ္တစဉ်းစားရင်း "ဟင်း . . မင်း အဖြေမဆိုးပါဘူး။ ဒါပေမဲ့ တကယ်တော့ အဲဒီနေရာကို ဖေ့စ်ဘွတ်ခ်လို့ခေါ်တယ်"ဟူ၍ အဖြေထုတ်ပေးပါသည်။

### သန့်သန့်လေး

လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ သူငယ်ချင်းနှစ်ယောက်ဝင်ထိုင်ရာ စားပွဲထိုးလေးရောက်လာပြီး မေးမြန်းသည်။

စားပွဲထိုး"လက်ဖက်ရည်လား၊ ကော်ဖီလား၊ ဘာသောက်မလဲခင်ဗျာ"ပထမလူ"လက်ဖက်ရည်"ဒုတိယလူ"ငါ့အတွက်လည်း လက်ဖက်ရည်ပဲ။ ဖန်ခွက်တော့ သန့်သန့် ရှင်းရှင်းလေးလုပ်နော်" များမကြာမီ စားပွဲထိုးကောင်လေးလက်ဖက်ရည်နှစ်ခွက်နှင့်အတူပြန်ရောက်လာရင်း"လက်ဖက်ရည်နှစ်ခွက်ရပါပြီ။ ဘယ်သူက ဖန်ခွက်သန့်သန့်နဲ့လို့မှာတာပါလဲခင်ဗျာ"ဟုမေးမြန်းပါတော့သည်။

စာမျက်နှာ (၂၆)မှ

# အရှေ့ကိုလျှောက်ပါလို့




မလေးရှားကလည်း ၂၃ နေရာလျှောကျပြီး မလေးရှား၏အနိမ့်ဆုံး သမိုင်းဝင်အဆင့် ၄၅ ကို ရောက်လာသည်။ ကမ္ဘောဒီးယားကအဆင့် ၁၄၃ ဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးဆက် ပထမဆုံးအကြိမ်အဖြစ် ထူးခြားစွာ နေရာ ၁၈ ခုကိုကျော်ပြီး အဆင့်နေရာ ၁၅၁ ကို ရောက်လာသော်လည်း မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုသည် အရှိန်တန့်သွားနိုင်သည့် အန္တရာယ်ကြီးကြီးမားမားရှိနေကြောင်း RSF က သတိပေးလိုက်သည်။

ယခုနှစ်အတွင်း အစိုးရ၏ လုပ်ဆောင်ချက်များကို ကြည့်လျှင် သတင်းလွတ်လပ်ခွင့်ပြုပြင်ပြောင်းလဲမှုအတွက် ဆုံးဖြတ်ချက်များက နောက်ကြောင်းပြန်လှည့်နိုင်ကြောင်း စိုးရိမ်ဖွယ်တွေ့ရသည်ဟု ဖော်ပြထားသည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့သည့် ဇန်နဝါရီက Eleven သတင်းစာမှ သတင်းထောက်တစ်ဦးကို အကျဉ်းချခဲ့သည်။ CPJ သတင်းထောက်များကာကွယ်ပေးရေးကော်မတီမှ အရှေ့တောင်အာရှကိုယ်စားလှယ် ရှောင်ခရစ်ပင်က "သတင်းထောက်တစ်ယောက်ကို သံသယရှိဖွယ်ရာ ပြစ်ချက်ဖြင့်စွဲဆိုပြီး ထောင်ဒဏ်ချမှတ်သည့်လုပ်ရပ်က မြန်မာနိုင်ငံတွင် သတင်းမီဒီယာကို ဖိနှိပ်ရန်အသုံးချခဲ့သော ဥပဒေများ ပယ်ဖျက်ရန်အတွက် လုပ်ဆောင်ရမည့် ပြုပြင်ပြောင်းလဲမှုများစွာ ကျန်ရှိနေကြောင်း ပြသနေသည်" ဟု ပြောဆိုလိုက်သည်။ ယခုလဆန်းက ယူနတီအပတ်စဉ်ဂျာနယ်မှ သတင်းသမားများကိုဖမ်းဆီးသည့်ဥပဒေကလည်း ၁၉၂၃ ခုနှစ် နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေကို ဖောက်ဖျက်မှုဟု ဆိုသည်။ ယင်းလုပ်ရပ်ကြောင့် လာမည့်နှစ် မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်အညွှန်းကိန်း ပြန်လည်လျော့ကျသွားဖွယ်ရှိနိုင်သည်ဟု RSF က ဆိုသည်။

လက်နက်ထုတ်လုပ်မှု ပြဿနာများသည်မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်ပတ်သက်နေပြီး ပြည်တွင်းနှင့် နိုင်ငံတကာအတွက် အရေးကြီးသည့် အကြောင်းအရာများကို သတင်းရေးသားတင်ပြသည့်အပေါ် ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်းတို့မဖြစ်သင့်ကြောင်း သတင်းထောက်များအကာအကွယ်ပေးရေးကော်မတီစီပီဂျေမှ မစ္စတာခရစ်ပင်က ပြောဆိုလိုက်သည်။

ယခုနှစ် သတင်းလွတ်လပ်ခွင့်အညွှန်းကိန်းတွင် တရုတ်၏ သတင်းလွတ်လပ်ခွင့်က အဆိုးဆုံးစာရင်းတွင်ပါဝင်နေဆဲပင်။ သူ၏ စီးပွားရေးအင်အားကို အသုံးချ၍ ဟောင်ကောင်၊ မကာအိုနှင့် ထိုင်ဝမ်တို့မှ မီဒီယာများကို တရုတ်တို့က လွှမ်းမိုးချုပ်ကိုင်ခဲ့ကြောင်း RSF ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သတင်းတိုက်များ၊ သတင်းသမားများကို ကိုယ်ပိုင်ဆင်ဆာလုပ်စေခြင်းသည် ခေတ်သစ် သတင်းထိန်းချုပ်နည်းပင်ဖြစ်သည်။

အာဏာစက်ဖြင့် ဖိနှိပ်မှု၊ ပိတ်ပင်မှုကို လူမြင်သော်လည်း ငွေအားဖြင့် ဖိအားပေးမှုက နှစ်အတန်ကြာတိုင် ဖုံးဖိထားနိုင်ကြသည်။ သတင်းမီဒီယာသမားများကို ဖမ်းဆီးရာတွင် တရုတ်တို့၏ ပိတ်ဆို့မှုနှင့် ဖိနှိပ်မှုများက စံပြနမူနာဖြစ်နေပြီး ယင်းဖြစ်ရပ်များက အာရှဒေသတစ်ခုလုံးတွင် ပျံ့နှံ့ဖြစ်ပေါ်နေသည်။

အာရှနိုင်ငံများမှ သတင်းလောကတွင်သာ ဤသို့သော လွှမ်းမိုးထိန်းချုပ်ရန်ကြိုးပမ်းမှုရှိနေသည်မဟုတ်ပါ။ လွတ်လပ်သောနိုင်ငံကြီးများတွင်လည်း ထိန်းချုပ်နိုင်ရေးကြိုးပမ်းမှုများက အထိုက်အလျောက်ရှိနေသည်။ သတင်းလွတ်လပ်ခွင့်ကောင်းခဲ့သော ဂျပန်တွင် နျူကလီးယားဓာတ်ပေါင်းဖိုသတင်းကို အစိုးရက ဆင်ဆာဖြတ်တောက်ရန် ကြိုးပမ်းခဲ့သဖြင့် ၂၀၁၃ စာရင်းတွင် အဆင့် ၅၃ သို့ လျော့ကျခဲ့ရသည်။ အမေရိကန်နိုင်ငံတွင် နိုင်ငံတော်လုံခြုံရေးကို အကြောင်းပြုပြီး ဝီကီလိခ်သို့သတင်းပေါက်ကြားမှုကိုအရေးယူခဲ့ခြင်းနှင့် လူအများအပြား၏ ဆက်သွယ်မှုများကို စောင့်ကြည့်ခဲ့ခြင်းကြောင့် လွတ်လပ်စွာပြောဆိုမှုကို ထိခိုက်သည်ဟုဆိုပြီး အဆင့်နေရာ ၄၆ သို့ လျော့ကျခဲ့သည်။ ထို့ကြောင့်ပင် နိုင်ငံတကာတွင် သတင်းလွတ်လပ်ခွင့်ကို အကာအကွယ်ပေးသော၊ သတင်းသမားများကို အကာအကွယ်ပေးသော ဥပဒေများကို ပြဋ္ဌာန်းသတ်မှတ်ရေးက အဓိကဖြစ်လာသည်။

နိုင်ငံအစိုးရများက သတင်းလွတ်လပ်ခွင့်ကို လေးစားပြီး မျှတသော သတင်းလွတ်လပ်မှုကို ခွင့်မပြုသရွေ့ စတုတ္ထမဏ္ဍိုင်အတွက် အန္တရာယ်ရှိနေမည်ဖြစ်ပါသည်။ အရှေ့ကို လျှောက်လှမ်းနေရာမှ အနောက်ကိုပြန်မမျှော်သင့်တော့ဟုသာ ဆိုရမည်ဖြစ်ပါသည်။

Environment

7 DAY NEWS JOURNAL

Vol.12, No.50 • FEBRUARY 19 , 2014



ရန်ကုန်မြို့ရှိ ရေနုတ်မြောင်းတစ်ခုအားတွေ့ရစဉ် ဓာတ်ပုံ - နစ်ကီ

# ရေစီးရေလာ ကောင်းမွန်ရေးကော်မတီ ဒဂုံမြို့သစ် မြို့နယ်များတွင် စတင်ဆောင်ရွက်မည်

**နိုင်နိုင်စိုး၊ ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၆**

ရေစီးရေလာ ကောင်းမွန်ရန် ဖွဲ့စည်းလိုက်သည့် ရန်ကုန်မြို့တော် ရေစီးရေလာ ကောင်းမွန်ရေး ကော်မတီက ယခုနှစ် မိုးမကျမီ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကနဦး အဆင့်အနေဖြင့် ဒဂုံမြို့သစ် မြို့နယ်များတွင်စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း ယင်းကော်မတီမှ သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ပြီး ရေကြီးရေလျှံခြင်းမှ ကာကွယ်နိုင်ရန် ဖွဲ့စည်းလိုက်သည့် ရန်ကုန်မြို့တော် ရေစီးရေလာ ကောင်းမွန်ရေး ကော်မတီသည် လာမည့် လေးလအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ရာ ဒဂုံမြို့သစ်လေးမြို့နယ်ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌရုံး လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) ဦးရဲသူဝင်းက ပြောသည်။

"မိုးမကျခင်တော့ အပြီးလုပ်မှာပါ။ အခုလည်း အရေးတကြီး ဆောင်ရွက်နေပါတယ်။ ပြီးတော့ ဒဂုံမြို့သစ်တွေကို စတင်ဆောင်ရွက်တာက အဲဒီမြို့နယ်တွေကို ဆောင်ရွက်လိုက်တာနဲ့ တစ်မြို့လုံးကိုလည်း အဆင်ပြေသွားမှာဖြစ်လို့ ဒဂုံမြို့သစ်တွေကို ဆောင်ရွက်တာပါ"ဟု ၎င်းက ပြောသည်။

ဦးစားပေးဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်များကို အဓိကဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ မြို့နယ်လေးမြို့နယ်တွင် အဓိကရေစီးရေလာ ကောင်းမွန်စေရန်နှင့် ရေထွက်ပေါက်များ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ သိရသည်။

ယင်းကော်မတီတွင် ပါဝင်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် လိုအပ်သည့် စက်ပိုင်းဆိုင်ရာများကို ကူညီပေးသွားမည်ဖြစ်ရာဆောင်ရွက်ရမည့်လုပ်ငန်းများတွင် Box Culvert အစီးရေ ၂,၀၀၀ ကျော်၊ ရေတံခါး ၄၀ ကျော်ကို ဆောင်ရွက်မည်ဖြစ်သည်။

ရေတံခါးအသစ် ခြောက်ခု၊ ပြုပြင်လဲလှယ်မည့် ရေတံခါး ၆၆ ခုနှင့် ရေမြောင်းနှင့် ရေဆင်းမြောင်းများ တူးဖော်ခြင်းကို ဆောင်ရွက်သွားမည်ဟု သတင်းရရှိသည်။

အဆိုပါ ကော်မတီတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့ ပါဝင်ဆောင်ရွက်မည်ဖြစ်ပြီး ဒဂုံမြို့သစ်များတွင် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဦးရဲသူဝင်းက ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင်းရှိ မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရေး လုပ်ကိုင်ဆောင်ရွက်မှုများကို ပိုမိုတိုးချဲ့လုပ်ဆောင်နေကြောင်း သတင်းရရှိသည်။

# ပုပ္ပားအနုပညာပြပွဲ ရန်ကုန်တွင် သုံးရက်ကြာကျင်းပမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ပုပ္ပားတောင်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို အနုပညာဖြင့် ပြသမည့်ပုပ္ပားအနုပညာပြပွဲကို ရန်ကုန်တွင် သုံးရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပုပ္ပားတောင်၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အများသိရှိစေရန်ရည်ရွယ်၍ ပန်းချီ၊ စာပေ၊ ဓာတ်ပုံ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများပါဝင်သော အနုပညာပြပွဲကို ဖေဖော်ဝါရီ ၂၈ မှ မတ်လ ၂ ရက်အထိ ပြည်သူ့ရင်ပြင်တွင် ပြုလုပ်မည်ဟု ယင်းပွဲစီစဉ်သည့် အမြဲစိမ်းအဖွဲ့မှ ကိုမျိုးက ပြောသည်။

ထို့အပြင် ဂီတဖျော်ဖြေရေးများ၊ ပုပ္ပားတောင်အထိမ်းအမှတ်ပစ္စည်းများအပြင် မြန်မာနိုင်ငံစာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းနှင့်ပူးပေါင်း၍ စာအုပ်ဈေးပွဲတော်ကိုပါပြုလုပ်သွားမည်ဟု ၎င်းက ဆက်လက်ပြောသည်။

"ပုပ္ပားတောင်ပြန်လည်စိမ်းလန်းစိုပြည်ရေးကို လူတွေအာရုံစိုက်လာအောင်၊ အခုပုပ္ပားတောင်က တော်တော်ပျက်စီးနေပြီ။ ရေထွက်ပေါက်တွေကလည်း သစ်တောတွေခုတ်လို့ ပျက်စီးနေတယ်။ နွေဆိုရေပြဿနာတွေ အများကြီးဖြစ်နေတာ"ဟု ၎င်းက ဆိုသည်။

ယင်းအနုပညာပြပွဲကို ရန်ကုန်အပြင် ပုပ္ပားတွင်ပါပြသရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ရောဝတီ၊ သံလွင် စသည်တို့၌ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေသည့် အကြောင်းအရာများကိုပါ အနုပညာဖြင့်ပြသမှုများ ပြုလုပ်သွားရန်ရှိသည်။






Tourism

7DAY NEWS JOURNAL

Vol.12, No.50 • FEBRUARY 19 , 2014

# ဇန်နဝါရီအတွင်း ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘော နိုင်ငံခြားသားစီးနင်းမှုမြင့်တက်



*ရန်ကုန်-ဒလမြစ်တွင်းသွားသင်္ဘောတစ်စီး*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ခန့်ထက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ပန်းဆိုးတန်း-ဒလပြေးဆွဲနေသည့် ကူးတို့သင်္ဘောတွင်နိုင်ငံခြားသား ဧည့်သည် စီးနင်းမှုမှာ ဇန်နဝါရီတစ်လအတွင်း ၃၄၀၀ နီးပါးရှိခဲ့သောကြောင့် ယခုနှစ်ခရီးသွားရာသီတွင် အများဆုံးဝင်ရောက်သောလဖြစ်ကြောင်းပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သတင်းရရှိသည်။

ရန်ကုန်ပန်းဆိုးတန်းမှ ဒလသို့ ပြေးဆွဲနေသော ရန်ကုန်မြစ်ကူးသင်္ဘော နိုင်ငံခြားသား ဧည့်သည်စီးနင်းမှုဇန်နဝါရီလအတွင်း ၃,၀၀၀ ဦးကျော်နှင့် ယခုနှစ်ခရီးသွားရာသီတွင် အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးဝင်ရောက်သောလမှာ နိုဝင်ဘာဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ စာရင်းများအရ သိရသည်။

"ယခုခရီးသွားရာသီမှာ တစ်ရက်ကို အယောက်တစ်ရာ လောက်လာစီးကြတယ်" ဟု ပန်းဆိုးတန်းဆိပ်ကမ်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လာရောက်စီးနင်းသောနိုင်ငံခြားသားများအနက် အများဆုံးမှာ ကိုရီးယားလူမျိုးများဖြစ်ပြီး ဒုတိယအများဆုံးမှာ ဂျာမနီလူမျိုးများဖြစ်သည်ဟု ၎င်းကဆိုသည်။

"ကိုရီးယားတွေက ဒလဘက်ကမ်းရောက်ရင် ဆိုက်ကားစီးမယ်။ လက်ဖက်ရည်သောက်မယ် လျှောက်သွားမယ်။ ဂျာမနီတွေကျတော့လူတွေကြားထဲကိုသွားပြီးလူနေမှုဘဝတွေကို လေ့လာမယ်။ ပြီးတော့ အလှူအတွက် သွားကြတယ်"ဟု အဆိုပါ ဆိပ်ကမ်းတာဝန်ရှိသူက ပြောသည်။

ကူးတို့လိုင်းစီးသော နိုင်ငံခြားသားဧည့်သည်များအား အသွားအပြန် တစ်ဦးလျှင် ၄ ဒေါ်လာကောက်ခံပြီးလစဉ်ပုံမှန်ဦးရေ တစ်ထောင်ဝန်းကျင်ဝင်ရောက်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းရေကြောင်းမှ ပန်းဆိုးတန်း-ဒလ ပြေးဆွဲသော ရေယာဉ်မှာ လေးစီးရှိပြီး နှစ်စီးဖြင့် နေ့စဉ် ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းမှ သတင်းရရှိသည်။

နိုင်ငံခြားသားဧည့်သည်များအတွက် သီးသန့်သင်္ဘောတစ်စီးဖြင့် ယင်းမြစ်ကူးခရီးစဉ်တွင် ပြေးဆွဲပေးရန်လည်း စီစဉ်နေကြောင်း သတင်းရရှိသည်။

# ဂျီအီးကုမ္ပဏီမှ ငှားထားသည့် လေယာဉ်များဖြင့် မြန်မာ့လေကြောင်းလိုင်း ဂျပန်နှင့် တောင်ကိုရီးယားသို့ ပျံသန်းမည်

**ခန့်ထက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

မြန်မာ့လေကြောင်းကပြည်ပခရီးစဉ်အဖြစ် လာမည့်နှစ်တွင် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ ခရီးစဉ်များပြေးဆွဲရန်ရှိကြောင်း ယင်းလေကြောင်းလိုင်းများမှ သတင်းရရှိသည်။

နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သော မြန်မာ့လေကြောင်းသည် ဖေဖော်ဝါရီ ၁၁ ရက်က အမေရိကန်နိုင်ငံဂျီအီးကုမ္ပဏီမှ ဘိုးရင်း ၇၃၇ လေယာဉ် ၁၀ စီးကို ငှားရမ်းရန်စာချုပ်ချုပ်ဆိုခဲ့ပြီး ယင်းလေယာဉ်များဖြင့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ ပုံမှန်ခရီးစဉ်များပြေးဆွဲသွားရန်ရှိကြောင်း မြန်မာ့လေကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါငှားရမ်းထားသော ဘိုးရင်းလေယာဉ်များသည် ၂၀၁၅ ဇွန်လတွင် ရောက်ရှိမည် ဖြစ်ကြောင်း ဂျီအီးကုမ္ပဏီမှ သတင်းထုတ်ပြန်ထားသည်။

ဘိုးရင်းလေယာဉ်သစ်များကို တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ ခရီးစဉ်များပြေးဆွဲရာတွင်အသုံးပြုသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ယင်းလေယာဉ်များငှားရန်စာချုပ်ချုပ်ဆိုသော နေ့တွင် ပြောကြားခဲ့သည်။

ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ မြန်မာ့လေကြောင်းအပြင် ပုဂ္ဂလိကပိုင် အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း (MAI) ကလည်း စင်းလုံးငှားခရီးစဉ်များ ပြေးဆွဲနေရာမှ ယခုနှစ်အတွင်း ပုံမှန်ခရီးစဉ်များ ပြေးဆွဲသွားရန်ရှိကြောင်း ယင်းလေကြောင်းလိုင်း၏ စျေးကွက်ရှာဖွေရေးမန်နေဂျာ ဒေါ်အေးမရသာကပြောသည်။

လက်ရှိတွင် မြန်မာ့လေကြောင်းအနေဖြင့် ပြည်တွင်းခရီးစဉ် ၂၅ ခု ပုံမှန်ပြေးဆွဲလျက်ရှိနေပြီး ပြည်ပခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ စင်းလုံးငှားခရီးစဉ်များပြေးဆွဲနေသည်။

မြန်မာနိုင်ငံသည်တောင်ကိုရီးယားနိုင်ငံနှင့် ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံနှင့် ယခုနှစ် ဇန်နဝါရီတွင်လည်းကောင်း၊ လေကြောင်းသဘောတူစာချုပ်များပြင်ဆင်ချုပ်ဆိုခဲ့သောကြောင့် ယင်းနိုင်ငံများနှင့်နှစ်နိုင်ငံအကြား လေကြောင်းလိုင်းများ အကန့်အသတ်မရှိ ပြေးဆွဲခွင့်ရှိလာပြီဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ ဂျပန်မှ ANA လေကြောင်းလိုင်း၊ တောင်ကိုရီးယားနိုင်ငံမှ ကိုရီးယားအဲ၊ အေးရှားနားလေကြောင်းလိုင်းတို့က ရန်ကုန်သို့ တိုက်ရိုက်ပြေးဆွဲလျက်ရှိကြောင်း လေကြောင်းဦးစီးမှ သတင်းရရှိသည်။

၂၀၁၃ နှစ်ကုန်တွင် မြန်မာနိုင်ငံသို့ ဂျပန်လူမျိုးဝင်ရောက်မှုမှာ ခြောက်သောင်းကျော်ရှိသဖြင့် နိုင်ငံအလိုက်ဝင်ရောက်သူများစာရင်းတွင် တတိယနေရာရှိနေပြီး စတုတ္ထနေရာတွင်တောင်ကိုရီးယားလူမျိုးများ ဝင်ရောက်သူ ငါးသောင်းကျော် ရှိနေကြောင်း ဟိုတယ်/ခရီးဝန်ကြီးဌာနမှ သတင်းရရှိသည်။

# သီပေါမြို့ ဘုရားမီးလှုံရန် မီးပူဇော်ပွဲ နိုင်ငံခြားသားများ စိတ်ဝင်တစားလေ့လာ

**ကံသာ (လားရှိုး)**

**လားရှိုး၊ ဖေဖော်ဝါရီ- ၁၅**

သီပေါမြို့နယ် မဟာမြတ်မုနိ ဘုရားကြီးအတွင်း ကျင်းပသည့်တပို့တွဲလပြည့်နေ့ ဘုရားမီးလှုံရန် ကျေးရွာအသီးသီးမှတန်ပူသားဖြင့် ပြုလုပ်ထားသည့် စေတီပုံစံငယ်များဖြင့်လာရောက် မီးပူဇော်ကြရာ သီပေါမြို့နယ်တွင် ရောက်ရှိနေသည့်ကမ္ဘာလှည့်ခရီးသွားများ စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

ကျေးရွာအသီးသီးမှ မိမိတို့ကျေးရွာအလိုက် တန်ပူသားစေတီငယ်များဖြင့် လှည့်လည်ပူဇော်ရာတွင် ကမ္ဘာလှည့်ခရီးသွားများလည်း လိုက်ပါပို့ဆောင် ပူဇော်ခဲ့ကြသည်။

"မီးပူဇော်ဖို့အတွက် ဉာဏ်ရိုးသားကိုတောထဲကနေ ရှာခုတ်ပြီးတော့ အချောသပ်လို့ရတဲ့ တန်ပူသားနဲ့စေတီငယ်လေးတွေလုပ်တယ်။ အဲဒီမှာ အမွှေးနံ့သာအသားတွေဖြစ်တဲ့ နံ့သာဖြူ၊ နံ့သာနီစတဲ့ အမွှေးနံ့သာ အသားတွေကိုပါ ရောနှောပြီး စေတီပုံဖော်တဲ့နေရာမှာ ရောနှောအသုံးပြုထားတာပါ။ ဒေသအလိုက် စေတီပုံဖော်ရာမှာ အသုံးပြုတဲ့အသားတွေ မတူညီတာလည်းရှိတယ်။ အဓိကကတော့ ဘုရားရှင်ကို ရည်မှန်းပြီး အအေးဆုံးလဖြစ်တဲ့ တပို့တွဲလမှာ ဘုရားရှင်ရဲ့ ခြေတော်၊ လက်တော် အနွေးဓာတ်ရဖို့ဆိုတဲ့ သဒ္ဓါစိတ်နဲ့ပူဇော်ခြင်းဖြစ်ပါတယ်" ဟု သီပေါမြို့ဒေသခံတစ်ဦးက ရှင်းပြသည်။

တပို့တွဲလ ဘုရားမီးပူဇော်ပွဲကို ဒေသအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့ရှိ ရှမ်းမန်ဆူ ကျောင်းတိုက်ဝင်းအတွင်း၌လည်း မန်ဆူကျောင်းတိုက် ဆရာတော်ကြီးဦးဆောင်၍ တပို့တွဲလပြည့်နေ့ည ၇ နာရီတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။ သီပေါမြို့ ဘုရားမီးလှုံရန် မီးပူဇော်ပွဲအား ကမ္ဘာလှည့်ခရီးသွားများစိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသဖြင့် ဒေသခံများကလည်း ရှမ်းအစားအစာများ ဧည့်ခံကျွေးမွေးကြပြီး ပျော်ရွှင်စွာ ပူးပေါင်းဆင်နွှဲခဲ့ကြကြောင်းသတင်းရရှိသည်။

# Cartoon














7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# ''အခက်အခဲတွေအများကြီးရှိနေပေမယ့် ကျွန်မတို့ အောင်မြင်ရမယ်လို့ ယုံကြည်ပါတယ်''

## ဗဟိုအာဖရိကနိုင်ငံသမ္မတ မစ္စဆမ်ဘာပန်ဇာနှင့် တွေ့ဆုံခြင်း



ကျော်မျိုး

ဗဟိုအာဖရိကသမ္မတနိုင်ငံ သမ္မတသစ် မစ္စဆမ်ဘာပန်ဇာဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၀ ရက်က ရှုပ်ထွေးနေတဲ့နိုင်ငံကို ကြားဖြတ်သမ္မတအဖြစ်ထိန်းသိမ်းဖို့ ရွေးကောက်တင်မြှောက်ခံရပြီးနောက် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ကွန်ဂိုဘရာဇာဗီးလ်ကို အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ကွန်ဂိုဘရာဇာဗီးလ်ဟာ မကြာမီက ဗဟိုအာဖရိကမှာဖြစ်ခဲ့တဲ့ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရာမှာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့တဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ဗဟိုအာဖရိကမှာ မကြာသေးမီက နိုင်ငံတွင်းရှိမွတ်ဆလင်နဲ့ ခရစ်ယာန်ဘာသာဝင်များကြား အကြမ်းဖက်မှုတွေဖြစ်ခဲ့လို့ပြည်သူတစ်သန်းနီးပါးလောက်ဟာ နိုင်ငံတွင်းမှာပဲ ဘေးလွတ်ရာကို ရွှေ့ပြောင်းနေရတဲ့ ဒုက္ခသည်တွေဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ယူရိုသတင်းဌာနက ဗဟိုအာဖရိကကြားဖြတ်သမ္မတ မစ္စဆမ်ဘာပန်ဇာနဲ့ တွေ့ဆုံပြီး ပြဿနာတွေ အမြောက်အမြားရင်ဆိုင်နေရတဲ့ ၎င်းရဲ့ နိုင်ငံနဲ့အနာဂတ်နဲ့ပတ်သက်လို့ ကြားဖြတ်သမ္မတတစ်ဦးရဲ့အမြင်ကို သိရအောင် မေးမြန်းဆွေးနွေးခဲ့ပါတယ်။ မေးမြန်းသူကတော့ ယူရိုသတင်းမှ ဖရန်ဆွာချီညက်ဖြစ်ပါတယ်။

**မင်္ဂလာပါ သမ္မတကြီးခင်ဗျာ မကြာသေးမီ နှစ်များအတွင်း အာဖရိကတိုက်ရဲ့ အရေးအကြီးဆုံး အကျပ်အတည်းတွေထဲက တစ်ခုကို သမ္မတကြီးရဲ့ တိုင်းပြည်ကလည်း ဖြတ်သန်းခဲ့ရချိန် ကျွန်တော်တို့နဲ့ အခုလိုဆွေးနွေးမေးမြန်းဖို့ သဘောတူခဲ့တာကို ကျေးဇူးတင်ပါတယ်။ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC)ကလည်း ဗဟိုအာဖရိကမှာဖြစ်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးမှုတွေလည်း လုပ်ဆောင်နေခဲ့ပြီ။ ဒီတော့ သမ္မတကြီးအနေနဲ့ ICC ရဲ့ စုံစမ်းစစ်ဆေးမှုမှာ ပူးပေါင်းဆောင်ရွက်သွားမှာလား။**

ICC ရှေ့နေချုပ်က ကျွန်မကို ဒီစုံစမ်းစစ်ဆေးမှုအကြောင်း အသိပေးအကြောင်းကြားထားပါတယ်။ အစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း တောင်းဆိုထားပြီး ကျွန်မတို့ကလည်း ပူးပေါင်းပါဝင်နေပါတယ်။

**တကယ်လို့များစစ်တပ်ကိုသူတို့က အင်တာဗျူးလုပ်ချင်တာမျိုးများ ရှိလာရင်ရော စုံစမ်းစစ်ဆေးမှုတွေကို သမ္မတကြီးဘက်က ဆက်ပြီး ထောက်ခံအားပေးသွားမှာလား ခင်ဗျ။**

တရားမျှတမှုက သူ့အလုပ်သူလုပ်ပါစေ။ အုပ်ချုပ်ရေးပိုင်းက တရားစီရင်ရေးကို ဝင်ရောက်နှောင့်ယှက်မှာမဟုတ်ပါဘူး။

**(စုံစမ်းမှုကြောင့်) တကယ်လို့ အရေးပါတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ အဖမ်းခံရမယ်ဆိုရင်ရော။**

လူတိုင်းဟာ သူတို့ရဲ့ လုပ်ဆောင်ချက်တွေအတွက် အဖြေပေးရပါမယ်။ ဒါပါပဲ။ တချို့ကတော့ စွပ်စွဲလောက်တဲ့ အပြုအမူတွေ ကျူးလွန်ခဲ့တာတွေရှိတယ်။ သူတို့ဟာ အဲဒီလုပ်ရပ်တွေအတွက် ဖြေကြားပေးရပါမယ်။ ဒီတိုင်းပြည်ကို အခုလိုအခြေအနေမျိုးရောက်အောင်လုပ်ခဲ့တဲ့ လှုံ့ဆော်သူတွေ (သို့မဟုတ်) အလိမ်အညာနိုင်ငံရေးသမားတွေ (သို့မဟုတ်) လူဆိုးဂိုဏ်းဝင်တွေကိုကျွန်မ ကာကွယ်ပေးသွားမှာ မဟုတ်ပါဘူး။ လူတိုင်းကို ကျွန်မ ကာကွယ်ပေးသွားမှာမဟုတ်ပါဘူး။ လူတိုင်းဟာ နိုင်ငံတကာရာဇဝတ်ခုံရုံးက မေးရင် ဖြေပေးရမှာပါ။

**သမ္မတကြီးအနေနဲ့ (နိုင်ငံတွင်းမှာ အခြေအနေ ထိန်းသိမ်းနိုင်ဖို့) နောက်ထပ် စစ်တပ်တွေ လိုနေပါသလား။ အီးယူဆီက ဒါမှမဟုတ် ကုလသမဂ္ဂနဲ့ အာဖရိကသမဂ္ဂဆီကလိုမျိုးပေါ့။**

လုံးဝကိုပဲ လိုတာပေါ့။ ကျွန်မတို့ နောက်ထပ်တပ်ဖွဲ့ဝင်တွေ အများကြီးလိုပါတယ်။ ဒါကြောင့်ပဲ ကျွန်မက ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့တွေရဲ့ စစ်ဆင်ရေးကို တောင်းဆိုနေတာပေါ့။ ကျွန်မတို့ဟာ လက်တွေ့ကျရမယ်လို့ ထင်ပါတယ်။ တကယ့်ကို လုံခြုံမှုမရှိတဲ့နေရာဖြစ်နေတဲ့ အန္တရာယ်ဇုန်တိုင်းမှာ ကျွန်မတို့မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ လုံလုံလောက်လောက်မရှိပါဘူး။ ဒါကြောင့် တကယ်ပဲ ကျွန်မတို့ နောက်ထပ်စစ်တပ်တွေ လိုနေပါတယ်။ လေဆိပ်မှာ ကျွန်မတို့ ဥရောပတပ်ဖွဲ့ဝင်တွေကိုထားရှိပါမယ်။ အဲဒီလိုထားလိုက်ခြင်းအားဖြင့် ပြင်သစ်တပ်ဖွဲ့တွေကို ပိုပြီးလွတ်လပ်သွားစေပါမယ်။ ဒါပေမဲ့ ပြင်သစ်တပ်တွေကို လွှတ်ပေးလိုက်ရင်တောင်မှ လေဆိပ်မှာ ဥရောပတပ်တွေဟာ အချို့သောဧရိယာတွေမှာ ဆက်ရှိနေရပါမယ်။ အကြမ်းဖက်မှုတွေဖြစ်နေတဲ့ အထိအခိုက်မခံနိုင်တဲ့ဇုန်တွေထဲက ပြင်သစ်တပ်တွေ (သို့မဟုတ်) အာဖရိကတပ်တွေကို ဆုတ်ခွာလိုက်ရင် ပြဿနာဖြစ်တာပဲဆိုတာ အတွေ့အကြုံက ကျွန်မတို့ကို ပြနေခဲ့တယ်။ ဒါကြောင့် နယ်မြေတစ်ခွင်လုံးမှာ နောက်ထပ်စစ်တပ်တွေ ကျွန်မတို့ လိုအပ်ပါတယ်။

**မြို့တော်ဘန်ဂူးကို လုံခြုံရေးပြန်ရဖို့ အချိန်ဘယ်လောက်ယူရမယ်လို့ သမ္မတကြီး ထင်ပါသလဲ။**

တစ်လလောက်ကြာမယ်လို့ ပြောပါရစေ။

**လက်ရှိမှာ သမ္မတကြီးရဲ့ ဦးစားပေးဆောင်ရွက်မယ့်ကိစ္စက စစ်သွေးကြွအဖွဲ့တွေအားလုံးကို လက်နက်ချစေရေး မဟုတ်လား။**

နိုင်ငံအနှံ့အပြားမှာ လက်နက်တွေ အများကြီးရှိနေပါတယ်။ လက်နက်တွေပြန်သိမ်းရေးက တိုးတက်မှုရှိအောင် မြန်မြန်လုပ်ရမယ့် စစ်ဆင်ရေးတစ်ရပ်ပါ။ ဒါပေမဲ့ ကျွန်မတို့ စစ်သွေးကြွတွေကို လက်နက်ပြန်ဖြုတ်သိမ်းနိုင်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။

**အရင်က နိုင်ငံမှာ တစ်ဖက်နဲ့တစ်ဖက် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်လာတဲ့ ခရစ်ယာန်နဲ့ မွတ်ဆလင်အသိုင်းအဝိုင်းတွေကြားမှာ အကြမ်းဖက်သတ်ဖြတ်တဲ့ ဖြစ်စဉ်တွေ ဘာကြောင့်ဖြစ်ပေါ်ခဲ့ရတာပါလဲ။**

အဓိက အကြောင်းရင်းက ဆင်းရဲမွဲတေမှုပါ။ နိုင်ငံထဲမှာ ဆင်းရဲမွဲတေမှု နက်ရှိုင်းနေပါတယ်။ လူငယ်တွေ၊ အလုပ်လက်မဲ့တွေဟာ အလွယ်တကူပဲ သိမ်းသွင်းအသုံးချရလွယ်တဲ့သူတွေပါ။ ဒါကြောင့် နိုင်ငံရေးသမားတွေဟာ ဒီလိုလူတွေရဲ့ စိတ်ခံစားမှုတွေကို သူတို့အကျိုးအတွက် အသုံးချပြီး ကစားခဲ့ပါတယ်လို့ ကျွန်မ ယုံပါတယ်။ ဝမ်းနည်းစရာက မွတ်ဆလင်နဲ့ ခရစ်ယာန်တွေကြား ခွဲခြားမုန်းတီးစိတ်က အခုတော့ အမြစ်တွယ်နေပါပြီ။ ဒါဟာ အရှိတရားပါပဲ။

**သမ္မတကြီးအနေနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဖြစ်စဉ်တစ်ရပ်ကို နိုင်ငံမှာ ဖော်ဆောင်ဖို့ လိုတယ်လို့ ထင်မြင်ပါသလား။**

ဟုတ်ကဲ့။ ကျွန်မတို့ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်ကို လိုအပ်ပါတယ်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုတာ တစ်ဆင့်ချင်းသွားရတဲ့ဖြစ်စဉ်ပါ။ လူ့အသိုင်းအဝိုင်းတွေကြား တွေ့ဆုံဆွေးနွေးမှုတွေနဲ့ ဒါကို ကျွန်မ စတင်ချင်ပါတယ်။ အဲဒါမှသာ ဒီတိုင်းပြည်က လူတွေဟာ နောက်တစ်ကြိမ် အတူတကွနေထိုင်နိုင်ကြဖို့ သင်ကြားနိုင်မှာပါ။ အမျိုးသားအဆင့်တွေ့ဆုံဆွေးနွေးရေးကို မြင်ရတဲ့နေ့ဟာ ကျွန်မတို့ အခုလုပ်ဆောင်နေတဲ့ဖြစ်စဉ်အားလုံးရဲ့ နိဂုံးအဆုံးသတ်ဖြစ်လာပါလိမ့်မယ်။

**တိုင်းပြည်ဟာ မမျှော်မှန်းနိုင်လောက်အောင် လူမျိုးရေး၊ ဘာသာရေးကွဲပြားမှုဆီကို ဦးတည်နေပြီလို့ အဆိုးမြင်ကြသူတွေကိုလည်း သမ္မတကြီး ဘယ်လိုအဖြေပေးမလဲ။**

တိုင်းပြည်ရဲ့မြေတစ်လက်မကိုမှ ကျွန်မ လက်လွှတ်အလျှော့မပေးနိုင်ပါဘူး။ တိုင်းပြည်မှာ ခွဲထွက်ရေးလိုလားတဲ့ စိတ်ဓာတ်တွေအားလုံးကို ကျွန်မ တကယ်ပဲ ရှုတ်ချပါတယ်။ ဒီလိုကွဲပြားတာကို မြင်ချင်တဲ့သူတွေကိုလည်း ကျွန်မ သတိပေးထားတယ်။ သူတို့ရှေ့မှာ ကျွန်မ ပိတ်ရပ်နေမှာပါလို့။

**နိုင်ငံတကာအသိုင်းအဝိုင်းက သမ္မတကြီးရဲ့ ရွေးကောက်ပွဲကို ကြိုဆိုခဲ့ကြသလို အိမ်နီးချင်းနိုင်ငံတွေနဲ့ အာဖရိကသမဂ္ဂတို့ကလည်း ထောက်ခံခဲ့ကြတယ်။ ဒီတော့ အလွန်ဆိုးရွားတဲ့ အကျပ်အတည်းထဲမှာ နစ်မြုပ်နေခဲ့တဲ့ တိုင်းပြည်ကို ဘယ်လိုဆွဲထုတ်နိုင်ဖို့ သမ္မတကြီး ရည်ရွယ်ထားပါသလဲ။**

ပြဿနာတွေက တကယ်ဖြစ်နေတာပါ။ စိန်ခေါ်မှုတွေကလည်း အများကြီးပဲ။ ပြည်သူတွေရဲ့ မျှော်မှန်းချက်ကလည်း ကြီးပါတယ်။ ကျေနပ်စရာဖြစ်ဖို့ လိုအပ်ချက်တွေလည်း အများကြီးရှိပါတယ်။ တစ်ရက်တည်းနဲ့တော့ ဒါတွေကို ကျွန်မအပြီးသတ် မလုပ်နိုင်ဘူးပေါ့။ ဒါပေမဲ့ စိန်ခေါ်မှုတွေရှိတယ်ဆိုတာကို ပြောထားတာမို့ ကျွန်မအပေါ် မှာထားတဲ့ မျှော်လင့်ချက်တွေကိုလည်း နားလည်ပါတယ်။ ရလဒ်ထွက်အောင် လုပ်ရမယ်ဆိုတာလည်း သိပါတယ်။

**သမ္မတကြီးဟာ အာဖရိကတိုက်မှာ နိုင်ငံ့အကြီးအကဲအဖြစ် ရွေးကောက်တင်မြှောက်ခံရတဲ့ တတိယမြောက် အမျိုးသမီးပါပဲ။ ဒါပေမဲ့ သမ္မတကြီးက အကြမ်းဖက်မှုတွေနဲ့ နစ်မြုပ်နေတဲ့၊ နစ်ခြမ်းကွဲနေတဲ့တိုင်းပြည်တစ်ခုရဲ့ နိုင်ငံ့အကြီးအကဲဖြစ်လာတာပါ။ ဒီလို အခြေအနေမျိုးမှာ အမျိုးသမီးတစ်ယောက်အဖြစ် ရှိနေရတာဟာ အကူအညီဖြစ်စေရဲ့လား၊ အဟန့်အတားဖြစ်နေစေသလားခင်ဗျ။**

အကူအညီဖြစ်စေတယ်လို့ ကျွန်မ ဂုဏ်ယူစွာပဲပြောပါတယ်။ ကျွန်မမှာ မိန်းမဖြစ်တာနဲ့ မိခင်ခံစားချက်တွေ ရှိနေတာမျိုးကပဲ အချို့ပြဿနာတွေကို လက်တွေ့နည်းကျရော၊ စာနာခံစားမှုနဲ့ပါ ကိုင်တွယ်ဖြေရှင်းနိုင်ပါတယ်။ အရှေ့မှာ အခက်အခဲတွေအများကြီး ရှိနေပေမယ့် ကျွန်မတို့ အောင်မြင်ရမယ်လို့ တကယ်ပဲယုံကြည်ပါတယ်။ *—Ref: CAR President: 'Those who committed reprehensible acts will answer for them', euronews.*

7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

## နိုင်ငံကယ်တင်ရန် စစ်ဘက်တပ်မှူး အစီအစဉ်ကို လစ်ဗျားဝန်ကြီးချုပ်ပယ်ချ

**ထရီပိုလီ၊ ဖေဖော်ဝါရီ-၁၅**

ပါလီမန်ကို ဆိုင်းငံ့ထားပြီး လက်နက်ကိုင်တပ်ဖွဲ့များက နိုင်ငံကို ကယ်တင်ရေး စစ်ဘက်ထိပ်တန်း အရာရှိကြီးတစ်ဦး၏ တိုက်တွန်းပြောကြားမှုကို လစ်ဗျားဝန်ကြီးချုပ်အလီဇိုင်ဒန်က ပယ်ချလိုက်ပြီး အစိုးရက လုံခြုံရေးကိုထိန်းချုပ်ထားနိုင်ကြောင်း ပြောကြားသည်။

ခေါင်းဆောင်ဟောင်းမွမ်မာ ကဒါဖီကို ၂၀၁၁ ခုနှစ်ကတော်လှန်ခဲ့ရာတွင် ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ်ကာလီဖာဟက်ဖ်တာက ဗီဒီယိုထုတ်ပြန်ချက်တစ်ရပ်၌ ပါလီမန်ကိုဆိုင်းငံ့ပြီး သမ္မတရုံးကော်မတီတစ်ရပ်က ရွေးကောက်ပွဲအသစ်များ ကျင်းပနိုင်ချိန်အထိ နိုင်ငံကို အုပ်ချုပ်ရေးအဆိုပြုလိုက်သည်။ ယင်းအစီအစဉ်မှာ အာဏာသိမ်းရန် ကြိုးပမ်းခြင်းဆိုခြင်းထက် နိုင်ငံရေးလမ်းပြမြေပုံဟူ၍လည်း ၎င်းကခေါ်ဝေါ်ခဲ့သည်။

အစိုးရအရာရှိများကဟက်ဖ်တာ၏ဗီဒီယိုကို အလျင်အမြန်ပယ်ချခဲ့ကြပြီးယင်းမှာလစ်ဗျားစစ်တပ်အတွင်း ထောက်ခံမှုမရှိသော ပင်စင်စားစစ်သားတစ်ဦး၏လုပ်ရပ်ဟု တုံ့ပြန်ကြသည်။

သို့သော် ဗီဒီယိုကြောင့် ရှုပ်ထွေးမှုဖြစ်ခဲ့သည်ဆိုသော အချက်ကပင် လစ်ဗျားနိုင်ငံ၏ ယာယီအစိုးရနှင့်အထွေထွေအမျိုးသားကွန်ဂရက် (GNC)အတွင်း၊ ပြိုင်ဘက်အုပ်စုများကြားအတွင်း တိုက်ပွဲများနှင့်အတူ လစ်ဗျားဒီမိုကရေစီ အသွင်ကူးပြောင်းရေး၏ အခြေမခိုင်ပုံကို သတိပေးနေခြင်းဖြစ်သည်ဟု ရိုက်တာသတင်းက ဖော်ပြသည်။

ကဒါဖီပြုတ်ကျပြီး သုံးနှစ်နီးပါးကြာမြင့်လာချိန်ထိပင် လစ်ဗျားအစိုးရမှာ ခိုင်မာမှုမရှိသေးပေ။ အခြေခံဥပဒေကိုလည်း မရေးဆွဲနိုင်သေးဘဲ လက်နက်ချရန် ငြင်းဆန်နေသော တော်လှန်ရေးတပ်ဖွဲ့ဟောင်းများအပေါ်တွင်လည်းဩဇာလွှမ်းမိုးနိုင်ခြင်းမရှိပေ။


"လစ်ဗျားနိုင်ငံဟာ တည်ငြိမ်နေပါတယ်။ GNC ကလည်း သူ့အလုပ်သူလုပ်နေတယ်။ အစိုးရလည်း သူ့အလုပ်သူလုပ်နေတယ်။ စစ်တပ်က သူ့ရဲ့ဌာနချုပ်မှာ ရှိနေပါတယ်။ ဟက်ဖ်တာမှာ ဘာဩဇာအာဏာမှမရှိပါဘူး"ဟု လစ်ဗျားဝန်ကြီးချုပ်ဇိုင်ဒန်က ရိုက်တာသတင်းဌာနအား ပြောကြားသည်။

—*Ref: Reuters*

## Leader's Profile

## ဘင်္ဂလားဒေ့ရှ်သမ္မတ အဗ္ဗဒူဟာမစ်

ရဲမင်း



အဗ္ဗဒူဟာမစ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးသမား တစ်ဦးဖြစ်ပြီး လက်ရှိဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သမ္မတဖြစ်သည်။ သမ္မတတာဝန်မထမ်းဆောင်မီ ၂၀၀၉ ဇန်နဝါရီမှ ၂၀၁၃ ဧပြီအထိ ပါလီမန်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ဟာမစ်ကို ၁၉၄၄ ခုနှစ် ဇန်နဝါရီ ၁ ရက်က ကီရှိုးဂန့်ပြည်နယ် မီသာမိန်းခရိုင်၊ ကာမယ်ပါကျေးရွာတွင် မွေးဖွားခဲ့သည်။ ဟာမစ်သည် ကီရှိုးဂန့်ပြည်နယ်ရှိ အစိုးရကောလိပ်မှ I.A နှင့် B.A အောင်မြင်ခဲ့သည်။ နောက်ပိုင်းတွင် ဒါကာတက္ကသိုလ် လက်အောက်ရှိ ဥပဒေကောလိပ်မှ ဥပဒေဘွဲ့ (LLB)ရရှိခဲ့သည်။ ယင်းနောက် အဗ္ဗဒူဟာမစ်သည် ကီရှိုးဂန့်ပြည်နယ်တရားရုံးတွင် ရှေ့နေတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ကီရှိုးဂန့်ရှေ့နေများအစည်းအရုံး၏ ဥက္ကဋ္ဌအဖြစ် အကြိမ်များစွာ ခန့်အပ်ခံခဲ့ရသည်။

ဟာမစ်သည် နိုင်ငံရေးတွင် ငယ်ရွယ်စဉ်ကပင် ပါဝင်ခဲ့ပြီး ကီရှိုးဂန့်တွင်ကျောင်းတက်နေစဉ်မှာပင် ဂူရူဒါယယ်အစိုးရကောလိပ်ကျောင်းသားအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်ခဲ့သည်။

ထို့အပြင် ဟာမစ်သည် ၁၉၇၀ မှ ၂၀၀၉ ခုနှစ်အထိ ပါလီမန်အမတ်အဖြစ် ခုနစ်ကြိမ်တိုင်တိုင် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

၁၉၉၆ ခုနှစ် အဝမ်မီလိဂ်ပါတီက အစိုးရဖွဲ့စည်းခွင့်ရချိန်တွင်ဟာမစ်မှာအမျိုးသားပါလီမန် ဒုဥက္ကဋ္ဌဖြစ်သည်။

၂၀၀၁ ခုနှစ်တွင် ဟာမစ်သည်အတိုက်အခံဘက်မှနေ၍ အမျိုးသားညီလာခံ ဒုတိယခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဘင်္ဂလားဒေ့ရှ်၊ အမျိုးသားပါလီမန် ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၁၉၇၁ ခုနှစ် ဘင်္ဂလားဒေ့ရှ် လွတ်မြောက်ရေးစစ်ပွဲတွင်ပါဝင်ခဲ့ခြင်းအတွက် လွတ်လပ်ရေးနေ့ဆုကို ၂၀၁၃ ခုနှစ်တွင် လက်ခံရရှိခဲ့သည်။

၂၀၁၃ ခုနှစ်မတ်လ ၁၄ ရက်တွင် နိုင်ငံ၏သမ္မတ ဇီလာရာမန်သည်စင်ကာပူနိုင်ငံ၌ဆေးကုသမှုခံယူစဉ် အဗ္ဗဒူလာဟာမစ်သည် ယာယီသမ္မတအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ရာမန်မှာ ခြောက်ရက်ကြာဆေးကုသမှုခံယူပြီးတွင် ကွယ်လွန်သွားခဲ့သဖြင့် အဗ္ဗဒူဟာမစ်က ၂၀၁၃ ဧပြီ ၂၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဟာမစ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသုံးယောက်နှင့် သမီးတစ်ယောက်ထွန်းကားခဲ့သည်။

—*Ref: Wikipedia*

## အင်တာနက်တွင်ဖော်ပြသော အချက်အလက်များအတွက် အခကြေးငွေရရှိရန် စပိန်အစိုးရကြိုးပမ်း

**မက်ဒရစ်၊ ဖေဖော်ဝါရီ-၁၅**

ဖေဖော်ဝါရီ ၁၄ ရက်တွင် စပိန်အစိုးရ အဆိုပြုလိုက်သော ဥပဒေသစ်အရ မူပိုင်ခွင့်ရှိသော အချက်အလက်များကို ဖော်ပြခြင်းအတွက် ဂူးဂဲလ်ကုမ္ပဏီကဲ့သို့ အင်တာနက်ဝက်ဘ်ဆိုက်ရှာဖွေခြင်း ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများထံမှ စပိန်နိုင်ငံရှိ သတင်းမီဒီယာကုမ္ပဏီများ အဖိုးအခရရှိနိုင်မည်ဖြစ်သည်။




Google News နှင့် Yahoo News ကဲ့သို့ပူးပေါင်းလုပ်ငန်းများ၊ သတင်းရှာဖွေရေး ဝန်ဆောင်မှုပေးသည့် ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသော သတင်းခေါင်းကြီးပိုင်း သတင်းအတိုအထွာ၊ သတင်းထိပ်ပိုင်းစာပိုဒ်များနှင့် Link များ ပေးထားခြင်းတို့အတွက် လျော်ကြေးရရှိရေး ပေါ်တူဂီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယမ်နှင့် ဂျာမနီနိုင်ငံတို့ရှိ ထုတ်ဝေသူများလည်းအလားတူတွန်းအားပေးနေကြသည်။

ဝက်ဘ်ဆိုက် ရှာဖွေမှုဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများမှာ သတင်းများဘေးတွင်ဖော်ပြထားသော ကြော်ငြာများမှ ဝင်ငွေရရှိကြပြီး ယင်းဝင်ငွေမှ ဝေစုရရှိရေးအတွက် သတင်းမီဒီယာများက တိုက်ပွဲဝင်နေကြသည်။

စပိန်ဗဟိုလက်ယာ ပြည်သူ့ပါတီအစိုးရက ယင်းသို့ သဘောတူညီမှုရယူရန် လွှတ်တော်သို့တင်သွင်းမည့် အသိဉာဏ်ပညာဆိုင်ရာ ပိုင်ဆိုင်မှုဥပဒေမူကြမ်းတစ်ခုကို အဆိုပြုထားသည်ဟု ဒုတိယဝန်ကြီးချုပ်ဆိုရာယာဆီးနက်ဇ်ဒီဆန်တာမာရီယာက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

မည်သည့်အချက်အလက်များအတွက် အဖိုးအခပေးရမည်၊ မည်မျှပေးရမည်ဆိုသည်ကို မည်ကဲ့သို့ ဆုံးဖြတ်ထားကြောင်း စပိန်အစိုးရက ပြောကြားခြင်းမရှိပေ။ ယင်းအသိဉာဏ်ပညာဆိုင်ရာပိုင်ဆိုင်မှုပြုပြင်ပြောင်းလဲရေးဥပဒေမူကြမ်းပါ အချက်အလက်များကို မမြင်တွေ့ရသေးသဖြင့် မှတ်ချက်မပြုနိုင်ဟု စပိန်နိုင်ငံရောက် ဂူးဂဲလ်ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိအမျိုးသမီးတစ်ဦးကပြောသည်။

ကြော်ငြာ အသုံးစရိတ်ကျဆင်းသွားစဉ် ကာလကြာစီးပွားရေးကျဆင်းမှုများကြောင့် စပိန်မီဒီယာလုပ်ငန်းများစွာ ထိခိုက်ခဲ့ရသည်။ သတင်းစာနှင့် အခြားမီဒီယာလုပ်ငန်း ဒါဇင်ပေါင်းများစွာ ပိတ်ပစ်ခဲ့ရပြီး လွန်ခဲ့သောလေးနှစ်အတွင်း ဂျာနယ်လစ် ၉,၅၀၀ ဦး အလုပ်ပြုတ်ခဲ့သည်။

အင်တာနက်တွင် ပြင်သစ်နိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်လာစေရေး ဂူးဂဲလ်ကုမ္ပဏီက လွန်ခဲ့သည့်တစ်နှစ်က အထူးရန်ပုံငွေယူရိုငွေသန်း ၆၀ ပေးရန် သဘောတူညီခဲ့သည်။

—*Ref: Reuters*

## ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် ကန်နှင့်တရုတ်အစိုးရများ သဘောတူ

**ဘေဂျင်း၊ ဖေဖော်ဝါရီ-၁၅**

ကမ္ဘာပေါ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အများဆုံးနှစ်နိုင်ငံဖြစ်သော အမေရိကန်နှင့်တရုတ်နိုင်ငံတို့က ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုလျော့ပါးသွားစေရေး အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရန် စနေနေ့က ကတိပြုလိုက်ကြသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ကန့်သတ်ရေးအတွက် ၂၀၂၀ ပြည့်နှစ်အလွန် မိမိတို့နိုင်ငံများ၏ အစီအစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များမျှဝေခြင်း အပါအဝင် မူဝါဒပိုင်းအပြန်အလှန် ဆွေးနွေးမှုများတိုးမြှင့်လုပ်ဆောင်ကာ အတူတကွ ပူးပေါင်းလုပ်ကိုင်ကြမည်ဖြစ်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၏တရုတ်နိုင်ငံအလည်အပတ်ခရီးစဉ်အဆုံးတွင် နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

ယခုနှစ်နှောင်းပိုင်းတွင် ပြုလုပ်မည့် ခြောက်ကြိမ်မြောက် အမေရိကန်-တရုတ် မဟာဗျူဟာနှင့် စီးပွားရေးဆွေးနွေးပွဲ၌ ခိုင်မာသောရလဒ်များပေါ်ထွက်ရေး တစိုက်မတ်မတ်လုပ်ကိုင်ရေးနှစ်ဖက်စလုံးက ကတိကဝတ်ထားကြမည်ဟုလည်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

ရာသီဥတုပြောင်းလဲမှု ရင်ဆိုင်ရေး ကမ္ဘာ့နိုင်ငံများ၏ ၂၀၁၅ ခုနှစ် ကြိုးပမ်းမှုအောင်မြင်ရန် သိသာစွာ ပါဝင်လုပ်ဆောင်ရေးအတွက် နှစ်နိုင်ငံလုံးက စိတ်ပိုင်းဖြတ်ထားသည်ဟုလည်း တရုတ်-အမေရိကန် ကြေညာချက်တွင် ဖော်ပြသည်။

၁၉၉၇ ခုနှစ် ကျိုတိုသဘောတူညီချက်ကို ဆက်ခံမည့် နိုင်ငံတကာသဘောတူညီချက်တစ်ရပ်ရရှိရေး ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၁၅ ခုနှစ်တွင် ပါရီမြို့၌ ကျင်းပမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသည် ကျိုတိုသဘောတူညီချက်ကို မည်သည့်အချိန်ကမျှ အတည်မပြုခဲ့ပေ။

ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်အသစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုထိန်းချုပ်ရေး ကတိကဝတ်များနှင့် အဆင်းရဲဆုံးနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုတွင် လိုက်ပါရှင်သန်နိုင်ရေး အကူအညီပေးရေး အစီအစဉ်များ ပါဝင်ဖွယ်ရှိသည်။

—*Ref: Reuters*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.50 ▪ FEBRUARY 19 , 2014

# ပြည့်တန်ဆာလုပ်ငန်း ထွန်းကားနေခြင်းကို အရေးမယူ၍ တရုတ်နိုင်ငံ တုံကွမ်းမြို့ရဲတပ်ဖွဲ့အကြီးအကဲ ရာထူးမှထုတ်ပယ်ခံရ

**ဘေဂျင်း၊ ဖေဖော်ဝါရီ-၁၅**

တရုတ်နိုင်ငံတောင်ပိုင်း တုံကွမ်းရဲတပ်ဖွဲ့အကြီးအကဲသည် မြို့တော်တွင်း၌ ပြည့်တန်ဆာလုပ်ငန်း ထွန်းကားနေသည်ကို မီဒီယာများက ဖော်ပြခဲ့ပြီးနောက် ရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။

ယန်ရှားကန်ဟုခေါ်သည့် တုံကွမ်းဒုတိယမြို့တော်ဝန်နှင့် ပြည်သူ့လုံခြုံရေးဗျူရိုအကြီးအကဲလည်းဖြစ်သူ ရဲတပ်ဖွဲ့အကြီးအကဲသည် ရာထူးအားလုံးမှ ဖယ်ရှားခံလိုက်ရခြင်းဖြစ်ကြောင်း ကွမ်တုံပြည်နယ်ကွန်မြူနစ်ပါတီကော်မတီက သောကြာနေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ကော်မတီမှ ထုတ်ပြန်ချက်ထဲတွင် မစ္စတာယန်သည် တုံကွမ်းတွင်ဖြစ်ပွားနေသော တရားမဝင်လိင်လုပ်ငန်းများကို နှိမ်နင်းရန် ပျက်ကွက်ခဲ့ကြောင်းဆိုသည်။ ၎င်းနှင့်အတူ တာဝန်ပေါ့လျော့သည့် တုံကွမ်းမြို့နယ် ပြည်သူ့လုံခြုံရေးဗျူရိုအကြီးအကဲ၊ ရဲဌာနညွှန်ကြားရေးမှူးသုံးဦးနှင့် မြို့နယ်ပါတီအတွင်းရေးမှူးတို့လည်း ရာထူးများမှ



CHINA OUT/AFP

*တရုတ်နိုင်ငံ၊ ကွမ်တုံပြည်နယ်၊ တုံကွမ်းမြို့ရှိ ဖျော်ဖြေရေးစင်တာတစ်ခုကို ဝင်ရောက်စီးနင်းစဉ် လိင်လုပ်သားတစ်ဦးနှင့် ဧည့်သည်တစ်ဦးအား ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။ တရားမဝင်လိင်လုပ်ငန်းလုပ်ကိုင်မှုကြောင့် တုံကွမ်းတွင် ဖျော်ဖြေရေးစင်တာ ၁၂ ခုမှ လူပေါင်း ၆၇ ဦးကို ဖမ်းဆီးခဲ့သည်။*

ဖယ်ရှားခံခဲ့ရသည်။

ဖေဖော်ဝါရီ ၁၄ ရက်က ၎င်းတို့ကို ရာထူးများမှ ထုတ်ပယ်ကြောင်း ကြေညာချက်မထွက်မီ မြို့နယ်ရဲဌာနညွှန်ကြားရေးမှူးနှစ်ဦးကို ဂျာနယ်လစ်များ၏ သတင်းဖော်ပြချက်များကို လိုက်နာဆောင်ရွက်မှု မရှိခြင်းကြောင့် ရာထူးမှ ထုတ်ပယ်ခဲ့ပြီးဖြစ်သည်။ တရုတ်နိုင်ငံပိုင်မီဒီယာ စီစီတီဗီသည် ပြီးခဲ့သည့်အပတ် တနင်္ဂနွေနေ့က တုံကွမ်းတွင် လိင်ဖျော်ဖြေရေးလုပ်ဆောင်နေသည့် ဟိုတယ်များ ဒါဇင်နှင့်ချီရှိနေသည်ကို သတင်းဖော်ပြခဲ့ပြီး လျှို့ဝှက်ရိုက်ကူးထားသည့် ရုပ်သံပြကွက်တစ်ခုတွင်လည်း စီစီတီဗီ သတင်းထောက်တစ်ဦးက ရဲဌာနသို့ဖုန်းဆက်အကြောင်းကြားကာ ဟိုတယ်နှစ်ခုတွင် လိင်ဖျော်ဖြေရေးလုပ်ငန်းများလုပ်နေကြောင်း သတင်းပို့နေသော်လည်း တုံ့ပြန်မှုမရှိသည်ကို ပြသခဲ့သည်။

တုံကွမ်းခရိုင်ကွန်မြူနစ်ပါတီကော်မတီသည် သက်ဆိုင်ရာအရာရှိများအား ရာထူးမှထုတ်ပယ်ခြင်းအပါအဝင် ခရိုင်မြို့များဖြစ်သော ဟွမ်ကျန်း၊ ဟူမင်း၊ ဟိုကျီးနှင့် ဖန်ဂန်းမြို့များမှ ပါတီအတွင်းရေးမှူးများကိုလည်း တုံကွမ်းတွင် လိင်လုပ်ငန်းထွန်းကားမှုအတွက် ပြည်သူသို့ ဝန်ချတောင်းပန်ရန် အမိန့်ထုတ်ထားသည်။

—*Ref: China.org*

# ဖိလစ်ပိုင်တွင် မုန်တိုင်းတိုက်ပြီး ရက် ၁၀၀ အကြာထိ အထောက်အပံ့များလိုအပ်နေဆဲဟု ကုလသမဂ္ဂပြော

**မနီလာ၊ ဖေဖော်ဝါရီ-၁၅**

ပြီးခဲ့သည့်သုံးလခန့်က ဖိလစ်ပိုင်နိုင်ငံတွင် စူပါတိုင်ဖွန်းမုန်တိုင်း ဟိုင်ယန် တိုက်ခတ်အပြီး ရက်ပေါင်း ၁၀၀ အကြာတွင် မုန်တိုင်းသင့်ပြည်သူများအတွက် အထောက်အပံ့များမှာ ကြီးကြီးမားမားလိုအပ်နေဆဲဖြစ်ကြောင်း ကုလသမဂ္ဂက သတိပေးပြောကြားလိုက်သည်။

"အာဏာပိုင်တွေ၊ ကုလအေဂျင်စီတွေနဲ့ အင်န်ဂျီအိုအဖွဲ့တွေဟာ တိုးတက်မှုရအောင်လုပ်သင့်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ စိတ်ကျေနပ်အောင် မလုပ်ဆောင်နိုင်သေးပါဘူး"ဟု အခြေအနေနှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံရှိ ကုလလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ ဌာနကိုယ်စားလှယ် လွှီဇာကာဗယ်ဟိုကပြောသည်။ ထို့အပြင် ၎င်းက မုန်တိုင်းကြောင့် နေအိမ်များ ပျက်စီးသွားသည့် လူသန်းပေါင်းများစွာအတွက် တာရှည်ခံမည့် နေစရာအိမ်များ လုပ်ဆောင်ပေးရန် လိုနေသေးကြောင်း ဆိုသည်။

တိုင်ဖွန်းဟိုင်ယန်သည် ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၈ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူ ၆,၂၀၀ သေဆုံးခဲ့ရပြီး နောက်ထပ် လူ ၂,၀၀၀ ခန့် ပျောက်ဆုံးခဲ့ရသည်။ ထို့အပြင် မုန်တိုင်းကြောင့် နေအိမ်ပေါင်း ၁ ဒသမ ၁ သန်းခန့်မှာလည်း ပျက်စီးခဲ့ရကာ လူလေးသန်းခန့် အိမ်ရာမဲ့ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ကာဗယ်ဟိုက မုန်တိုင်းကြောင့် အုန်းခြံများမှ အ





TED ALJIBE/AFP

ပင်ပေါင်းသုံးသန်းနှင့် ကွင်းပြင်များတွင် ဆားငန်ရေများဖုံးကာပျက်သွားခြင်း၊ ငါးဖမ်းလှေစီးရေသုံးသောင်းခန့် ပျက်စီးသွားခြင်းတို့ကြောင့် အလုပ်အကိုင်နေရာသန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရကြောင်းဆိုသည်။

ကုလသမဂ္ဂ၏ ဖော်ပြချက်အရ ကျန်းမာရေးနှင့်စားနပ်ရိက္ခာအပြင် နိုင်ငံတကာထောက်ပံ့မှုများမှာ လူသန်းတစ်ဝက်ခန့်အတွက်သာ တဲအိမ်နှင့်တာပေါ်လင်များ ပေးထားနိုင်ကြောင်း ဆိုထားသည်။ "ဖိလစ်ပိုင်ဟာ မုန်တိုင်းဝင်ဖျက်ဆီးသွားခဲ့တာ ရက် ၁၀၀ ရှိသွားပါပြီ။ မုန်တိုင်းထိခိုက်ခံခဲ့ရတဲ့ဒေသတွေကို ပြန်လည်ထူထောင်ဖို့နဲ့ နောက်ထပ်မုန်တိုင်းကြီးတွေတိုက်လာရင် ပျက်စီးဆုံးရှုံးမှုတွေ ထပ်မကြုံစေဖို့ အာဏာပိုင်တွေနဲ့ ပူးပေါင်းထောက်ပံ့ပေးနေပါတယ်"ဟု ကုလဌာနေကိုယ်စားလှယ်က ပြောသည်။

ကုလသမဂ္ဂသည် ယခုနှစ်တွင် ဖိလစ်ပိုင်တိုင်ဖွန်းမုန်တိုင်းဒုက္ခသည်များအတွက် ရန်ပုံငွေဒေါ်လာ သန်း ၃၀၀ ရရှိထားပြီး ထောက်ပံ့မှုများအတွက် ကုန်ကျစရိတ်စုစုပေါင်းမှာ ကန်ဒေါ်လာ ၇၈၈ သန်းရှိမည်ဟု မျှော်လင့်ထားကြောင်း ၎င်းကဆိုသည်။ လက်ရှိတွင် မုန်တိုင်းတိုက်ခတ်မှု ရက် ၁၀၀ ပြည့်ပြီးနောက် တာရှည်ခံသော အမိုးအကာနေစရာများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးနိုင်ရေးဖြစ်ကြောင်း ၎င်းကပြောကြားသည်။

—*Ref: AFP*

# စင်ကာပူလေကြောင်းပြပွဲတွင် လေယာဉ်ကုမ္ပဏီများ စံချိန်တင် အရောင်းအဝယ်ဖြစ်

**စင်ကာပူ၊ ဖေဖော်ဝါရီ-၁၅**

သောကြာနေ့က ပြီးဆုံးခဲ့သော စင်ကာပူလေကြောင်းပြပွဲတွင် လေယာဉ်ကုမ္ပဏီများ၏ အရောင်းအဝယ်ဖြစ်ခဲ့သော စာချုပ်များတန်ဖိုးမှာ ကန်ဒေါ်လာ ၃၂ ဘီလီယံအထိ စံချိန်သစ်တင်ရောက်ရှိခဲ့သည်။

ယခုစံချိန်မှာ ယခင်ကရရှိခဲ့သော အရောင်းအဝယ်ပမာဏ ဒေါ်လာတစ်ဘီလီယံကို ကျော်ဖြတ်ကာ စံချိန်သစ်ထပ်မံတင်လိုက်ခြင်းလည်းဖြစ်သည်။ ပြပွဲမစတင်မီ ပွဲစီစဉ်သူများက စုစုပေါင်း အရောင်းအဝယ်တန်ဖိုးကို ဒေါ်လာ ၃၁ ဘီလီယံအထိရရှိရန်သာ တွက်ခဲ့ရာ ထင်သည်ထက်ပိုများခဲ့ခြင်းဖြစ်သည်။ ယခုနှစ်ပြပွဲတွင် အာရှလေကြောင်းလိုင်းများမှာ လုပ်ငန်းတိုးချဲ့ရန် ပြင်ဆင်မှုများရှိနေသောကြောင့် လေယာဉ်သစ်ဝယ်ယူမှုများခဲ့ခြင်းလည်း ဖြစ်သည်။

ထို့အပြင် စင်ကာပူလေကြောင်းပြပွဲသို့ လာရောက်ကြည့်ရှုသည့် ဧည့်သည်တော်ဦးရေမှာလည်း လေးသောင်းခန့်ရှိခဲ့ရာ ပြီးခဲ့သည့် ၂၀၁၂ ကထက် နှစ်ထောင်ပိုများခဲ့သည်။ —*Ref: CNA/ms*

# ထောင်မှပြန်လွှတ်ပေးလိုက်သည့် တာလီဘန်အဖွဲ့ဝင်ဟောင်းများ ပုန်ကန်ပါက သုတ်သင်မည်ဟု ကန်စစ်တပ်သတိပေး

**ကဘူးလ်၊ ဖေဖော်ဝါရီ-၁၅**

အမေရိကန်နှင့် အနောက်အုပ်စုတပ်ဖွဲ့များက ကန့်ကွက်နေသည့်ကြားထဲ အကျဉ်းထောင်မှ ပြန်လွှတ်ပေးလိုက်သော တာလီဘန်တပ်ဖွဲ့ဝင်ဟောင်း ၆၅ ဦးကို ပစ်မှတ်ထား စောင့်ကြည့်နေခြင်းမရှိကြောင်း၊ သို့သော် အကျဉ်းသားများက သူပုန်ပြန်လုပ်ကာ တိုက်ခိုက်မည်ဆိုလျှင် သုတ်သင်ရမည်ဖြစ်ကြောင်း ကန်စစ်တပ်ကပြောကြားလိုက်သည်။

ပင်တဂွန်သည် ကြာသပတေးနေ့က အာဖဂန်အစိုးရကပြန်လွှတ်ပေးလိုက်သော တာလီဘန်အကျဉ်းသားများကို မလွှတ်ပေးရန် အကြိမ်ကြိမ်ပြင်းထန်စွာ ကန့်ကွက်ခဲ့သည်။ ကန်စစ်တပ်က ထိုအကျဉ်းသားများသည်တာလီဘန်များအဖြစ် အရပ်သားများနှင့် နိုင်ငံခြားငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကိုပါ သတ်ခဲ့ဖူးသူများဖြစ်ကြောင်းဆိုသည်။ "ကျွန်တော်တို့အနေနဲ့ သူတို့နောက်ကို ပစ်မှတ်ထားပြီး လိုက်စောင့်ကြည့်နေတာမျိုးတော့မရှိပါဘူး။ သူတို့အနေနဲ့ ပြန်သူပုန်လုပ်ပြီး တိုက်ပွဲဝင်မယ်ဆိုရင်တော့ သူတို့ဟာ ကျွန်တော်တို့အတွက် တရားဝင်ရန်သူတွေ၊ ပစ်မှတ်တွေပြန်ဖြစ်လာပါလိမ့်မယ်"ဟု ပင်တဂွန်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အမေရိကန်စစ်တပ်ပြောခွင့်ရပုဂ္ဂိုလ် ရေတပ်ဗိုလ်ချုပ် ဂျွန်ကတ်ဘီကပြောသည်။

အာဖဂန်အစိုးရဘက်မှ တာလီဘန်တပ်သားဟောင်းများအား လုံလောက်သည့် အထောက်အထားမရှိ၍ဟုဆိုကာ ပြန်လွှတ်ပေးလိုက်ခြင်းနှင့်ပတ်သက်၍ ကန်စစ်တပ်နှင့် လွှတ်တော်အမတ်များကြားတွင် ပြင်းထန်စွာရှုတ်ချမှုများ ရှိခဲ့သည်။ ကန်အထက်လွှတ်တော်အမတ် လင်းဆေးဂရေဟမ်ကလည်း ၎င်းသည် အာဖဂန်သမ္မတကာဇိုင်း၏လုပ်ရပ်များကို ရှုတ်ချသည့်ဆုံးဖြတ်ချက်နှင့် အာဖဂန်သို့ထောက်ပံ့သည့် ဖွံ့ဖြိုးရေးအကူအညီအချို့ကို ဖြတ်တောက်ရန် နည်းလမ်း ရှာဖွေသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အာဖဂန်တွင် ယခုနှစ်ကုန်ပိုင်း၌ အမေရိကန်တပ်များဆက်ရှိမှုမှာ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ အိုဘားမားအစိုးရအနေဖြင့် ကာဇိုင်းအား နှစ်နိုင်ငံလုံခြုံရေးစာချုပ်သစ်တစ်ရပ်ရေးထိုး၍ ကန်တပ်များအား ဆက်လက်ထားနိုင်ရန် ဖိအားပေးတိုက်တွန်းနေသည်။ —*Ref: Reuters*

7 DAY NEWS JOURNAL

# Entertainment

Vol.12, No.50 • FEBRUARY 19 , 2014



ဓာတ်ပုံ-ဖွဲ့ညက်

## ထူးထူးခြားခြားဇာတ်ကောင်များအဖြစ် သရုပ်ဆောင်ထားသော ဗီဒီယိုခွေများအတွက် ရင်ခုန်နေသည့် ဝတ်မှုံရွှေရည်

**ဖွဲ့ညက်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၅**

ထူးထူးခြားခြားဇာတ်ကောင်များအဖြစ် သရုပ်ဆောင်ထားသောဗီဒီယိုကားများ ယခုနှစ်အတွင်း ထွက်ရှိလာမည်ဖြစ်သောကြောင့် ကြိုတင်ရင်ခုန်နေကြောင်း သရုပ်ဆောင်ဝတ်မှုံရွှေရည်က ပြောသည်။

“ကစ် ကြိုးစားထားတဲ့ကားလေးတွေ ရုံတင်မယ်။ ဗီဒီယိုဆိုရင်လည်း ၂၀၁၃မှာ ထူးထူးခြားခြား ဇာတ်ရုပ်တွေ၊ ပရိသတ်မမြင်ဖူးသေးတဲ့ ဇာတ်ရုပ်တွေ ရိုက်ထားတယ်။ အဲဒီကားတွေ ၂၀၁၄မှာ ထွက်မယ်ဆိုတော့ ရင်ခုန်နေပါတယ်”ဟု ဝတ်မှုံရွှေရည်ကပြောသည်။

ယင်းဇာတ်ကားများနှင့်ပတ်သက်၍ ပရိသတ်အားပေးမှုကို စောင့်ကြည့်ရမည်ဖြစ်ပြီး ယခုအချိန်အထိ ရိုက်ကူးထားသည့်ဇာတ်ကားများကိုပြန်ကြည့်လျှင် လိုအပ်မှုများရှိနေဆဲဖြစ်ကြောင်း ၎င်းကဆိုသည်။

“ကိုယ့်ကားလေးတွေပြန်ကြည့်တဲ့အချိန်တိုင်းပြင်ဖို့လေးတွေ ထွက်ထွက်လာတယ်။ ဒီနေရာလေးမှာဒီလိုလေးလုပ်လိုက်ရင်ကောင်းမှာပဲဆိုပြီး ထင်မိတာတွေရှိတယ်”ဟု ဝတ်မှုံရွှေရည်ကပြောသည်။

ထို့အပြင် ဗီဒီယိုထက် ရုပ်ရှင်က ရိုက်ကူးချိန်နှင့် ရုံတင်ချိန်ကွာဟမှုရှိသောကြောင့် ပရိသတ်ကြိုက်မည့်ဇာတ်လမ်းဖြစ်ရန်နှင့် ဖက်ရှင်အတွက် စိုးရိမ်စိတ်များရှိကြောင်း ၎င်းကဆိုသည်။

“ဗီဒီယိုတွေက Update ဖြစ်တယ်။ ခုရိုက်ရင် နောက်သုံးလေးငါးလဆိုထွက်ပြီဆိုတော့ ခေတ်အရမ်းမကွာဘူးလေ။ ရုပ်ရှင်ကြတော့ မသိဘဲနဲ့မှန်းပြီး ရိုက်ရတော့ စိုးရိမ်စိတ်ရှိတယ်”ဟု ဝတ်မှုံရွှေရည်ကပြောသည်။

ယခုရက်ပိုင်းတွင် ဒါရိုက်တာကိုဇော်(အရုဏ်ဦး)ရိုက်ကူးသည့် ဇာတ်ကား၌ ပြေတီဦးနှင့်အတူတွဲဖက်သရုပ်ဆောင်နေပြီး ဆင်းရဲသော်လည်း မာနကြီးသည့်အိမ်ဖော်ကောင်မလေးအဖြစ်သရုပ်ဆောင်ထားသည်။

# “ဒီနှစ် ရုပ်ရှင် နှစ်ကား၊ သုံးကားထက် ပိုရိုက်ဖြစ်မှာ မဟုတ်ဘူး”

ပြေတီဦးနှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

**လွန်ခဲ့သည့် သုံးနှစ်ကျော်မှ စတင်တည်ထောင်ခဲ့သော ပြေတီဦး ပညာရေးဖောင်ဒေးရှင်း၏ ရန်ပုံငွေဂီတပဒေသာကပွဲကို မန္တလေးမြို့၌ ဖေဖော်ဝါရီလကုန်တွင်ပြုလုပ်မည်ဖြစ်သည်။ နှစ်စဉ်ထောက်ပံ့ရသောကျောင်းသားဦးရေများပြားလာ၍ ရန်ပုံငွေလိုအပ်ချက်များအရမန္တလေးမြို့၌ပထမဦးဆုံးအကြိမ်ရန်ပုံငွေပွဲပြုလုပ်ခြင်းဖြစ်သည်။ ထို့အပြင် အလှူရှင်များ၏ အိမ်အရောက်အလှူခံမည်ဟုဆိုသည့် ဖောင်ဒေးရှင်းဥက္ကဋ္ဌပြေတီဦးကို ယင်းဖျော်ဖြေပွဲအကြောင်းအရာများအပြင် လက်ရှိရုပ်ရှင်လောကအကြောင်းနှင့် ၎င်း၏အနုပညာလှုပ်ရှားမှုများအကြောင်းကို တွေ့ဆုံမေးမြန်းထားပါသည်။**

**မန္တလေးမှာ ပြုလုပ်မယ့် ကိုပြေတီဦးရဲ့ ပညာရေးဖောင်ဒေးရှင်းရန်ပုံငွေပွဲအကြောင်းကိုပြောပြပေးပါလား။**

ဖေဖော်ဝါရီ ၂၈ရက်နေ့ ဒိုင်းမွန်းပလာဇာမှာ ကဖို့ စီစဉ်ထားတယ်။ စတိတ်ရှိုးပွဲမှာလည်း အင်ပါယာနဲ့အတူနာမည်ကြီးအဆိုတော်တွေအများကြီးပါတယ်။ ဟားငါးကောင်ရဲ့ ဟာသဖျော်ဖြေမှုပါမယ်။ နောက်ပြီး ဒါရိုက်တာဦးမျိုးမင်းနဲ့ ကျော်ဇော်လင်း(အတွေးပုံရိပ်)စီစဉ်တဲ့ ပဒိုင်းသီး wedding ဆိုတဲ့ ပြဇာတ်ပါတယ်။ အဲဒီမှာလည်း အနုပညာရှင်တွေအများကြီးပါတယ်။ ဟာသပြဇာတ်လေးပါပဲ။ ဟာသဆိုရင်ကို လူတွေက သဘောကျကြတာဆိုတော့ ကျွန်တော်တို့က တကယ့်ကို ရယ်ရတဲ့ ဟာသမျိုးတွေနဲ့ တင်ဆက်သွားမယ်။

**မန္တလေးမြို့ထဲကိုလည်း လိုက်ပြီး အလှူခံမယ့် အစီအစဉ်ရှိတော့ အဲဒီအကြောင်းကိုလည်းပြောပြပေးပါလား။**

မန္တလေးမှာပွဲလုပ်မယ်ဆိုကတည်းက ကိုယ်တိုင်ကိုယ်ကျအိမ်တိုင်ရာရောက်လာပြီးတော့ အလှူခံပေးပါလို့ တောင်းဆိုကြတယ်။ အဲဒီလိုအလှူခံပေးရင် လှူချင်တဲ့လူတွေအများကြီးရှိတယ်။ အဲဒါကြောင့် ကျွန်တော်တို့ စဉ်းစားတယ်။ အရမ်းတော့ပင်ပန်းမယ်။ ဒါပေမဲ့ ကလေးတွေအတွက် အပင်ပန်းခံပြီး အဲဒီတစ်ရက်ကို မရရအောင်အလှူခံမယ်လို့စီစဉ်ထားတယ်။ လှူချင်တဲ့လူတွေက ဖုန်းနံပါတ် ၀၉-၂၅၀၇၉၄၄၄၀ ကိုလှမ်းဆက်သွယ်ထားလို့ရတယ်။ အဲဒါမှ ကျွန်တော်တို့က လိပ်စာမှတ်ထားပြီး မတ်လ ၁ရက်နေ့မှာလိုက်ပြီးအလှူခံမယ်။



ဓာတ်ပုံ-နစ်ကီ

**ဖောင်ဒေးရှင်းတည်ထောင်ထားတာက သုံးနှစ်ကျော်သွားပြီဆိုတော့ ထောက်ပံ့တဲ့ကျောင်းသားဘယ်နှဦးလောက်ရှိသွားပြီလဲ။**

ဖောင်ဒေးရှင်းကနေ တာဝန်ယူထားတာက ၄၆ယောက်ရှိတယ်။ နောက်ထပ် မိတ်ဆွေအပေါင်းအသင်းတွေ ထောက်ပံ့ပေးတာနဲ့ ဆိုရင် ဒီသုံးနှစ်အတိုင်းအတာအတွင်းမှာ စုစုပေါင်း ၉၄ ယောက်ရှိသွားပြီ။

**အရင်ကဆေးတက္ကသိုလ်ကျောင်းသားတွေကို ထောက်ပံ့ပေးတယ်။ အခုနှစ်မှာ နည်းပညာတက္ကသိုလ်ကျောင်းသားတွေပါ ထောက်ပံ့ပေးတာဆိုတော့ နောင်နှစ်တွေအတွက်ရောဘယ်လို ထောက်ပံ့ပေးဖို့ စီစဉ်ထားလဲ။**

အဲဒါကို အတိအကျပြောလို့မရသေးဘူး။ ကျွန်တော်တို့က တော့ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ချင်တာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့မှာရှိတဲ့ Fund နဲ့ ကျွန်တော်တို့ လုပ်နိုင်တဲ့ အတိုင်းအတာနဲ့မနိုင်ဝန်ကိုမထမ်းမိဖို့အရေးကြီးတယ်။ နိုင်တဲ့ဝန်ကိုထမ်းမှ ရေရှည်သွားလို့ရမှာ မနိုင်ဝန်ကိုသွားထမ်းမိရင် ခါးဆက်ပြတ်သလိုဖြစ်သွားလိမ့်မယ်။

စာမျက်နှာ ၄၁ »






7DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# ဟောလိဝုဒ်တွင် ဆန်ဒရာဘူးလော့ခ် ဖယောင်းရုပ်တုသစ်ထုတ်ဖော်ပြသ

**လော့စ်အိန်ဂျလိစ်၊ ဖေဖော်ဝါရီ-၁၄**

ကမ္ဘာကျော်မဒမ်တူးဆော့ဖယောင်းရုပ်ပြတိုက်သည် ၂၀၁၄ အော်စကာဆုပေးပွဲမတိုင်မီ ဆန်ဒရာဘူးလော့ခ်ကို ဂုဏ်ပြုသောအားဖြင့် ၎င်း၏ပုံတူ ဖယောင်းရုပ်တုသစ်ကို ဖေဖော်ဝါရီ ၁၃ ရက်က ထုတ်ဖော်ပြသခဲ့သည်။

ဆန်ဒရာဘူးလော့ခ်၏ ဖယောင်းရုပ်တုကို မဒမ်တူးဆော့ ဟောလိဝုဒ်ဖယောင်းရုပ်ပြတိုက်အတွက် ဖန်တီးခဲ့ခြင်းဖြစ်ပြီး ၎င်းကို ဟောလိဝုဒ်ရှိ အော်စကာဆုပေးပွဲကျင်းပရာ Dolbyကဇာတ်ရုံ၌ပြသခဲ့သည်။

ယင်းဖယောင်းရုပ်တုသည် အနီရောင်ဂါဝန်ဝတ်ဆင်ထားပြီး အနက်ရောင်ဒေါက်မြင့်ဖိနပ်စီးထားသည့်အပြင် လက်နှစ်ဖက်ကလည်း ရွှေရောင်ပိုက်ဆံအိတ်တစ်လုံးကိုင်ထားရာ ဆန်ဒရာဘူးလော့ခ်နှင့် တစ်ထပ်တည်းတူသော ဖယောင်းရုပ်တုဟု အမေရိကန်မီဒီယာများက ဖော်ပြကြသည်။

၎င်းရုပ်တုကို ဟောလိဝုဒ်စူပါစတားများဖြစ်ကြသော အန်ဂျလီနာဂျိုလီ၊ မော်ဂန်ဖရီးမန်း၊ လီယိုနာဒိုဒီကာပရီယိုနှင့် ဒန်ဇယ်ဝါရှင်တန်ဖယောင်းရုပ်တုများနှင့် အတူထားရှိခဲ့သည်ဟုသိရသည်။

ဆန်ဒရာဘူးလော့ခ်သည် ဖယောင်းရုပ်တုသစ်ဖြင့်ဂုဏ်ပြုခံရရုံသာမက လာမည့်လတွင်ကျင်းပမည့် အော်စကာဆုပေးပွဲ၌ Gravity ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် အမည်တင်သွင်းခြင်းခံထားရသည်။

Ref: Hollywood Buzz




# ခန္ဓာကိုယ်အလှအပနဲ့ပတ်သက်ပြီး ယုံကြည်မှုရှိတယ်ဆိုတဲ့ဟန်ဟိုဂျူ

**ဆိုးလ်၊ ဖေဖော်ဝါရီ-၁၄**

တောင်ကိုရီးယားနာမည်ကျော်သရုပ်ဆောင်မင်းသမီး ဟန်ဟိုဂျူက ၎င်း၏ခန္ဓာကိုယ်အလှအပနှင့်ပတ်သက်၍ ယုံကြည်မှုအပြည့်ရှိသည်ဟု SBS ရုပ်သံလိုင်း၏ 'Night of TV Entertainment' အစီအစဉ်တွင်ပြောကြားခဲ့သည်။

SBS ရုပ်သံလိုင်းနှင့် ဟန်ဟိုဂျူတို့တွေ့ဆုံမေးမြန်းခန်းပြုလုပ်ရာတွင် ကေဒရာမာစတားဟန်ဟိုဂျူက "ကျွန်မခန္ဓာကိုယ်လှတယ်လို့မထင်ဘူးလား။ ကျွန်မရဲ့ ခန္ဓာကိုယ်ပုံဟာ အတော်လေးကြည့်ကောင်းတယ်လို့ယုံကြည်တယ်။ ဘယ်နေရာကိုသွားသွား ကိုယ့်ကိုယ်ကိုယ်ခန္ဓာကိုယ်မလှဘူးဆိုပြီး သိမ်ငယ်ရမယ်လို့မထင်မိဘူး"ဟုပြောကြားခဲ့သည်။

ရုပ်သံဖန်သားပြင်နှင့် လက်တွေ့အပြင်ဘက်တွင် လှပမှုကိုနှိုင်းယှဉ်ပြရန်ဟူသော SBS ၏ မေးခွန်းနှင့်ပတ်သက်၍ "ကျွန်မကိုယ်ကျွန်မ တီဗီထဲမှာပိုပြီးကြည့်ကောင်းတယ်လို့ထင်တယ်။ အပြင်မှာတော့ ကျွန်မရဲ့ပုံစံက ရိုးရိုးကြီးပဲလို့ထင်တယ်"ဟု ဟန်ဟိုဂျူကပြောကြားခဲ့သည်။

ဟန်ဟိုဂျူသည် ၎င်းအရက်သောက်တတ်သည့်အကျင့်များကိုလည်း ယင်းအစီအစဉ်တွင် ပွင့်လင်းစွာထုတ်ဖော်ပြောကြားခဲ့သည်။ "ကျွန်မမနေ့ကပဲ အမဲအူနဲ့ဆိုဂျူအရက်သုံးခွက်သောက်ခဲ့သေးတယ်။ အရက်အရမ်းသောက်တာမျိုးတော့မရှိပါဘူး။ မူးလာရင်တော့ ပျော်စေပြက်စေ လူတွေကိုလိုက်ထုတာမျိုးတော့ရှိတယ်"ဟု ရယ်မောလျက်ပြောကြားခဲ့သည်။

ဆယ်ကျော်သက်အရွယ်မှစ၍ အနုပညာလှုပ်ရှားမှုများပြုလုပ်လာသော အသက်(၂၆)နှစ်အရွယ်ရှိ ဟန်ဟိုဂျူသည် အသက်(၃၃)နှစ်ခန့်တွင် အိမ်ထောင်ပြုမည်ဟု စဉ်းစားထားကြောင်း ပြောကြားခဲ့သည်။ လက်ရှိတွင် ဟန်ဟိုဂျူသည် ဂျပန်ရုပ်ရှင်ကားတစ်ကား၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

Ref: Soompi






စာ(၃၉)မှ

# ပြေတီဦးနှင့်တွေ့ဆုံခြင်း

အဲဒါကြောင့် နိုင်တဲ့ ဝန်ကို ဖြည်းဖြည်းချင်းထမ်းသွားဖို့ အစီအစဉ်ရှိတယ်။ ဆရာဝန်မှ၊ အင်ဂျင်နီယာမှမဟုတ်ပါဘူး။ ကျန်တဲ့ဘာသာရပ်တိုင်းမှာလည်း ထူးချွန်ထက်မြက်တဲ့သူတွေပေါ်လာဖို့ လုပ်ချင်တဲ့ ဆန္ဒတော့ရှိတယ်။

**အနုပညာရှင်တစ်ယောက်အနေနဲ့ဖောင်ဒေးရှင်းတည်ထောင်ထားတာကကော ဘယ်လိုအားသာချက်မျိုးတွေရှိလဲ။**

ဖောင်ဒေးရှင်းဆိုတာက ရန်ပုံငွေတောင့်လေလေ ရပ်တည်လို့ကောင်းလေလေ ကြီးမားကျယ်ပြန့်လာလေလေပဲ။ ရန်ပုံငွေရှာတဲ့အခါမှာ အခြားအပြင်လူတစ်ယောက်မရတဲ့အခွင့်အရေးမျိုးတွေတော့ရှိတာပေ့ါ။ အခုလိုပြဇာတ်လုပ်တာ၊ စတိတ်ရှိုးလုပ်တာမျိုးတွေက သူများတွေထက်စာရင် ပိုပြီးလွယ်ကူတယ်။ ကိုယ့်ရဲ့အနုပညာမောင်နှမတွေဆိုရင်လည်း အားတက်သရောကူညီပေးကြတယ်ဆိုတော့ ကျွန်တော်ဖောင်ဒေးရှင်းလုပ်ထားတယ်ဆိုပေမယ့်ဒီအားတွေအကုန်လုံးက ကျွန်တော်တစ်ယောက်တည်းကြောင့် မဟုတ်ဘူး။ အနုပညာမောင်နှမတွေဝိုင်းဝန်းပေးလို့သာ ဒါမျိုးလုပ်နိုင်တာ။ အမှန်က အားလုံးရဲ့အလှူပဲ။

**အနုပညာလှုပ်ရှားမှုအနေနဲ့ မြန်မာနိုင်ငံမှာက ပရိသတ်လက်ခံတဲ့ အနုပညာရှင်က အနည်းစုဆိုတော့ အနုပညာသက်တမ်းကြာလာတဲ့အခါပရိသတ်ငြီးငွေ့မသွားအောင် ဘယ်လိုတင်ဆက်မှုမျိုးတွေလုပ်ဖြစ်လဲ။**

အဲဒါကတော့ ဇာတ်ကားတွေ ရိုက်တဲ့အခါမှာ သေသေချာချာစိစစ်ပြီး မရိုးအောင်၊ မထပ်အောင်တတ်နိုင်သမျှကြိုးစားပြီး လုပ်နေရတာပဲ။ အဲဒါကြောင့် အခုရိုက်တဲ့ကားတွေဆိုရင်ဟာသတွေပါတယ်။ ဒရာမာတွေပါတယ်။ ရိုးမန့်စ်တွေပါတယ်။ ဒီလိုပဲ ပရိသတ်ငြီးငွေ့မသွားအောင်ကြိုးစားရတာပေ့ါ။

**အရင်က ဆင်ဆာစနစ်ကို အကြောင်းပြပြီး ရုပ်ရှင်အဆင့်နိမ့်ကျတယ်လို့ပြောကြတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာလည်း ဇာတ်လမ်းကောင်းကောင်းတွေမထွက်နိုင်တာကကော ဘာကြောင့်လို့သုံးသပ်လဲ ။**

အနုပညာလောကတစ်ခုတည်း မဟုတ်ဘူး။ ကျန်တဲ့ကဏ္ဍအသီးသီး ဘယ်ကဏ္ဍကိုပဲဖြစ်ဖြစ်ကြိုက်တဲ့ကဏ္ဍလိုက်ကြည့်လိုက် အရာအားလုံး ဘယ်ကမှာမှမတိုးတက်သေးဘူး။ ဒီနိုင်ငံမှာရှိတဲ့ ကဏ္ဍအသီးသီးဖွံ့ဖြိုးလာဖို့ဆိုရင် နိုင်ငံကိုစနစ်တကျနဲ့ တည်ဆောက်ပြီး ဖွံ့ဖြိုးပြီးတိုးတက်လာအောင်အရင်လုပ်ဖို့အရေးကြီးတယ်။ ကျွန်တော်တို့ အနုပညာလောကသားတွေက အရင်က ဆင်ဆာကိုလက်ညှိုးထိုးတယ်။ ခိုးကူးတွေ လက်ညှိုးထိုးတယ်။ ဒါပေမဲ့ ဒီတစ်ခုတည်းကြောင့်မဟုတ်ဘူး။ အစိတ်အပိုင်းတွေအားလုံးပေါင်းပြီး ဒီလိုဖြစ်သွားတာ။ ကျွန်တော်တို့ရဲ့ အနုပညာပစ္စည်းတွေ သိပ်မြင့်မားလာပြီးတိုးတက်လာဖို့က ကျွန်တော်တို့အနုပညာသမားတွေချည်းလုပ်လို့မရဘူး။ နိုင်ငံတော်က ပါဝင်ပံ့ပိုးပြီး ကူညီပေးမှတက်လာမှာ။ နိုင်ငံတကာမှာရှိတဲ့ အနုပညာလောကကိုကြည့်လိုက်မယ်ဆိုရင် တိုးတက်ဖွံ့ဖြိုးပြီးသားနိုင်ငံတွေမှာချည်းပဲ။ မဖွံ့ဖြိုးမတိုးတက်သေးတဲ့ နိုင်ငံတွေမှာ ရုပ်ရှင်သည် အတိုင်းအတာတစ်ခုလောက်ပဲရှိတယ်။ အရေးကြီးတာက ကိုယ့်နိုင်ငံရဲ့ Level အဆင့်အတန်းမြင့်ဖို့လည်း အများကြီးအရေးကြီးတယ်။ အဲဒီလိုမြန်မြန်တည်ဆောက်နိုင်မှကဏ္ဍတွေအားလုံးက ဟန်ချက်ညီညီနဲ့ဖွံ့ဖြိုး တိုးတက်လာမှာ။

**ရုပ်ရှင်အစည်းအရုံးမှာ အမှုဆောင်အသစ်တွေ ပြန်ရွေးချယ်တော့မှာဆိုတော့ ဘာတွေပြောင်းလဲလာနိုင်မယ်လို့ထင်လဲ။**

ဥပဒေတွေရေးဆွဲပြီးသွားရင်တော့ တစ်မျိုးတစ်မည်ဖြစ်သွားနိုင်တယ်။ ရေးဆွဲတဲ့ဥပဒေကကော ဘယ်လောက်ထိအသုံးတည့်မယ်၊ ဘယ်လောက်ထိ အကျိုးသက်ရောက်မယ်ဆိုတဲ့အပေါ်မှာလည်း မူတည်တယ်။ အခုက ရုပ်ရှင်အစည်းအရုံးမှာ လက်ကိုင်ထားရမယ့် ဥပဒေခိုင်ခိုင်မာမာမရှိသေးတဲ့အခါကျတော့ တချို့ကိစ္စတွေမှာ ဘာကိုဘယ်လိုဆုံးဖြတ်ရမလဲမသိနိုင်ဘူး။ အရာအားလုံးစနစ်တကျနဲ့ဖွဲ့စည်းပြီးသွားတော့မှ အပြောင်းအလဲဆိုတာ မျှော်လင့်လို့ရမယ်။

**အခုရုပ်ရှင်အစည်းအရုံးက ဦးစီးပြီး ရုပ်ရှင်ဥပဒေရေးဆွဲနေပြီဆိုတော့ ဒီလောကသားတစ်ယောက်အနေနဲ့ ဘာအကြံပြုဖို့ရှိလဲ။**

ကျွန်တော်တို့ကတော့ ဒီဥပဒေနဲ့ပတ်သက်ပြီး သိပ်နားမလည်ဘူး။ လူကြီးတွေပဲ အကောင်းဆုံးဖြစ်အောင်လုပ်သွားမှာပါ။

**အရင်ကလို ရုပ်ရှင်တစ်ခေတ်ပြန်ဖြစ်လာဖို့ဆိုရင် ဘာတွေလိုအပ်မယ်လို့ထင်လဲ။**

ကိုယ်တို့အနုပညာဆိုတာက ဖျော်ဖြေမှုသက်သက်မဟုတ်ဘူး။ အမျိုးသားရေးဗျ။ ဥပမာ ကိုရီးယားက ကျွန်တော်တို့နိုင်ငံထဲကို သူတို့ရဲ့ယဉ်ကျေးမှုတွေ၊ ဝတ်စားဆင်ယင်မှုတွေ၊ အစားအသောက်တွေ စိမ့်ပြီးဝင်လာတယ်။ ဒီကလူတွေက အဲဒါတွေကို နှစ်သက်စွာသုံးစွဲကြတယ်။ ရုတ်တရက်ကြည့်ရင် ကားတစ်ကားကို ဖျော်ဖြေရေးအနေနဲ့ကြည့်တယ်ထင်ရပေမယ့် ဒါက နယ်အချဲ့ခံလိုက်ရတာ။ သူတို့ရဲ့ ယဉ်ကျေးမှုကို ကျွန်တော်တို့ဆီမှာ စီးဝင်ခံလိုက်ရတာ။ အနုပညာရဲ့ စွမ်းအားဟာ နိုင်ငံတစ်နိုင်ငံအထိကို အင်အားကြီးတယ်။ အကျိုးသက်ရောက်မှုရှိတယ်။ အဲဒါကြောင့် နိုင်ငံတော်အနေနဲ့လည်း ရုပ်ရှင်ကိုဖျော်ဖြေရေးသက်သက်မဟုတ်ဘဲ အမျိုးသားရေးဦးတည်ချက်တစ်ခုထားပြီး နိုင်ငံတော်ဘက်က စီမံကိန်းတွေချပြီး ပူးပေါင်းဆောင်ရွက်ပေးမှ ကျွန်တော်တို့လောက တက်လာမှာ။

**ထပ်ဆင့်အကယ်ဒမီသရုပ်ဆောင်တစ်ယောက်ဖြစ်လာတာကကိုပြေတီဦးအတွက် အနုပညာတာဝန်ပိုကြီးသွားလား။**

ဒီအနုပညာအလုပ်ကိုစလုပ်ကတည်းက တာဝန်ကြီးနေတာ။ အကယ်ဒမီရမှ၊ မရမှ မဟုတ်ဘူး။ ကျွန်တော်ခံယူထားတာက အနုပညာလောကထဲကိုစတင်ကတည်းက ကကျားကုတ်ကျားခဲနဲ့အခွင့်အရေးတစ်ခုရဖို့ ရှစ်နှစ်လောက်ကြိုးစားရတာဆိုတော့ ဒီအလုပ်အပေါ်မှာ အရမ်းတန်ဖိုးထားတယ်။ ရရှိလာတဲ့လုပ်ပိုင်ခွင့်တွေအပေါ်မှာ အရမ်းတန်ဖိုးထားတယ်။ အကယ်ဒမီရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဒီအတိုင်းအတာအတိုင်းပဲ ကြိုးစားနေမှာပါ။

**၂၀၁၄မှာ ရုံတင်မယ့်ရုပ်ရှင်ကားတွေမှာ ဘာကားတွေရှိမလဲ။ ပရိသတ်ရဲ့တုံ့ပြန်မှုကိုကော ဘာတွေမျှော်လင့်ထားလဲ။**

အခုထပ်တင်မယ့်ကားတွေဆိုရင် နင်စေရင်၊ တိုက်ဆိုင်မှုရှိလျှင်၊ Make in Heart၊ မော်ဒန်ရာဇဝင် ရုံတင်မယ်။ ဒီကားတွေက ကျွန်တော်သေချာရိုက်ထားတဲ့ လက်ရွေးစင်ဇာတ်ကားတွေပါ။

**အနုပညာရှင်မိသားစုလည်းဖြစ်တော့ မိသားစုကိုဘယ်လိုအချိန်ပေးဖြစ်လဲ။**

ကျွန်တော်အလုပ်မလုပ်ဖြစ်တဲ့အချိန်တွေအားလုံးက မိသားစုနဲ့ပဲအမြဲအတူတူရှိပါတယ်။ အိမ်ထောင်ဦးစီးတစ်ယောက်က မနက်ဆိုရင် အလုပ်သွားရတယ်။ ညနေမှပြန်ရောက်တာပဲ။ ကျွန်တော်လည်း ဒီလိုပါပဲ။ မနက် ၉နာရီဆိုရှူတင်လာတယ်။ ညနေ ၆နာရီလောက်ဆို အိမ်ပြန်ရောက်တယ်။ အဲဒီအချိန်မှာ မိသားစုနဲ့အတူတူနေတယ်။

**ကျေးဇူးတင်ပါတယ်။**


## လေယာဉ်မယ်အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ရန်ကုန်အဲဝေးစ်

- အမျိုးသမီး(အိမ်ထောင်မရှိသူအပျို)ဖြစ်ရမည်။
- ပထမနှစ်၊ ဒုတိယနှစ်(သို့)ဘွဲ့ရပြီးသူဖြစ်ရမည်။
- အသက်(၁၈)နှစ်ပြည့်ပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃၀ရက်နေ့တွင် ၂၄နှစ်မကျော်သူဖြစ်ရမည်။
- ရုပ်ရည်ချောမောပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်ကာ စိတ်ရှည်သည်းခံနိုင်သူဖြစ်ရမည်။
- အင်္ဂလိပ်စကားကောင်းမွန်စွာပြောဆိုနိုင်ပြီး အခြားနိုင်ငံခြားဘာသာစကားတစ်ခုခုကိုတတ်လျှင် ပို၍ဦးစားပေးမည်။
- အနည်းဆုံး အရပ်(၅ပေ ၃ လက်မ)ရှိပြီး လိုက်လျောညီထွေသော ခန္ဓာကိုယ်အချိုးအစားရှိရမည်။
- မျက်မှန်တပ်ဆင်သူမဖြစ်ရပါ။
- လူအများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

အထက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပြီး မိမိ၏ ကိုယ်ရေးရာဇဝင်၊ နိုင်ငံသားကတ်မိတ္တူ၊ ရှေ့တည့်တည့်မှရိုက်ထားသော တစ်ကိုယ်လုံးပုံ (၁)ပုံ၊ ပတ်စ်ပို့ပုံ(၃)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်း၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူတို့နှင့်အတူ စာအိတ်နောက်ကျောတွင် လျှောက်ထားသူအမည်၊ ဖုန်းနံပါတ်တို့ကိုထင်ရှားစွာရေးသား၍ (၃၁. ၃. ၂၀၁၄)နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ရန်ကုန်အဲဝေးစ်ရုံးချုပ်၊ အမှတ် (၁၆၆)၊ *MMB (Tower)*၊ ၅လွှာ၊ အထက်ပန်းဆိုးတန်းလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
လျှောက်လွှာများကို ရန်ကုန်အဲဝေးစ် website www.yangonair.com တွင် ရနိုင်ပါသည်။



ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်
ဆေးဆိုင်အမြောက်အများနှင့် သူနာပြုအကူ မြောက်များစွာ မွေးထုတ်ပေးခဲ့သည်

## အောင်ချမ်းမြေ့ (Since 2004)

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

အမှတ်(၂၄၉)၊ 2B,5B, 6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅
**(Open 7:00 am To 7:00 pm)** ပိတ်ရက်မရှိပါ။ **www.acmmyanmar.com**

**– ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေးမရှုပါ။ ဝန်ဆောင်ခ ပေးစရာမလိုဘဲ ပြည်တွင်း၊ ပြည်ပအလုပ်ရရှိရန် ကူညီမည်။ ပြည်တွင်း/ပြည်ပ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။ တယ်လီဖုန်းဖြင့် နာမည် စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။**

“**အောင်**” ပြီး “**ချမ်းမြေ့**” မှုတွေရရှိရန် “**အောင်ချမ်းမြေ့**” ကိုလာခဲ့ပါ။

◆ တစ်လ(တနင်္လာနေ့ မှ သောကြာနေ့အထိ)ဆေးဝါး/သူနာပြု
စဉ် (၃၂၅၁) ၂၅-၂-၁၄ စမည်။ စဉ် (၃၂၅၃) ၃-၃-၁၄ စမည်။
စဉ် (၃၂၅၂) ၂၆-၂-၁၄ စမည်။ စဉ် (၃၂၅၄) ၄-၃-၁၄ စမည်။

ဆေးဝါးကျွမ်းကျင်တက်ရောက်နိုင်သည့် အချိန်များ
(I) 07:00 am to 09:00 am (III) 01:00 pm to 04:00 pm
(II) 09:00 am to 12:00 pm (IV) 05:30 pm to 07:30 pm

သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နှစ်လ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၅၅) ၁-၃-၁၄ (SAT & SUN) စဉ် (၃၂၅၆) ၈-၃-၁၄ (SAT & SUN)
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ သုံးလ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၅၇) ၁-၃-၁၄ (Sat Only) စဉ် (၃၂၅၉) ၈-၃-၁၄ (Sat Only))
စဉ် (၃၂၅၈) ၂-၃-၁၄ (Sun Only) စဉ် (၃၂၆၀) ၉-၃-၁၄ (Sun Only))

ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နိုင်ငံတကာ အဆင့်မီ ဒီပလိုမာသင်တန်းများ (ဆေးဝါး/သူနာပြု)
သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်
တနင်္လာနေ့ မှ သောကြာနေ့အထိ (တစ်ပတ်ငါးရက်သင်)
စဉ် (၃၂၆၁) ၂၇-၂-၁၄ စမည်။ စဉ် (၃၂၆၂) ၆-၃-၁၄ စမည်။
ဆေးဝါးဒီပလိုမာ တက်ရောက်နိုင်သည့်အချိန် - 09:00 am to 12:00 pm
သူနာပြုဒီပလိုမာတက်ရောက်နိုင်သည့်အချိန်- - 01:00 pm to 04:00 pm

# ဒုတိယအကြိမ် MMA ပြိုင်ပွဲသို့ အောင်လအန်ဆန် လာရောက်မယှဉ်ပြိုင်နိုင်သေး




*သုဝဏ္ဏအားကစားရုံ၌ကျင်းပခဲ့သည့် ပထမအကြိမ် **MMA** ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်ကျင်းပမည့် MMA (Mix Martial Art) ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ကချင်တိုင်းရင်းသား အောင်လအန်ဆန် MMA ချန်ပီယံမှာ လာရောက်ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ကြောင်း ပွဲစီစဉ်သူထံမှ သတင်းရရှိသည်။

အဆိုပါ ကိုယ်ခံပညာရပ်ပေါင်းစုံ အသုံးပြုယှဉ်ပြိုင်ရသည့် MMAပြိုင်ပွဲကို ၂၀၁၃ခုနှစ်ဩဂုတ် ၃၁ ရက်က ပထမဆုံးအကြိမ်အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခဲ့ပြီး ယခုနှစ်ဩဂုတ်လတွင်လည်း ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း ပွဲစီစဉ်သူဦးဝဏ္ဏကပြောသည်။

"ဒီနှစ်မှာတော့ အောင်လက မြန်မာနိုင်ငံ ကိုယ်စားပြုလာပြိုင်ဖြစ်မှာ မဟုတ်တော့ဘူး။ မနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီးတော့ အောင်လက မြန်မာနိုင်ငံကိုယ်စားပြု လာပြိုင်မယ်ဆိုပြီး ပြောခဲ့တယ်။ အခုတော့ မလာဖြစ်တော့ဘူး"ဟု ဦးဝဏ္ဏက ပြောသည်။

၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံ အိမ်ရှင်အဖြစ် ပထမဆုံးလက်ခံကျင်းပချိန်တွင် ကီလိုဝိတ်တန်းများအလိုက် ချန်ပီယံလုပွဲများထည့်သွင်းကျင်းပခဲ့သော်လည်း ယှဉ်ပြိုင်ထိုးသတ်ချိန်မှာ တိုတောင်းလွန်းသည့်အတွက် လာရောက်ကြည့်ရှုခဲ့ကြသည့်ပရိသတ်အများစုမှာ အားရမှုမရှိခဲ့ပေ။ သို့သော် ပြိုင်ပွဲမှာ မြန်မာပရိသတ်များနှင့် ရင်းနှီးမှုမရှိသေးသည့်အတွက် ယခုကဲ့သို့ ပြိုင်ပွဲသဘောထားကို မသိသေး၍ဖြစ်ကြောင်း၊ ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများကို နားလည်ပါက ပရိသတ်များအကြိုက်တွေ့လာမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ပထမအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပချိန်တွင် မြန်မာ့ရိုးရာလက်ဝှေ့သမားများဖြစ်ကြသည့် ထက်အောင်ဦးနှင့် ဖိုးသားကြီးတို့ကို ရိုးရာလက်ဝှေ့သရုပ်ပြ ထိုးသတ်စေခဲ့သည်။

၂၀၁၄ ခုနှစ် ဩဂုတ်တွင် အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပချိန်၌ အောင်လမှာ မြန်မာကိုယ်စားပြုလာရောက် ထိုးသတ်ရန်စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လာရောက်ယှဉ်ပြိုင်မည်မဟုတ်ဘဲ ၎င်းနှင့် စာချုပ်ချုပ်ဆိုထားသော အမေရိကန်ကုမ္ပဏီနှင့်လည်း လာမည့်ဇွန်လအတွင်း စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အားကစားနည်းကိုးမျိုး နေပြည်တော်တွင် ပြန်လည်စခန်းဝင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

အားကစားဝန်ကြီးဌာနသည် လာမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ရည်ရွယ်၍ အားကစားနည်း ၉ မျိုးအား ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကာနေပြည်တော်တွင် စတင်စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း သတင်းရရှိသည်။

"အနီးစပ်ဆုံးအာရှအားကစားပြိုင်ပွဲအပါအဝင် စင်ကာပူဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ပြီး နေပြည်တော်မှာ ဖေဖော်ဝါရီ ၁၅ ရက်က စပြီး စခန်းသွင်းလေ့ကျင့်နေပါပြီ။ လောလောဆယ်မှာတော့ အားကစားနည်းကိုးမျိုး စတင်စခန်းသွင်း လေ့ကျင့်နေပါတယ်။ နောက်ထပ်အားကစားအဖွဲ့တွေအနေနဲ့လည်း မကြာမီ စခန်းသွင်းလေ့ကျင့်ဖို့ စီစဉ်ထားပါတယ်"ဟု အားကစားဝန်ကြီးဌာနတာဝန်ရှိသူကပြောသည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဆီးဂိမ်းပြီးနောက် နေပြည်တော်တွင် ပြန်လည်စခန်းသွင်းလေ့ကျင့်သည့် အားကစားနည်းများမှာ ပြေးခုန်ပစ်၊ မြားပစ်၊ စက်ဘီး၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ ဘိလိယက်၊ ပီတန်း၊ ကျွမ်းဘားအားကစားနည်းကိုးမျိုးဖြစ်ပြီး ကစားသမားအရေအတွက် ၁၅၀ ဝန်းကျင်ဖြင့်စတင်စခန်းသွင်းလေ့ကျင့်နေခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

"ကျန်တဲ့တခြားအားကစားအဖွဲ့တွေအနေနဲ့လည်း တဖြည်းဖြည်းနေပြည်တော်ကိုစခန်းသွင်းဖို့ လာရောက်ကြမှာဖြစ်ပါတယ်။ တချို့အားကစားအဖွဲ့တွေအနေနဲ့လည်း ကလေးတွေ စာမေးပွဲရှိတာကြောင့်နဲ့ ပြည်တွင်းပွဲလေးတွေရှိတဲ့အတွက်နေပြည်တော်ကို နောက်ကျမှ လာရောက်စခန်းသွင်းဖို့ အကြောင်းကြားထားတာမျိုးတွေလည်းရှိပါတယ်။ ဧပြီလကုန်ဆိုရင် အားကစားနည်းသုံးဆယ်လောက် နေပြည်တော်မှာ စခန်းသွင်းလေ့ကျင့်ဖို့စီစဉ်ထားပါတယ်"ဟု အားကစား ဝန်ကြီးဌာနတာဝန်ရှိသူကပြောသည်။

လာမည့် စက်တင်ဘာလအတွင်း တောင်ကိုရီးယားနိုင်ငံတွင် လက်ခံကျင်းပမည့် (၁၇) ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှအားကစားနည်း ၁၀ မျိုးဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားသည်။

ထို့အပြင် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ရက်မှ ၆ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အားကစားနည်းသုံးဆယ်ကျော်ထည့်သွင်းကျင်းပရန် ပြိုင်ပွဲကျင်းပရေးက လျာထားပြီးဖြစ်သည်။

၂၀၁၅စင်ကာပူဆီးဂိမ်းတွင် ပဏာမစာရင်းပါနေသည့် အားကစားနည်း ၃၀ ကျော်တွင် ပြီးခဲ့သည့် မြန်မာဆီးဂိမ်းတွင် ပါဝင်ခဲ့သည့် အားကစားနည်း ၁၅ မျိုးခန့်မှာ ပါဝင်မည်မဟုတ်ပေ။ သို့သော် မြန်မာလူမျိုးများနှင့် ရင်းနှီးမှုမရှိသေးသည့် Triathlon(သုံးမျိုးစုံအားကစားနည်း)၊ Waterski (ရေလွှာလျှောစီး)၊ Squash, Netball စသည့် အားကစားနည်းများကိုလည်း ၂၀၁၅ ဆီးဂိမ်းတွင် မြန်မာနိုင်ငံမှဝင်ရောက်ယှဉ်ပြိုင်သွားရန် စီစဉ်လျက်ရှိကြောင်း အားကစားဝန်ကြီးဌာနမှ သတင်းရရှိသည်။

# အရှေ့တောင်အာရှ လူငယ်တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ ပထမအကြိမ် လက်ခံကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**


အရှေ့တောင်အာရှ လူငယ်တံခွန်စိုက်ပြေးခုန်ပစ် ပြိုင်ပွဲကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နဝမအကြိမ်မြောက် အရှေ့တောင်အာရှလူငယ်တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲကို လာမည့် ဧပြီ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအပါအဝင် အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ လူငယ်အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ သတင်းရရှိသည်။

"ဆီးဂိမ်းအပြီးမှာ ဒီပြိုင်ပွဲကျင်းပရေးကော်မတီက နေပြည်တော်မှာ လက်ခံကျင်းပဖို့အတွက် ကမ်းလှမ်းခဲ့တာပါ။ အရှေ့တောင်အာရှလူငယ်တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲက မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်ပါတယ်။ အိမ်ရှင်ပြေးခုန်ပစ်အားကစားအဖွဲ့အနေနဲ့ပြိုင်ပွဲဝင်ငါးဆယ်ဝန်းကျင် ဝင်ရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ထားပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

အသက်(၁၇)နှစ်အောက်ပြိုင်ပွဲဝင်များသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသည့် ၎င်းပြိုင်ပွဲအား နှစ်စဉ်ကျင်းပနေပြီး မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့အနေဖြင့် အိမ်ရှင်ပြုလုပ်မည့် ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အရေအတွက် အများဆုံးဖြစ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"လက်ရှိလက်ရွေးစင် လူငယ်ကစားသမားတွေနဲ့ ရန်ကုန်၊ မန္တလေး အား/ကာသိပ္ပံကျောင်းတွေက လူငယ်အားကစားသမားတွေနဲ့ ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားဖို့စီစဉ်ထားပါတယ်။ ပြိုင်ပွဲမှာ အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲအမျိုးအစားသုံးဆယ်လောက် ထည့်သွင်းကျင်းပမယ်လို့ သိရပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။


KIA
Major Sponsor
www.kia.com.mm
KIA
australian open
Kia, the sponsor that moves your heart
SORENTO
KIA
The Power to Surprise
Kia Motors, the major sponsor of the Australian Open 2014

7DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# ထိပ်သီးလေးသင်းလုံး အိမ်ကွင်းပွဲတွေ ဖြတ်သန်းမယ့် ပရီးမီးယားလိဂ်၊ အကြိတ်အနယ်နိုင်ပွဲဆက်တိုက်ရှာရမယ့် လာလီဂါအသင်းကြီးများနဲ့ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ်ပရီးမီးယားလိဂ်ပွဲတွေထဲမှာ ဇယားထိပ်ဆုံးက ချယ်လ်ဆီး၊ အာဆင်နယ်၊ မန်စီးတီး၊ လီဗာပူးအသင်းတွေ အားလုံးအိမ်ကွင်းပွဲတွေကန်ရမယ့်အလှည့်ကို တိုက်ဆိုင်နေပါတယ်။ စီးရီးအေမှာတော့ ဇယားထိပ်က အမှတ်ဖြတ်ထားတဲ့ ဂျူဗီတို့အိမ်ကွင်းမှာကစားရပြီး အင်တာ-ကတ်ဂလီရာရီ၊ ဆမ်ဒိုးရီးယား- မီလန်ပွဲတွေရှိပါတယ်။ လာလီဂါမှာတော့ ရီးရဲလ်အိမ်ကွင်းပွဲနဲ့ အက်သလက်တီကို၊ ဘာကာတို့ရဲ့ အဝေးကွင်းတွေပွဲတွေရှိနေတာမို့ဇယားမှာနေရာအပြောင်းအလဲဖြစ်နိုင်မလား။ အမှတ်ကွာဟချက် ထပ်ကျဉ်းမြောင်းနိုင်မလားစောင့်ကြည့်ရမှာပါ။

**ပရီးမီးယားလိဂ်**

**၂၂၊ ဖေဖော်ဝါရီ၊ စနေ**

**ချယ်လ်ဆီး-အဲဗာတန်**

**(ည ၇း၁၅ နာရီ)**

**ပကျော့ရလဒ် ဝ-၁**

ချယ်လ်ဆီးတို့ အိမ်ကွင်းမှာအဲဗာတန်ကို အနိုင်ရဖို့မလွယ်လောက်ပါဘူး။ ပြီးခဲ့တဲ့လိဂ်ပွဲတွေမှာ လီဗာပူး၊ စပါးတို့ကို ရှုံးခဲ့ပေမယ့် အဲဗာတန်ခံစစ်ကစားနိုင်တာမို့ ဂိုးအနည်းငယ်နဲ့ပဲ ကပ်နိုင်ဖို့ရှိတယ်။ အဲဗာတန်သရေမျှော်မှန်းနိုင်ခွင့်လည်း အနည်းငယ်ရှိနေပါတယ်။

**အာဆင်နယ်-ဆန်းဒါးလန်း**

**(ည ၉း၃၀နာရီ)**

**ပကျော့ရလဒ် ၃-၁**

အာဆင်နယ်တို့အိမ်ကွင်းမှာအနိုင်ရသွားနိုင်တယ်။ ဒါပေမဲ့ ဂိုးပြတ်ဖို့မလွယ်လှဘဲ အက်ဖ်အေဖလားမှာလို ဆန်းဒါးလန်းကစားနိုင်ရင် အလွန်ဆုံးအာဆင်နယ်တစ်ဂိုးအသာလောက်နဲ့ပဲ ကပ်နိုင်မှာဖြစ်ပါတယ်။

**မန်စီးတီး- စတုတ်စီးတီး**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ဝ-ဝ**

မန်စီးတီးအိမ်ကွင်းမှာ အချိတ်အဆက်မိနေပြီး ချယ်လ်ဆီးနဲ့ကစားခဲ့တဲ့ အက်ဖ်အေဖလားမှာလည်း ခြေစွမ်းထိန်းထားနိုင်တာကို သတိရစေချင်တယ်။ မန်စီးတီး နှစ်ဂိုးလောက်ရနိုင်ပါတယ်။ စတုတ် သရေရဖို့တောင် မရှိပါ။

**၂၃၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**

**လီဗာပူး-ဆွမ်ဆီး(ည ၁ဝးဝဝနာရီ)**

**ပကျော့ရလဒ် ၂- ၂**

လီဗာပူးတို့ ဆွမ်ဆီးကို အိမ်ကွင်းနိုင်ပွဲရမယ့်ပွဲဖြစ်ပါတယ်။ တောက်လျှောက်ခြေတက်လာပြီး အသင်းလိုက်စုဖွဲ့ပုံကောင်းတဲ့ လီဗာပူးနှစ်ဂိုးလောက်ရနိုင်ခြေရှိနေတယ်။အပြန်အလှန်သွင်းဂိုးတွေနဲ့ အိမ်ရှင်ကြိုးကြာနီတွေပဲနိုင်မှာပါ။

**စီးရီးအေ**

**၂၃၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ။**

**အင်တာ-ကတ်ဂလီယာရီ**

**(ည ၈း၃၀နာရီ)**

**ပကျော့ရလဒ် ၁-၁**

အင်တာတို့ အိမ်ကွင်းမှာ သရေမကျဘဲ ကပ်နိုင်ဖို့လိုပါတယ်။ လက်ရှိမှာ ကတ်ဂလီယာရီ အကောင်းကြီးမဟုတ်ပေမယ့် ခံစစ်အသေနဲ့ သရေယူသွားနိုင်တယ်။ ဂိုးနည်းမယ့်ပွဲပါ။

**ဆမ်ဒိုးရီးယား-မီလန်**

**(ည ၈း၃၀ နာရီ)**

**ပကျော့ရလဒ် ဝ-၁**

နောက်ဆုံးတွေ့ဆုံမှုရလဒ်တွေအရ ဂိုးမပြတ်တဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေပဲရှိခဲ့တယ်။ ဘာလော့တယ်လီခြေစွမ်းပြရင်း ဘိုလော့ဂ်နာကိုနိုင်ခဲ့သလိုတစ်ဂိုးအသာနဲ့ မီလန် ကပ်နိုင်နိုင်ပါတယ်။ သရေလည်းဖြစ်သွားနိုင်ပါတယ်။

**ဂျူဗင်တပ်- တိုရီနို**

**(ည ၁၂းဝဝနာ ရီ)**

**ပကျော့ရလဒ် ဝ-၁**

အိမ်ရှင်တို့ ဇယားမှာဦးဆောင်မှုရအောင် ထပ်ကြိုးစားမှာဖြစ်ပြီး အသာထိန်းကစားပြီး အနိုင်ရသွားနိုင်တယ်။လက်ရှိတိုက်စစ်ပိုင်းမှာ ဂျူဗီတို့ သွင်းဂိုးများလာနေတာလည်း သတိရသင့်ပါတယ်။ နှစ်ဂိုးလောက်အထိရနိုင်ပါတယ်။

**လာလီဂါ**

**၂၂၊ ဖေဖော်ဝါရီ၊ စနေ**

**ရီးရဲလ်မက်ဒရစ် - အယ်ချီ (ည ၉း၃၀နာရီ)**

**ပကျော့ရလဒ် ၂-၁**

ရီးရဲလ်တို့ အိမ်ကွင်းနိုင်ပွဲကျိန်းသေရယူဖို့ ပြင်ထားမှာပါ။ ရော်နယ်ဒိုမပါလည်း ဘန်ဇီးမား၊ ဘေးလ်၊ ဂျက်ဆီ၊ ဒီမာရီယာတို့နဲ့ နှစ်ဂိုး လောက်အနည်းဆုံးရနိုင်ပါတယ်။ သရေဖြစ်ဖို့မရှိပါ။ ဘာကာကို ရီးရဲလ်ဖိအားပေးပါလိမ့်မယ်။

**၂၃၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ။**

**ဆိုစီဒက်-ဘာစီလိုနာ**

**(နံနက် ၁း၃၀ နာရီ)**

**ပကျော့ရလဒ် ၁-၄**

ကိုပါဒယ်ရေးဖလားမှာလည်းကြုံပြီးသားမို့ ဘာကာတို့ထိန်းကစားပါလိမ့်မယ်။ ကစားကွက်ပိုင်းသာတဲ့ ဘာစီလိုနာကပဲ ဂိုးအနည်းနဲ့ အနိုင်ယူမယ့်ပွဲဖြစ်တယ်။ အများဆုံးနှစ်ဂိုးပြတ်လောက်ပဲ ဘာကာရနိုင်မယ်။

**၂၄၊ ဖေဖော်ဝါရီ၊ တနင်္လာ။**

**ဆိုဆာဆူနာ-အက်သလက်တီကိုမက်ဒရစ်(နံနက် ၂း၃၀နာရီ)**

**ပကျော့ရလဒ် ၁- ၂**

အိမ်ရှင် ဆိုဆာဆူနာတို့ ပြီးခဲ့တဲ့ နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ နှစ်ပွဲနိုင်တစ်ပွဲသရေကျထားပေမယ့်ရီးရဲလ်ကိုရှုံးခဲ့သလိုအခုအက်သလက်တီကိုနဲ့လည်း မလွယ်လောက်ပါဘူး။ ပထမအကျော့ရလဒ်ကို နှစ်ဂိုးလောက်ပေးရဖို့ရှိနေပြီး ၃-၁၊ ၃-၂ ရလဒ်တွေနဲ့လည်း ဖြစ်သွားနိုင်တယ်။

## ပက်ကွီအိုနှင့် ငါးကြိမ်မြောက်ထိုးသတ်ရမည့်အပေါ် မားကွက်ဇ်စိတ်မလှုပ်ရှားဟုဆို

**မနီလာ၊ ဖေဖော်ဝါရီ-၁၆**

မတူညီသော ဝိတ်တန်းတစ်ခုမှ ပဉ္စမအကြိမ် ကမ္ဘာ့ချန်ပီယံဆု ရရှိ နိုင်သော အလားအလာရှိနေသော်လည်း ဖိလစ်ပိုင်နိုင်ငံမှ ပြိုင်ဘက် မန်နီပက်ကွီအိုနှင့် ထပ်မံ ထိုးသတ်ရမည့် အရေးစိတ်လှုပ်ရှားမှုမရှိဟု မက္ကဆီကို လက်ဝှေ့သမား ဟွမ်မယ်န်ျူရယ်မားကွက်ဇ်က ပြောကြားသည်။

ကမ္ဘာ့ လက်ဝှေ့အဖွဲ့ ချုပ်ဝယ်လ်တာဝိတ်တန်း ချန်ပီယံလုပွဲကို ပက်ကွီအိုနှင့် အမေရိကန်နိုင်ငံသား တင်မိုသီဘရက်ဒလေ ဂျူနီယာတို့သည် လာမည့် ဧပြီလတွင် ယှဉ်ပြိုင်ရန် ရှိသည်။ ယင်းပြိုင်ပွဲတွင် အနိုင်ရရှိသူနှင့် ထိုးသတ်လိုသည်ဟု မားကွက်ဇ်က ယခင်က ပြောကြားခဲ့သည်။

သို့သော် ယခုအခါတွင် ပက်ကွီသာ အနိုင်ရရှိ သွားပါက ၎င်းနှင့်ထပ်မံထိုးသတ်ရန် စိတ်အားမထက်သန်တော့ဟု မားကွက်ဇ်က ပြောသည်။

တစ်ဆက်တည်းမှာပင် ၂၀၁၃ ဒီဇင်ဘာက ၎င်းနှင့် ပက်ကွီအိုတို့ကြား စတုတ္ထအကြိမ်မြောက် ထိုးသတ်စဉ် အံ့သြဖွယ်ရာ အလဲထိုးအနိုင်ရရှိခဲ့ခြင်းအတွက်လည်း ကျေနပ်နေသည်ဟု မားကွက်ဇ်က ထပ်မံပြောကြားသည်။ *—Ref: CBS*

## ကာတာကမ္ဘာ့ဖလားလုပ်ငန်းခွင်အတွင်းနီပေါအလုပ်သမားလေးရာကျော် သေဆုံး

**လန်ဒန်၊ ဖေဖော်ဝါရီ-၁၆**

ကမ္ဘာ့ဖလားကို ၂၀၂၂ ခုနှစ်တွင် လက်ခံကျင်းပရန် ပြင်ဆင်နေစဉ် ကာတာနိုင်ငံ၏ ကမ္ဘာ့ဖလား ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်နီပေါနိုင်ငံသား အလုပ်သမား ၄၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း ယခုသီတင်းပတ်အတွင်း ထွက်ပေါ်လာသော အစီရင်ခံစာတစ်ခုအရ သိရသည်။



EPA/STR

ယင်းကဲ့သို့ နီပေါနိုင်ငံသား အလုပ်သမားများ ကာတာနိုင်ငံတွင် သေဆုံးသည့် စာရင်းကို လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော ပရာဗာစီနီပေါလူမျိုးများ ညီနှိုင်းဆောင်ရွက်ရေးကော်မတီအဖွဲ့က ကာတာနိုင်ငံရှိ တရားဝင်သတင်းရင်းမြစ်များကို အခြေခံ၍ စာရင်းပြုစုထားခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပွဲကျင်းပချိန်တွင် သေဆုံးသူအရေအတွက် ၄,၀၀၀ အထိ ရှိလာနိုင်သည်ဟု သတိပေးမှု အချို့ ထွက်ပေါ်နေစဉ် ယင်းကဲ့သို့ နီပေါအလုပ်သမားများ သေဆုံးခဲ့ခြင်းကြောင့် ကာတာအာဏာပိုင်များနှင့် ဖီဖာအတွက် လူသေမှုမြင့်တက်လာခြင်းကို တားဆီးရန် ဖိအားပိုလာစေခဲ့သည်။

ကာတာနိုင်ငံတွင်ကမ္ဘာ့ဖလားကျင်းပခွင့်ပေးခဲ့ခြင်းအပေါ် ဖီဖာထိပ်တန်းအမှုဆောင်အရာရှိ သီယိုဇဝန်ဇီကာက ဝေဖန်ခဲ့သည်။ ယခုအစီရင်ခံစာကြောင့် ၂၀၁၀ အတွင်း ကာတာနိုင်ငံ ကမ္ဘာ့ဖလား ကျင်းပခွင့် ရရှိခဲ့ချိန်မှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံခြားအလုပ်သမားမည်မျှသေဆုံးခဲ့ကြောင်း မေးခွန်းထုတ်မှုများ မြင့်တက်စေခဲ့သည်။

ကာတာနိုင်ငံရှိ နိုင်ငံခြားသားလုပ်သားအင်အား၏ ၂၀ ရာခိုင်နှုန်းမှာ နီပေါနိုင်ငံသားများဖြစ်သည်။ အခြားသော နိုင်ငံခြားအလုပ်သမားများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် သီရိလင်္ကာကဲ့သို့ နိုင်ငံများမှ ခေါ်ယူထားခြင်း ဖြစ်သည်။

ဖီဖာထိပ်တန်းအမှုဆောင်အရာရှိ ဇဝန်ဇီကာက အလုပ်သမားများအခွင့်အရေးကို ကာတာနိုင်ငံက လေးစားကြောင်း သေချာစေရန် ဖီဖာက လက်တွေ့သွားရောက်စစ်ဆေးမှုများပြုလုပ်သွားမည်ဟု ကတိပေးထားသည်။ သို့သော် ကာတာနိုင်ငံ၏ အလုပ်ခန့်အပ်မှုနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း လူ့အခွင့်အရေးအဖွဲ့များနှင့် အလုပ်သမားအဖွဲ့များက မကြာခဏပြောကြားထားသည်။

*—Ref: The Guardian*



# တရုတ်နိုင်ငံ စင်ကျန်းဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီး လူ ၁၁ ဦးသေဆုံး

**ဘေဂျင်း၊ ဖေဖော်ဝါရီ-၁၆**

တရုတ်နိုင်ငံ စင်ကျန်းဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုအတွင်း လူ ၁၁ ဦးသေဆုံးခဲ့ပြီး အ ကြမ်းဖက်သမား သုံးဦးမှာ အသေခံဗုံးခွဲလိုက်ခြင်းကြောင့်ဖြစ်ကာ အခြားရှစ်ဦးကို ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့ခြင်းဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။

တရုတ်နိုင်ငံ စင်ကျန်းဒေသမှာ မွတ်ဆလင်အိုက်ဂါလူမျိုးများ အများစုနေထိုင်ရာ ဒေသဖြစ်သည်။ အဆိုပါအကြမ်းဖက်သမားများမှာ မော်တော်ဆိုင်ကယ်များစီးကာ ကားများတွင် LNG ဆလင်ဒါများ တင်ဆောင်၍ ဝူရှီဒေသတွင် ရဲတပ်ဖွဲ့ ကင်းလှည့်ရန် ပြင်ဆင်နေစဉ် ရဲအရာရှိများအနီးသို့ ချဉ်းကပ်လာခဲ့ကြောင်း ရဲတပ်ဖွဲ့ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တိုက်ခိုက်သူ ၁၁ ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဘေးမှဖြတ်သွားသူ နှစ်ဦး ဒဏ်ရာရရှိခဲ့ကာ တိုက်ခိုက်ရေးသမားတစ်ဦး ဖမ်းမိခဲ့သည်ဟု စင်ကျန်းအစိုးရပိုင် တီယန်ရှင်း သတင်းဝက်ဘ်ဆိုက်က ဖော်ပြသည်။


FILE/AFP

စင်ကျန်းရဲတပ်ဖွဲ့နှင့် သတင်းဌာနမှ အရာရှိများကို ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့သော်လည်း ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မှတ်ချက်ပေးခြင်းမရှိပေ။ ဝူရှီဒေသမှ အစိုးရအဖွဲ့နှင့် ရဲအရာရှိများထံသို့လည်း ဆက်သွယ်၍ မရနိုင်ခဲ့ပေ။

ကျယ်ပြောပြီး ရင်းမြစ်ကြွယ်ဝသည့် စင်ကျန်းဒေသတွင် အိုက်ဂါလူမျိုးများက နှစ်ပေါင်းများစွာအတွင်း ကြိုးကြားကြိုးကြား တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ယင်းကဲ့သို့ အိုက်ဂါလူမျိုးများ တိုက်ခိုက်မှုမှာ တရုတ်ဟန်လူမျိုးတို့၏ လုံခြုံရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဥပဒေများနှင့် ယဉ်ကျေးမှုဆိုင်ရာဖိနှိပ်မှုများကြောင့်ဖြစ်သည်ဟု လူ့အခွင့်အရေးအဖွဲ့များက ပြောသည်။

နိုင်ငံရပ်ခြားရှိကမ္ဘာ့အိုက်ဂါလူမျိုးများကွန်ဂရက်မှပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် ဒီလ်ရှက်တီဆစ်က ယင်းတိုက်ခိုက်မှုအတွက် တရုတ်နိုင်ငံ၏ အကြမ်းဖက်မှုဝါဒများ အပေါ် အပြစ်တင်သည်။

"တရုတ်လက်နက်ကိုင် အရာရှိတွေရဲ့ အကြမ်းဖက် အမြစ်ဖြုတ်တိုက်ခိုက်မှုတွေနဲ့ ရန်စမှုတွေဟာ အိုက်ဂါလူမျိုးတွေ ခုခံရခြင်းရဲ့ အကြောင်းရင်းပါပဲ" ဟု ၎င်းကပြောသည်။

*—Ref: AFP*

# အမေရိကန်သမ္မတ ကတော်များတွင် အီလီနာရုစဘဲ့ ထိပ်ဆုံး၌ရပ်တည်

**ဝါရှင်တန်၊ ဖေဖော်ဝါရီ-၁၆**



သမိုင်းပညာရှင်များကြား ကောက်ယူခဲ့ပြီး စနေနေ့က ထုတ်ပြန်ခဲ့သော စစ်တမ်းတွင် အီလီနာရုစဘဲ့သည် အမေရိကန်နိုင်ငံ၏ အကြီးကျယ်ဆုံး သမ္မတကတော်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ၎င်းတို့အနက် လက်ရှိသမ္မတအိုဘားမား၏ ဇနီးမီရှဲလ်မှာ နံပါတ်ငါးနှင့် ဟီလာရီကလင်တန်က နံပါတ်ခြောက်သာ ရရှိခဲ့သည်။

မစ္စစ်ရုစဘဲ့၏ ခင်ပွန်း မစ္စတာ ဖရန်ကလင်ရုစဘဲ့သည် ၁၉၃၃ မှ ၁၉၄၅ ခုနှစ်အထိ အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

Siena College Research Institute က ၁၉၈၂ ခုနှစ်မှစ၍ ငါးကြိမ်စစ်တမ်းကောက်ယူခဲ့ရာ မစ္စစ်အီလီနာရုစဘဲ့သည် အမြဲတမ်း ထိပ်ဆုံးနေရာရရှိခဲ့သည်။ မစ္စစ်ရုစဘဲ့၏နောက်တွင် မစ္စစ်အဘီဂေးလ်အဒမ်၊ မစ္စစ် ဂျက်ကလင်းကနေဒီနှင့် မစ္စစ်ဒေါ်လီမက်ဒီဆင်တို့ အသီးသီးရပ်တည်နေသည်။

ယခုစစ်တမ်းတွင် သမိုင်းပညာရှင်နှင့် နိုင်ငံရေးသိပ္ပံပညာရှင် ၂၄၂ ဦးအားနိုင်ငံတော်သမ္မတ ၃၈ ဦး၏ ဇနီးများကို ကဏ္ဍ ၁၀ ခုခွဲ၍ အမှတ်များပေးခိုင်းခဲ့သည်။ ယင်းကဏ္ဍများတွင် ရဲရင့်သတ္တိရှိမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ နိုင်ငံအတွက် တန်ဖိုးရှိမှု၊ စွမ်းဆောင်ရည်၊ စသော ကဏ္ဍများပါဝင်သည်။

မီရှဲလ်အိုဘားမားမှာ ကိုယ်တိုင်မိန်းမပီသမှုနှင့် သမ္မတအတွက် အလွန်တန်ဖိုးရှိမှုများတွင် အမှတ်အများအပြားရရှိထားသော်လည်း အိမ်ဖြူတော်ထိန်းသိမ်းမှုတွင် အားအနည်းဆုံး ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

*—Ref: Reuters*



7 DAY NEWS JOURNAL
Vol.12, No.50 ▪ FEBRUARY 19 , 2014

# အာဆတ်အစိုးရ အာဏာတည်မြဲနေ၍ ရုရှားကို အမေရိကန် ပြစ်တင်ပြောကြား

**ဂျကာတာ၊ ဖေဖော်ဝါရီ-၁၇**

ဂျီနီဗာဆွေးနွေးပွဲများ မည်သည့်ရလဒ်မှမထွက်ပေါ်ဘဲပြီးဆုံးသွားခဲ့ပြီးနောက် ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဆီးရီးယားတွင် သမ္မတအာဆတ်အစိုးရ အာဏာဆက်လက်တည်မြဲရေးစွမ်းဆောင်ပေးခြင်းအတွက် ရုရှားနိုင်ငံအား ပြစ်တင်ပြောကြားလိုက်သည်။

ဂျီနီဗာ-၂ ဟု ကင်ပွန်းတပ်ထားသောဆွေးနွေးပွဲအား အတိုက်အခံညွန့်ပေါင်းအပေါ် အားပေးသော အမေရိကန်နှင့် ဆီးရီးယားအစိုးရကို ထောက်ခံသော ရုရှားနိုင်ငံတို့က စတင်စိတ်ကူးအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းအစည်းအဝေးမှာ တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲမှုများဖြင့် အဆုံးသတ်ခဲ့ပြီး အနာဂတ်ဆွေးနွေးပွဲများကိုလည်း မရေမရာဖြစ်သွားခဲ့သည်။

ဆီးရီးယားအစိုးရကိုယ်စားလှယ်အဖွဲ့သည် ဂျီနီဗာဆွေးနွေးပွဲတွင် တံတိုင်းများကာရံထားခဲ့ပြီး ၎င်းတို့၏နိုင်ငံကို ဆက်လက်ဖျက်ဆီးပစ်နေသည်ဟု ဂျွန်ကယ်ရီသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ သတင်းထောက်များအား ပြောကြားသည်။ ဆီးရီးယားအစိုးရက ယင်းသို့လုပ်ဆောင်နိုင်ခြင်းမှာ အီရန်၊ ဟစ်ဘိုလာအဖွဲ့တို့၏ အထောက်အပံ့များနှင့် ရုရှား၏ ထောက်ခံမှုကြောင့် လုပ်ဆောင်နိုင်ခြင်းဖြစ်သည်ဟု ဂျွန်ကယ်ရီက ပြောကြားသည်။

ရုရှားနိုင်ငံမှာ ဆီးရီးယားပြဿနာအဖြေရှာခြင်း၏ အစိတ်အပိုင်းဖြစ်သင့်ပြီး လက်နက်နှင့် အကူအညီအမြောက်အမြား ပေးပို့ရေးအတွက်မဖြစ်သင့်ဟု ဂျွန်ကယ်ရီကပြောကြားကာ ထိုသို့လုပ်ဆောင်ခြင်းများကြောင့် ကြီးမားသောပြဿနာများ ဖြစ်ပေါ်လာရသည်ဟု ၎င်းကဆက်လက်ပြောသည်။

*—Ref: AFP*



ZEIN AL-RIFAI/AFP

*အလက်ပိုမြို့တော် မြောက်ဘက်မှ ဟာနာနိုခရိုင်တွင် ဆီးရီးယားအစိုးရတပ်များ၏ လေကြောင်းတိုက်ခိုက်မှုအပြီး ကလေးချီ၍သွားနေသူတစ်ဦးကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်*

## ဆာဟယ်ဒေသ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် အာဖရိကနိုင်ငံများ ဂျီ – ၅ အဖွဲ့ဖွဲ့စည်း

**နေ့ဇ်ရှော့ထ်၊ ဖေဖော်ဝါရီ-၁၇**

မော်ရီတေးနီးယား၊ မာလီ၊ နိုင်ဂျာ၊ ချဒ်နှင့် ဘာကီနာဖာဆိုခေါင်းဆောင်များသည် ဆာဟယ်ဒေသတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု အင်အားတောင့်တင်းစေရန် ဒေသတွင်းအဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းမည်ဟု ဖေဖော်ဝါရီ ၁၆ ရက်တွင် သဘောတူညီခဲ့ကြသည်။

မော်ရီတေးနီးယားနိုင်ငံသည် ဂျီ-၅ ဆာဟယ်ဟုအမည်မှည့်ခေါ်ထားသောအဖွဲ့အစည်းသစ်၏ ဌာနချုပ်အဖြစ် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပထမဦးစွာ မော်ရီတေးနီးယားသမ္မတ မိုဟာမက် အောအက်ဒယ်အဇစ်က ဂျီ-၅ ဆာဟယ်အဖွဲ့ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည်ဟု ဖေဖော်ဝါရီ ၁၆ ရက် အစည်းအဝေးပွဲပြီးနောက် ကြေညာခဲ့သည်။

ဆာဟယ်ဒေသသည် ဆာဟာရသဲကန္တာရတောင်ပိုင်းတွင် တည်ရှိသော မိုးနည်းရေရှားရပ်ဝန်းဒေသဖြစ်သည်။ "လုံခြုံရေးမရှိဘဲနဲ့ တာရှည်ခံတဲ့ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်သလို ထိရောက်တဲ့ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲနဲ့လည်း ရေရှည်တည်တံ့တဲ့လုံခြုံရေး မရှိနိုင်ပါဘူး။ ဆာဟယ်ဒေသတွင်း လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြဖို့ သဘောတူထားပါတယ်"ဟု သမ္မတအက်ဒယ်အဇစ်က စည်းဝေးပွဲတွင် ပြောကြားသည်။

နိုင်ငံငါးနိုင်ငံမှ ဝန်ကြီးများသည် ဦးစားပေးရင်းနှီးမြှုပ်နှံမှု စီမံကိန်းများဖော်ထုတ်ရန်နှင့် နိုင်ငံတကာငွေကြေးမတည်မှုများကို ရှာဖွေရန်အတွက် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မကြာသေးမီနှစ်များက ဆာဟယ်ဒေသသည် အယ်လ်ကိုင်ဒါအဖွဲ့များနှင့်ဆက်နွှယ်သော လက်နက်ကိုင်အစ္စလာမ်မစ်အဖွဲ့များ၏ အန္တရာယ်များနှင့် ရင်ဆိုင်ခဲ့ရသည်။

*—Ref: Reuters*

## ကိုလံဘီယာစစ်ဘက်အရာရှိများ လာဘ်ယူခဲ့သည်ဆိုခြင်းကို အရပ်ဘက်တရားရေးအရာရှိများ စုံစမ်းစစ်ဆေးရန် သမ္မတအမိန့်ချမှတ်

**ဘိုဂိုတာ၊ ဖေဖော်ဝါရီ-၁၇**

ထိပ်တန်းစစ်ဘက်ဆိုင်ရာက ရရှိခဲ့သည့် ကန်ထရိုက်များမှ လာဘ်ငွေအမြောက်အမြား ရယူခဲ့သည်ဟု စွပ်စွဲထားခြင်းများကို စုံစမ်းစစ်ဆေးရန် ကိုလံဘီယာသမ္မတ ဟွန်မန်နူရယ်ဆန်းတို့စ်က အမိန့်ထုတ်ပြန်လိုက်သည်။

ယင်းကန်ထရိုက်များ၏ တန်ဖိုး ၅၀ ရာခိုင်နှုန်းအထိ စစ်အရာရှိများ လက်ခံရရှိခဲ့သည့် အကျင့်ပျက်ခြစားမှုကြီး တစ်ခုရှိခဲ့ကြောင်း အထောက်အထားအဖြစ် နာရီများစွာကြာ စကားပြောတိပ်ခွေများရှိသည်ဟု အဆိုပါသတင်းကိုဖော်ပြခဲ့သည့် အပတ်စဉ်ထုတ် ဆီမန်နာမဂ္ဂဇင်းကပြောသည်။

စွပ်စွဲပြောကြားမှုများ၏ သဘောသဘာဝကြောင့် စုံစမ်းစစ်ဆေးမှုများကို အရပ်ဘက်တရားရေးအဖွဲ့ကသာ ဆောင်ရွက်ရမည်ဖြစ်ပြီး စစ်ခုံရုံးက စုံစမ်းစစ်ဆေး၍မရဟု ကိုလံဘီယာသမ္မတဆန်းတို့စ်ကပြောသည်။

ကိုလံဘီယာစစ်တပ်မှာ FARC သူပုန်များနှင့် EIN ဟုခေါ်သည့် ပြောက်ကျားအဖွဲ့ငယ်တစ်ဖွဲ့ကို ဆယ်စုနှစ်ငါးခုကြာ တိုက်ခိုက်နေခြင်းအတွက် အမေရိကန်နိုင်ငံမှ ဘဏ္ဍာရေးနှင့် အခြားသောအကူအညီများရရှိခဲ့သည်။

ယင်းသူပုန်အဖွဲ့များသည် ၎င်းတို့၏ဘဏ္ဍာငွေများကို ကိုးကင်းများ မှောင်ခိုရောင်းဝယ်မှုမှရရှိပြီး ၎င်းတို့ရောင်းချသော ကိုးကင်းအများစုမှာ အမေရိကန်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်ကြောင်း ကိုလံဘီယာအစိုးရက ပြောသည်။ ယင်းအချက်ကို သူပုန်များက ငြင်းဆိုထားသည်။

ယင်းအသံဖမ်းတိပ်ခွေများမှာ ၂၀၁၂ မှ ၂၀၁၃ ခုနှစ်အတွင်း အကျင့်ပျက်ခြစားသည်ဆိုသော စစ်အရာရှိများပြောကြားသည့်စကားများဖြစ်သည်ဟု ဆီမန်နာမဂ္ဂဇင်းကပြောသည်။

ယင်းစွပ်စွဲချက်များအားမည်သို့ဖြေရှင်းမည်ဆိုခြင်းကို ဆုံးဖြတ်နိုင်ရန် ဂရုတစိုက်လေ့လာဆန်းစစ်နေကြောင်း ကာကွယ်ရေးဝန်ကြီး ဟွန်ကားလို့စ်ပင်ဇွန်ကပြောသည်။

"အဲဒီစွပ်စွဲချက်တွေဟာ ကျွန်တော့်အတွက်တော့ သိပ်လေးနက်ပုံပေါ်ပါတယ်။ ပြီးတော့ အကျင့်ပျက်ခြစားမှုတွေကို ကျွန်တော်တို့ သည်းခံဖို့မဖြစ်နိုင်ပါဘူး"ဟု ၎င်းက သတင်းထောက်များအား ပြောကြားသည်။

*—Ref: Reuters*

## အီတလီအစိုးရသစ်ဖွဲ့စည်းရန် ကြိုးစားနေစဉ် သမ္မတက ဗဟိုလက်ဝဲခေါင်းဆောင်ကို ခေါ်ယူတွေ့ဆုံ

**ရောမ၊ ဖေဖော်ဝါရီ-၁၇**

အီတလီသမ္မတနပိုလီတာနိုက ဗဟိုလက်ဝဲခေါင်းဆောင်ရန်ဇီကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆင့်ခေါ်လိုက်ပြီး ပြဿနာတက်နေသော နိုင်ငံ့စီးပွားရေးကို ပြုပြင်ရမည့် အစိုးရတစ်ရပ်ဖွဲ့စည်းရန် သမ္မတက ၎င်းကိုပြောကြားမည်ဟု မျှော်လင့်ရသည်။

ရောမမြို့တွင် နံနက် ၁၀ နာရီမိနစ် ၃၀ ၌ တွေ့ဆုံရန်စီစဉ်ထားသော ယင်းတွေ့ဆုံမှုအတွင်း ဖလောရင့်စ်မြို့စား ရန်ဇီကို နပိုလီတာနိုက ဒုတိယကမ္ဘာစစ်ဖြစ်ပြီးချိန်မှစ၍ အီတလီနိုင်ငံ၏ ၆၅ ဖွဲ့မြောက် အစိုးရအဖွဲ့ ဖွဲ့စည်းခိုင်းဖွယ်ရှိသည်ဟု ရိုက်တာသတင်းက ဖော်ပြသည်။

ဝန်ကြီးချုပ်လက်တာ၏ ဒီမိုကရက်တစ်ပါတီက အစိုးရပြုပြင်ပြောင်းလဲရန် အစီအစဉ်ကို ထောက်ခံလိုက်ပြီးနောက် လက်တာ ရာထူးမှနုတ်ထွက်သွားခဲ့သည်။ ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ရန်ဇီက ဥရောပဇုန်၏ တတိယအကြီးဆုံး စီးပွားရေးဖြစ်သော အီတလီစီးပွားရေးကိုပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဟု ကတိပေးထားပြီး ၂၀၁၈ ခုနှစ်အထိ ရပ်တည်နိုင်မည့်အစိုးရအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်ကတိပေးထားသည်။

ရန်ဇီမှာ အီတလီနိုင်ငံ၏ သမိုင်းတွင် အသက်အငယ်ဆုံးဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်သည်။ သို့သော် ယင်းရာထူးကို ၎င်းလက်ခံရန် ဗဟိုလက်ယာများ၏ ထောက်ခံမှုကို ရရှိရန်လိုအပ်သည်။ အကယ်၍ ဝန်ကြီးချုပ်အဖြစ် ၎င်းခန့်အပ်ခံရပါက ပြည်သူ့ဆန္ဒမဲဖြင့်မဟုတ်ဘဲ သမ္မတက တိုက်ရိုက်ခန့်အပ်သည့် တတိယမြောက်ဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ကန့်ကွက်ကြသည့် နိုင်ငံရေးလူ့မလိုင်အသိုင်းအဝိုင်းတစ်ရပ်ရှိနေသည့် အီတလီနိုင်ငံတွင် ရန်ဇီ ဝန်ကြီးချုပ်ရာထူး လွှဲပြောင်းရယူမည့် အစီအစဉ်ကို လူကြိုက်မများပေ။ အစိုးရ၏စနစ်အတွင်း အကျင့်ပျက်ခြစားမှုနှင့် မှားယွင်းသော စီမံခန့်ခွဲမှုများကြောင့် ယင်းကိစ္စကို သဘောမကျသူ ပိုများလာခဲ့သည်။

လက်တာမှာ ပြီးခဲ့သည့်နှစ်က မတိုးသာမဆုတ်သာ အခြေအနေ ကြုံတွေ့ခဲ့ရသော ရွေးကောက်ပွဲအပြီး လက်ယာနှင့်လက်ဝဲ နှစ်ဖွဲ့ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်ခဲ့ကာ အသုံးစရိတ်များအပေါ် တင်းကျပ်စွာချုပ်ကိုင်မှုကြောင့် အီးယူအာဏာပိုင်များက ကျေနပ်စေခဲ့သော်လည်း အဓိကကျသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ခြင်းမရှိပေ။

*—Ref: Reuters*

နောက်ကျောဖုံး မှ

## ပါပူးဝါးနယူးဂီနီနိုင်ငံ ထိန်းသိမ်းရေးစခန်းမှ ထွက်ပြေးသွားသော ဩစတြေးလျခိုလှုံခွင့် တောင်းခံသူများကို ပြန်လည်ဖမ်းမိ

ရွေးချယ်ခွင့်ပေးမည်မဟုတ်ဟု အသိပေးခံရပြီးနောက် တင်းမာမှုများမြင့်တက်ခဲ့သည်ဟု ဝန်ကြီးမော်ရစ်ဆင်ကပြောသည်။

ထိန်းသိမ်းရေးစခန်းမှ ဒေသခံဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ထိန်းသိမ်းခံထားရသူ ၃၅ ဦးခန့်သည် ခြံစည်းရိုးတစ်စိတ်တစ်ပိုင်းကို တွန်းချကာ ထွက်ပြေးသွားခဲ့သည်။ ထို့နောက် ထိန်းသိမ်းခံထားရသူများက ခြံစည်းရိုးများကိုဖြိုချကာ မှန်နှင့် အိပ်ရာထိုင်ခင်းများကို ရိုက်ခွဲခဲ့၍ မလိုအပ်သောဝန်ထမ်းများကို ပြောင်းရွှေ့ခဲ့ရသည်ဟု ဝန်ကြီးက ဆက်လက်ပြောသည်။

သို့သော် ထွက်ပြေးထားသော ခိုလှုံခွင့်တောင်းခံသူများကို အလျင်အမြန်ရှာဖွေတွေ့၍ ပြန်လည်ဖမ်းဆီးလိုက်ပြီး အဖြစ်အပျက်မှာ တစ်နာရီကျော်ကြာမြင့်ပြီးနောက်ပြီးဆုံးသွားသည်ဟု ၎င်းက ဆက်လက်ပြောသည်။

*—Ref: BBC*

7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# ဆီးရီးယားအစိုးရကို ထပ်မံဖိအားပေးရန် အိုဘားမား စဉ်းစားနေ

**ကယ်လီဖိုးနီးယား၊ ဖေဖော်ဝါရီ-၁၅**

ဆီးရီးယားပြည်တွင်းစစ်ကြောင့် ထိခိုက်နေသည့် ဂျော်ဒန်နိုင်ငံသို့ ထပ်မံအကူအညီပေးမည်ဟု ကန်သမ္မတဘားရက်အိုဘားမားက ကတိပေးလိုက်စဉ် ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်၏ အစိုးရကို ဖိအားပေးရန် နည်းလမ်းသစ်များ စဉ်းစားနေသည်ဟု ၎င်းက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားလိုက်သည်။


BRENDAN SMIALOWSKI/AFP

*ကယ်လီဖိုးနီးယားရှိ ရန်ချိုမီရတ်အပန်းဖြေစခန်းမြို့မှ ကမ္ဘာ့ခေါင်းဆောင်များအား ဧည့်ခံရာ အန်နင်ဘာ့ဂ်အပန်းဖြေစခန်းတွင် ဆွေးနွေးပွဲမစတင်မီ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ−၂ က ကြေညာချက်ပြောပြနေသည်ကို နားထောင်နေသော သမ္မတ အိုဘားမား*

အိုဘားမားနှင့် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာတို့သည် ကယ်လီဖိုးနီးယားရှိ ဝေါလ်တာအန်နန်ဘက်ဂ်ဒေသတွင် တွေ့ဆုံရန်ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့၏ ဆွေးနွေးပွဲများအတွင်း ဆီးရီးယားပြည်တွင်းစစ်အခြေအနေကို အလေးထားဆွေးနွေးခဲ့ကြပြီး ယင်းပြည်တွင်းစစ် မကြာမီ ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ဆီးရီးယားတွင် လူသားချင်းစာနာထောက်ထားရေးအကူအညီပေးအပ်ရန် ချက်ချင်းလုပ်ဆောင်မည့် ဆောင်ရွက်မှုအချို့ရှိလိမ့်မည်ဟု အိုဘားမားက ဂျော်ဒန်ဘုရင် အဗ္ဗဒူလာကို ဘေးတွင်ထားလျက် သတင်းထောက်များအား ပြောကြားသည်။

အာဆတ်အစိုးရကို ဖိအားပိုပေးနိုင်မည့် ချက်ချင်းဆောင်ရွက်မှုအချို့ ရှိလိမ့်မည်ဖြစ်ကာ သံတမန်ရေးအရ ဖြေရှင်းရေးဆက်လက်လုပ်ဆောင်ရန် သက်ဆိုင်ရာ အဖွဲ့အားလုံးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု အိုဘားမားကပြောသည်။

မည်သည့်ဆောင်ရွက်မှုမျိုး ပြုလုပ်ရန် စဉ်းစားနေကြောင်း အိုဘားမားက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသော်လည်း ယင်းသို့လုပ်ဆောင်နိုင်မည့်နည်းလမ်းသစ်များကို ဆွေးနွေးနေသည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက ၎င်း၏အာရှခရီးစဉ်အစောပိုင်းတွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံမှ ထွက်ပြေးလာသော ဒုက္ခသည် ၆၀၀,၀၀၀ ကို လက်ခံထားရပြီး အခြားသော စီးပွားရေးပြဿနာများနှင့် ရင်ဆိုင်နေရသည့် ဂျော်ဒန်နိုင်ငံကို ကန်ဒေါ်လာ တစ်ဘီလီယံချေးပေးရန် အိုဘားမားက ကတိပြုလိုက်သည်။

အမေရိကန်နိုင်ငံက ဂျော်ဒန်နိုင်ငံကို နှစ်စဉ်အကူအညီ ငါးနှစ်ကြာပေးအပ်ရန်လည်း သဘောတူလိုက်ကြောင်း အိုဘားမားက ပြောသည်။ စက်တင်ဘာလကုန်တွင် သက်တမ်းကုန်ဆုံးမည့် ဂျော်ဒန်နိုင်ငံသို့ အမေရိကန်၏ လက်ရှိအကူအညီပေးငွေမှာ တစ်နှစ်လျှင် ကန်ဒေါ်လာ သန်း ၆၆၀ ဖြစ်သည်။

—*Ref: Reuters*

# ဆူပူမှုအတွင်း ဖမ်းဆီးခံရသော ဆန္ဒပြသူအားလုံးကို ယူကရိန်းအစိုးရပြန်လွှတ်ပေး

**ကိဗ်၊ ဖေဖော်ဝါရီ-၁၅**

ယူကရိန်းအာဏာပိုင်များသည် သုံးလခန့်ကြာမြင့်ခဲ့သော ဆူပူမှုအတွင်း ဖမ်းဆီးခဲ့သော ဆန္ဒပြသူ ၂၄၃ ဦးလုံးကို ပြန်လွှတ်ပေးခဲ့သည်ဟု အတိုက်အခံအဖွဲ့က အတည်ပြုခဲ့သည်။

သို့ရာတွင် ဆန္ဒပြသူများသည် အစိုးရအဆောက်အအုံများမှ မထွက်ခွာလျှင်၊ ကိဗ်မြို့ရှိ အတားအဆီးများကို မရှင်းလင်းပေးလျှင် ဆန္ဒပြသူများအပေါ် တရားစွဲဆိုမှုများအား ပယ်ဖျက်ပေးမည်မဟုတ်ဟု အာဏာပိုင်များက သတိပေးခဲ့သည်။

လွတ်မြောက်လာသူများစွာမှာ နေအိမ်အကျယ်ချုပ်ဖြင့် ဆက်လက်နေထိုင်ရဦးမည်ဖြစ်သည်။ ဆန္ဒပြသူများလွတ်မြောက်ပြီးနောက်တွင် အစိုးရ၏တောင်းဆိုမှုအချို့ကို လိုက်လျောသွားမည်ဟု အတိုက်အခံအဖွဲ့က ပြောကြားသည်။ ဆန္ဒပြမှုများလျော့ပါးစေရန် ပြီးခဲ့သည့်လက လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကို အတည်ပြုခဲ့၍ အကျဉ်းသားများ လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ယူကရိန်းသမ္မတယာနူကိုဗစ်ချ်က ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် အီးယူအဖွဲ့နှင့် ကုန်သွယ်မှုသဘောတူညီချက်ကို လက်လွှတ်ခဲ့ပြီး ရုရှားနိုင်ငံနှင့်ကုန်သွယ်ရန် ထောက်ခံခဲ့ရာမှ ယူကရိန်းနိုင်ငံတွင် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသူများအနေဖြင့် ဖေဖော်ဝါရီ၁၇ ရက်တွင်ကိဗ်မြို့တော်ခန်းမနှင့် အခြားသော အဆောက်အအုံများမှ ထွက်ခွာပေးပြီး Hrushevskyy လမ်းမထက်မှ အတားအဆီးများကို ဖယ်ရှားပေးလျှင် ဖမ်းဆီးခံရသူများအပေါ် တရားစွဲဆိုမှုအားလုံးကို တစ်လအတွင်း ပိတ်သိမ်းပေးမည်ဟု အစိုးရရှေ့နေချုပ် ဗစ်တာပွန်ခါက ပြောကြားသည်။ အတိုက်အခံအဖွဲ့ကလည်း ယာဉ်အသွားအလာအတွက် လမ်းမကို တစ်စိတ်တစ်ပိုင်း ပြန်ဖွင့်ပေးမည်ဟု ပြောကြားသည်။

—*Ref: BBC*



7DAY NEWS JOURNAL

# International

Vol.12, No.50 • FEBRUARY 19 , 2014



SURYO WIBOWO/AFP

*အင်ဒိုနီးရှားနိုင်ငံတွင် ကယ်လပ်မီးတောင်ပေါက်ကွဲမှုအပြီး ဂျာဗားပြည်နယ်အလယ်ပိုင်း မဂီလန်မှ ရှေးလက်ရာဗောဓိဗုဒ္ဓကျောင်းတော်မှ မီးတောင်ပြာမှုန်များ ကပ်ငြိနေသည့် ရုပ်ပွားတော်တစ်ခုကို သန့်ရှင်းရေးလုပ်နေသူတစ်ဦးအား ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်*

## ဆော်ဒီအာရေးဗီးယားတွင် မားစ်ရောဂါကြောင့် သေဆုံးသူ ၆၀ ဦးရှိလာ

**ရီယာဒ်၊ ဖေဖော်ဝါရီ-၁၇**

ဆော်ဒီအာရေးဗီးယားကျန်းမာရေးအာဏာပိုင်များက နိုင်ငံအတွင်း လူငယ်တစ်ဦး မားစ်ဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ကြောင်း ကြေညာခဲ့ရာ နိုင်ငံတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ယင်းရောဂါပိုးကြောင့် သေဆုံးသူဦးရေ ၆၀ ခန့်အထိ ရှိသွားပြီဖြစ်သည်။

ဆော်ဒီတွင် မားစ်ဗိုင်းရပ်စ်ရောဂါဖြစ်ပွားကြောင်း စတင်တွေ့ရှိသည့် ၂၀၁၂ စက်တင်ဘာမှစ၍ ရောဂါဖြစ်ပွားသူ ၁၄၅ ဦးရှိပြီး သေဆုံးသူ ၆၀ ဦးအထိ ရှိခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးသေဆုံးခဲ့ရသည့် ၆၀ ဦးမြောက် လူငယ်မှာ (၂၂)နှစ်အရွယ်ကင်ဆာဝေဒနာရှင်တစ်ဦးလည်းဖြစ်သည်။ ကျွမ်းကျင်သူများသည် လက်ရှိတွင် ကုသရန်ဆေးမရှိသဖြင့် ထိုရောဂါပြန့်ပွားပုံနှင့် ပျောက်ကင်းရေးအတွက် ကုသနိုင်ရန် လေ့လာနေဆဲဖြစ်သည်။

မားစ် (MERS)ရောဂါပိုး ဗိုင်းရပ်စ်မှာ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သည့် ဆားစ် (SARS)ဗိုင်းရပ်စ်ကဲ့သို့ ကူးစက်မှုမများပေ။ ဆားစ်ရောဂါမှာမူ ၂၀၀၃ က အာရှတိုက်တွင်ရုတ်တရက်ဖြစ်ပေါ်ခဲ့ရာ လူ ၈,၀၀၀ ကျော်ကူးစက်ခဲ့ပြီး ယင်းမှ ၉ ရာခိုင်နှုန်းမှာ သေဆုံးခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ မားစ်ရောဂါဖြစ်ပွားမှု ၁၈၂ မှုအထိ မှတ်တမ်းတင်ထားကြောင်း၊ ယင်းမှ သေဆုံးသူ ၇၉ ဦးရှိကြောင်း ပြောကြားထားသည်။

*—Ref: AFP*

## အမေရိကန်ဗဟိုဘဏ် နိုင်ငံခြားဘဏ်များအတွက် စည်းမျဉ်းသစ်ထုတ်ပြန်မည်

**ဝါရှင်တန်၊ ဖေဖော်ဝါရီ-၁၇**

အမေရိကန်ဗဟိုဘဏ်သည် လာမည့်သီတင်းပတ်တွင် ငွေကြေးအရင်းအနှီးဆိုင်ရာ စည်းကမ်းချက်များထုတ်ပြန်ချိန်၌ အမေရိကန်နိုင်ငံတွင် စီးပွားရေးလုပ်ရသည်မှာ ကုန်ကျစရိတ်များလာမည်ဟု မျှော်လင့်နေကြသည်။

အမေရိကန်ဗဟိုဘဏ်ဘုတ်အဖွဲ့ အုပ်ချုပ်ရေးမှူးများသည် အင်္ဂါနေ့တွင် တွေ့ဆုံစည်းဝေးရန်ရှိပြီး အမေရိကန်နိုင်ငံရှိနိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းဘဏ်များကဲ့သို့ပင် ငွေကြေးအရင်းအနှီးထားရှိရေး ဗဟိုဘဏ်က စည်းကမ်းသတ်မှတ်ဖွယ်ရှိသည်။

အမေရိကန်နိုင်ငံတွင် ဘဏ်တစ်ခုအား ကယ်တင်ရန် လိုအပ်ခဲ့ပါက ဥရောပနှင့် အာရှဘဏ်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များက ၎င်းတို့ဘဏ်များ၏ အမေရိကန်နိုင်ငံရှိဘဏ်ခွဲများကိုဦးစားပေးအဆင့်နှိမ့်ထားခြင်းအတွက် ကန်အခွန်ထမ်းများကသာ ငွေကြေးစိုက်ထုတ်ရခြင်းပူပန်မှုများကို ဖြေရှင်းရန် ယခုပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ယင်းအတွက် အမေရိကန်တွင်လုပ်ငန်းအများအပြားရှိသော ဂျာမနီမှ Deutsche ဘဏ်နှင့် ဗြိတိန်မှ Barclays ဘဏ်ကြီးတို့က ယင်းအစီအစဉ်ကို တွန်းလှန်ရန် ကြိုးစားခဲ့သည်။

သို့သော် အမေရိကန်ဗဟိုဘဏ်က သက်ညှာမည့်ပုံစံမရှိဟု ဗဟိုဘဏ်နှင့် နီးစပ်သော အသိုင်းအဝိုင်းက ပြောကြားသည်။ ယင်းကိစ္စကိုဗဟိုဘဏ်က မှတ်ချက်ပေးရန်ငြင်းဆန်သည်။ *—Ref: Reuters*

## ပါပူးဝါးနယူးဂီနီနိုင်ငံ ထိန်းသိမ်းရေးစခန်းမှ ထွက်ပြေးသွားသော ဩစတြေးလျခိုလှုံခွင့် တောင်းခံသူများကို ပြန်လည်ဖမ်းမိ

**ဆစ်ဒနီ၊ ဖေဖော်ဝါရီ-၁၇**

ပါပူးဝါးနယူးဂီနီနိုင်ငံ၌ ဩစတြေးလျနိုင်ငံက ဖွင့်လှစ်ထားသော ထိန်းသိမ်းရေးစခန်းမှ ခိုလှုံခွင့်တောင်းခံသူအများအပြား ခေတ္တခဏ ထွက်ပြေးလွတ်မြောက်မှုရှိခဲ့သည်ဟု ဩစတြေးလျဝန်ကြီးတစ်ဦးက အတည်ပြုပြောကြားသည်။

မာနွတ်စ်ကျွန်းပေါ်ရှိ ထိန်းသိမ်းရေးဌာနတွင် ထိန်းသိမ်းခံထားရသူ ၃၅ ဦးခန့်သည် စခန်းခြံစည်းရိုးကိုဖောက်၍ ထွက်ပြေးခဲ့ကြသော်လည်း ၎င်းတို့ကို အလျင်အမြန် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး စခန်းသို့ပြန်ပို့ခဲ့ကြောင်း ဝန်ကြီးကပြောသည်။

ရှစ်ဦးကို ဖမ်းဆီးလိုက်ပြီး ၁၉ ဦးကို ဆေးကုသပေးလျက်ရှိသည်ဟုလည်း ဝန်ကြီးကပြောကြားသည်။ ထိန်းသိမ်းထားသူများကို ပါပူဝါးနယူးဂီနီနိုင်ငံတွင် အခြေချနေထိုင်ခွင့်ပြုမည်ဖြစ်ပြီး တတိယနိုင်ငံတစ်နိုင်ငံသို့ ပို့ဆောင်ရေး

စာမျက်နှာ ၄၆ ››




PARKSON
ကုန်တိုက်
22.02.2014- 10.03.2014
သင်၏ အလှပဆုံးနေ့ရက်များကို
ဖန်တီးခြင်း
အမျိုးသမီးများအတွက်
အထူးသီးသန့်ဈေးဝယ်ထွက်ခြင်း
အပတ်စဉ်တိုင်း စနေ၊ တနင်္ဂနွေ နှင့် တနင်္လာ
၂၂.၀၂.၂၀၁၄ - ၁၀.၀၃.၂၀၁၄
FREE
2,000 Kyats
PARKSON
x2 FREE
ကျပ် ၄၀,၀၀၀ (လေးသောင်း) ဖိုးဝယ်ယူမှုတိုင်းအတွက်
သင်၏ နေ့ရက်များ
၂၂.၀၂.၂၀၁၄ - ၁၀.၀၃.၂၀၁၄
Parkson ၌ ပျော်ရွှင်စရာ အမျိုးသမီးများနေ့
၀၈.၀၃.၂၀၁၄
PARKSON
Parkson FMI: လိပ်စာ - အမှတ် ၃၈၀ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ FMI Center
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။ - ဖုန်း (+၉၅) ၂၄၆၈၅၉၉၊ (+၉၅) ၂၄၀၂၉၀
ကုန်တိုက်ဖွင့်ချိန် - မနက် ၉:၀၀ မှ ည ၉:၀၀ အထိ - Website: www.parkson.com.mm
Parkson

စာမျက်နှာ (၂၃)မှ

## ဇာတိပုညဂုဏ်မာနတွေနှင့် အမျိုးကို ဘယ်လိုမြှင့်ချင်ကြသော်မင့်

အခန်း ၁၂ ပုဒ်မ ၄၃၆ ကိုမထိ၊ မတို့၊ မကိုင်တွယ် လို့ရှိရင်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုတာ လုံးဝ ဖြစ်မလာပါဘူး။ ပြင်လို့လည်းမရပါဘူး။ အဲဒီတော့ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာကိုယ်ကျိုးစီးပွားကာကွယ်တဲ့ သူတွေနဲ့ ပြည်သူ့အကျိုးစီးပွားကာကွယ်တဲ့ပုဂ္ဂိုလ်တွေကြား အားပြိုင်မှုတစ်ခုလို့ မြင်ပါတယ်”ဟု သုံးသပ်ပြောဆိုကြောင်း သတင်းတွေထဲမှာဖတ်ရသည်။

သူရဦးအောင်ကို၏ “ဒါဟာကိုယ်ကျိုးစီးပွားကာကွယ်တဲ့သူတွေနဲ့ ပြည်သူ့အကျိုးစီးပွား ကာကွယ်တဲ့ ပုဂ္ဂိုလ်တွေကြား အားပြိုင်မှုတစ်ခုလို့မြင်ပါတယ်”ဆိုသည့်သုံးသပ်ချက်က မိမိတို့ မြန်မာနိုင်ငံ၏စနစ်အဟောင်းမှစနစ်သစ်သို့ ပြောင်းလဲမှုဖြစ်စဉ်ထဲမှ ထင်သာမြင်သာ ပကတိအခြေအနေပေါ် သို့မီးမောင်းထိုးပြလိုက်သလိုပင် ရှိသည်ဟု မြင်သည်။

ဖေဖော်ဝါရီ ၅ ရက်ကထရိတ်ဒါးဟိုတယ်တွင် ကျင်းပခဲ့သည့် လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ အမှုဆောင် အရာရှိချုပ်၏ သတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကိုသုံးသပ်ပြောကြားရာ၌လည်း အစိုးရအဖွဲ့ ထိပ်ပိုင်းခေါင်းဆောင်များကြားတွင် ပြုပြင်ပြောင်းလဲရေးကို တစိုက်မတ်မတ်ကြိုးစားလိုသူတွေနှင့်အရှိန်ကိုလျှော့ချလိုက်လိုသူများဟု ဘက်နှစ်ဖက်ကွဲနေသည်ကို အထင်အရှားတွေ့ရှိခဲ့ရကြောင်းဟုအတိအကျပင်ပြောဆိုသွားခဲ့သည်ကို ကြားလိုက်ရပြန်သေးသည်ဟုဆိုသည့်အခါသူရဦးအောင်ကို သုံးသပ်သကဲ့သို့ပင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးကို အခြေခံသည့် ၂၀၀၈ အခြေခံဥပဒေကို မပြင်ဆင်ရရေး အားထုတ်ကြိုးပမ်းလာသော ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ တပည့်သားမြေးလက်ပါးစေများ၏ အစီအစဉ်တကျခြေလှမ်းများကို မြင်သာလာရတော့သည်ဟု ဆိုချင်မိရသည်။

ထိုသို့သော မြင်ကွင်းများ အသံဗလံများအရဆိုလျှင် ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို ပြင်ဆင်နိုင်ရေးကိုမျှော်ကြည့်တော့ တောင်စဉ်ခုနစ်ထပ်ကိုကျော်ဖြတ်ရသည်ထက် ခက်ခဲပင်ပန်းတော့မည့် ဆဲဆဲဟု မြင်နေရသည်။

ထိုအသံများနှင့် တစ်ချိန်တည်းလိုဖြစ်သော (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပြောခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၏စကားများကမူ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု စနစ်ကို တမ်းတမျှော်လင့်နေကြဆဲရှိသည်။

“ပင်လုံစာချုပ်ဟာ (၆၇) နှစ်ပြည့်ခဲ့ပါပြီ။ မြန်မာနိုင်ငံရဲ့ တကယ့်ခေါင်းဆောင်တွေရဲ့ အမြော်အမြင်ကြီးကြီးနဲ့ သတ္တိရှိရှိ လုပ်ခဲ့ကြတဲ့ လုပ်ရပ်တွေထဲက တစ်ခုဖြစ်တယ်။ ဒါပေမဲ့ ခုထက်ထိ ပင်လုံစာချုပ်မှာပါတဲ့ သဘောတူညီချက်တွေကို မခံစားရသေးဘူး”

“တန်းတူရည်တူရှိရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ပါတဲ့ ဖက်ဒရယ်စစ်စစ်ကို လိုချင်ကြလို့ လက်နက်ကိုင်လာကြတာဖြစ်တယ်။ ၇၄ နဲ့ ၂၀၀၈ ဥပဒေတွေဟာ ပင်လုံစာချုပ်ရဲ့ အနှစ်သာရကို မဖြည့်နိုင်ဘူး” ဟု တိုင်းရင်းသားခေါင်းဆောင်တွေကဆိုပြန်သည်။

CNF အဓိပတိဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းကလည်း “စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ဆိုလျှင် တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ အမျိုးသားတန်းတူအခွင့်အရေးကို အာမခံရမယ်”ဟုဆိုလေသည်။

သည်စကားတွေကို ကြည့်ခြင်းဖြင့်ပင် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုသည်မှာ စာလုံးမျှသာရှိနေသည့်အပြင် ရှေ့က ပုဒ်မကို နောက်က ပုဒ်မကဆန့်ကျင်ပယ်ဖျက်ထိန်းချုပ်ထားခြင်းများ များစွာပါဝင်နေသည့် ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို ပြင်ဆင်နိုင်ကြဖို့ရာအားလုံးက ကိုယ်ကျိုးစီးပွားမမျှော်ကြစတမ်း စေတနာသန့်သန့်ဖြင့်ယနေ့တွင်မှစတင်၍ ပြင်ဆင်ဖို့ဆောင်ပုံမကိုင်နိုင်ကြသေးလျှင် ယခုထက်တိုင်ဟိုရက်ရွှေ့၊ သည်ရက်ရွှေ့ရွှေ့နေရသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများသည်ပင် အဆင်ချောပါမည်လားဟု ပူပန်မိရသည်။

အမျိုးသားတန်းတူညီမျှခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု စနစ်စစ်စစ်ဥပဒေကိုပြင်ဆင်မရေးဆွဲနိုင်သမျှလွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းစစ်သည်လည်း ပြီးဆုံးလိမ့်မည်မထင်။

ပြည်တွင်းစစ်ကြီးမပြီးဆုံးသမျှလည်း ကိုယ့်ညီအစ်ကိုချင်းသတ်နေကြရ၍ စစ်စရိတ်ထောင်းသဖြင့် နှစ်ဦးနှစ်ဖက်လုံး လူမွေး လူတောင် မပြောင်ကြသည့် ဆင်းရဲတွင်းနက်သော မြန်မာနိုင်ငံအဖြစ်မှလည်း လွတ်မြောက်နိုင်လိမ့်မည်မထင်။

ဆင်းရဲတွင်း နက်နေသမျှလည်း ဇာတိပုည ဂုဏ်မာနတွေနှင့် အမျိုးကိုဟိုလူသည်လူတွေက ဘယ်လို ပင်မြှင့်ချင်ပါသော်မင့် ဗိုလ်ချုပ် အောင်ဆန်းပြောခဲ့သည့် “ဟိုနိုင်ငံ”အဖြစ်မှ တက်နိုင်လိမ့်မည်ဟုလည်းမထင်။ လုံးဝပင် မထင်။ ဝမ်းနည်းစွာနှင့်ပင် မထင်ရေးချမထင်။

စာမျက်နှာ (၅)မှ

## ထန်းတောထဲမှ ထန်းခြောက်သံ

ထန်းပင်ပေါ်ကကျလျှင်သေတာနှင့်ကျိုးတာ တစ်ခုခုမို့ လေးလေးနက်နက်ထားကာ လုပ်ရသည်ဟု ထန်းသမားများက ဆိုပါသည်။

ပြီးနောက် အပင်ခြေရင်းမှ မြူအိုးအလွတ်များကို ခါးတွင်ချိတ်ကာ အပင်ပေါ်တက်၊ အပင်ပေါ်မှာ ပြည့်နေပြီဖြစ်သည့် ထန်းရည်မြူအိုးဖြင့် လဲလှယ်ကာ တစ်ခါပြန်ဆင်းရသည်။

ထန်းသမား ထန်းတက်ချိန်ချက်ပြုတ်ပြီးပြီမို့ ထန်းသမားမယားအားပြီမထင်ပါနှင့်။ ကလေးတွေကောက်ပေးလာသည့် ထန်းရည်မြူအိုးများကို ထန်းလျက်ကျိုဖို့စပြင်ရပါပြီ။ ခြောက်ဖိုခန့်တွဲထားသည့် ဖိုများကိုမီးထိုးကာ ထန်းလျက်ချက်ဖို့ပြင်ရပါ၏။ ကလေးတွေက ကျောင်းသွားချိန်ရောက်ပြီဆိုလျှင် ထန်းသမားမယားပျာယာခတ်လေပြီ။ ထန်းလျက်ကျိုလိုက်၊ မြူအိုးကောက်လိုက်ဖြင့် တဲနဲ့ထန်းပင်အခေါက်ပေါင်းမရေမတွက်နိုင်အောင် ပြေးရသည်ဟု ထန်းသမားမယားများက ပြောပြသည်။ ထန်းလျက်ဖိုမှ မီးအပူက ရင်ကိုလာရိုက်၏။ ချွေးတွေက တပြိုက်ပြိုက်ကျ၏။ မွှေနေတုန်းများ သွားမစလိုက်နှင့်။ ယောက်မနှင့်အရိုက်ခံရပြီသာမှတ်။

ထန်းရည်တွေကို ကျိုချက်ရင်းကျလာပြီ၊ အစေးကပ်လာပြီဆိုထန်းလျက်အဆင့်သို့ရောက်ရန် နီးစပ်လာပြီဖြစ်သည်။ ယောက်မဖြင့်မရပ်မနားမွှေပေးပြီးနောက် မီးဖိုပေါ်မှချကာ ရေတစ်ဖလားပြေးယူကာထန်းလျက်လုံးရသည်။ ထန်းသမားမယားအပြင် ကလေးတွေပါ ထန်းလျက်ဝင်လုံးရ၏။ ထန်းလျက်တွေက အေးသွားလျှင် ခဲသွားတော့မှာမို့ ပူပူလောင်လောင်နှင့်ပင် လက်ကိုရေဆွတ်ကာ လုံးရသည်။ နံနက်ခင်း ၁၀ နာရီ ၁၁ ဝန်းကျင် ထန်းသမားများ ခဏနားသည်။ ခဏနားသည်ဆိုပေမယ့် ထန်းသမားများ နားနားနေနေမနေရပါ။ ထန်းတက်သည့်ရင်းထောင်ကြဲ့ခိုင်စေရန် ပြုပြင်နေရပါသေးသည်။

ထန်းပြန်တက်ချိန် နေ့လယ်နေ့ခင်းမို့ အပျင်းပြေ ရေဒီယိုလေးချိတ်ကာ ထန်းတက်သူတွေလည်းရှိသည်။ ကပေါက်တိကပေါက်ချာ ရရာသီချင်းအော်ဆိုနေသူတွေလည်းရှိသည်။ ရာသီဥတုကောင်းရင်တော့ ထန်းရည်ချိုကျကာ ထန်းလျက်များများထွက်မည်မို့ ထန်းသမားများမြူးကြွပြီး ပျော်နေတတ်ကြသည်။ အဲဒီလိုအခါမျိုး ထန်းတောထဲဝင်လိုက်ပြီဆိုလျှင် ထန်းတစ်ပင်ပေါ်ကနေတစ်ပင်လှမ်းစနောက်နေသည့်ထန်းသမားတွေရဲ့ အသံတွေက ဟိုအပင်ပေါ်ကထွက်လာလိုက် ဒီအပင်ပေါ်ကထွက်လာလိုက်နှင့်။ “ဥတုမကောင်းလို့ထန်းရည်ချိုမရဘူးဆိုရင်တော့ ထန်းသမားတွေငြိမ်နေတာပဲ”ဟု ထန်းသမားဦးစန်းမြင့်က ပြောသည်။

ထန်းပင်အောက်မှာတော့ မြူအိုးကောက်တဲ့ ကလေးကကောက် မယားကထန်းလျက်ကျို၊ အိုးဖုတ်သူကဖုတ်၊ ထန်းလျက်လုံးစသဖြင့်လုပ်လာလိုက်တာ ညနေ ၆ နာရီလောက်မှာတော့ ထန်းလျက်ချက်တဲ့လုပ်ငန်းပြီးမြောက်သည်။ ထန်းသမားမယားနှင့် ကလေးများက ထန်းရည်မြူအိုးအလွတ်များကိုမီးဖုတ်ရသည့်အလုပ်ကိုလည်း လုပ်ရပါသေးသည်။ ထန်းရည်ချိုကောင်းစေရန်၊ အချဉ်နံ့ မထွက်စေရန်၊ အိုးသန့်သွားစေရန် မီးဖုတ်ရခြင်းဖြစ်သည်။

ထန်းလျက်ချက်ပြီးသွားပေမယ့် ထန်းသမားတွေကတော့ ထန်းပင်ပေါ်က မဆင်းရသေးပါ။ တက်နေရတုန်းပင်ဖြစ်သည်။ ညမှောင်စပျိုးလာတော့ ထန်းတက်ရတာ သိပ်မမြင်ရတော့။ ဒါကြောင့် အောက်မှာရှိတဲ့သူတွေက ထန်းပင်ပေါ်ကလူတွေ ထန်းတက်ရတာမြင်ရအောင် ထန်းလက်တွေကို မီးရှို့ပေးရသည်။ ထိုအချိန်ဆိုထန်းတောထဲမှာ မီးတွေက ဝင်းလက်နေသည်။ ထန်းသမားတွေ လုပ်ငန်းပြီးတော့ ည ၈ နာရီခန့်ရှိပြီ။

တစ်နေကုန်ပင်ပန်းထားကြသည်မို့ ထန်းသမားမိသားစုတွေ အပန်းတော်ဖြေကြပြီ။ ကက်ဆက်ဇာတ်လမ်းဖွင့်သံ၊ရေဒီယိုသတင်းနားထောင်သံ၊ ကလေးတွေရဲ့ ဆော့ကစားကြတဲ့ အသံတွေက ထန်းတောကြီးထဲမှာပွဲတင်ထပ်လို့။ “ထန်းတောထဲမှာ ရွာကြီးတစ်ရွာလိုကိုဖြစ်နေတာ”ဟု ထန်းသမားမယားတစ်ဦးဖြစ်သူ ဒေါ်ကြည်အေးက ဆိုပါသည်။ ထန်းသမားတွေက လူကသာနားနေပေမယ့် နောက်နေ့တက်ရမည့် ထန်းပင်တွေကို ဘယ်အပင်ကိုတော့ ဘယ်လိုပြင်ရဦးမည်၊ ဘယ်အပင်ကိုတော့ ဘာလုပ်ရဦးမည် စသဖြင့် တွေးတောကာ အိပ်ပျော်သွားတတ်သည်ဟု ထန်းတက်သမားများက ဆိုပါသည်။

ကဆုန်၊ နယုန်ကာလဆိုလေတွေဝုန်းဒိုင်းကြအောင်တိုက်သည့်အခါမျိုးတွေရှိသည်။ လေပြင်းတွေကြောင့်ထန်းပင်တွေလှုပ်ခါယမ်းနေတတ်ပြီး ထန်းပင်ပေါ်က အိုးတွေအချင်းချင်းရိုက်မိခြင်း၊ အပင်ပေါ်မှလျှောကျခြင်းများ ဖြစ်တတ်ပါသည်။ လေငြိမ်သွားပြီဆို ထန်းပင်အောက်ခြေများတွင် ထန်းရည်မြူအိုးအကွဲအစလေးများ ပြန့်ကျဲနေတတ်သည်။

“အိုးနဲ့ထန်းရည်ကတော့ ဆုံးတာပေါ့။ မြူအိုးကိုချည်တဲ့ကြိုးကိုတော့ ပြန်ကောက်ပြီးသုံးရတယ်” ဟု ဒေါ်အေးက ဆိုသည်။

နယုန်လထဲတွင် ထန်းတောထဲ ဒေါ်ရင်းကောင်ဟုခေါ်သည့် အကောင်များက ဆူညံစွာအော်ဟစ်တတ်သည်။ ထိုအကောင်များ အော်ပြီဆိုလျှင် ထန်းရည်ချိုမထွက်တော့သည့် ကာလရောက်တော့မည်မို့ ထန်းသမားမိသားစုများ စိတ်ညစ်ညူးရလေပြီ။

“ဒေါ်ရင်းကောင်တွေအော်ပြီဆို ထန်းရည်တွေမထွက်တော့ဘဲ ထန်းလျက်မရတော့မှာမို့ စိတ်ဆင်းရဲတယ်။ ကလေးတွေကတော့ ဒီအကောင်တွေအော်လို့ ထန်းရည်မရတာလို့ဆိုပြီး လိုက်ရိုက်ကြတာ”ဟု ဒေါ်အေးက ပြောပြသည်။

အခြားတောင်သူလုပ်ငန်းများအတွက် မိုးမျှော်ရပေသိ ထန်းတောင်သူတို့အတွက်တော့ မိုးရွာမှာကို ကြောက်နေရ၏။ မိုးကြီးပြီဆိုလျှင် အပင်ပေါ်က ထန်းရည်မြူအိုးထဲ မိုးရေတွေဝင်ကုန်တာကြောင့် ထန်းရည်မြူအိုးတွေ သွန်ပစ်လိုက်ရသည်။ မိုးတအားရွာတော့ ထန်းလျက်တွေအစိုပြန်ကုန်မှာစိုးရတာကြောင့် လူတွေလုံလုံမလုံလုံ ထန်းလျက်တောင်းတွေကို လုံအောင်လုပ်ရသည်။ လေတွေပါပါလာပြီဆိုလျှင် ထန်းရည်ချိုပုံးတွေလည်း မျောပါသွားတတ်ပါသေးသည်။

ဝါခေါင်လလောက်ဆို ထန်းရည်မထွက်တော့ပြီမို့ ထန်းသမားများ ထန်းလုပ်ငန်းသိမ်းချိန်တန်လေပြီ။ အမြတ်အစွန်းရှိပြီဆိုလျှင် တောင်သူလုပ်ငန်းအတွက် နွားတွေဝယ်ကြ၊ လျှပ်စစ်မီးမရသူတွေမို့ ဆိုလာပြားတွေဝယ်ကြ၊ ဆိုလာရှိပြီးတဲ့သူတွေက တီဗီတွေဝယ်ကြဖြင့် ပျော်မြူးနေတတ်ကြသည်။ အမြတ်အစွန်းမရဘူး၊ ထန်းလျက်ဈေးမကောင်းဘူးဆိုလျှင်တော့ ထန်းသမားများ အခက်တွေ့ကြရပြီ။ ခြောက်လကျော် လုပ်လာရသည့် လုပ်အားခဆုံးရှုံးသည့်အပြင် အကြွေးပါတင်သွားကြ၏။

ထို့အပြင် ထန်းလျက်ကျိုဖို့ထင်းတွေက ရှားပါးလာပြီး ဈေးတွေကြီးလာသည်။ မြူအိုးဖိုးနှင့် မြူအိုးချည်တဲ့ ကြိုးဈေးတွေကလည်းကြီးလာပြန်သည်။ ပိုပြီးဆိုးတာက ထန်းလျက်ဈေးတွေက ကျလာတော့ ထန်းတောင်သူများ အခြေအနေမဟန်တော့။ မရေရာတော့သည့် ထန်းလုပ်ငန်းကို စွန့်ခွာကာပြည်ပနှင့်ပြည်တွင်းအခြားဒေသများသို့ထွက်ကာ ရရာအလုပ်လုပ်လာရသည်ဟု ထန်းတောင်သူများက ဆိုပါသည်။ ထန်းတက်သူမရှိဘဲ ပစ်ထားရသည့် ထန်းပင်တွေက များလာသည်။

နွားထိုးကြီးမြို့နယ် လက်ပံရွာတစ်ရွာတည်းတွင်ပင် ထန်းတက်သူဦးရေထက်ဝက်ခန့်လျော့ကျသွားသည်ဟု ထန်းတောင်သူများက ဆိုပါသည်။ “ထန်းသမားတွေက ထန်းလျက်ခဲလေးတစ်လုံးဖြစ်ဖို့ကို တစ်မိသားစုလုံး ရုန်းကန်ရတာ။ ထန်းလျက်ဈေးတွေက မကောင်းတော့ ဘယ်လိုမှအဆင်မပြေတော့တာနဲ့ ထန်းသမားတွေ ထန်းမတက်ကြတော့ဘဲ ရရာအလုပ်တွေပြောင်းလုပ်နေကြရတာ။ ကြာရင် ထန်းလျက်လုပ်ငန်း ပျောက်သွားမှာတောင်စိုးရိမ်ရတယ်”ဟု နွားထိုးကြီးမြို့နယ်မှ ထန်းလျက်ပွဲစားတစ်ဦးက ဆိုပါသည်။

ယခုတော့ လက်ပံရွာက ထန်းတောထဲမှာ ထန်းလျက်ချက်ဖို့ဝေးစွ၊ ထန်းသမားမိသားစုများနေထိုင်ခဲ့သည့် တဲအိမ်လေးတွေမှာပင်နေသူမရှိယိုင်ထိုးကာပျက်စီးစပြုနေလေပြီ။ ထန်းလျက်ချက်တဲလေးတွေထဲမှာလည်း ထန်းရည်မြူအိုးလေးတွေက ဟိုနေရာတစ်အိုး၊ သည်နေရာတစ်အိုး ပြန့်ကျဲနေလေပြီ။ ထန်းလျက်ချက်တဲ့ဒယ်အိုးတွေကလည်း အသုံးပြုသူမရှိမှောက်လျက်ပင်။

ခင်မင်ရသော အညာသူအညာသားမိတ်ဆွေများ၏ အညာကအပြန်ယူဆောင်လာမည့် ထန်းလျက်ခဲလေးများကိုမက်မက်မောမော မျှော်လင့်ချင်ပါသေးသည်။

7 DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014



စာမျက်နှာ (၂၄)မှ

# မင်းဒင်ရဲ့ သက်ခိုင် (၂)

အမယ်ဂဟေဆော်တဲ့အခါ မုန့်ကာမပါဘဲကို ဆော်နိုင်တယ်ဆိုတဲ့ သူတွေလည်းဒုနဲ့ဒေးပါပဲ။ ခင်ဗျားယုံချင်ယုံ၊ မယုံချင်နေပေတော့။ ဖူးခက်မှာရှိတဲ့ မြန်မာအလုပ်သမားယောကျ်ား ဦးရေတစ်ရာမှာ အယောက်ရှစ်ဆယ်ဝန်းကျင်ဟာ ဘိန်းစာရွက်ကို ကျိုထားတဲ့ အာစီယံကိုသောက်ကြသဗျာ။ အလျူမင်္ဂလာပွဲတိုင်းမှာသူမပါရင်မပြီးဆိုတာ ဖူးခက်မှာတော့ အာစီယံဗျ။ အိုးကြီးအိုးငယ်နဲ့ ကျိုချက်ပြီး သဒ္ဒါတရားကြီးကြီးနဲ့ ကိုပွဲတိုင်းမှာညှော်ခံတတ်ကြတာ။ ရဲဖမ်းမိတော့လည်း ဘတ်နှစ်သောင်းလောက်နဲ့ညှိရင်ပြီးသတဲ့။ ချဲထီကိစ္စလား၊ မပြောပါရစေနဲ့တော့။ အမေလုပ်သူက “ငါ့သားအာစီယံသောက်တာ လျှော့ပါ”လို့ ဆုံးမတာကို “အမေကျတော့ ချဲချည်းဖိထိုးနေတာ ဘယ်လိုလုပ်မတုံး”ပြန်ပက်တာတွေနားနဲ့ ဆတ်ဆတ်ကြားဖူးခဲ့ပြီကော။

ထိုင်းရဲဆိုတာကလည်း ဗမာအလုပ်သမားတွေကို အလိုအလျောက် ငွေထုတ်စက်လို သတ်မှတ်ကြတာကလား။ ဗမာတစ်ယောက်ကိုမသင်္ကာဘူးဆိုပြီး ဖမ်းစစ်လိုက်၊ အနည်းဆုံး ဘတ်နှစ်ထောင်လောက်တော့ တွက်ခြေကိုက်ပြီးသားပဲ။ ဘတ်(အလုပ်သမားလက်မှတ်)၊ ပတ်စ်ပို့တွေရှိလည်း အလုပ်ရှင်မတူဘူး။ လိပ်စာမှားနေတယ်ဆိုတဲ့ အကြောင်းပြချက်တစ်ခုခုနဲ့ ငွေမရရအောင် ညှစ်တာပါပဲ။ အဆိုးဆုံးက တော့ ဗမာအလုပ်သမားတွေကို လမ်းဘေးငုတ်တုတ်ထိုင်ခိုင်းပြီး စစ်လား၊ဆေးလားလုပ်တဲ့ ကိစ္စပဲဗျာ။ ဖူးခက်ဟာ နိုင်ငံတကာခရီးသွားတွေ ပြည့်နေတဲ့မြို့၊ စီးပွားရေးအချက်အချာမြို့ဖြစ်တာကြောင့် ထိုင်းရဲတွေဟာ ဖူးခက်ကိုပြောင်းနိုင်ဖို့ ငွေပုံပေးလာဘ်ထိုးကြရသတဲ့ဗျ။ အဲဒီထိုင်းရဲတွေအတွက် ဗမာရွှေ့ပြောင်းအလုပ်သမားတွေဟာ ငွေတွင်းတွေပေါ့ဗျာ။ ထိုင်းလူမျိုးတစ်ယောက်ယောက်နာမည်ခံပြီး ဖွင့်ထားတဲ့ဆိုင်ကြီးဆိုင်သေးလုပ်ငန်းကြီးငယ်သိန်းချီပြီးရှိလောက်တယ်။ အားလုံးလိုလို ထိုင်းရဲကို လစဉ်ဆက်ကြေးသဘော ဆက်ကြရတယ်။ ဘာအဖွဲ့ညာအဖွဲ့၊ ဘာရဲညာရဲဆိုပြီး အဖွဲ့ပေါင်း နှစ်ဆယ်နီးပါးရှိသဗျာ။ ဗမာပြည်မှာ စည်ပင်ရဲ၊ နယ်မြေခံရဲ၊ ခရိုင်ရဲ၊ ပြည်နယ်နဲ့ တိုင်း အဆင့်ရဲ၊ စသုံးလုံး၊ မူးယစ်၊ အကောက်ခွန်ဆိုတာမျိုးတွေပေါ့။ အဖွဲ့အားလုံးလိုလို ထိုင်းနိုင်ငံရဲ့ တည်ဆဲဥပဒေတွေကို ကာကွယ်စောင့်ရှောက်နေတယ်လို့တော့ ခင်ဗျားမယူဆလေနဲ့။ ထိုင်းတစ်နိုင်ငံလုံးအဆင့်ဆင့်သော အမတ်တွေ၊ မာဖီးယားတွေလည်း ထိုင်းရဲနဲ့ညှိပြီး လွှမ်းမိုးချုပ်ကိုင်ထားကြတာပါပဲ။ ဒီကြားထဲမှုးရိုးမတ်ရိုးသူကောင်းမျိုးတွေကလည်း တစ်မှောင့်။

အံ့သြဖို့ကောင်းတဲ့အချက်ကတော့ ဗမာရွှေ့ပြောင်းအလုပ်သမားတစ်ယောက်တလေနဲ့ များတွေ့မိလို့ သူ့အလုပ်အကိုင်အကြောင်း မေးမိရင် “အားလုံး ဆပိုင်း၊ ဆပိုင်း၊ (အလွန်ကောင်း၊ လွတ်ကောင်း)ပဲ။ လစာဘတ်သောင်းချီရတယ်။ ဘာမှမလုပ်ရဘူး။ ထိုင်းသူဌေးက သိပ်သဘောကောင်းတယ်။ ထိုင်းရဲတွေက ကောင်းပါတယ်”ဆိုပြီး တညီတညွတ်တည်းဖြေပါလိမ့်မဗျာ။ တကယ်တော့သူတို့အဖြေဟာ သူတို့လက်တွေ့ ဘဝနဲ့ ဆန့်ကျင်ဘက်ပါပဲ။ လူသားတစ်ယောက်ရဲ့ သိက္ခာတစ်ပြားသားမှမရှိတော့တဲ့ အဖြစ်ကိုလည်း သူတို့ ဝမ်းနည်းစရာလို့ မမြင်ကြတော့ဘူး။ ဆိုးရွားလွန်းလှတဲ့ဘဝကိုဗမာအချင်းချင်းကြားမှာ လူသိမခံချင်ဘဲကိုယ့်ကိုယ်ကိုမဲတင်းနေနည်းတစ်မျိုးပါပဲ။

လွန်ခဲ့တဲ့ လေးနှစ်မတိုင်မီယာယီနိုင်ငံကူးလက်မှတ်ဆိုတာ ဘယ်နေမှန်းမသိတဲ့ကာလတုန်းက ဗမာပြည်ထဲကနေ အလုပ်အကိုင်ရှာဖို့ဖူးခက်ကို အရောက်လာနိုင်ဖို့ ကော့သောင်း၊မြဝတီ၊ဘုရားသုံးဆူ၊ မဲဆိုင်စတဲ့နယ်စပ်မြို့တွေက တစ်ဆင့် ဝင်ကြရတဲ့ကိစ္စဟာ လွယ်တဲ့ အလုပ်တော့မဟုတ်ဘူးဗျ။ ကော့သောင်းကလာတဲ့ခရီးစဉ်ဆိုပါတော့။ လူဦးရေမချိမဆန့်တင်ထားတဲ့ စက်လှေနဲ့ ပါချန်မြစ်ကို အသက်ရင်းပြီးဖြတ်ကူးရတယ်။ မကြာခဏလှေမှောက်ပြီး အလောင်းရှာမရတဲ့ သတင်းတွေကလည်း မကြားချင်အဆုံး။ ထိုင်းဘက်ကမ်းကို ရောက်ပြန်တော့ စစ်တပ်ဂိတ်၊ ရဲဂိတ်တွေကို ကျော်နိုင်အောင် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းကိုယ်တိုင်မသိတဲ့တောလမ်းတွေကိုဖြတ်ရတယ်။ နောက်တစ်ဆင့်ဟိုင်းလတ်ပစ်ကပ်ကားနဲ့ နောက်ခန်းကျဉ်းကျဉ်းလေးထဲမှာ လူအယောက် နှစ်ဆယ်လောက် ငါးပိသိပ်သလိုတင်ပြီးဂိတ်တွေကို ကျော်ရတယ်။ ဂိတ်တွေနဲ့လည်း ညှိထားပြီးသားပါဗျာ။ အတင်းထိုးသိပ်ထည့်တာက တွက်ခြေကိုက်အောင်၊ ဘေးလူမမြင်အောင်ဆိုတဲ့ သဘောပါပဲ။

ရင်နာစရာ အကောင်းဆုံးအဖြစ်အပျက်တစ်ခုကတော့ ၂၀၀၈ ခုနှစ်မှာဖြစ်ခဲ့တဲ့ ခိုးဝင်ဗမာအလုပ်သမားတွေကို ရနောင်းကနေ ဖူးခက်မြို့ဆီ အအေးခန်းကားနဲ့ခိုးသွင်းလာစဉ်မှာ အသက်ရှုကျပ်ပြီး မြန်မာလူမျိုးငါးဆယ့်လေးယောက်သေခဲ့ရတဲ့ဖြစ်ရပ်ပါပဲ။ ထိုင်းတစ်နိုင်ငံလုံးမှာရှိတဲ့ မြန်မာအလုပ်သမားတွေတုန်လှုပ်ထိတ်လန့်ခဲ့ကြရတဲ့ သတင်းပေါ့။ အဲဒီနေ့ကို ကျွန်တော်ကောင်းကောင်းမှတ်မိနေတယ်။ ပါတောင်ကမ်းခြေမှာ အလုပ်လုပ်နေတဲ့ မွန်မလေးတစ်ယောက်က နံနက်စောစောငါးနာရီလောက်မှာ ဖုန်းဆက်ပြီး ငိုသံပါကြီးနဲ့ ဒီသတင်းကိုပြောတာဗျ”။ “ကျွန်မတို့ရွာဘက်က လူတွေအများကြီးပါတယ်။ မွန်လူမျိုးတွေ”တဲ့။ နောက်ပိုင်းကျွန်တော်စနည်းနာကြည့်တော့ အဲဒီသားငါးတင်တဲ့ အအေးခန်းကားဟာ ခိုးဝင်တဲ့ ဗမာအလုပ်သမားတစ်ရာ့နှစ်ဆယ်ကျော်ကို မချိမဆံ့တင်လာသတဲ့။ ရနောင်းက ထွက်လာခါစတုန်းက လေအေးစက်ဖွင့်ထားပေမယ့်လမ်းမှာရဲကမသင်္ကာလို့တားပြီးစစ်ဆေးတော့ ယာဉ်မောင်းကိုယ်တိုင်ဆင်းပြီး ရဲနဲ့ ညှိနှိုင်းရတာမို့ လေအေးစက်ခလုတ်ကို ပိတ်ခဲ့သတဲ့။ ယာဉ်မောင်းကားပေါ်ပြန်အတက်မှာ လေအေးစက်ခလုတ်ကို ပြန်မဖွင့်မိတော့တာကြောင့်ကားနောက်အလုံပိတ်ခန်းထဲမှာ ပါလာတဲ့ဗမာအလုပ်သမားတွေ အရှင်လတ်လတ် ငရဲပြည်ကျသလိုဖြစ်ကုန်ကြတာပေါ့။

သေအံ့မူးမူး တဝုန်းဝုန်း ဒိုင်းဒိုင်း ကားဘော်ဒီအတွင်းပိုင်းကို ဝိုင်းထုကြပေမယ့် လူမှောင်ခိုသွင်းလာတဲ့ ယာဉ်မောင်းဟာ ရဲလွတ်ရာအရပ်၊ လူအများမမြင်နိုင်တဲ့အရပ်ကို ရွေးမောင်းနေလိုက်တာ နောက်ဆုံးတော့ ငါးဆယ့်လေးယောက် အသက်ရှုမွန်းကျပ်ပြီး မရှုမလှသေကုန်ကြရတာပါပဲ။ အဲဒီ ယာဉ်မောင်းထွက်ပြေးလွတ်မြောက်မှုနဲ့ပတ်သက်ပြီး ထိုင်းရဲထောက်လှမ်းရေးတချို့တောင်ကျွန်တော့်အိမ်ရောက်လာပြီး အကူအညီတောင်းကြပါသေးတယ်။ ဆက်နွှယ်ပုံကတော့အဲဒီတရားခံယာဉ်မောင်းဟာ ကျွန်တော့်ဆိုင်မှာ ဈေးဝယ်နေကျဖောက်သည် ထိုင်းအမျိုးသမီးကီးယက်ရဲ့ ပထမအိမ်ထောင်မို့ပါပဲ။ အဲဒီဖြစ်စဉ်မှာ ကံကြီးလွန်းလို့ အသက်မသေဘဲ ကျန်ရစ်သူတွေဟာ တရားမဝင်ခိုးဝင်မှုနဲ့ရုံးတင်အပြစ်ပေးခံရပြန်ပါတယ်။ မြန်မာအစိုးရမင်းများကတော့ ဒီတရားခံတွေကို မြန်မာပြည်ထဲကို ချက်ချင်း ပြန်ပို့စေချင်သတဲ့။ ဖေးမကူညီဖို့တော့ မဟုတ်လောက်ဘူးထင်ပါရဲ့။

ဒီအဖြစ်အပျက်ဟာ ရင်နာစရာအဖြစ်ပေါင်း ထောင်သောင်းထဲက တစ်ခုပါဗျာ။ ဒီထက်နာကြည်းကြေကွဲစရာအဖြစ်တွေ အများကြီးရှိပါသေးတယ်။ အကြောင်းသင့်တဲ့အခါ ဇာတ်လမ်းဆက်ကြသေးတာပေါ့။ ခင်ဗျားကြည့်ရတာ ဆိုင်ကို စိတ်ပူနေတဲ့ပုံပဲ။ ကဲသွားကြစို့ဗျာ။

(မှတ်ချက်။ ဤနေရာ၌ အလျဉ်းသင့်သည်ဖြစ်၍ ကိုသက်ခိုင်ပြောပြခဲ့သော မြန်မာလူမျိုးငါးဆယ့်လေးဦး အသက်ရှူကျပ်သေဆုံးခဲ့ရသည့်သတင်းကို စာဖတ်သူများ ပြည့်စုံစွာသိရှိနိုင်ရန် ခေတ်ပြိုင်အင်တာနက်စာမျက်နှာမှ ကူးယူလျက် အောက်တွင် ဖော်ပြအပ်ပါသည်။)

“သေဘေးမှလွတ်မြောက်လာသူ မြန်မာပြည်သားများကို ဌာနေပြည်မပို့ဟု ထိုင်းအာဏာပိုင်များသဘောတူ”

ကျော်ထင် (ခေတ်ပြိုင်)

၂၀၀၈ ခုနှစ် ဧပြီ ၉ ရက်က ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်စဉ် အအေးခန်းကားအတွင်း အသက်ရှူမွန်းကျပ်သေဆုံးမှုမှ လွတ်မြောက်လာသူများကို မြန်မာနိုင်ငံသို့ ပြန်မပို့ရန် ထိုင်းအာဏာပိုင်များက ဆုံးဖြတ်လိုက်သည်။ စောစောပိုင်းက ထိုင်းအာဏာပိုင်များဘက်မှ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေဖြင့် ဖမ်းဆီးထောင်ချပြီး မြန်မာပြည်သို့ ပြန်ပို့မည့်အစီအစဉ်ကို ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတောင်ပိုင်း၊ ရနောင်းခရိုင်ရုံးတွင် ထိုင်းအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ထိုင်းရှေ့နေများကောင်စီ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ရဲ၊စစ်တပ်၊ တရားရေးဌာနတာဝန်ရှိ သူများနှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားအရေးဆောင်ရွက်နေကြသည့် MAP ဖောင်ဒေးရှင်း World Vision တို့မှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးပြီးနောက် ယခုကဲ့သို့ ပြင်ဆင်ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ ပါဝင်ဆွေးနွေးခဲ့သူ MAP ဖောင်ဒေးရှင်း၏ တောင်ပိုင်းဒေသတာဝန်ခံဆူထိဖုံခေါ်ခန်းဖုံက “တရားသူကြီးပြောတာက သူတို့ကို အမိန့်ချလိုက်ပြီပေါ့နော်။ တရားမဝင်ခိုးဝင်မှုနဲ့ ထောင်ဒဏ်ဆယ်ရက်၊ မနက်ဖြန်ပြန်ပို့မယ့် သဘောပေါ့။ ကျွန်တော်တို့ တောင်းဆိုတာက ပြန်မပို့ဖို့ကိစ္စကိုဆွေးနွေးတယ်။သိပ်တော့ သဘောမတူချင်ဘူး။ ဒါပေမဲ့လည်း National Human Right commission က လည်း တရားဥပဒေနဲ့ ထောက်ပြတော့ အဲဒါနဲ့ ပြေလည်သွားတယ်။ ဒီလူတွေအားလုံးကို ပြန်မပို့တော့ဘူး။ ပြီးလို့ရှိရင်လျော်ကြေးပြန်ရဖို့ကိစ္စ သူတို့ဆက်လုပ်မယ်။ နောက် လူကုန်ကူးမှုမှာ ပါဝင်ပတ်သက်နေသူတွေကို အရေးယူဖို့လုပ်သွားမယ်”ဟု ပြောသည်။

လူပွဲစားများခေါ်ယူလာသည့် မြန်မာအလုပ်သမား ၁၂၁ ဦးတို့သည် ဧပြီ ၉ ရက် ည ၁၀ နာရီခွဲခန့်တွင် ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့မှ ဖူးခက်မြို့သို့အသွားလမ်းတွင်အအေးခန်းအတွင်း ပိတ်မိသဖြင့် လူ ၅၄ ဦးသည် အသက်ရှူမွန်းကျပ်ပြီး သေဆုံးသွားခဲ့ကာ ၂၁ ဦးမှာ ဆေးရုံတွင် ဆေးကုသခံယူခဲ့ရပြီး ကျန် ၄၆ ဦးကို တရားမဝင်ဝင်ရောက်မှုဖြင့် ရနောင်းခရိုင်ရဲတပ်ဖွဲ့က ဖမ်းဆီးထားခဲ့သည်။

ကားပေါ်တွင်မွန်းကျပ်သေဆုံးသူ ၅၄ ဦးကို ဧပြီ ၁၂ ရက်က အကျဉ်းချုံးဂူသွင်းသဂြိုဟ်ခဲ့ပြီး အသက်ဘေးမှလွတ်မြောက်လာသူများကို နေရာနှစ်ခုခွဲကာ ရနောင်းထောင်နှင့် ရနောင်းလဝက အချုပ်ခန်းတို့တွင် ချုပ်နှောင်ထားဆဲဖြစ်သည်။

ယမန်နေ့က မြန်မာဘက်မှ ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး လာရောက်ပြီး ဖမ်းဆီးခံထားရသူများ၏ ဓာတ်ပုံများကို ရနောင်းခရိုင်ရဲမှူးမှတစ်ဆင့်ယူသွားကာ မြန်မာပြည်သို့ ပြန်လည်ပို့ဆောင်ရန် တိုက်တွန်းခဲ့သည်ဟု ရနောင်းခရိုင်ရဲမှူးက ပြောဆိုခဲ့ကြောင်း မစ္စတာဆူထိဖုံခေါ်ခန်းဖုံက ပြောသည်။

မွန်လူမျိုးအများစုပါဝင်သော ဖမ်းဆီးခံနေရသူများမှာ မြန်မာပြည်သို့ ပြန်ပို့ခံရမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဖမ်းဆီးခံရသူများကို တွေ့ဆုံခဲ့သည့် ဆူထိဖုံခေါ်ခန်းဖုံက “တော်တော်များများ ကြောက်ကြတာပေါ့နော်။ အထူးသဖြင့် အမျိုးသမီးတွေပေါ့နော်။ စိတ်ပိုင်းဆိုင်ရာအရမ်းထိခိုက်ကြတာပေါ့။ နောက်ငိုကြတာပေါ့။ အိမ်ကိုပြန်ချင်ကြတာပေါ့”ဟု ပြောသည်။

အအေးခန်းကားအတွင်းမှ အသက်မသေဘဲ လွတ်မြောက်လာကြသော ဖမ်းဆီးခံနေရသည့် မြန်မာ အလုပ်သမားများသည် မကြာသေးမီ ရက်ပိုင်းအတွင်းတွင် မော်လမြိုင်၊ သထုံ၊ ကျိုက်ထို၊ ရေးစသည့်ဒေသများမှ ကော့သောင်းမြို့သို့ရောက်ရှိလာပြီး လူပွဲစားကို ငွေကျပ်သုံးသိန်းကျော်လေးသိန်း ပေးကာ ထိုင်းနိုင်ငံ၌ အလုပ်လုပ်ရန် လာရောက်ကြသူများဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့မှ ဖိတ်ခေါ်တယ်နော် ခိုင်ခိုင်ကျော်

ရန်ကုန်မြို့က ခိုင်ခိုင်ကျော် ...မြန်ပြည်တစ်ခွင် ဂုဏ်သတင်းမွှေး...
များပြည်သူအားပေးသမို့ ...
မြို့ကျိုက်ထို ရာမညတိုင်းမှာ ဆိုင်ခွဲတစ်ခု ဖွင့်ဖို့ပြင်...
သန့်ရှင်း၊ ကျန်းမာ၊ ရသာစုံပြီး ဖော်ရွေကာ ဝန်ဆောင်ပေး ကြွခဲ့ပေါ့မနေး ...

မော်တော်ယာဉ်မှူးကြီးများခင်ဗျာ -
ရန်ကုန်မှ သွားလျှင် ကျိုက်ထိုမြို့ (တိုးဂိတ်)အဝင် ညာဘက်ခြမ်း ဗောဓိကိုးထောင်အကျော် အေးရိပ်ငြိမ်ရပ်တွင် တည်ရှိပြီး၊ မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ (Breakfast) - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။
ရန်ကုန်တက္ကသိုလ်ဆိုင်ခွဲ - တောင်ငူဆောင် Canteen ၊ ရန်ကုန်တက္ကသိုလ်။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၈၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈

7DAY NEWS JOURNAL
Vol.12, No.50 • FEBRUARY 19 , 2014

# လွှတ်တော်အမတ်ဖြစ်မှ အစိုးရအဖွဲ့ထဲ နေရာပေးမှာလား

**အောင်သူရ**

စစ်ဗိုလ်ချုပ်ဟောင်းများဖြင့် အဓိကဖွဲ့စည်းထားသောပြည်ခိုင်ဖြိုးပါတီ၏ အခြေခံဥပဒေ ပြင်ဆင်မည့်အချက်များထဲတွင် ဒုသမ္မတနှင့် ဝန်ကြီးအားလုံး လွှတ်တော်အမတ်ဖြစ်ရမည်ဆိုသည့် အချက်ပါဝင်သည်။

တပ်မတော်မှ အငြိမ်းစား ယူပြီးနောက် အုပ်ချုပ်ရေးပိုင်းတွင် နေရာယူမှုများအား လျှော့ချရန်အတွက်အခြေခံဥပဒေကိုပြင်ဆင်ရခြင်းဖြစ်ကြောင်း တပ်မတော်အငြိမ်းစားအရာရှိတစ်ဦးဖြစ်သူ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အမတ် ဦးလှဆွေက ဆိုသည်။

"တိုင်းပြည်ကို အုပ်ချုပ်မယ့်သူတွေက ပြည်သူ့ကိုယ်စားလှယ်တွေပဲဖြစ်သင့်တာပေါ့" ဟုလည်း ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော်အမတ် တစ်ဦးဖြစ်သူ ဦးဝင်းဦးက ဆိုသည်။

ဒုသမ္မတနှင့် သမ္မတတို့သည် လွှတ်တော်အမတ်ဖြစ်ရမည်ဆိုသော အချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့်လည်း ထောက်ခံကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဗဟိုကော်မတီဝင် ဒေါ်နန်းခင်ထွေးမြင့်က ဆိုသည်။

၂၀၁၀ ရွေးကောက်ပွဲအပြီး ဒုသမ္မတသုံးဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်ခဲ့သော်လည်း သမ္မတဦးသိန်းစိန်အစိုးရတက်လာပြီးနောက် လစ်လပ်သွားသော ဒုသမ္မတရာထူးနှင့် ဝန်ကြီးနေရာများတွင် တပ်မတော်မှ သက်ပြည့်ပင်စင်ယူသူများအား ခန့်အပ်မှုများ ရှိခဲ့သည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ခန့်အပ်သည့် လစ်လပ်သွားသော ဒုသမ္မတနေရာတွင် လွှတ်တော်အမတ်မဟုတ်သော သက်ပြည့်ပင်စင်ယူရမည့် ရေတပ်ဦးစီးချုပ်ကို အစားထိုးခန့်အပ်ခဲ့သည်။

ထို့အပြင် အသက် (၆၀) ပြည့်သဖြင့် သက်ပြည့်ပင်စင်ယူရသော လေတပ်ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီးမြတ်ဟိန်းကို ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇေယျာအောင်ကိုလည်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

ထိုသို့ လွှတ်တော်အမတ်မဟုတ်သူများကို ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်လာခြင်းကို မနှစ်သက်သဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော ဒုသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများအား လွှတ်တော်အမတ်ဖြစ်စရာမလိုဟု ပြဋ္ဌာန်းထားချက်ကို ပြင်ဆင်ရန် ပြည်ခိုင်ဖြိုးပါတီက တင်ပြထားခြင်းဖြစ်သည်။



*လွှတ်တော်အစည်းအဝေး တက်ရောက်နေသည့် လွှတ်တော်အမတ်များကို တွေ့ရစဉ်*

ဓာတ်ပုံ - သီဟ

လက်ရှိ အခြေခံဥပဒေအရ ဒုသမ္မတသုံးဦးအား ပြည်သူ့လွှတ်တော်မှ တစ်ဦး၊ အမျိုးသားလွှတ်တော်မှ တစ်ဦးနှင့် လွှတ်တော်နှစ်ရပ်ပေါင်းရှိ တပ်မတော်သား အစုအဖွဲ့ကိုယ်စားလှယ်များက တစ်ဦး ရွေးချယ်ခွင့်ရသည်။

ထိုသို့ရွေးချယ်ရာတွင် ဒုသမ္မတသုံးဦးမှာ လွှတ်တော်အမတ်ဖြစ်စရာမလိုဘဲ ဖွဲ့စည်းပုံပါ အခြားအချက်အလက်များနှင့် ကိုက်ညီပါကရွေးချယ်နိုင်သည်။

ထို့အတူ အုပ်ချုပ်ရေးအဖွဲ့၏ အကြီးအကဲနိုင်ငံတော်သမ္မတကလည်း အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများကို လွှတ်တော်အမတ်မဟုတ်သည့်ပြင်ပမှ ရွေးချယ်နိုင်ပြီး လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခန့်အပ်နိုင်သည်။

လက်ရှိသမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့တွင် သမ္မတရုံးဝန်ကြီး ခြောက်ဦးအပါအဝင် ဝန်ကြီးဌာန ၃၁ ခုတွင် ဝန်ကြီး ၃၆ ဦးရှိပြီး ဒုတိယဝန်ကြီး ၅၉ ဦးတာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းတို့အထဲတွင် ပြင်ပမှ ပညာရှင်နှင့် အရပ်သားဝန်ကြီး၊ ဒုဝန်ကြီး အရေအတွက်မှာ အနည်းငယ်သာရှိသည်။

လွှတ်တော်အမတ်ဖြစ်မှ ဝန်ကြီးတာဝန်ထမ်းဆောင်ရမည်ဆိုသော အချက် ပြင်ဆင်နိုင်ခဲ့ပါက ပညာရှင်များအား ဝန်ကြီးခန့်အပ်ရန် ခက်ခဲသွားနိုင်ကြောင်း ပညာရှင်အချို့က သုံးသပ်ပြောဆိုကြသည်။

"ပညာရှင်ကတော့ နိုင်ငံရေးသမားအလုပ်လုပ်မှာမဟုတ်ဘူး။ ပါတီအတွက်လည်း လုပ်မှာမဟုတ်ဘူး။ ပညာရပ်ဆိုင်ရာပဲ လုပ်မှာပဲ" ဟု ကွန်ပျူတာပညာရှင် ဦးရဲမြတ်သူက ဆိုသည်။

ထို့ကြောင့် လွှတ်တော်အမတ်ဖြစ်မှသာ ဝန်ကြီးလုပ်ရမည်ဟု မကန့်သတ်သင့်ကြောင်း ဦးရဲမြတ်သူက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများတွင် ပညာရှင်များနှင့် သင့်လျော်သည့် ဌာနများရှိသဖြင့် လွှတ်တော်အမတ်ဖြစ်မှဝန်ကြီးအဖြစ် ရွေးချယ်မည်ဟု မကန့်သတ်သင့်ခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့သည် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအား ဝန်ကြီးအဖြစ် ခန့်အပ်မှ သင့်လျော်သည့် ဌာနများဖြစ်ကြောင်း ဒေါက်တာထွန်းလွင်က ရှင်းပြသည်။

"ပညာရှင်ဆိုတာ သူ့အလုပ်ပဲ သူစိတ်ဝင်စားတာ။ ပညာရပ်ဆိုင်ရာ မဟုတ်တာကို စိတ်မဝင်စားဘူး။ ဝန်ကြီးလုပ်မယ်ဆိုတဲ့ ရည်မှန်းချက်မျိုးလည်း မရှိကြဘူး။ အမေရိကန်မှာလည်း ဒီလိုပဲ" ဟု ဒေါက်တာထွန်းလွင်က ဆိုသည်။

လွတ်လပ်ရေးရပြီးနောက် ပထမဆုံးအကြိမ် စတင်ကျင့်သုံးခဲ့သည့် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ရွေးကောက်တင်မြှောက်မခံရသူတစ်ဦးအား ခြောက်လထက်ပိုပြီး တာဝန်ထမ်းဆောင်ခြင်းမရှိစေရဟု ပြဋ္ဌာန်းချက်ပါရှိကြောင်း ၈၈ မျိုးဆက် (ငြိမ်း/ပွင့်)မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကိုကိုကြီးက ဆိုသည်။

"နိုင်ငံတစ်ခုမှာ အရေးပေါ်အခြေအနေဖြစ်ရင် ရွေးကောက်ခံမဟုတ်တဲ့လူတွေကို ဖိတ်ခေါ်ရတဲ့ အခြေအနေမျိုး တွေ့ကြုံရတတ်တယ်။ အဲဒီအခြေအနေမျိုးအတွက် ရွေးကောက်မခံရသူတွေကို တာဝန်ထမ်းဆောင်နိုင်အောင် တမင်ဖွင့်ပေးထားတာ။ ဒါကြောင့် ဒါမျိုးက လိုအပ်တယ်လို့ထင်တယ်" ဟု ဦးကိုကိုကြီးက ပြောသည်။

လွှတ်တော်က ဖွဲ့စည်းထားသည့် ရေးရာကော်မတီများတွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ဖိတ်ခေါ်ပြီး တာဝန်ပေးအပ်သည့် အလေ့အထများ နိုင်ငံတကာတွင်လည်းရှိကြောင်း ဦးကိုကိုကြီးက ပြောသည်။

အုပ်ချုပ်ရေးအဖွဲ့အား တာဝန်ခံဆောင်ရွက်ရမည့် သမ္မတအနေဖြင့် သူ့အဖွဲ့အစည်းအား အကောင်းဆုံး အလုပ်လုပ်နိုင်ရန် သင့်လျော်သည့် အစိုးရအဖွဲ့ဝင်များအား လွတ်လွတ်လပ်လပ်ခန့်အပ်ခွင့်ပေးသင့်ကြောင်းလည်း နိုင်ငံရေးလေ့လာသူအချို့က ပြောသည်။

၂၀၁၀ ရွေးကောက်ပွဲအပြီး အစိုးရအဖွဲ့ စတင်ဖွဲ့စည်းစဉ်က ဒုသမ္မတ သုံးဦးကို လွှတ်တော်အမတ်များထဲကသာ ရွေးချယ်ခဲ့ပြီး ဝန်ကြီးအများစုကိုလည်း လွှတ်တော်အမတ်ထဲကသာ ရွေးချယ်ခဲ့သည်။

သို့သော် ဦးသိန်းစိန်အနေဖြင့် သမ္မတတာဝန်ထမ်းဆောင်ပြီးနောက်လစ်လပ်သွားသည့်ဝန်ကြီးနေရာများ ပြန်လည်ရွေးချယ်ရာတွင် တပ်မတော်မှ သက်ပြည့်ပင်စင်ယူလာသော ဗိုလ်ချုပ်ဟောင်းသုံးဦးနှင့် လွှတ်တော်အမတ်မဟုတ်သည့် ပညာရှင်အချို့ကို ရွေးချယ်ခန့်အပ်လာခဲ့သည်။

လစ်လပ်သွားသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးအား လွှတ်တော်အမတ်မဟုတ်သည့် စီးပွားရေးပညာရှင် ဒေါက်တာကံဇော်ကို ခန့်အပ်ခြင်းနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် စီမံခန့်ခွဲမှု ပညာရှင် ဒေါက်တာ ဒေါ်ခင်စန်းရီအား ခန့်အပ်ခဲ့သည်။ အလားတူ တပ်မတော်မှ သက်ပြည့်ပင်စင်ရယူသူများကိုလည်း ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးများအဖြစ် ခန့်အပ်မှုများရှိသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တပ်မတော်သားများအနေဖြင့် အသက်(၆၀)ပြည့်ပါက ပင်စင်ယူရမည်ဟု ပြဋ္ဌာန်းသဖြင့် လက်ရှိတပ်မတော်ထိပ်ပိုင်းခေါင်းဆောင်အချို့မှာ သက်ပြည့်ပင်စင်ယူရမည့်သူများ ရှိသည်။

လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှာ ၂၀၁၅ ခုနှစ်တွင် အသက် (၆၀) ပြည့်မည်ဖြစ်ပြီး ကာကွယ်ရေးဝန်ကြီး ပြည်ထဲရေးဝန်ကြီး တာဝန်ယူထားသူနှစ်ဦးမှာလည်း ၂၀၁၅ မတိုင်မီ အသက် (၆၀) ပြည့်ကြမည်ဖြစ်သည်။

၂၀၁၅ မှ ၂၀၁၀ ကြားတွင်လည်း စစ်တက္ကသိုလ် (DSA) အပတ်စဉ် ၂၂ ဆင်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ လွဲ၍ လက်ရှိတပ်မတော်အတွင်း အဆင့်မြင့် ရာထူးယူထားသော DSA ၂၀ မှ ၂၃ အပတ်စဉ်ဆင်း ဗိုလ်ချုပ်များမှာလည်း အသက်(၆၀)ပြည့်၍ သက်ပြည့်ပင်စင်ယူရမည့်သူများစွာ ရှိသည်။

ထို့ကြောင့် ဒုသမ္မတနှင့် ဝန်ကြီးများ လွှတ်တော်အမတ်ဖြစ်ရမည်ဆိုသောအချက် ပြင်ဆင်ထားခြင်းမရှိပါက အဆိုပါတပ်မတော်အရာရှိများ အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်လာနိုင်ကြောင်း နိုင်ငံရေးလေ့လာသူအချို့က ထောက်ပြပြောဆိုသည်။

လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုပင် ၂၀၁၅ ခုနှစ်တွင် သမ္မတ ဖြစ်လာနိုင်သည်ဟု နိုင်ငံရေးလေ့လာသူများက ခန့်မှန်းမှုများ ရှိသည်။

လွှတ်တော်အနေဖြင့်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၅ မတိုင်မီ ပြင်နိုင်ရန် လွှတ်တော်က ကြိုးစားလျက်ရှိသည်။ တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့ကလည်း ပြင်ဆင်မည့်အချက်အချို့ကို လွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်သည်။ အသင်းအဖွဲ့များ အပါအဝင် အဖွဲ့အစည်းအသီးသီးမှ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ပတ်သက်၍ ပြင်ဆင်ရန် အကြံပြုချက် ၂၇၀၀၆ ချက်ရှိပြီး စုစုပေါင်းအကြံပြုချက် ၃၂၃၁၀ ရှိသည်။

# စိတ်မနှံ့သူများနှင့် ဝန်းကျင်ဂယက်

**အောင်သစ်လွင်**

“ကိုယ့်ဘက်ကမှားပြီးမှတော့ ဘာမှဆူဆူပူပူမလုပ်ဘဲ သူတို့ခေါ်သွားတဲ့ အချုပ်ခန်းထဲရောက်ရင် ဘုရား၊ တရားကိုသာ အာရုံပြုပြီး စိတ်တည်ငြိမ်အောင်ထားဖို့ မှာလိုက်နိုင်တာပဲ တတ်နိုင်ပါတော့တယ်”ဟု ရဲလက်သို့ ၎င်း၏သားဖြစ်သူကို ကိုယ်တိုင်အပ်လိုက်သောဦးမောင်ရွှေ(အမည်ပြောင်း)က ပါးပြင်ပေါ် ရုတ်တရက် စီးကျလာသည့် မျက်ရည်စီးကြောင်းကို သုတ်ရင်းပြောသည်။

လွန်ခဲ့သည့်ငါးနှစ်ခန့်က စိတ်ရောဂါကုဆရာဝန်နှင့် ပြသခဲ့ဖူးသည့်ဦးမောင်ရွှေ၏ အသက်(၂၅)နှစ်အရွယ် သားဖြစ်သူမှာ ညအချိန် ထမင်းလက်စုံစားနေသည့် အိမ်နီးချင်းမိသားစုတစ်စုကို နေအိမ်အတွင်းသို့ တုတ်ဖြင့်ဝင်ရိုက်သောကြောင့် ရပ်ကွက်လူကြီးများနှင့် ရဲများ၏ ဖမ်းဆီးခြင်းကိုခံရပြီး စိတ်ရောဂါကုဆရာဝန်၏ အကြံပြုချက်ဖြင့် ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံ မှုခင်းဆောင်တွင် ထိန်းသိမ်းခံထားရကာ ဆေးကုသမှုခံယူနေရသူဖြစ်သည်။

ထင်မှတ်မထားသည့် အခြေအနေတွင် ရုတ်တရက်စိတ်ဖောက်ပြန်ကာ ပတ်ဝန်းကျင်ကို ရန်ပြုတိုက်ခိုက်ခြင်းကြောင့် လူသေဆုံးမှုများအထိဖြစ်ပေါ်ပြီး အရေးယူခဲ့ရသည့်အမှုများမှာ ၂၀၁၄ ဇန်နဝါရီလမှ ဖေဖော်ဝါရီတတိယပတ်အတွင်းမှာပင် ၂၀ မှုအထက်သို့ ရှိသွားပြီဖြစ်ကြောင်း နေပြည်တော်ရဲချုပ်ရုံးမှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၀၉ ခုနှစ်ကပြုလုပ်ထားသော စစ်တမ်းအရ စိတ်ဝေဒနာရှင် သုံးသိန်းခန့်ရှိနေပြီး အဓိကဆေးရုံကြီးဖြစ်သည့် ရွာသာကြီးဆေးရုံသို့ အတွင်းလူနာအဖြစ် တစ်နှစ်လျှင် ဝေဒနာရှင် ၈၀၀၀ နီးပါးသာ လာရောက်ကုသမှုခံယူနေသည့်အတွက် လူမှုစီးပွားပြဿနာမျိုးစုံ ကြုံတွေ့နေရသော နိုင်ငံမျိုးတွင် စိတ်မကျန်းမာသူများစောင့်ရှောက်မှုတွင် လိုအပ်ချက်ကွက်လပ်မှာ ကြီးမားနေဆဲဖြစ်သည်။

“စိတ်ကျန်းမာရေးဆေးရုံတွေကို အကြောင်းအမျိုးမျိုးကြောင့် ရောက်မလာနိုင်တဲ့သူတွေ အများကြီးရှိနေသေးတယ်”ဟု ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံတာဝန်ခံ ဆရာဝန်တစ်ဦးကပြောသည်။

ထို့ကြောင့် မိမိတို့ရင်ဆိုင်နေရသော လူမှုရေး၊ စီးပွားရေးပြဿနာမျိုးစုံဖြင့် ရုတ်တရက်စိတ်ဝေဒနာခံစားရကာ ပတ်ဝန်းကျင်ကို စိတ်ထဲရှိသည့်အတိုင်း တုံ့ပြန်ရန်ပြုနိုင်မည့် သူများအား ကူညီစောင့်ရှောက်မှုနည်းလမ်းကို အဖြေရှာသင့်နေပြီဖြစ်သည်။

“အဓိကအရေးကြီးဆုံးကတော့ ကာယကံရှင်မိသားစုပါပဲ။ အကြောင်းမျိုးစုံကြောင့် ကိုယ့်မိသားစုဝင်တစ်ဦးဦး စိတ်ပိုင်းဆိုင်ရာပြဿနာရင်ဆိုင်နေရပြီဆိုရင် သူတို့ရဲ့ပြောင်းလဲသွားတဲ့ အမူအရာကို မိသားစုဝင်အချင်းချင်းပဲ ချက်ချင်းသိနိုင်တာ။ သူ့ကို တစ်ယောက်တည်း ပစ်ပယ်မထားဘဲ ဖေးဖေးမမနေပေးရင်းနဲ့ ပြဿနာတွေဟာ အကြီးကြီးတွေမဟုတ်ပါဘူးဆိုတဲ့ အသိ ပေးနိုင်ဖို့လိုပါတယ်”ဟု ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန အငြိမ်းစားစိတ်ပညာပါမောက္ခ ဒေါက်တာခင်မြင့်က အကြံပြုပါသည်။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို အဓိကအန္တရာယ်ပေးနိုင်သူမှာ စိတ်ကြွရောဂါခံစားနေရသူများဖြစ်ပြီး စိတ်ဝေဒနာခံစားလာရချိန်တွင် သာမန်လူအဖြစ်မှ အသိစိတ်ကင်းမဲ့သွားသည့် ရူးသွပ်သွားသူအဖြစ် ရုတ်တရက်ပြောင်းလဲသွားတတ်ကြောင်း ဒေါက်တာခင်မြင့်ကပြောသည်။ စိတ်ကျရောဂါ၏ သဘာဝမှာ တစ်စုံတစ်ယောက်သည် ဝေဒနာခံစားနေရပါက တစ်ဦးတည်း သီးသန့်နေလေ့ရှိကာ မိမိကိုယ်ကိုယ်နည်းမျိုးစုံဖြင့် သတ်သေရန်ကြိုးစားခြင်းဖြစ်ပြီး စိတ်ကြွဝေဒနာခံစားနေရသူများမှာ မိမိပတ်ဝန်းကျင်ရှိ တွေ့ရာလူကို အန္တရာယ်ပြုရန်ကြိုးစားခြင်းဖြစ်ကြောင်း ၎င်းကဆိုပါသည်။

“အိမ်မှာလည်း အရင်က ဝင်ထွက်သွားလာနေသူပါ။ ဘာရန်ငြိုးရန်စမှမရှိဘဲ ဝင်ရိုက်သွားတာ။ အဲဒီအဖြစ်အပျက်ကို နားမလည်နိုင်သေးဘူး”ဟု ဦးမောင်ရွှေ၏ သားက ရိုက်နှက်ခြင်းကိုခံခဲ့ရကာ ဆေးရုံတွင်ကုသနေရဆဲ အမည်မဖော်လိုသည့်အမျိုးသားက ၎င်းရင်ဆိုင်ခဲ့ရသည့် အဖြစ်အပျက်ကို ပြောသည်။

စိတ်ဝေဒနာရှင် မျိုးရိုးဗီဇမရှိသည့်အပြင် လူမှုပတ်ဝန်းကျင်တွင် ပုံမှန်အခြေအနေအတိုင်း ရပ်တည်လာခဲ့သူတစ်ယောက် ရုတ်တရက်စိတ်ကစဉ့်ကလျားဖြစ်စေသည့် အကြောင်းအရာမှာ အရက်သေစာနှစ်ရှည်လများသောက်သုံးခဲ့ခြင်းနှင့် မူးယစ်ဆေးဝါးအလွန်အကျွံသုံးစွဲခြင်းတို့ကြောင့်ဖြစ်ကြောင်း စိတ်ပညာရှင်ဒေါက်တာမြင့်သိန်းကပြောသည်။ ထို့အပြင် မျှော်လင့်မထားသည့် လူမှုရေးနှင့် စီးပွားရေးအခြေအနေဆိုးများကြောင့် ရုတ်တရက်စိတ်ကစဉ့်ကလျားဖြစ် သွားသူများလည်းရှိကြောင်း ၎င်းကဆိုပါသည်။

မြန်မာနိုင်ငံတွင် စိတ်ကျန်းမာရေးဆေးရုံအဖြစ် ရန်ကုန်(ရွာသာကြီး)နှင့် မန္တလေးမြို့တွင်သာရှိသေးပြီး ဝေဒနာရှင်ထောင်ဂဏန်းကိုသာ ကုသစောင့်ရှောက်မှုပေးနိုင်သည်။

“ဟိုးတုန်းကတော့ စိတ်မနှံ့သူတွေရှိတဲ့အကြောင်းအကြောင်းကြားရင် လာပြီးခေါ်သွားတာပဲ။ ဆေးကုပေးတာပေါ့လေ။ လမ်းပေါ်ကလူတွေကို”ဟု ရန်ကုန်မြို့ခံတစ်ဦးကပြောသည်။

ပြီးခဲ့သည့်လက ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် မိဘများ လယ်ထဲဆင်းနေခိုက် နေအိမ်တွင် ထားရစ်ခဲ့သည့် အသက်(၅)နှစ်အောက် ကလေးနှစ်ဦးအား အရက်သောက်ကာ ရုတ်တရက်စိတ်ဖောက်ပြန်သွားသူ အိမ်နီးချင်းအမျိုးသားတစ်ဦးက ဓားဖြင့်ခုတ်သတ်မှုဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ် စစ်တွေမြို့တွင်လည်း ဖခင်ထံ အရက်ဖိုးတောင်းရာ မပေးသောကြောင့် သားက အဖေကို ရိုက်သတ်မှုဖြစ်ပွားခဲ့သည်။ ပြီးခဲ့သည့်နှစ်က မန္တလေးမြို့ မောင်ကိန်းရွှေဆိုင်အား ဓားပြတိုက်ခဲ့သည့်အမျိုးသားမှာလည်း ဓားပြမတိုက်မီအချိန်ပိုင်းက ဆေးခြောက်နှင့် ဘီယာကိုရောသောက်ထားကာ ရုတ်တရက်စိတ်ဖောက်ပြန်၍ ပြစ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း ဆရာဝန်၏ဆေးစာကို ကိုးကား၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးက ပြောကြားထားသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းတွင် သာမန်လူသားတစ်ယောက်အဖြစ် ရပ်တည်နေရာမှ အကြောင်းမျိုးစုံဖြင့် စိတ်ရောဂါဝေဒနာရှင်ဖြစ်သွားရသူများမှာ ၎င်းတို့စိတ်ခံစားချက်အတိုင်း ပတ်ဝန်းကျင်ကို မထင်ရင်မထင်သလို ရန်ပြုလေ့ရှိခြင်းကြောင့် မကြာခဏဆိုသလိုပင် ဝမ်းနည်းစရာမှုခင်းဖြစ်စဉ်များ တွေ့မြင်နေရသည်။ စိတ်ဝေဒနာရှင်အစစ်အမှန်ဖြစ်ပြီး စိတ်ပညာကျွမ်းကျင်ဆရာဝန်များက ရူးသွပ်နေသူဖြစ်ကြောင်း ထောက်ခံချက်ပေးထားသူများမှာ ပတ်ဝန်းကျင်တွင် ပြဿနာထွေထွေထူးထူးမရှိဘဲ မှုခင်းဖြစ်စဉ်များကို အဓိကဖန်တီးသူများမှာ ရုတ်တရက်စိတ်ကစဉ့်ကလျားဖြစ်သွားသူများဖြစ်နေသည်။

“အရက်မူးနေတဲ့သူကို အပြင်မှာ တစ်ယောက်ချင်းရင်ဆိုင်ရဲတယ်။ သူက အနည်းနဲ့အများတော့ weak ဝိ(ခ်)ဖြစ်နေနိုင်တယ်လေ။ ရုတ်တရက် စိတ်ထဖောက်တဲ့သူကတော့ ကိုယ့်ကိုအချိန်မရွေးအန္တရာယ်ပြုနိုင်လို့ အရမ်းကြောက်တယ်”ဟုမကြာခဏစိတ်ဖောက်ပြန်ကာ အိမ်နီးချင်းများကို ရန်ရှာလေ့ရှိသူနှင့် အိမ်ချင်းကပ်လျက်နေထိုင်သူ ကမာရွတ်မြို့နယ်မှ ကျောင်းဆရာမတစ်ဦးက ပြောပါသည်။

စိတ်ရောဂါဝေဒနာခံစားနေရသူကို စိတ်ပညာအရ လွဲမှားသော ယုံကြည်မှုကြောင့် ဝေဒနာခံစားရခြင်းနှင့် အာရုံလှုံ့ဆော်မှုကြောင့် ဝေဒနာခံစားရခြင်းဟူ၍ ပညာရှင်များက နှစ်မျိုးခွဲခြားထားသည်။ လွဲမှားသောယုံကြည်မှုကြောင့် စိတ်ကစဉ့်ကလျားဖြစ်သည့်ဖြစ်စဉ်တွင် ကာယကံရှင်က မြင်သမျှအရာတိုင်းအား ရန်သူသဖွယ်သတ်မှတ်ကာ တိုက်ခိုက်ခြင်းဖြစ်သည်။ အာရုံလှုံ့ဆော်မှုဖြစ်စဉ်တွင်တော့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ၎င်းအား ရန်ပြုတော့မည်ဟု ကာယကံရှင်ကိုယ်တိုင်ခံစားနေရကာ လက်ဦးမှုရယူ၍ တိုက်ခိုက်ခြင်းဖြစ်သည်။

“ကျွန်တော့်စိတ်ကို ကျွန်တော် အစိုးမရခဲ့ဘူး။ ဒီလူက ကျွန်တော့်ကို သတ်တော့မယ်လို့ ထင်ပြီး ကိုယ်ကအရင်ဦးအောင်ရိုက်ခဲ့တာ။ အဲဒီတုန်းက အခြေအနေကို မမှတ်မိတော့ပါဘူး။ ဒီလိုနဲ့ ဆေးရုံရောက်ခဲ့ပေမယ့် အခု ကျွန်တော် မရူးပါဘူး။ ကျွန်တော့်ကို မိသားစုကနေ ပြန်လာခေါ်စေချင်ပြီ”ဟု ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံလူနာဆောင်တွင် တွေ့ခဲ့ရသည့် အမျိုးသားတစ်ဦးက အခြားစိတ်ဝေဒနာရှင် ၃၀ ခန့်နှင့်အတူ သော့ဖြင့်ပိတ်ထားသည့် အခန်းတစ်ခုတည်းတွင် နေရသည်ကို ကြောက်ရွံ့ဟန်ဖြင့် ပြောသည်။

အဆိုပါအမျိုးသားသည် မြေလတ်ပိုင်းဒေသမြို့နယ်တစ်ခုတွင် နေထိုင်ခဲ့သူဖြစ်ပြီး အိမ်နီးချင်းအမျိုးသမီး တစ်ယောက်အား အကြောင်းမဲ့ ရိုက်နှက်ခဲ့သောကြောင့် စိတ်ကျန်းမာရေးဆေးရုံသို့ပို့ဆောင်ခံခဲ့ရသူဖြစ်သည်။ အဆိုပါဆေးရုံတွင် မနေလိုတော့ကြောင်း မိသားစုအား ဆက်သွယ်ပေးရန် ဂဏန်းကိုးလုံးပါ ဖုန်းနံပါတ်ကို လွယ်လွယ်ကူကူပင် ပြောပြခဲ့ပြီး ယင်းဖုန်းနံပါတ်တွင်လည်း သူ၏မိသားစုမှာ အမှန်တကယ်ရှိနေခဲ့သည်။ ထို့ကြောင့် စိတ်ပညာရှင်ဆရာဝန်များကိုယ်တိုင် ရူးသွပ်နေသူဟု သတ်မှတ်ထားကာ ဆေးကုပေးနေသည့်လူနာမှာ သာမန်လူကောင်းများအတိုင်း ပြောဆိုဆက်ဆံနေနိုင်သောကြောင့် အခြေခံကျန်းမာရေးအသိပညာအားနည်းသော မြန်မာ့လူ့အဖွဲ့အစည်းတွင် ရုတ်တရက်စိတ်ကစဉ့်ကလျားဖြစ်သွားသူတို့မှာ အချိန်မရွေးပေါက်ကွဲနိုင်သော ဗုံးတစ်လုံးကဲ့သို့ ဖြစ်နေသည်။

“အချိန်အများစုတွေမှာ လူကောင်းအတိုင်းနေတာပါပဲ။ သူတို့ စိတ်အခန့်မသင့်ဖြစ်လာရင် ပတ်ဝန်းကျင်ကို ရန်ရှာတာမျိုးတွေလုပ်တယ်။ ဒါကြောင့် စိတ်ချရတဲ့ အခြေအနေရောက်ကာမှ သက်ဆိုင်တဲ့ မိသားစုဝင်တွေကို လာခေါ်ဖို့ ဆက်သွယ်ရတယ်။ အဓိကကတော့ ရောဂါသည် နေထိုင်တဲ့ ပတ်ဝန်းကျင်နဲ့ ကာယကံရှင်မိသားစုက သူ့အပေါ် ဘယ်လိုပြုမူဆက်ဆံလဲဆိုတာကအရေးပါပါတယ်”ဟု ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံမှ သူနာပြုဆရာမတစ်ဦးကပြောသည်။

၂၀၁၃ နှစ်ကုန်ပိုင်းက ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံသို့ ကရင်ပြည်နယ်မှ လက်ဝှေ့ဝါသနာရှင်ညီအစ်ကိုနှစ်ယောက် လာရောက်ဆေးကုခဲ့ပြီး လူနာဆောင်တွင် အတူရှိနေသည့် အခြားစိတ်ဝေဒနာရှင်များအား မကြာခဏလိုက်လံထိုးကြိတ်လေ့ရှိသောကြောင့် ဆေးရုံဝန်ထမ်းများ အလုပ်ရှုပ်ခဲ့ရကြောင်း အဆိုပါသူနာပြုဆရာမက စိတ်ရောဂါဝေဒနာရှင်များ၏ စိတ်ထဲရှိသည့်အတိုင်း ပြုမူတတ်သည့် အလေ့အထကို ရယ်ရွှင်ဖွယ်အတွေ့အကြုံအဖြစ် ပြောပြသည်။

စိတ်ရောဂါဆိုသည်မှာ စစ်တမ်းများအရ လူဆယ်ဦးလျှင် တစ်ဦး ဖြစ်လေ့ရှိသည့် ရောဂါဖြစ်သောကြောင့် မိမိတို့မိသားစုအတွင်း တစ်စုံတစ်ယောက်သည် စိတ်ဝေဒနာခံစားနေရပြီဟု သံသယရှိပါက ရှက်ရွံ့မနေဘဲ စိတ်ရောဂါကုဆရာဝန်နှင့် ချက်ချင်းပြသသင့်ကြောင်း ဒေါက်တာခင်မြင့်က အကြံပြုပါသည်။

“ခန္ဓာရှိလို့ ရုပ်မှာ ရောဂါရှိသလို၊ စိတ်မှာလည်း ရောဂါရှိနိုင်တာပဲ။ လူတိုင်းစိတ်ရောဂါရနိုင်ပါတယ်။ ဆိုးရွားတဲ့ ပြဿနာတွေရင်မဆိုင်ချင်ရင် ကျန်းမာရေးအမြင်ရှိရှိနဲ့ စိတ်ရောဂါကုဆရာဝန်တွေဆီမှာ အရင်ဦးဆုံးပြသဖို့ အကြံပေးချင်ပါတယ်”ဟု ပြောသည်။

စိတ်ရောဂါဝေဒနာရှင်ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အသိစိတ်လုံးဝကင်းမဲ့ကာ ရူးသွပ်နေသူများကိုသာ သတ်မှတ်ခြင်းမဟုတ်ဘဲ ညဘက်အိပ်မပျော်ခြင်း၊ တစ်ဦးတည်းအထီးကျန်နေထိုင်ခြင်း၊ စိုးရိမ်ထိတ်လန့်မှုများခံစားနေရခြင်းများသည်လည်း စိတ်ရောဂါဟုပင် သတ်မှတ်ထားကြောင်း စိတ်ပညာဆရာဝန်ကြီးဒေါက်တာကျော်စိန် ရေးသားခဲ့သော စာအုပ်အချို့တွင် ဖော်ပြထားသည်။ ယင်းအခြေအနေကို လွဲမှား၍ အံ့ချော်နေသော အပြုအမူပြဿနာ(သို့မဟုတ်) အနုစားစိတ်ရောဂါဟု သတ်မှတ်ထားပြီး ကုသမှုမခံယူပါက ဆိုးရွားသောအကျိုးဆက်များ ဖြစ်ပေါ်နိုင်ကြောင်း ရေးသားထားသည်။

မည်သည့်စေ့ဆော်မှုကြောင့် ရိုက်နှက်မှု ကျူးလွန်ခဲ့သည်ကို ရဲတပ်ဖွဲ့မှ အဖြေမထုတ်နိုင်သေးဘဲ မိသားစုဝင်လေးဦးအကြောင်းမဲ့ ရိုက်နှက်ခံခဲ့ရသည့်ဖြစ်စဉ်၏ နောက်ကွယ်တွင် ဒဏ်ရာရသူများ ဆေးရုံတွင်ကုသနေရဆဲဖြစ်သလို ရိုက်နှက်သူလည်း စိတ်ကျန်းမာရေးဆေးရုံအတွင်းရှိ မှုခင်းဆောင်တွင် ထိန်းသိမ်းခံထားရဆဲဖြစ်သည်။ နောင်တစ်ချိန်စိတ်ပုံမှန်ပြန်ဖြစ်လာပါက ကျူးလွန်ခဲ့သည့်အမှုကို တရားရုံးတွင် ရင်ဆိုင်ရဦးမည့်အပြင် ယခင်က ရင်းနှီးကျွမ်းဝင်ခဲ့သူ အိမ်နီးချင်းအချင်းချင်းများကြားတွင်လည်း လူဆိုးစာရင်းပေါက်သွားပြီဖြစ်သည်။

ရုတ်တရက်ရိုက်နှက်ခံရကာ မိသားစုလေးဦးလုံး ဒဏ်ရာရရှိခဲ့သည့်ဘက်ကလည်း ယခင်က ရပ်ကွက်ထဲတွင် သာမန်လူကောင်းအတိုင်းနေကာ ပြစ်မှုကျူးလွန်ပြီးကာမှ စိတ်ဖောက်ပြန်နေသည်ဟူသော ဆရာဝန်၏ဆေးစာဖြင့် စိတ်ကျန်းမာရေးဆေးရုံတွင် ကုသနေခြင်းမှာ ပြစ်မှုကို ရှောင်လွှဲလိုခြင်းကြောင့် ဟန်ဆောင်နေခြင်းဖြစ်ကြောင်း ယူဆထားသည်။

ဦးမောင်ရွှေကတော့ ရုတ်တရက်စိတ်ဖောက်ပြန် သွားသည့် သားဖြစ်သူကို စိတ်မချသောကြောင့် ရပ်ကွက်အတွင်းရှိ နေအိမ်သို့ မပြန်တော့ဘဲ ရွာသာကြီးကျန်းမာရေးဆေးရုံရှိ ခုံတန်းလျားတစ်ခုပေါ်မှနေ၍ သားဖြစ်သူ ထိန်းသိမ်းခံထားရသည့် မှုခင်းဆောင်ဘက်သို့ ငေးမျှော်ကြည့်နေခဲ့သည်မှာလည်း ဆယ်ရက်ကျော်လာခဲ့ပြီဖြစ်သည်။ ။

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## ရခိုင်အမျိုးသားပါတီခေါင်းဆောင်များကိုပစ်ခတ်မှု တရားခံ မလေးရှားနှင့် မြန်မာအာဏာပိုင်များ ရှာဖွေလျက်ရှိ

ရခိုင်အမျိုးသားပါတီခေါင်းဆောင်များကို ဖေဖော်ဝါရီ ၅ ရက်က မလေးရှားနိုင်ငံတွင်သေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့သည့် လက်သည်တရားခံကို မလေးရှားနှင့် မြန်မာအာဏာပိုင်များက ရှာဖွေလျက်ရှိသည်။ ပစ်ခတ်ခဲ့သည့် သေနတ်သမားများကို ရှာဖွေရန် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုဖွဲ့စည်းလိုက်ကြောင်း မလေးရှားရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၂ ရက်က ကြေညာခဲ့သည်။ အဆိုပါအဖွဲ့က လုံခြုံရေးကင်မရာများမှတစ်ဆင့်တရားခံကိုခြေရာခံဖော်ထုတ်ရန် ကြိုးစားနေကြောင်း၊ ပစ်ခတ်မှုသည် မြန်မာနိုင်ငံရှိ နိုင်ငံရေးအခြေအနေများ နှင့်ပတ်သက်မှုရှိ၊ မရှိကိုပါ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း မလေးရှားအရာရှိများက ပြောကြားခဲ့ကြောင်းမလေးရှားသတင်းဌာနများက ဖော်ပြသည်။ ပစ်ခတ်ခံရသူများက မြန်မာနိုင်ငံတွင်လည်း အမှုဖွင့်တိုင်ကြားခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း စုံစမ်းစစ် ဆေးမှုများပြုလုပ်နေကြောင်း ကြေညာထားသည်။

## တောင်ငူမြို့မဈေးဆိုင်ခန်းပေါင်း တစ်ထောင်ကျော် မီးလောင်

တောင်ငူမြို့မဈေးကြီး၌ ဖေဖော်ဝါရီ ၁၃ ရက်ညနေတွင် လျှပ်စစ်လုံခြုံရေးမီးလိုင်းပြုပြင်ရာမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ဆိုင်ခန်းပေါင်းတစ်ထောင်ကျော်မီးလောင်ကျွမ်းခဲ့သည်။ နာရီပေါင်းများစွာ မီးငြှိမ်းသတ်ခဲ့ရသည့်အပြင် ဖေဖော်ဝါရီ ၁၄ ရက်နံနက်အထိ မီးကြွင်းမီးကျန်များကိုငြှိမ်းသတ်ခဲ့ရပြီး မီးလောင်မှုကြောင့် စုစုပေါင်း ငွေကျပ်သိန်းတစ်သောင်းခွဲကျော် ဆုံးရှုံးခဲ့သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆယ်နှစ်ကျော်အတွင်း ဈေးမီးလောင်မှုများ၌ ဒုတိယဆုံးရှုံးမှုအများဆုံးမီးလောင်မှုဖြစ်ခဲ့သည်။

## လွှတ်တော်သက်တမ်းအတွင်း မေးခွန်းမမေးဖူးသည့် ကိုယ်စားလှယ် ၁၆၀ ကျော်ရှိ

လွှတ်တော်သက်တမ်း ၂နှစ်ကျော်အတွင်း မေးခွန်းမေးမြန်းဖူးခြင်းမရှိသည့် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၆၀ ကျော်ရှိကြောင်း လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်ပြုလုပ်နေသော ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့၏ ဖေဖော်ဝါရီလတွင် ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။ လွှတ်တော်တွင် မေးခွန်းတစ်ခုမှ မေးမြန်းဖူးခြင်းမရှိသည့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များတွင်ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ် ၁၂၅ ဦးရှိပြီး အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ် ၄၀ ဦး ဖြစ်သည်ဟု ယင်းအစီရင်ခံစာတွင် ပါရှိခြင်းဖြစ်သည်။ ပထမအကြိမ်လွှတ်တော်မှ ဆဌမပုံမှန်လွှတ်တော် အစည်းအဝေးများအထိ ကိုယ်စားလှယ်များ၏ မေးခွန်းများ မေးမြန်းမှုကိုလေ့လာကာပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့က လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၁)ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ထုတ်ပြန်လိုက်ခြင်းလည်း ဖြစ်သည်။

## ဇွဲကပင်အသင်းပိုင်ရှင် ကွင်းလယ်ဒိုင်ကို ပါးရိုက်

၂၀၁၄ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဇွဲကပင်နှင့်ရတနာပုံအသင်းတို့ ပွဲစဉ်အပြီးတွင် ဇွဲကပင်အသင်းပိုင်ရှင်ဦးလှဌေးက ကွင်းလယ်ဒိုင်လူကြီးဦးလှမင်းကို ပါးရိုက်ခဲ့သည်။ ဖေဖော်ဝါရီ ၁၅ ရက်က အောင်ဆန်းကွင်း၌ကျင်းပခဲ့သည့် အဆိုပါပွဲစဉ်တွင် ဇွဲကပင်အသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ရတနာပုံအသင်းက ပင်နယ်တီပြစ်ဒဏ်ဘောများမှတစ်ဆင့် ချေပဂိုးနှင့်အနိုင်ဂိုးများသွင်းယူကာ (၂-၁)ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ဇွဲကပင်အသင်းပိုင်ရှင်သည် အဆိုပါပင်နယ်တီနှစ်လုံးပေးလိုက်ရခြင်းအပေါ် မကျေနပ်၍ ပွဲအပြီးတွင် ကွင်းအတွင်းဆင်းလာခဲ့ပြီး ကွင်းစပ်နားအရောက်တွင် အဆိုပါပွဲစဉ်ကွင်းလယ်ဒိုင်လူကြီးဦးလှမင်းအား ပါးရိုက်ခဲ့ခြင်းဖြစ်သည်။

## မြန်မာနိုင်ငံမီဒီယာလွတ်လပ်ခွင့် ၁၃ ဆင့် တက်

မြန်မာနိုင်ငံ၏ သတင်းမီဒီယာလွတ်လပ်ခွင့် ညွှန်းကိန်းသည် ၂၀၁၄ တွင် ယခင်နှစ်ကထက် ၁၃ ဆင့်မြင့်တက်လာခဲ့သည်ဟု နိုင်ငံတကာနယ်စည်းမခြား သတင်းစာဆရာများအဖွဲ့၏ ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ၏ သတင်းမီဒီယာလွတ်လပ်ခွင့် ညွှန်းကိန်းများကို ထုတ်ပြန်ခဲ့ရာတွင် မြန်မာနိုင်ငံသည် ၂၀၁၃ တွင် ၂၃ ဆင့် မြင့်တက်ခဲ့ရာ အဆင့် ၁၅၈ ဖြင့် ရပ်တည်ခဲ့ပြီး ၂၀၁၄ တွင် ၁၃ ဆင့် ထပ်မံမြင့်တက်ခဲ့ကာ အဆင့်သတ်မှတ်ချက်၌ ၁၄၅ သို့ ရောက်ရှိခဲ့သည်။ ၂၀၁၃ အတွင်း ပုဂ္ဂလိကသတင်းစာများ စတင်ထုတ်ဝေခွင့်ပြုခဲ့ခြင်း၊ ယခင်ပြည်ပမှ ရေးသားခဲ့သော မီဒီယာအချို့ ပြည်တွင်း၌ အခြေစိုက်လုပ်ကိုင်လာခြင်း၊ အွန်လိုင်းမီဒီယာနှင့် ရေဒီယိုသတင်းဌာနများ ဖွံ့ဖြိုးမှု အားကောင်းလာခြင်းနှင့် တိုင်းရင်းသားမီဒီယာများ ပေါ်ပေါက်လာခြင်းကြောင့် ယခုကဲ့သို့ အဆင့်မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

## အခြေခံဥပဒေပြင်ရန် ဒီချုပ်ဥက္ကဋ္ဌနှင့်၈၈ (ငြိမ်း/ပွင့်) ဖေဖော်ဝါရီလအတွင်း နှစ်ကြိမ်တွေ့

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကို ပူးပေါင်းဆောင်ရွက်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များသည် ဖေဖော်ဝါရီလအတွင်း နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဖေဖော်ဝါရီ ၄ ရက်တွင် နေပြည်တော်ရှိ စည်ပင်ညှော့ရိပ်သာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီး၊ ဦးပြုံးချို၊ ဦးဂျင်မီနှင့် ဦးမြအေးတို့၏ တွေ့ဆုံမှုအပြီး ရက်ပိုင်းအကြာတွင် ဖွဲ့စည်းပုံပြင်ဆင်ရေးကို ပူးတွဲလုပ်ဆောင်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထို့အတူ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များတွေ့ဆုံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအချက်များကို ပြင်ဆင်ရာတွင် ပြည်ထောင်စုလွှတ်တော်တွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံပြီးနောက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရမည်ဖြစ်သည်ဟု ဖော်ပြထားသည့် ပုဒ်မ ၄၃၆ ကို ပြင်ဆင်ရန် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်ဟုလည်း ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

## စာရေးဆရာနှင့် နိုင်ငံရေးသမားအချို့ စာပေဟောပြောမှု မပြုလုပ်ရန် ပိတ်ပင်တားဆီးခံရ

ခွင့်ပြုမိန့်ရထားသည့် စာပေဟောပြောပွဲများတွင် ဟောပြောရန် ဖိတ်ကြားခံရသူ စာရေးဆရာနှင့် နိုင်ငံရေးသမားအချို့ ဘာသာရေးနှင့် နိုင်ငံရေးအရ ခွဲခြားဆက်ဆံ၍ ဟောပြောခြင်းမပြုရန် ဖိအားပေးပိတ်ပင်မှုများ ယခုရက်ပိုင်းအတွင်း ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ ပါတီနိုင်ငံရေး မဲဆွယ်ခြင်း၊ မွတ်ဆလင်ဘာသာဝင်ဖြစ်ခြင်းနှင့် မွတ်ဆလင်ပရဟိတလုပ်ငန်းများ လုပ်ကိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် စာရေးဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၊ ညီပုလေး၊ ဦးဘုန်း (ဓာတု)၊ မသီတာ (စမ်းချောင်း) နှင့် နိုင်ငံရေးသမားများဖြစ်သည့် ဦးကိုနီနှင့် ၈၈ မျိုးဆက်မှ ဦးမြအေးတို့ ဟောပြောရန် တားဆီးပိတ်ပင်ခံရခြင်းဖြစ်သည်။ စာရေးဆရာများကို ကန့်ကွက်သူများမှာ မျိုးချစ်မြန်မာရဟန်းပျိုများ သမဂ္ဂဖြစ်ပြီး ယခုလုပ်ရပ်မှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်လူ့အခွင့်အရေးကို ချိုးဖောက်ရာရောက် ကြောင်း စာရေးဆရာအများစုကကန့်ကွက်ပြောကြားထားသည်။

## ဘုန်းကြီးကျောင်းတွင် ခိုလှုံနေသော သမီးကလေးကျေးရွာခံများကို အမိန့်စာထုတ်ပြီး ဖယ်ရှားခိုင်း

သမီးကလေးကျေးရွာကို ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်တိုင်းလှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၏ အမိန့်ဖြင့် အင်အားသုံးဖယ်ရှားခဲ့မှုကြောင့် ကျေးရွာခံများသည် ပဲခူးတိုင်းအတွင်းရှိ အောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်းတွင် သွားရောက်ခိုလှုံနေသည်။ ဘုန်းကြီးကျောင်းတွင် ခိုလှုံနေသော ရွာသားများကို အလိုင်နီကျေးရွာအုပ်ချုပ်ရေးမှူးက အမိန့်စာ နှစ်ကြိမ်ထုတ်၍ ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထားကာ ထပ်မံဖယ်ရှားခဲ့သည်။ ထိုသို့ဖယ်ရှားခဲ့မှုကြောင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် DKBA က နေစရာနှင့်အလုပ်အကိုင်များပေးမည်ဆိုကာ လာရောက်ခေါ်ဆောင်ခဲ့သည်။ ရွာသားများက လိုက်မသွားသေးဘဲ နိုင်ငံတော်အကြီးအကဲများ၏ မြေနေရာစီစဉ်ပေးမှုကို စောင့်ဆိုင်းမည်ဖြစ်ပြီး မိုးဦးကျချိန်ထိ အဖြေစောင့်မည်ဟု ဆိုသည်။

## ပျဉ်းမနားအကျဉ်းထောင်ဆူပူမှု သေနတ် ၁၇ ချက် ပစ်ဖောက်ထိန်းသိမ်းခဲ့ရ

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားအကျဉ်းထောင်တွင် ဖေဖော်ဝါရီ ၁၅ ရက်က ဆူပူမှုဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့က သေနတ် ၁၇ ချက်ပစ်၍ အချိန်နှစ်နာရီကျော်ကြာ ထိန်းသိမ်းခဲ့ရသည်။ လူသတ်မှုဖြင့် ထောင်ကျနေသည့် အကျဉ်းသားတစ်ဦး ဒဏ်ရာရခဲ့သည်မှစတင်ကာ ဆူပူမှုဖြစ်ပွားခဲ့ပြီး ဦးဆောင် သူ ၁၆ ဦးကို အရေးယူနိုင်ရန် ရဲတပ်ဖွဲ့က စီစဉ်ခဲ့သည်။ ထောင်တွင်းဆူပူမှုဖြစ်ပြီးနောက် အချုပ်သား ၂၈၂ဦးရှိသည့် အနက် ၁၅၀ ကျော်ကို ရမည်းသင်းထောင်သို့ နေ့ချင်းပြောင်းရွှေ့လိုက်ကြောင်း သတင်းရရှိသည်။

**မွန်မြတ်ရတနာ ဆီးချိုကျဆေး**
**ဖြန့်ချိရေးအရောင်းကိုယ်စားလှယ်များဖိတ်ခေါ်ခြင်း**

ကျွန်ုပ်တို့ထုတ်လုပ်ဖြန့်ချိနေသော မွန်မြတ်ရတနာဆီးချိုကျဆေးများကို သုံးစွဲသူများအဆင်ပြေမြန်ဆန်စေရန် (ရန်ကုန်တိုင်းမပါ)ပြည်နယ်နှင့်တိုင်း၊ မြို့နယ်များအလိုက် အရောင်းကိုယ်စားလှယ်များထားရှိလိုပါသည်။

ကိုယ်စားလှယ်အဖြစ်စိတ်ပါဝင်စားသူများသည် အောက်ပါဖုန်းနံပါတ်နှင့်လိပ်စာအတိုင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အမှတ်(၃၅)၊ စဉ့်အိုးတန်းလမ်း(အောက်)၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၇၃၀၅၀၅၃၃၊ ၀၉-၇၃၁၇၁၀၃၃

**အောက်ဖော်ပြပါလိပ်စာများတွင် လက်လီဝယ်ယူနိုင်ပါသည်။**

၁။ အမှတ် (187/A) အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ၀၉-၄၀၁၅၈၅၉၄၅၊ ၀၉-၃၁၁၈၇၇၇၆

၂။ အမှတ် (13/3) 26x27 ကြား 62x63 ကြား မြစန္ဒာလမ်းသွယ်၊ မန္တလေး။ ဖုန်း ၀၉-၉၁၀၀၅၃၂၈

**UPSTREAM AYEYAWADY CONFLUENCE BASIN HYDROPOWER CO.,LTD.**

**အမှားပြင်ဆင်ဖတ်ရှုပါရန်**

၁၂.၂.၂၀၁၄ ထုတ် 7Day News Journal စာမျက်နှာ ၄၁ ပါ ACHC ကုမ္ပဏီ အလုပ်ခေါ်ကြော်ငြာတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အစုရှယ်ယာ **(၅) ရာခိုင်နှုန်း**၊ AWC ကုမ္ပဏီမှ အစုရှယ်ယာ **(၁၅) ရာခိုင်နှုန်း**၊ CPIYN ကုမ္ပဏီမှ အစုရှယ်ယာ **(၈၀) ရာခိုင်နှုန်း**ဟု ဖော်ပြပါရှိချက်အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှအစုရှယ်ယာ **(၁၅) ရာခိုင်နှုန်း**၊ AWC ကုမ္ပဏီမှ အစုရှယ်ယာ **(၅) ရာခိုင်နှုန်း**၊ CPIYN ကုမ္ပဏီမှ အစုရှယ်ယာ **(၈၀) ရာခိုင်နှုန်း**ဖြင့် ပြင်ဆင်ဖတ်ရှုပါရန်။

စာမျက်နှာ(၁၃)မှ

# ကူသူ၊ ကယ်သူနည်းပါးဆဲ အသေးစား၊ အလတ်စားလုပ်ငန်းများ

လက်ရှိတွင် SME လုပ်ငန်းများ ငွေချေးခွင့်နှင့် ငွေစုဆောင်းခွင့်ကိုသာ ခွင့်ပြုပေးထားပြီး SME လုပ်ငန်းများ အာမခံ ထားရှိခွင့်နှင့် ငွေလွှဲပြောင်းခွင့် စသည်တို့ ပါဝင်သည့် အချက်လေးချက်ကို ညွှန်ကြားချက်ထုတ်၍ တားမြစ်ထားသည့်အတွက် အခက်အခဲများ ကြုံတွေ့နေရသည်။

"အသေးစား လုပ်ငန်းတွေကို အာမခံခွင့် မပေးထားဘူး။ အာမခံလုပ်မထားဘဲ ဘေးတစ်ခုခုနဲ့ ကြုံလို့ ပျက်စီးသွားတယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ SME လုပ်ငန်းတွေက ပိုက်ဆံရှိလို့လုပ်တာမဟုတ်တဲ့အတွက် သူတို့လုပ်ငန်းတွေကို အာမခံထားဖို့ လိုအပ်တယ်" ဟု ဒေါက်တာဘုန်းဝင်းက မှတ်ချက်ပြုသည်။

မိမိတို့ လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်မှာ လုပ်ငန်းများ တိုးချဲ့နိုင်ရန် ချေးငွေအလုံအလောက်ရရှိရေးနှင့် ငှားရမ်းစရိတ် ကြီးမြင့်နေမှုအတွက် မြေ၊ အဆောက်အအုံများရရှိရေးတို့ဖြစ်သည်ဟု လုပ်ငန်းရှင်များက ပြောသည်။

SME လုပ်ငန်းများ ဖွံ့ဖြိုးရန် နိုင်ငံတကာမှ အကူအညီပေးသော အဖွဲ့အချို့ ရှိသည်။ ဂျပန်နိုင်ငံ SME ထောက်ပံ့မှုအဖွဲ့တစ်ခုဖြစ်သည့် SME, Support, Japan မှ မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်အချို့အား ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံပေးသွားရန်စီစဉ်နေသည်။

ဂျာမနီနိုင်ငံ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတစ်ခုဖြစ်သည့် GIZ ကလည်း SME လုပ်ငန်းများ ဖွံ့ဖြိုးရန် ပြည်တွင်းရှိလုပ်ငန်းရှင် များအနေဖြင့် အပေါင်ပစ္စည်း မလိုဘဲ ချေးငွေရယူနိုင်ရန်အတွက် လေ့လာမှုများ ပြုလုပ်နေသည်။ ထို့အပြင် ချေးငွေထုတ်ပေးနေသည့် ပုဂ္ဂလက ဘဏ်သုံးခုအား နည်းပညာသင်တန်းများ ပို့ချသွားရန် စီစဉ်နေသည်။

"လက်ရှိမှာ အရင်းအနှီး မတတ်နိုင်တဲ့သူတွေဆို အတိုးတွေအများကြီးပေးပြီး လုပ်နေရတာမျိုးတွေရှိတဲ့အတွက် အသေးစား၊ အလတ်စားလုပ်ငန်းတွေ အဆင်ပြေဖို့ ဆိုရင် အများကြီးအခက်အခဲရှိနေတယ်။ အခုတလော ပြည်ပနိုင်ငံတွေကလည်း သူတို့နိုင်ငံကို ဖိတ်ခေါ်ပြီး လေ့ကျင့်ပေးတာမျိုး လုပ်ငန်းရှင်အချင်းချင်းချိတ်ဆက်ပေးတာမျိုးတွေ လုပ်နေတာတွေ့ရတယ်။ ဒါမျိုးဆိုရင်တော့ အောင်မြင်ဖို့ အလားအလာရှိတယ်" ဟု စီးပွားရေး ပညာရှင် ဒေါ်ရီရီမြင့်က သုံးသပ်ပြောကြားသည်။

အစိုးရအဖွဲ့အနေဖြင့်လည်း SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ ဦးဆောင်သော အသေးစားလုပ်ငန်းများ (SME)ဗဟိုကော်မတီ၊ ဒုသမ္မတဦးဆောင်သည့် SME လုပ်ငန်းကော်မတီ၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ SME ဗဟိုဌာနတို့ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် SME လုပ်ငန်းစတင်ထူထောင်နိုင်ရေးအဖွဲ့မှ တိုင်းဒေသကြီး အသီးသီး၌ SME အေဂျင်စီများဖွဲ့၍ အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် မှတ်ပုံတင်ရန်၊ သင်တန်းပေးရန်နှင့် လိုအပ်သောအကူအညီများထောက်ပံ့ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

"အခုဆိုရင် ရန်ကုန်တိုင်းမှာရှိတဲ့ စက်မှုကြီးကြပ်ရေးရုံးကို သွားတာနဲ့ မှတ်ပုံတင်ဖို့အတွက် ဘယ်လို လုပ်ရမယ်ဆိုတာ တစ်နေရာထဲမှာ သိနိုင်အောင်လုပ်ပေးနေပါတယ်။ မှတ်ပုံတင်လုပ်တဲ့အခါမှာလည်း တစ်နေရာထဲမှာပဲ အပြီးလုပ်ပေးနိုင်ဖို့ စီစဉ်နေပါတယ်"ဟု အသေးစား၊ အလတ်စားလုပ်ငန်းများစတင်ထူထောင်နိုင်ရေးအဖွဲ့မှ အဖွဲ့ဝင်နှင့် SME ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဒုဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ အောင်သိန်းက ပြောသည်။

သို့သော် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရန်ကူညီနေသည်ဆိုသော်လည်း လုပ်ငန်းအများစုမှာမည်သို့ဆက်သွယ်အကူအညီတောင်းခံနိုင်သည်ကို မသိရှိကြပါ။

"နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်တော်တို့ကို အရင်းအနှီးငွေချေးပေးတာပဲဖြစ်ဖြစ်၊ မြေနေရာလေးတွေ ချပေးထားတာပဲဖြစ်ဖြစ် လုပ်ပေးစေချင်တယ်။ အပြင်ကနေ အတိုးကြီးကြီးနဲ့ယူရတော့ အဆင်မပြေဘူး။ ကြာရင် လုံးပါးပါးပြီး ဆိုင်တောင်ပြုတ်မယ့်သဘောရှိတယ်"ဟု ဦးမောင်ကြီးက သူ၏ဆန္ဒကို ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာမှ စတင်လွှဲပြောင်းယူခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း(ACE)နှင့်အာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်မြေ(AFTA) တို့ စတင်တော့မည် ဖြစ်သောကြောင့် ပြည်တွင်းရှိ SME လုပ်ငန်းများမှာ အိမ်နီးချင်းနိုင်ငံများရှိ SME လုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက နည်းပညာနှင့် ငွေကြေးအရင်းအနှီးတို့ နိမ့်ကျနေမှုကြောင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်နေသည်။

"၂၀၁၅ ကျရင်အိမ်နီးချင်းနိုင်ငံကာ လုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် ပြည်တွင်းမှာ ရှိတဲ့ SME လုပ်ငန်းတွေက ကိုယ့်အားကိုယ်ကိုးပြီးတော့ လုပ်လို့မရတာတော့ အမှန်ပဲ။ နိုင်ငံတော်က တိုင်းပြည်အတွက် စီးပွားဖြစ်တဲ့ လုပ်ငန်းတွေကို Guide Line ချပေးရမယ်။ ကူညီနိုင်တာတွေအားလုံးကို ကူညီပေးရမယ့်အပြင် ပါဝင်နိုင်မယ့်လူတွေကိုလည်း ဖိတ်ခေါ်ရမယ်"ဟု UMFCCI မှအထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်ကျော်ကပြောသည်။

လုပ်ငန်း အများစုသည် မိရိုးဖလာ SME လုပ်ငန်းများဖြစ်သည့်အတွက် လက်ရှိအသုံးပြုနေသော ခေတ်မမီတော့သည့် နည်းပညာများကို ပြောင်းလဲအသုံးပြုရန်လိုအပ်နေသည်။ ဈေးကွက်အတွင်းရှိ သတင်းအချက်အလက်များကို ရယူ၍ လုပ်ဆောင်ရမည်ဖြစ်သလို နိုင်ငံတော်အစိုးရကလည်း SME လုပ်ငန်းများအတွက် နေရာအခက်အခဲများနှင့် အရင်းအနှီးအခက်အခဲများမဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဒေါက်တာအောင်သိန်းကပြောသည်။

စီးပွားရေးပညာရှင် ဦးလှမောင်က အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးရန် မည်မျှအရေးကြီးကြောင်း အောက်ပါအတိုင်းပြောသည်။

"မြန်မာနိုင်ငံအနေနဲ့ SME လုပ်ငန်းတွေ တိုးတက်ဖို့အတွက် အခွင့်အလမ်းတွေ ဖန်တီးမပေးနိုင်ဘူးဆိုရင် ကိုယ့်နိုင်ငံက ထုတ်ကုန် လျော့သွားပြီး သူများနိုင်ငံက သွင်းကုန်တွေကိုပဲ သုံးနေရမှာဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံကငွေတွေက သူများနိုင်ငံဆီကို ရောက်သွားနိုင်တဲ့အတွက် စီးပွားရေးထိုးထိုင်းမှုကနေ စီးပွားရေးကပ်ဆိုက်တာတွေအထိ ဖြစ်သွားနိုင်တယ်"

DIETHELM TRAVEL

**Diethelm Travel Myanmar**

We are a well-established travel management company with worldwide branches and wish to invite qualified Myanmar citizen to apply for the position. Attractive package awaits the suitable candidates.

**Account Manager**

- Min 3 to 5 years experiences with Diploma or Degree in similar capacity
- Knowledge of GDS would be an added advantage
- Internet savvy and computer literate
- Able to communicate effectively with written and spoken English
- Able to work independently with minimum supervision under challenging environment
- Develop and manage new business opportunities, partnerships and achieve sales growth
- Develop, maintain and execution of sales plans, implementations, program management and MIS reports

Please write in full resume and with a copy of photograph to:
The Management
412, Merchant Street, Corner of 45 Street.
Botathaung Township, Yangon.

မြန်မာနိုင်ငံကုန်သည်ကြီးများအသင်းချုပ်(UMFCCI)တွင်ကျင်းပပြုလုပ်မည့်
နိုင်ငံတကာတက္ကသိုလ်များပညာရေးပြပွဲ - ၂၀၁၄

CROWN EDUCATION
Yangon.Myanmar

- အင်္ဂလန်-အမေရိကန်-ဩစတြေးလျ-နယူးဇီလန်-စင်္ကာပူ-ဘန်ကောက်တို့မှ တက္ကသိုလ်ပေါင်း(၅၀)ကျော်ပါဝင်ပြသပါမည်။
- အင်္ဂလန်၊ဩစတြေးလျဘွဲ့များကို ကုန်ကျစရိတ်သက်သာစွာဖြင့် စင်္ကာပူတွင် တက်ရောက်နိုင်မည့် အခွင့်အလမ်းများ
- GCE A Level မလိုအပ်ဘဲ တိုက်ရိုက်တက်ရောက်နိုင်မည့် အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များ
- SAT/GMAT/GRE ရမှတ်များ တင်ပြရန်မလိုဘဲ လျှောက်ထားနိုင်သော အမေရိကန်တက္ကသိုလ်များ
- University of London International Program မှ Diploma in Economics အတွက် ပေးအပ်မည့်(၁၀၀%)ပညာသင်ဆု
- US$ 10000 အထိ ပေးအပ်မည့် University of Vermont အပါအဝင် ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးပေးမည့် နိုင်ငံတကာကျောင်းများပါဝင်ပါမည်။
- Business & IT (Master & Bachelor တို့အတွက် (၄၀%)အထိ ပညာသင်ထောက်ပံ့ကြေးပေးအပ်မည့် ယူကေတက္ကသိုလ်များ

ပြပွဲလာရောက်သူတိုင်း
နိုင်ငံတကာပညာရေး
လမ်းညွှန် ၂၀၁၄
စာအုပ်အခမဲ့ပေးသွားပါမည်

AUSTON | JCU SINGAPORE | KAPLAN | LSC London | mis Marketing Institute of Singapore | psb Academy | SAA GLOBAL EDUCATION | SIM GLOBAL EDUCATION | TMC Academy
BellerbysCollege | LANCASTER UNIVERSITY | UNIVERSITY OF SURREY | CITY UNIVERSITY LONDON | University of Glasgow | THE UNIVERSITY OF SYDNEY | UMASS University of Massachusetts Lowell | UNIVERSITY of NEW HAMPSHIRE | JAMES MADISON UNIVERSITY



နေ့ရက် - ဖေဖော်ဝါရီ (၂၂)ရက်၊ စနေနေ့ အချိန် - (၁၀)နာရီ မှ (၂)နာရီ နေရာ - UMFCCI (မင်းရဲကျော်စွာလမ်း)
Call Us : 01 527 838 - 09 732 732 77


SKAGEN
DENMARK
UltraSlim
Ceremic
233XLCLB
233XSCLW
CHERRY OO Inquiry Ph: (01)381751, (02) 72992.


NEW
CLEAR ဗောက်လုံးဝ ရှင်းသည်
NUTRIUM 10 ပါဝင်သောကြောင့် ဦးရေပြားအပေါ်ယံက ဗောက်တွေကို ရှင်းပေးနိုင်ရုံမက
ဦးရေပြား အတွင်းပိုင်းအထိ အာဟာရဖြည့်ပေးပြီး ဗောက်လုံးဝ ပြန်မဖြစ်အောင် ကာကွယ်တားဆီးပေးပါသည်။
ဦးရေပြားအပေါ်ယံမှ
ဗောက်များကိုဖယ်ရှားပေးခြင်း
ဦးရေပြားအလွှာ (၃) လွှာ အတွင်းထိ
အာဟာရဖြည့်ပေးခြင်း၊ ဦးရေပြား ကျန်းမာရေး
ကောင်းမွန်စေခြင်း၊ ဆံပင်အမြစ် မှ အဖျားအထိ
သန်စွမ်းကျန်းမာစေခြင်းတို့ကို ပြုလုပ်ပေးခြင်း
ဗောက်ပြန်မဖြစ်အောင်
ကာကွယ်တားဆီးပေးခြင်း
CLEAR
ICE COOL MENTHOL
CLEAR
MEN
COOL SPORT MENTHOL
Unilever
FACEBOOK.COM/CLEARMM